www.burmeseclassic.com

လုံးချင်းဝတ္ထုသစ်

# ဂျိမ်း

## အိုးကွဲနှင့်တူသောမိန်းမ

BURMESE CLASSIC




www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

**ဂျီမ်း**

**အိုးကွဲနှင့်တူသောမိန်းမ**

၂၀၁၃-ခုနှစ်၊ အောက်တိုဘာလ ပထမအကြိမ်

**တန်ဖိုး**

၁၀၀၀ကျပ်

**အုပ်ရေ**

၅၀၀

**ထုတ်ဝေသူ**

ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ

အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်။

**ပုံနှိပ်သူ**

ဦးကျော်လှိုင်([illegible]၅၇၃)စေတနာOffset

အမှတ်([illegible])၊ မဒ္ဒမှာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်

ဂျီမ်း ၈၉၅.၀၃

အိုးကွဲနှင့်တူသောမိန်းမ ဂျီမ်း (ရန်ကုန်)

စေတနာစာပေ၊ ၂၀၁၃

(၂၀၀)စာ၊ ၅ x ၁၀

(၁) အိုးကွဲနှင့်တူသောမိန်းမ

# ဂျီမ်း

# အိုးကွဲနှင့်တူသောမိန်းမ

စီစဉ်သူ

မောင်ကျော်လှိုင်

စေတနာစာပေ

Ph: ၀၁-၃၈၂၁၆၃

www.burmeseclassic.com

www.burmeseclassic.com





## ဆေးစဉ်ထွက်ရှိမည့် ဆုံးချင်းများ




၁။ အပျိုဖြန်းဖြန်းမလေးကကမေးသော ပဟေဠိမေးခွန်း(၁၀၀)

ယခုလ

၂။ အိုးကွဲနှင့်တူသောမိန်းမ

၃။ နှလုံးသားပလား့တူသည်၊ လူမိုက်နှင့်သူဒိုးတို့၏အချစ်လမ်း

၄။ အပြင်စားရင်ခုန်သံ

၅။ အပျိုချောချောလေး(၈)ယောက်နှင့် အပျိုကြိုးကွယ်သည့်ယောက်ျား

၆။ ဇောက်ထိုး

၇။ ယောက္ခမလောင်းချောချောလေးကမေးသောပဟေဠိမေးခွန်း(၅၀)

၈။ ပိုက်ဘောဘယ်သောယောက်ျားများ

၉။ အသည်းခွဲနှုတ်သီး




**မိန်းမ = ဒုက္ခ**

*** မိန်းမဆိုတာ ဒုက္ခ ...

မိန်းမယူတယ်ဆိုတာ ...

ဒုက္ခကို ယူလိုက်တာနဲ့

အတူတူပါပဲ ***

**အဲ** ဒီဒသသနက သူ့ရဲ့ဒိုင်ယာရီစာအုပ်ထဲမှာတင် ရှိတာမဟုတ်ပါဘူး။

သူ့ရဲ့အရှိုက်၊ သူ့ရဲ့သွေး၊ သူ့ရဲ့ဦးနှောက်၊ သူ့ရဲ့အသိစိတ်တစ်ခုလုံးတွင်သာမက သူ့ရဲ့အနက်ရှိုင်းဆုံး နှလုံးသားထဲသို့ပင် ရောက်နေပြီဖြစ်၏။ သို့ပေမဲ့လည်း သူက မိန်းမတွေကိုမမုန်းပါဘူး။ စင်စစ် သူက မိန်းမလိုချင်နေပေမယ့် မိန်းမယူရမှာကိုကြောက်တဲ့ ယောက်ျားတစ်ယောက်သာ ဖြစ်တော့၏။

ဟုတ်ပါတယ် ... သူက သူ့စိတ်နဲ့သူ အချိန်ပြည့် တိုက်ခိုက်နေတတ်တဲ့ ယောက်ျားတစ်ယောက်ပါပဲ။ တစ်ခါတစ်ရံမှာ သူက သူ့စိတ်ကို အနိုင်ရသွားပြီး တစ်ခါ တစ်ခါမှာတော့ သူ့စိတ်က သူ့ကိုပြန်ပြီး အနိုင်ရသွားတတ်ပါတယ်။

(ယောဘုယျအားဖြင့်)အများအမြင်မှာတော့ အိမ်ထောင်ပြုတယ်ဆိုတာ ခန္ဓာနှစ်ခုကို ပေါင်းစပ်လိုက်တာပါ။ ဒါပေမဲ့ သူ့ရဲ့ခံယူချက်ကတော့ အိမ်ထောင်ပြုတယ်ဆိုတာ စိတ်နှစ်ခုကို ပေါင်းစပ်လိုက်တာ။

စိတ်ဆိုတာ တစ်ခုနဲ့တစ်ခု ထပ်တူကျဖို့ လုံးဝမဖြစ်နိုင်ပါဘူး။ ကိုယ့်စိတ်နဲ့ကိုယ်တောင် ထပ်တူကျအောင် မပြုလုပ်နိုင်တဲ့ လူတွေ



www.burmeseclassic.com

www.burmeseclassic.com



အများကြီးရှိပါတယ်။ ဒါနဲ့များ နောက်ထပ် စိတ်တစ်ခုကို ယူလိုက်ချင်သေး။

သူကတော့ နောက်ထပ်စိတ်တစ်ခုကို ယူရမှာ ကြောက်နေတယ်။ လောကသဘာဝအတိုင်း သူ့ရဲ့ဖိုခန္ဓာက မခန္ဓာတစ်ခုကိုအလိုရှိနေပြီ။ ဒါပေမဲ့ သူ မိန်းမယူလိုက်ရင် သူ့ရဲ့လွတ်လပ်ပြီး ပျော်ရွှင်စရာကောင်းတဲ့ ဘဝထဲကို ဒုက္ခတွေ စုပုံဝင်ရောက်လာမှာကို ကြောက်ရွံ့နေမိတယ်။ အဲဒီ ...

သူဆိုတာက စိတ်တစ်ခုနဲ့တစ်ခု ပေါင်းစပ်ရမှာကိုကြောက်တဲ့(သို့မဟုတ်)ဒီတစ်သက် မိန်းမ,မယူဘူးလို့ ပြတ်သားစွာ ဆုံးဖြတ်ထားတဲ့ ...

**မင်းပြတ်သား ...။**

✧ ❤ ✧





## ယောက်ျား = နွား

••• ယောက်ျားဆိုတာ နွား ... •••

"ကျား ... ကျား ဆိုပြီး
သူတို့ကိုယ်သူတို့
ဂုဏ်ယူထုံကြီးစွာ ...
ပြောနေကြတဲ့ ယောက်ျားတွေက
တကယ်တော့ နွားတွေပါ" •••

ဒီစကားကတော့ သူမရဲ့လက်သုံးစကားပဲ ဖြစ်၏။ ဟုတ်ပါတယ်။ သူမ ဒီစကားတစ်ခွန်းကို မကြာခဏဆိုသလို ပြောဖြစ်တယ်။ ယောက်ျားတွေကို သူမ လုံးဝမကြောက်ပါဘူး။ (တချို့ မိန်းမ)မိန်းမအများစုက ယောက်ျားတွေကို ကျားထက်ဆိုးတဲ့ သတ္တဝါတွေဆိုပြီးတော့ ကြောက်ကြတယ်လေ။

သူမအတွက်တော့ ယောက်ျားတွေက မိုင်နာ(minor)ပါပဲ။ ယောက်ျားဆိုတာ ကြောက်ဖို့ကောင်းတဲ့ "ကျား"မဟုတ်ဘူး။ နိုင်းလို့ကောင်းတဲ့"နွား"။ သူမ ဘာကြောင့် အဲဒီလိုပြောရတာလဲ။ အင်မတန်ကြောက်ဖို့ကောင်းတဲ့ ကျားထက်ဆိုးတဲ့ ယောက်ျားတွေကို သူမ ဘာကြောင့် နွားနဲ့နှိုင်းနှိုင်းနေတာလဲ။

ပိုင်လို့ပြောတာ ဖြစ်မှာပေါ့လေ။ အခုပြောနေတဲ့ သူမဆိုတာက ယောက်ျားမကြောက်တဲ့မိန်းမ(သို့မဟုတ်) ယောက်ျားနဲ့နွား တူတယ်လို့ ပြောနေတဲ့ ...

**ရှင်စန်းပွင့် ...။**

✧ ❤ ✧

www.burmeseclassic.com

www.burmeseclassic.com

## Love Is a game

*** အချစ်ဆိုတာ ကစားနည်းတစ်ခု ...
အချစ်ကိုကိုးကွယ်နေတဲ့လူတွေသာ
သနားစရာတယ် ...

**သူ**က အဲဒီလိုပြောပြီး အချစ်ကို ကိုးကွယ်နေတဲ့လူတွေကို လှောင်ပြောင်နေတဲ့ ယောကျ်ားတစ်ယောက်ပေါ့။ အချစ်ကြောင့် သူ တစ်ခါမှ မခံစားရဖူးပါဘူး။ အသည်းကွဲမျက်ရည်လည်း မကျဖူးဘူး။ အချစ်ကို ကိုးကွယ်လို့ကတော့ တစ်ကြိမ်မဟုတ် တစ်ကြိမ်မှာ အပြင်းအထန် ခံစားရမှာပဲ။

သူက အချစ်ကြောင့် မျက်ရည်မကျချင်ဘူး။ အချစ်ကြောင့် အသည်းမကွဲချင်ဘူး၊ အချစ်ကြောင့် လုံးဝကို မခံစားချင်ဘူး။ အဲဒါကြောင့်လည်း သူက အချစ်ကို မကိုးကွယ်တာပေါ့။

သူ့အတွက်တော့ အချစ်ဆိုတာ ကစားနည်းတစ်ခုပါပဲ။ အပျော်တမ်းကစားတာဖြစ်တဲ့အတွက် ရှုံးလည်း သူ ဘာမှဖြစ်မသွားဘူး။ နိုင်ရင်ပျော်တယ်။ အဲဒီပျော်ရွှင်မှုက သူ့အတွက်အမြတ်ပေါ့။

ဟုတ်ပါတယ်။ သူက အချစ်ကိုမကိုးကွယ်တဲ့ယောကျ်ား (သို့မဟုတ်)အင်မတန် အင်မတန် နူးညံ့သိမ်မွေ့လွန်းလှတဲ့ အချစ်ကို ကစားနည်းတစ်ခုအဖြစ် သတ်မှတ်ထားတဲ့ ...

**မိုးဖွဲ** ...။

✧ ❤ ✧



## Love Is a pome

*** အချစ်ဆိုတာ ကဗျာတစ်ပုဒ် ...
ကြာလေ ... ကြာလေ ...
အဓိပ္ပာယ်ရှိတယ် ***

**ဒါ**ကြောင့် သူမက အချစ်ကို တန်ဖိုးထားတာပေါ့။ အချစ်ကို တန်ဖိုးထားသလို သူမကိုယ်သူမလည်း တန်ဖိုးထားပါတယ်။

ကဗျာတစ်ပုဒ်ကို မျက်လုံးနဲ့ကြည့်ပြီး ဖတ်ကြည့်ရုံနဲ့ အဲဒီကဗျာရဲ့အတိမ်အနက်ကို မသိရှိနိုင်ပါဘူး။ နှလုံးသားနဲ့ ဖတ်ကြည့်ပါမှ အဲဒီကဗျာရဲ့အဓိပ္ပာယ်က ဘယ်လောက်ထိအောင် နက်ရှိုင်းကြောင်းသိရှိပေလိမ့်မည်။

သူမက ကဗျာကို နှလုံးသားနဲ့ ဖတ်တတ်သလို အချစ်ကိုလည်း ကဗျာတစ်ပုဒ်အဖြစ် တင်စားသတ်မှတ်တဲ့သူပေါ့။ အချစ်ကို တန်ဖိုးထား ယုံကြည်ပေမယ့် သူမ အခုချိန်အထိ အိမ်ထောင်မကျသေးပါဘူး။ (၁၆)နှစ်အရွယ်တုန်းက ရည်းစားတစ်ယောက် ထားခဲ့ဖူးပေမယ့် လက်ရှိအချိန်မှာတော့ သူမမှာရည်းစားမရှိပါဘူး။ သူမကို propose လုပ်ထားတဲ့သူတွေ အများကြီးရှိတယ်။ နှလုံးသားထဲက ချစ်တဲ့သူကို ဦးနှောက်ကလက်ခံနိုင်ရင် ကြင်ရာအဖြစ်ရွေးချယ်မယ်လို့ သူမဆုံးဖြတ်ထားတယ်။ လောလောဆယ်တော့ မတွေ့သေးပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒီလို နှလုံးသားထဲက ချစ်နိုင်မယ့်သူကို စောင့်မျှော်နေပြီး အချစ်ကို ကဗျာတစ်ပုဒ်အဖြစ် သတ်မှတ်ထားတဲ့ သူမကတော့ အသည်းနုတဲ့ ...

**မေနှုးညှို့** ..."

✧ ❤ ✧

ကဲ ... စပြီ ...

"ဘာ ... အကိုင်ကြမ်းလို့ ... ဟုတ်လား"

"အေး ... ဟုတ်တယ် ...

မိန်းမဆိုတာ လျှပ်စစ်ဝါယာကြိုးလိုပဲ ...

သူတို့ကို မရဲတရဲနဲ့ မထိတထိ တို့ကြည့်လိုက်ရင် ...

ကျိန်းသေပေါက် ဓာတ်လိုက်ပြီသာမှတ်"

"ဒါဆိုရင် ဘယ်လိုလုပ်ရမှာလဲ"

"ရဲရဲတင်းတင်း ကိုင်ပစ်လိုက်ပေါ့ကွ ...

ဘာမှမဖြစ်ဘူး ...

ဓာတ်လည်းမလိုက်ဘူး ...

ရှော့လည်း မဖြစ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



*** အခန်း(၁)

**"တဖြောက်ဖြောက်" ဟူသော** အသံတွေကို နားထောင်နေရင်း သူ မှိန်းနေလေရဲ့။ စိတ်က နိုးနေပြီဖြစ်ပေမယ့် မျက်လုံးတွေကိုဖွင့်ပစ်ရမှာ သူ နှမြောနေတယ်။ ဟုတ်ပါတယ်။ သူ အခု ချိန်အထိ ခုတင်ပေါ်က မဆင်းသေးပါဘူး။

သူ့ပြပြားပေါ်သို့ မိုးဖွဲလေးတွေ ကျဆင်းနေသောကြောင့် "တဖြောက်ဖြောက်"ဟူသော အသံတွေက အဆက်မပြတ် ထွက်ပေါ်လျက်။

သူက Rock သီချင်းတစ်ပုဒ်ထက် အဲဒီ"တဖြောက်ဖြောက်" မြည်သံကို ပိုပြီးနားထောင်ချင်သူပေါ့။ မိုးကျရင် ပျော်တတ်တဲ့ လူတွေထဲမှာ သူလည်းပါတယ်။

လူဆိုတာ လူ့လောကထဲကို အငိုနဲ့စဝင်လာတဲ့သူတွေချည်းပါပဲ။ "အူဝဲ ... အူဝဲ"ဆိုပြီးတော့ပေါ့။ ဘယ်သူမှမွေးမွေးချင်း "ဟဲ ... ဟဲ ... ဟဲ"လို့ မရယ်ကြပါဘူး။

သူကလည်း လူ့လောကထဲကို အငိုနဲ့ စတင်ဝင်ရောက်လာတဲ့သူပါပဲ။ ငိုတာမှ အရမ်း။ မကောင်းဆိုးဝါး ဝင်စီးထားသလား မှတ်ရတယ်။ အဲဒီလို သူ အားရပါးရ ငိုနေတဲ့အချိန် ရုတ်တရက် မိုးဖွဲလေးတွေကျလာတယ်။ ဒီတော့ "တဖြောက်ဖြောက်"ဟူသော အသံတွေ ထွက်ပေါ်လာတော့တာပေါ့။



အဲဒီ မိုးဖွဲကျသံ တဖြောက်ဖြောက်ဆိုတဲ့ အသံတွေကိုကြားတော့မှပဲ သူငိုနေတာ ရပ်တန့်သွားတော့တယ်။ (၈)နာရီလောက်ကြာအောင် မမောတမ်း၊ မနားတမ်း ငိုနိုင်ခဲ့ပြီး မိုးဖွဲလေးတွေကျလာတော့မှ အငိုတိတ်သွားတဲ့သူ့ကို သူ့မိဘတွေက "မိုးဖွဲ"လို့အမည်ပေးလိုက်တယ်။

ဟုတ်ပါတယ်။ အခု ပြောနေတဲ့ သူဆိုတာက မိုးရာသီကို နှစ်သက်တဲ့ "မိုးဖွဲ"ပါပဲ။ မိုးဖွဲလေးတွေ သူ့ရဲ့ခေါင်းပေါ်သို့ ကျနေတဲ့အချိန်က သူ့ရဲ့အပျော်ဆုံးအချိန်ပေါ့။ သို့ပေမဲ့ အခုအပြင်မှာ မိုးဖွဲလေးတွေကျနေသော်လည်း သူ အပြင်မထွက်သေးပါဘူး။ တဖြောက်ဖြောက် မြည်သံတွေကို နားထောင်နေရင်း အိပ်ရာထဲမှာ မှိန်းလို့ကောင်းနေတုန်းပါပဲ။

ထိုအချိန် ...

"ဒေါက် ... ဒေါက် ... ဒေါက်"

သူ့ရဲ့အခန်းတံခါးကို တစ်စုံတစ်ယောက်က ခေါက်လိုက်သဖြင့် တဒေါက်ဒေါက်ဟူသော အသံများ ထွက်ပေါ်လာလေသည်။

"ဘယ်သူလဲ"

သူ အခန်းတံခါးကို ထဖွင့်မပေးဘဲ "ဘယ်သူလဲ"လို့ အော်မေးလိုက်၏။ နှပ်လို့ကောင်းနေတဲ့အချိန် အခန်းတံခါးကို လာခေါက်လို့ သူ feel အောက်သွားတယ် ထင်တယ်။ ဒါကြောင့်မို့ အော်မေးလိုက်တဲ့ အသံထဲမှာ မာန်နည်းနည်းပါသွားတယ်။

"ငါတို့ပါကွ၊ ဟိတ်ကောင် ... မင်း အခုထိ အိပ်ရာကမထသေးဘူးလား၊ တံခါးလာဖွင့်ပေးဦးလေ"

ဇော်ထိုက်ရဲ့အသံကို ကြားလိုက်သဖြင့် သူ အိပ်နေရာမှ ထလိုက်သည်။ ထို့နောက် သူ ခုတင်ပေါ်မှဆင်းကာ အခန်းတံခါးပေါက်ရှိရာသို့ လျှောက်လှမ်းသွားလေသည်။ ပြီးတော့ အခန်းတံခါးကို ဆွဲဖွင့်လိုက်၏။

"ကျွီ"

တံခါးဖွင့်ပေးလိုက်တာနဲ့ အပြင်ကလူရွယ်နှစ်ယောက်ဟာ ရုတ်ချင်းပဲ သူ့အခန်းထဲသို့ ဝင်လာတော့၏။ ထိုလူရွယ်နှစ်ယောက်ဟာ



www.burmeseclassic.com

www.burmeseclassic.com



မိုးဖွဲရဲ့အချစ်ခင်၊ အရင်းနှီးဆုံး သူချင်းတွေပါပဲ။ အရပ်ပုပု၊ နဖူးကျယ်ကျယ်နဲ့ တစ်ယောက်က ဇော်ထိုက်။ အသားမည်းမည်း၊ ပါးစပ်ပြဲပြဲနဲ့ တစ်ယောက်က နက်ကျယ်။ မိုးဖွဲကတော့ အသားဖြူတယ်၊ ခေါင်းကောင်းတယ်၊ ရုပ်ဖြောင့်တယ်၊ ဇော်ကြည်ဘဲပေါ့။

သူငယ်ချင်း(၃)ယောက်ထဲမှာ မိုးဖွဲက ဆရာကြီး။ ရိုးရိုးဆရာ မဟုတ်ဘူးနော်၊ အချစ်ဆရာ။ ဟုတ်ပါတယ်။ ချစ်ကဲခေလွန်းတဲ့ ဇော်ထိုက်နဲ့ နက်ကျယ်က သူ့ကို ဆရာတစ်ပါးလို ဆက်ဆံကြတယ်။ သူကလည်း တပည့်တွေ လေးစားလောက်အောင် ရည်းစားတွေ တစ်ယောက်ပြီးတစ်ယောက် ထည့်လဲတွဲပြနိုင်တယ်။ ဒါကြောင့်မို့ သူ့ကို ဇော်ထိုက်နဲ့ နက်ကျယ်က အထင်ကြီးပြီး အသေကပ်နေတော့တာပေါ့။

အခန်းတံခါးကို ပြန်ပိတ်ပြီးနောက် သူ ခုတင်ရှိရာသို့ လျှောက်လှမ်းလာပြီး ပြန်မှောက်အိပ်လိုက်၏။ ဒီတော့ ဇော်ထိုက်နဲ့ နက်ကျယ်က သူ့ကို မျက်မှောင်ကြုတ်ပြီး ကြည့်လိုက်တယ်။

"ဟိတ်ကောင် ... မျက်နှာမသစ်သေးဘဲ ဘာလုပ်နေတာလဲ ထ ... ထ"

ဆိုပြီး နက်ကျယ်က သူ့ကိုဆွဲထူလိုက်သည်။ သို့ပေမဲ့ မရပါဘူး။ သူက ပေကပ်ပြီး အိပ်နေတယ်လေ။ ဒါကြောင့် ဇော်ထိုက်ကပါ သူ့ကို ဆွဲထူဖို့အတွက် ခုတင်နားသို့ လျှောက်လှမ်းလာတယ်။

"ဟိတ်ကောင် ... အပျင်းကြီးမနေနဲ့ ထတော့၊ ငါတို့ ကောင်မလေးနှစ်ယောက်နဲ့ ချိန်းထားတယ်လေ"

ဇော်ထိုက်က အဲဒီလိုပြောပြီး သူ့ကိုဆွဲထူလိုက်ပေမယ့် သူက ပေကပ်ပြီး အိပ်နေတုန်းပါပဲ၊ လုံးဝဆွဲထူလို့မရဘူး။

"ဟိတ်ကောင် ... ထတော့လို့ ပြောနေတယ်လေ၊ လိမ္မာပါတယ်ကွာ ... ထတော့ ... ထတော့"

"နက်ကျယ် ... မင်းက ငါ့ကိုချော့ပြီး နှိုးနေတာလား၊ အဲဒီလောက်နဲ့တော့ ဘယ်ရမလဲ၊ မထနိုင်ဘူးကွာ"

"ဒီလိုမလုပ်ပါနဲ့ သူငယ်ချင်းရာ၊ ငါတို့ချိန်းထားတာ နောက်ကျနေပြီကွ"





နက်ကျယ်က မျက်နှာငယ်လေးနဲ့ အဲဒီလိုပြောလိုက်ပေမယ့် သူက အိပ်နေမြဲပါပဲ။ သို့ပေမဲ့ အိပ်နေရင်းနဲ့ စကားတော့ ပြန်ပြောပါတယ်။

"ဒီကိစ္စက ငါ့ကိစ္စ မဟုတ်ဘူးလေ။ ငါ သွားဖို့မလိုဘူး။ အဲဒီကောင်မလေးနှစ်ယောက်ကို မင်းတို့ ချိန်းထားတာဆိုတော့ မင်းတို့နှစ်ယောက်ပဲ သွားပေါ့"

"မဖြစ်ဘူး သူငယ်ချင်း၊ မင်း မပါလို့ လုံးဝကို မဖြစ်ဘူး"

"ဟုတ်တယ် မိုးဖွဲ၊ မင်းပါမှ ငါတို့နှစ်ယောက် အဆင်ပြေမှာ၊ မင်းမပါဘဲ ငါတို့နှစ်ယောက်တည်းဆိုရင် ဘာမှလုပ်တတ်မှာမဟုတ်ဘူး၊ ထတော့ကွာ ... ထတော့"

ဆိုပြီး သူတို့နှစ်ယောက် သူ့ကို အတင်းဆွဲမ,လိုက်၏။

"အား ... ဟိတ်ကောင်တွေ၊ ဖြည်းဖြည်းလုပ်ပါကွ"

သူ လက်နာသွားသဖြင့် အသားကုန်အော်ဟစ်ပစ်လိုက်ပြီး ဟိုနှစ်ကောင်ကို ငေါက်ပြောလိုက်၏။

"ဒီမှာ ဟိတ်ကောင်တွေ၊ မင်းတို့ ငါ့ကိုခေါ်ချင်ရင် ငါခိုင်းတာကို လုပ်ပေးရမယ်"

"နေစမ်းပါဦး ... မင်းက ငါတို့နှစ်ယောက်ကို ဘာလုပ်ခိုင်းမလို့လဲ"

"ငါ အခု ညောင်းနေတယ်၊ မနေ့က လမ်းလျှောက်တာများသွားလို့လား မသိဘူး၊ အခု ခြေသလုံးကြွက်သားတွေ တင်းခံနေတာပဲ၊ ဒီလောက်ဆိုရင် မင်းတို့ သဘောပေါက်မှာပါ၊ ငါ့ကိုနှိပ်ပေး"

သူက အဲဒီလိုပြောလိုက်တော့ ဟိုနှစ်ကောင် မျက်လုံးပြူးသွားတယ်။

"ဘာ ... ငါတို့နှစ်ယောက်က မင်းကို နှိပ်ပေးရမယ်ဟုတ်လား၊ စဉ်းစဉ်းစားစား ခိုင်းစမ်းပါကွာ၊ ယောက်ျားအချင်းချင်းကြီးကို"

"ဘာလဲ ... မင်းတို့က ငါ့ကို နှိပ်မပေးချင်ဘူးလား၊ ရတယ်လေ၊ ဒါဆိုရင်လည်း ငါ မလိုက်ရုံပဲ ရှိတာပေါ့"

အဲဒီလို ပြောလိုက်တော့ ဟိုနှစ်ကောင် ပျာယာခတ်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မိုးဖွဲ ... ငါတို့ မင်းကို နှိပ်ပေးရင် မင်း ငါတို့နောက်ကို တကယ် လိုက်မှာလား"

"ခြေသလုံးကြွက်သားတွေ ပြေလျော့တဲ့အထိ နှိပ်ပေးရင် လိုက်နဲ့ မှာပေါ့၊ ဒါမှ ငါ လမ်းလျှောက်နိုင်မှာလေ"

သူက အဲဒီလိုပြောပြီး မိန့်မိန့်ကြီးပြုံးနေတော့ သူ့ကို ဟိုနှစ် ကောင်က မချိကြည့်တွေနဲ့ စိုက်ကြည့်ပစ်လိုက်၏။ မကျေနပ်ကြဘူး လေ။ သို့ပေမဲ့လည်း နှိပ်ပေးလိုက်ရပါတယ်။

(၁၅)မိနစ်လောက် နှိပ်ပေးပြီးသွားတဲ့ အခါမှာတော့ ဇော်ထိုက်က နာရီကို လှမ်းကြည့်လိုက်ပြီး ရှေ့ဖို့အတွက် ပြောလိုက်၏။

"ဟိတ်ကောင်... (၈)နာရီခွဲနေပြီကွ၊ ထတော့ ... ထတော့၊ ရှေ့ ကြမယ်"

"အေးဆေးပေါ့ကွာ၊ မင်းတို့ ချိန်းထားတာ (၉)နာရီမှ,မှလား"

"ဟိတ်ကောင် ... အေးဆေးလုပ်မနေနဲ့ ထတော့၊ မင်းက မျက်နှာ တောင် သစ်ရသေးတာ မဟုတ်ဘူး ... ထ ... ထ"

ဆိုပြီး နက်ကျယ်က အားအကုန်သုံးပြီး သူ့ကိုအတင်းဆွဲ လိုက်သည်။ ဒီတစ်ခါတော့ သူ အိပ်ရာပေါ်မှာ ငုတ်တုတ်ထိုင်လျက် သား ဖြစ်သွား၏။

"ကဲ ... ကဲ ... ဒါဆိုရင်လည်း ငါ မျက်နှာသွားသစ်လိုက်ဦးမယ်"

"ဒီလိုမှပေါ့၊ ကဲ ... လုပ်စရာရှိတာ မြန်မြန်လုပ်၊ ငါတို့နှစ်ယောက် အောက်က စောင့်နေမယ်"

"အင်း"

ဆိုပြီး သူ ခေါင်းညိတ်ပြလိုက်၏။ ထို့နောက် သူ ရေချိုး ခန်းထဲသို့ ဝင်သွားတယ်။ ဇော်ထိုက်နဲ့ နက်ကျယ်တို့ကလည်း အခန်းထဲ မှ ပြန်ထွက်လာပြီး အောက်ထပ်သို့ ဆင်းသွားပါတော့သည်။

ဧည့်ခန်းဆောင် ဆက်တီခုံပေါ်မှာထိုင်နေတဲ့ ဒေါ်မိုးသည်း လှေကားပေါ်မှ ဆင်းလာတဲ့ သူတို့နှစ်ယောက်ကို လှမ်းမေးလိုက်၏

"ဘယ်လိုလဲ ... မင်းတို့သူငယ်ချင်းကို နှိုးလို့ရရဲ့လား"

"ဟုတ်ကဲ့ အန်တီ၊ သူ အခု ရေချိုးခန်းထဲ ဝင်သွားပြီ"





"ဒါနဲ့ နေစမ်းပါဦး၊ အခု မင်းတို့က ဘယ်သွားကြမလို့လဲ၊ မဟုတ် တာတွေတော့ မလုပ်ကြနဲ့နော်"

"စိတ်ချပါ အန်တီ၊ ကျွန်တော်တို့က အပျင်းပြေ လျှောက်လည်ရုံ သက်သက်ပါပါ၊ တခြား ဘာမဟုတ်တာမှ လျှောက်မလုပ်ပါဘူး"

"အေးလေ ... ဒါဆိုရင်လည်း ပြီးတာပါပဲ၊ ဒါနဲ့ အန်တီ မင်းတို့ ကို တစ်ခုပြောရဦးမယ်"

"ဟုတ်ကဲ့ ... ပြောပါအန်တီ"

နက်ကျယ်က အဲဒီလိုပြောပြီး ဒေါ်မိုးသည်း ပြောမယ့်စကား ကို နားစိုက်ထောင်လျက်ရှိ၏။ ခဏတွေးတစ်ကြိမ်မျှချပြီးမှ ဒေါ်မိုးသည်း တစ်ယောက် ခုနကစကားကို ဆက်ပြောလိုက်တယ်။

"မင်းတို့ အခုလို လမ်းတကာလျှောက်သွားပြီး ဟေးလား ဝါးလား လုပ်နေမယ့်အစား အလုပ်လေးတစ်ခုလောက် လုပ်ပါလား"

"ခင်ဗျာ"

ဒေါ်မိုးသည်းရဲ့ စကားကြောင့် သူတို့နှစ်ယောက် ပါးစပ် အဟောင်းသား ဖြစ်သွားကြတယ်။ သူတို့က ဒီအရွယ်အထိအောင် ဂျကလေ ရိုက်နေတဲ့ သူတွေပေါ့။ မိုးဖွဲလည်းပါတယ်။ သူတို့ရဲ့အသက် က (၂၅)၊ (၂၆)နှစ်လောက်ရှိပြီ။ ဘွဲ့လည်းရပြီးပြီ။ ဒါပေမဲ့ တစ်ယောက် မှ အလုပ်မလုပ်ကြသေးဘူး။ မိဘတွေဆီက ပိုက်ဆံကို လက်ဖြန့်တောင်း ပြီးတော့ လမ်းတကာ လျှောက်သွားပြီး ဂျကလေရိုက်၊ ပိုက်ဆံကုန်ရင် အိမ်ပြန်လာ၊ ပြီးတော့ ... အိပ်။

သူတို့သူငယ်ချင်း(၃)ယောက်ရဲ့ လက်ရှိဘဝကတော့ ဒါပါပဲ။ ဒါကို ဒေါ်မိုးသည်းက အလိုမကျဘူးလေ။ ဒါကြောင့်လည်း သူတို့ကို အလုပ်လုပ်ဖို့ ပြောနေတာပေါ့။

"ဟဲ့ ... နင်တို့မျက်နှာတွေက ဘာဖြစ်သွားတာတုံး။ ငါက နင် တို့ကို အလုပ်လုပ်ဖို့ အကြံပေးနေတာ၊ သချိုင်းကုန်းကို သွားခိုင်း နေတာ မဟုတ်ဘူး"

ဇော်ထိုက်နဲ့ နက်ကျယ်တို့ အင်တင်တင် လုပ်နေသဖြင့် ဒေါ်မိုးသည်းက အဲဒီလို ပြောချပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ အန်တီ၊ ကျွန်တော်တို့ အလုပ်လုပ်ဖို့အတွက် စဉ်းစားပါ့မယ်။ ပြီးတော့ အန်တီရဲ့သား မိုးဖွဲ့ကိုလည်း အလုပ်,လုပ်ချင်စိတ်ရှိအောင် တိုက်တွန်းပေးပါ့မယ်"

"ဇော်ထိုက် ... နင် တကယ်ပြောနေတာလား"

"ဟုတ်ကဲ့ အန်တီ"

ဆိုပြီး ဇော်ထိုက်က ခေါင်းညိတ်ပြီး ပြောလိုက်တော့ ဒေါ်မိုးသည်း တစ်ယောက် အလွန့်အလွန် ပျော်ရွှင်သွားပါတော့သည်။ တကယ်တော့ ဇော်ထိုက်က ဒေါ်မိုးသည်း ကျေနပ်အောင် လျှောက်ပြောလိုက်ခြင်းပင်ဖြစ်၏။ သူတို့က အသက်(၂၈)နှစ်လောက်မှ လုပ်ငန်းခွင်ဝင်မယ်လို့ ဆုံးဖြတ်ထားတဲ့သူတွေပေါ့။ ဒီအချိန်မှာတော့ သူတို့ ဂျကလေ ရိုက်ရတာကို သဘောကျတယ်။ အဲဒါ ပျော်ဖို့အရမ်းကောင်းတယ်လေ။

ခေတ္တမျှကြာတော့ Style ကျကျ ဝတ်စားဆင်ယင်ထားတဲ့ မိုးဖွဲ့ တစ်ယောက် သူတို့အနားသို့ ရောက်လာပါတော့သည်။

"ယော ... မိုးဖွဲ့တောင် ရောက်လာပြီ၊ အန်တီ ကျွန်တော်တို့သွားတော့မယ်နော်"

"ဩော် ... အေး ... အေး၊ ဒါနဲ့ မင်းတို့သူငယ်ချင်းကို အလုပ်လုပ်ချင်စိတ်ရှိအောင် တိုက်တွန်းပေးဖို့ မမေ့နဲ့နော်"

"ဟုတ်ကဲ့ ... စိတ်ချပါ အန်တီ"

ဆိုပြီး ဇော်ထိုက်နဲ့ နက်ကျယ်တို့ ထိုင်နေရာမှ ထလိုက်၏။ မိုးဖွဲ့က သူ့မာမီကို လက်ဝါးဖြန့်ပြလိုက်တော့ ဒေါ်မိုးသည်းက အိတ်ထဲက တစ်ထောင်တန်(၁၀)ရွက်ကို ထုတ်ယူပြီး မိုးဖွဲ့ရဲ့လက်ထဲကို ထည့်ပေးလိုက်တယ်။ ဟုတ်ပါတယ်။ ဒေါ်မိုးသည်းက သူ့သားကို မနက်တိုင်း မုန့်ဖိုးတစ်သောင်းပေးတယ်။ တစ်သောင်းထက်တော့ ပိုမပေးပါဘူး။ အဲဒီတစ်သောင်းက မိုးဖွဲ့ရဲ့တစ်နေ့လုံးစာ မုန့်ဖိုးပေါ့။ ပိုက်ဆံကုန်မှ အိမ်ပြန်လာတတ်တယ်။

"ကဲ ... မာမီ၊ သားတို့ အပြင်သွားတော့မယ်နော်"

"အေး ... အေး ... သွား ... သွား ... ဒါနဲ့ စောစောပြန်ခဲ့ကြနော်"

"ဟုတ်ကဲ့ ... မာမီ"





လို့ပဲ သူ ပြောလိုက်ပါတယ်။ ထို့နောက်တွင်တော့ သူ သူငယ်ချင်းနှစ်ယောက်ကို ခေါ်ဆောင်ပြီး အိမ်အပြင်သို့ထွက်သွားပါတော့သည်။

ဒေါ်မိုးသည် များသောအားဖြင့် အိမ်မှာပဲ နေလေ့ရှိ၏။ တစ်ခါတလေမှ သူ့ယောက်ျားရဲ့ကုမ္ပဏီကို လိုက်သွားလေ့ရှိသည်။ ဟုတ်ပါတယ်။ မိုးဖွဲ့ရဲ့ဒယ်ဒီ ဦးဟန်ညွန့်က ပေါင်မုန့်ကုမ္ပဏီပိုင်ရှင် သူဌေးကြီးပါပဲ။

သူတို့အခုနေထိုင်နေတဲ့ အိမ်ခြံဝင်းကြီးကတော့ ဆင်ရေတွင်းဘက်မှာရှိတဲ့ သိပ်ခမ်းနားထည်ဝါလွန်းတဲ့ အိမ်ခြံဝင်းကြီးပါပဲ။ ယနေ့ပေါက်ဈေးအရ သိန်း(၂၀၀၀)လောက် တန်ကြေးရှိလိမ့်မယ်။ ခြံဝင်းထဲမှာ အစဉ်သဖြင့် အဝါရောင်ပြိုင်ကားလေးတစ်စီး ရှိနေတတ်ပါတယ်။ အမျိုးအစားကတော့ Jazz Cross, RS-45 အင်ဂျင်နှစ်လုံးထပ် အဝါရောင်ပြိုင်ကားလေးပါ။ အဲဒီကားလေးက သူ့ရဲ့အမြတ်နိုးဆုံးအရာတွေထဲက တစ်ခုပေါ့။ နမြောလွန်းလို့ တစ်ခါတလေကျမှ ထုတ်စီးလေ့ရှိတယ်။

ဒီနေ့ သူတို့သွားမယ့်ခရီးက မဝေးသောကြောင့် ကားယူမနေတော့ဘဲ ခြေကျင်ပဲ လျှောက်သွားကြတယ်။ ဟုတ်ပါတယ်။ အခု သူတို့သွားနေတာ လှည်းတန်းဘက်သို့ဖြစ်၏။ ဇော်ထိုက်နဲ့ နက်ကျယ်က ကောင်မလေးနှစ်ယောက် (Internet Cafe)အင်တာ နက်ကဖီးမှာ ဆုံတွေ့ဖို့ ချိန်းထားတာလေ။

မိနစ်(၂၀)လောက် လျှောက်လှမ်းပြီးတဲ့အခါမှာတော့ သူတို့(၃)ယောက် လှည်းတန်းမီးပွိုင့်အနားမှာရှိတဲ့ ပြည်မြန်မာကုန်တိုက်ကြီးဆီသို့ ရောက်လာပါတော့သည်။ ပြီးတော့ သူတို့ အဲဒီကုန်တိုက်ထဲသို့ ဝင်လာပြီး ဒုတိယအလွှာသို့ တက်သွားကြတယ်။ အင်တာနက်ကဖီးက ဒုတိယအလွှာမှာ ဖွင့်ထားတဲ့ ဆိုင်လေးတစ်ဆိုင်ပေါ့။ ဆိုင်အပြင်အဆင်က သိပ်မလန်းပေမယ့် ဒီဆိုင်ကို လူငယ်တော်တော်များများ လာလေ့ရှိတယ်။ ခင်းကျင်းထားတဲ့ ဝိုင်းတွေက ချောင်ကျပြီး ဆိုင်တို့ အမှောင်ချထားသဖြင့် ဒီဆိုင်လေးကို စုံတွဲတော်တော်များများက ကြိုက်နှစ်သက်ကြတယ်။

www.burmeseclassic.com



မိုးဖွဲ၊ ဇော်ထိုက်နဲ့ နက်ကျယ်တို့ မှန်တံခါးကို တွန်းဖွင့်ပြီး ဆိုင်ထဲသို့ ဝင်လာကြတယ်။ ပြီးတော့ ဝိုင်းတစ်ဝိုင်းမှာ ဝင်ထိုင်လိုက်၏။

"ဟိတ်ကောင်တွေ ... မင်းတို့ ကောင်မလေးနှစ်ယောက်ကို ချိန်းထားတယ်ဆို၊ ဘယ်မှာလဲကွ"

မိုးဖွဲက အဲဒီလိုမေးလိုက်တော့ ဇော်ထိုက်နဲ့ နက်ကျယ်က တခြားဝိုင်းတွေကို လှမ်း Check လိုက်၏။ တစ်ဆိုင်လုံးမှာ မီးအပြာရောင်လေးတစ်လုံးသာ လင်းနေတာမို့ တစ်ဝိုင်းနဲ့တစ်ဝိုင်းကို ကောင်းကောင်း မမြင်နိုင်ပါဘူး။ ထို့ကြောင့် သူတို့နှစ်ယောက် ထိုင်နေရာမှ ပြန်ထလိုက်ပြီး ဆိုင်ထဲမှာ သူတို့ချိန်းထားတဲ့ ကောင်မလေးနှစ်ယောက် ရှိ,မရှိဆိုတာကို စစ်ဆေးကြည့်ဖို့အတွက် အခြားဝိုင်းတွေဆီသို့ ရွှေ့သွားတယ်။

(၅)မိနစ်လောက်ကြာတော့ သူတို့နှစ်ယောက် ကော်ဖီခွက်(၃)ခွက်ကိုင်ပြီး မိုးဖွဲဆီသို့ ပြန်ရောက်လာကြ၏။ ကော်ဖီခွက်တွေကို စားပွဲပေါ်တင်လိုက်ပြီး သူတို့နှစ်ယောက် ခုနက ထိုင်ခဲ့တဲ့ ခုံပေါ်သို့ ပြန်ထိုင်ချလိုက်၏။

"ဘယ်လိုလဲကွ၊ ကောင်မလေးတွေ မရောက်သေးဘူးလား"

"အင်း ... လောလောဆယ်တော့ မရောက်သေးဘူး၊ ဒါပေမဲ့ စိတ်ချ၊ သူတို့ လာမှာပါ"

"ဟုတ်တယ်ကွ၊ ငါတို့ သူတို့နှစ်ယောက်ကို သေသေချာချာ ချိန်းထားတာ၊ အခုမှ (၉)နာရီထိုးပြီးရုံပဲ ရှိသေးတယ်လေ၊ လာမှာပေါ့"

"ဒါနဲ့ မင်းတို့ ချိန်းထားတဲ့ ကောင်မလေးတွေက ချောလား"

မိုးဖွဲက အဲဒီလို မေးလိုက်တော့ ပါးစပ်ပြတဲ့ နက်ကျယ်က အားရပါးရ ဖြေပစ်လိုက်သည်။

"ချောတာပေါ့ကွ ... ချောတာမှအရမ်း၊ ပက်ပက်စက်စက်ကို ချောတာ၊ မင်းမယုံရင် စောင့်ကြည့်လိုက်"

"အေးပါကွာ ... မင်းပြောတာ ဟုတ်,မဟုတ် စောင့်ကြည့်ရသေးတာပေါ့"





ဆိုပြီး မိုးဖွဲက ကော်ဖီပူပူနွေးနွေးလေးကို တစ်ငုံသောက်လိုက်၏။ ပြီးတော့ ကော်ဖီခွက်ကို ပြန်ချထားလိုက်ပါတယ်။

"ဟိတ်ကောင် ... မိုးဖွဲ၊ ကောင်မလေးတွေ ရောက်မလာသေးခင် မင်း ငါတို့ကို အချစ်အကြောင်းတွေ ပြောပြပါလား။ မင်းက ရည်းစားတွေ အများကြီးထားဖူးတယ်လေ။ အဲဒီ ရည်းစားတွေကို မင်း ဘယ်လိုဖန်တီးရယူခဲ့တာလဲ"

ဇော်ထိုက်က အဲဒီလို မေးလိုက်တော့ သူ ပြုံးလိုက်တယ်။ ပြီးတော့မှ သူ ခေါင်းလေးတဆတ်ဆတ်ညိတ်ပြီး အချစ် နဲ့ပတ်သက်တဲ့ သူ့ရဲ့ဗျူဟာတွေကို ပြောပြလိုက်တယ်။

"အင်း ... ငါက ဘာကြောင့် ရည်းစားတွေ အများကြီးရတာလဲဆိုတော့ အကိုင်ကြမ်းလို့ကွ"

သူ့ရဲ့စကားကြောင့် ဟိုနှစ်ကောင် မျက်လုံးပြူးသွားတယ်။

"ဘာ ... အကိုင်ကြမ်းလို့ ... ဟုတ်လား"

"အေး ... ဟုတ်တယ်၊ မိန်းမဆိုတာ လျှပ်စစ်ဝါယာကြိုးလိုပဲ၊ သူတို့ကို မရဲတရဲနဲ့ မထိတထိ တို့ကြည့်လိုက်ရင် ကျိန်းသေပေါက် ဓာတ်လိုက်ပြီသာမှတ်"

"ဒါဆိုရင် ဘယ်လိုလုပ်ရမှာလဲ"

"ရဲရဲတင်းတင်း ကိုင်ပစ်လိုက်ပေါ့ကွ၊ ဘာမှမဖြစ်ဘူး၊ ဓာတ်လည်း မလိုက်ဘူး၊ ရှော့လည်း မဖြစ်ဘူး"

ဒီစကားကို သူတို့နှစ်ယောက် သဘောကျသွားတယ်။ ပြီးတော့ သူတို့နှစ်ယောက်ရဲ့ ဦးခေါင်းတွေ သူ့အနားသို့ တိုးကပ်လာတော့၏။

"ကဲ ... ဆက်စမ်းပါဦး၊ ဒါဆိုရင် ငါတို့က မိန်းမတွေကို ဘယ်လို ရဲရဲတင်းတင်း ကိုင်တွယ်ရမှာလဲ"

"မင်းတို့က ငါ့ရဲ့ဗျူဟာအတိုင်း လိုက်လုပ်မှာမို့ မေးနေတာလား"

"အင်း"

ဆိုပြီး သူတို့နှစ်ယောက် ပြိုင်တူ ခေါင်းညိတ်ပြလိုက်တယ်။ ထို့ကြောင့် မိုးဖွဲက သူ့ရဲ့ဗျူဟာတွေ အများကြီးထဲက တစ်ခုကို ပြောပြလိုက်ပါတော့သည်။

www.burmeseclassic.com

"ကဲ … ငါပြောပြမယ် …

မင်းတို့ သေသေချာချာမှတ် ထားကြတော့ …

'ဆွဲ,ဖက်,ကစ်,ပြီး' ဆိုတာ …

နံပါတ်(၁)ဆွဲ …

နံပါတ်(၂)ဖက် …

နံပါတ်(၃)(Kiss) …

နံပါတ်(၄)ပြီးပြီ …

အတိုကောက်အဖြစ် …

'ဝမ်း-ဆွဲ၊ တူး-ဖက်၊ သရီး- ကစ်၊ ဖိုး-ပြီး'

လို့ပဲ မှတ်ထားကြပေါ့ …

အဲဒါ ဆိုရင် …

ရည်းစားတစ်ယောက်ရပြီ"

"… ဧဂုဏ်သို့ ရည်းစားအမြန်ဆုံး လိုချင်တယ်ဆိုရင် "ဆွဲ,ဖက်,ကစ်,ပြီး" ဗျူဟာကို အသုံးပြုရမယ်"

"ဘာ … ရည်းစားအမြန်ဆုံးရမယ့် ဗျူဟာ … ဟုတ်လား"

"ဒါနဲ့ နေစမ်းပါဦး၊ ဗျူဟာရဲ့နာမည်က ဘာ …"

ရည်းစားအမြန်ဆုံးရမယ့် ဗျူဟာဆိုသဖြင့် သူတို့နှစ်ယောက် စိတ်ဝင်စားသွားတယ်။ ဟုတ်ပါတယ်။ သူတို့နှစ်ယောက်က ဓါမစွံသေးတဲ့ လူပျိုလေးတွေပေါ့။ ရည်းစားတစ်ယောက်မှ မထားဖူးသေးဘူး။ ရည်းစားလိုချင်နေပြီ ဖြစ်ပေမယ့် သူတို့ကို ဘယ်ကောင်မလေးကမှ မြန်မကြိုက်ကြဘူးလေ။ ဒါကြောင့်မို့ ရည်းစားတွေ အများကြီးထားဖူးတဲ့ နီးဖွဲ့ကို သူတို့ ဆရာတင်နေရတာပေါ့။

သူတို့က ရည်းစားအရမ်းလိုချင် နေကြတဲ့သူတွေဆိုတော့ နီးဖွဲ့က သူတို့ကို သူ့ရဲ့ဗျူဟာတွေ အများကြီးထဲမှာ ရည်းစားအမြန်ဆုံးရမယ့် ဗျူဟာကို ရွေးပြောလိုက်ခြင်းပင်ဖြစ်၏။

"ဆွဲ,ဖက်,ကစ်,ပြီး"

သူပြောတာကို သူတို့နှစ်ယောက် လုံးဝနားမလည်ဘူး၊ ထို့ကြောင့် ဇော်ထိုက်က သူ့ကို ထပ်မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မိုးဖွဲ ... မင်းကလည်း ရှင်းရှင်းလင်းလင်း ပြောစမ်းပါကွာ၊ 'ဆွဲ,ဖက်,ကစ်,ပြီး' ဆိုတာ ဘာလဲကွ"

"မင်းတို့ကလည်း ညံ့ပါ့ကွာ၊ တော်တော်ပိန်းတဲ့ ကောင်တွေပဲ၊ ငါ့သူငယ်ချင်းတွေ ဖြစ်နေပြီးတော့ ဒါလေးတောင် မသိကြဘူးလား"

"မသိလို့ မေးနေတာပေါ့ကွာ"

သူ လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီး ခေါင်းကိုခါယမ်းလိုက်၏။ ပြီးတော့မှ ...

"ကဲ ... ငါ ပြောပြမယ်၊ မင်းတို့ သေသေချာချာ မှတ်ထားကြတော့။ 'ဆွဲ,ဖက်,ကစ်,ပြီး'ဆိုတာ နံပါတ်(၁)–ဆွဲ၊ နံပါတ်(၂)–ဖက်၊ နံပါတ်(၃)–ကစ်(Kiss)၊ နံပါတ်(၄)–ပြီးပြီ။ အတိုကောက်အဖြစ် 'ဝမ်း–ဆွဲ၊ တူး–ဖက်၊ သရီး–ကစ်၊ ဖိုး–ပြီး'လို့ပဲ မှတ်ထားကြပေါ့။ အဲဒါဆိုရင် ရည်းစားတစ်ယောက် ရပြီ"

ဆိုပြီး သူက လက်ဖျောက်တစ်ချက်တီး၍ ပြောလိုက်၏။ "အဲဒီလို ရဲရဲတင်းတင်း လုပ်ရဲ ကိုင်ရဲရင် မိန်းမတစ်ယောက်ဟာ ချက်ချင်းဆိုသလို ကော်ပတ်အရုပ်လေးတစ်ရုပ် ဖြစ်သွားရော၊ မင်းတို့ မယုံရင် စမ်းကြည့်လိုက်"

သူက အပိုင်ပြောနေသဖြင့် သူ့ရဲ့ဗျူဟာကို သူတို့နှစ်ယောက် သဘောကျသွားတယ်။ ပြီးတော့ ရည်းစားအမြန်ဆုံးရအောင်လို့ အဲဒီဗျူဟာကို သုံးစွဲဖို့ သူတို့နှစ်ယောက် ဆုံးဖြတ်လိုက်၏။ ထို့နောက်တွင်တော့ သူတို့နှစ်ယောက် ဗျူဟာရဲ့ဆောင်ပုဒ်ကို တတွတ်တွတ်နဲ့ ရေရွတ်နေပါတော့သည်။

"ဝမ်း–ဆွဲ၊ တူး–ဖက်၊ သရီး–ကစ်၊ ဖိုး–ပြီး"

"ဝမ်း–ဆွဲ၊ တူး–ဖက်၊ သရီး–ကစ်၊ ဖိုး–ပြီး"

အဲဒီလို ရေရွတ်နေချိန်မှာပဲ သူတို့အနားသို့ ကောင်မလေးနှစ်ယောက် ရောက်လာပါတော့သည်။ ဟုတ်ပါတယ်။ သူမတို့နှစ်ယောက်က ဇော်ထိုက်နဲ့ နက်ကျယ်တို့ ချိန်းထားတဲ့ ကောင်မလေးတွေပါပဲ။ ပိန်ပိန်ပါးပါး အလန်းလေးတွေပေါ့။ ဆံပင်ကို ရေလှိုင်းအ





တွန့်အတွန့်လေးတွေဖြစ်အောင် လုပ်ထားတဲ့သူက "ငုဝါ"။ အရပ်(၅)ပေ၊ (၃)လက်မလောက် ရှိတဲ့သူက "ဝင့်ဝါအောင်"တဲ့ ...။

"ဟဲ့ ... ဂျပု၊ နင်တို့ ရောက်နေတာ ကြာပြီလား"

အရပ်ရှည်တဲ့ ဝင့်ဝါအောင်က အရပ်ပုတဲ့ ဇော်ထိုက်ကို အဲဒီလိုနှုတ်ဆက်ပြီး ခုံတစ်ခုံဆွဲကာ ဝင်ထိုင်လိုက်၏။ ငုဝါရဲ့အရှေ့မှာ ဂျပုလို့ အခေါ်ခံလိုက်ရသဖြင့် ဇော်ထိုက် အဲဒီလောရှည်မ ဝင့်ဝါအောင်ကို တင်းသွားတယ်။

"ဒီမှာ ဝင့်ဝါ ... နင် ငါ့ကို ဂျပုလို့ မခေါ်စမ်းပါနဲ့၊ ငါ့အရပ်က (၅)ပေကျော်ပါတယ်ဟ"

"ဘာလဲ ... ခုံပေါ်တက်ပြီးတိုင်းမှ (၅)ပေကျော်တာမှလား၊ ခစ် ... ခစ် ... ခစ်"

ဆိုပြီး ဝင့်ဝါက ဇော်ထိုက်ကို လှောင်ပြောင်လိုက်၏။ ငုဝါကလည်း သူမရဲ့နှုတ်ခမ်းကို လက်ကလေးနဲ့အုပ်ပြီး ရယ်မောလျက်။ ဒီတော့ ဇော်ထိုက်တစ်ယောက် ရှက်ရမ်း,ရမ်းပြီး မျက်နှာကြီး နီရဲလာတယ်။ မခံချိမခံသာလည်း ဖြစ်မိတယ်။ သူ အရပ်ပုလို့ ဂျပုလို့ အခေါ်ခံရတာဆိုတော့ ဘယ်သူ့ကိုမှ အပြစ်တင်လို့ မရဘူးလေ။ ဒါကြောင့်မို့ သူ ဘာမှပြန်မပြောတော့ဘဲ အသာလေး ငြိမ်နေလိုက်တယ်။

"ဝင့်ဝါ ... နင် ဒီနေ့ တော်တော်လေးကို အူမြူးနေပါလား၊ ကြည့်ရတာတော့ နင် ငိုရတော့မယ် ထင်တယ်"

နက်ကျယ်က အဲဒီလိုပြောပြီး ဝင့်ဝါရဲ့မျက်လုံးတွေကို စူးစိုက်ကြည့်ပစ်လိုက်တယ်။ ပြီးတော့ စိတ်ထဲကနေ "ဝမ်း–ဆွဲ၊ တူး–ဖက်၊ သရီး–ကစ်၊ ဖိုး–ပြီး"လို့ ရေရွတ်နေတော့၏။

"နေစမ်းပါဦး ... ငါက ဘာကိစ္စနဲ့ ငိုရမှာတုန်း၊ ဒီနေ့က ငါ ပျော်ရမယ့်နေ့ဟ၊ ဘာကြောင့်လဲဆိုတော့ ဒီနေ့ ငါ ခင်မင်ရင်းနှီးချင်တဲ့ လူတစ်ယောက်နဲ့ မိတ်ဖွဲ့ခွင့်ရတော့မယ်လေ"

ဝင့်ဝါက အဲဒီလိုပြောပြီး မိုးဖွဲ့ကို တစ်ချက်ခိုးကြည့်လိုက်တယ်။

ပြီးတော့ သူမ နက်ကျယ်ကို စကားဆက်ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ … နင် ငါ့ကို မိုးဖွဲ့နဲ့ မိတ်ဆက်ပေးမယ်ဆို၊ အခုမိတ်ဆက်ပေးလေ"

"Ok … ငါ နင်တို့နှစ်ယောက်ကို မိုးဖွဲ့နဲ့ မိတ်ဆက်ပေးမယ်"

ဆိုပြီး နက်ကျယ်က သူ့ရဲ့ကတိအတိုင်း သူမတို့နှစ်ယောက်ကို မိုးဖွဲ့နဲ့ မိတ်ဆက်ပေးလိုက်သည်။ (၅)မိနစ်အတွင်းမှာပဲ သူမတို့နှစ်ယောက်နဲ့ မိုးဖွဲ့ အတော်လေးကို ရင်းနှီးသွားတယ်။

သူမတို့နှစ်ယောက်က အရင်ကတည်းက မိုးဖွဲ့ကိုခိုက်နေကြသလို မိုးဖွဲ့ကလည်း Talky အရမ်းကောင်းတဲ့သူဆိုတော့ အခုလိုခဏလေးအတွင်းမှာပဲ ရင်းနှီးသွားကြတော့တာပေါ့။

"မိုးဖွဲ့ … You ဒီနေ့ အားတယ်မှလား"

"အင်း … အားပါတယ်၊ ဘာလို့လဲ"

"ဒါဆိုရင် You ဒီနေ့ တို့ကို ရုပ်ရှင်လိုက်ပြပါလား"

ဝင့်ဝါရဲ့တောင်းဆိုမှုကို သူ လိုက်လျောဖို့ ဟန်ပြင်လိုက်စဉ်မှာပဲ။ နက်ကျယ်က …

"ဟိတ်ကောင် မိုးဖွဲ့၊ ဒီနေ့ မင်းမအားဘူးလေ၊ ပြီးကျရင် မင်းအဖေရဲ့ကုမ္ပဏီကို သွားရမှာမှလား"

အဲဒီလို မျက်စိမှိတ်ပြပြီးပြောလိုက်တော့ သူ သဘောပေါက်သွားတယ်။

"ဩော် … ဟုတ်သားပဲ မေ့နေလိုက်တာ၊ ပြီးကျရင် ငါ ဒယ်ဒီ့ဆီကို သွားရဦးမှာပဲ။ Sorry … ဝင့်ဝါ၊ ကိုယ် ဒီနေ့ မအားဘူးကွ၊ မင်း ရုပ်ရှင်ကြည့်ချင်ရင် ဒီကောင်တွေကို လိုက်ပို့ခိုင်းပါလား"

"တော်ပါပြီ မိုးဖွဲ့ရယ်၊ တို့က You လိုက်ပို့မယ်ဆိုရင် ဒီနေ့ သင်တန်းမတက်ဘဲ သွားမလို့၊ သူတို့နဲ့ဆိုရင်တော့ မသွားချင်ပါဘူး"

ထိုသို့ပြောပြီး ဝင့်ဝါက သူမရဲ့လက်ပတ်နာရီလေးကို ငုံ့ကြည့်လိုက်တယ်။

"ဟား … (၉)နာရီတောင် ခွဲနေပြီပဲ။ ငုဝါ ငါသင်တန်းသွားတော့မယ်၊ ဒါနဲ့ နင်ကော ငါနဲ့ တစ်ခါတည်း လိုက်မှာလား"





"မလိုက်တော့ပါဘူးဟာ၊ ငါက (၁၁)နာရီထိုးမှသွားရမှာ၊ ဒီမှာပဲ မိုးဖွဲ့တို့နဲ့ နေခဲ့တော့မယ်"

"အေးလေ … ဒါဆိုရင်လည်း ငါသွားတော့မယ်၊ မိုးဖွဲ့ … တို့ သွားတော့မယ်နော်၊ နောက်မှ ထပ်တွေ့ကြတာပေါ့"

"Ok !"

ဆိုပြီး သူ ခေါင်းညိတ်ပြလိုက်တယ်။ ထို့နောက်တွင်တော့ ဝင့်ဝါ တစ်ယောက် ဤဆိုင်ထဲမှ ထွက်သွားပါတော့သည်။ သူမထွက်သွားပြီး(၁၀)စက္ကန့်ခန့် အကြာမှာပဲ နက်ကျယ်က သူမနောက်ကိုပြေးလိုက်သွားတယ်။ ထို့ကြောင့် ဤဆိုင်လေးမှာ မိုးဖွဲ့၊ ဇော်ထိုက်နဲ့ ငုဝါ တို့(၃)ယောက်သာ ကျန်ရစ်ခဲ့တော့၏။

ဟုတ်ပါတယ်။ နက်ကျယ်က ဝင့်ဝါကို အသည်းအသန်ချစ်ကြိုက်နေတဲ့သူပေါ့။ ပိုးပန်းနေတာ ကြာပြီဖြစ်သော်လည်း အခြေအနေကတော့ ဒုံရင်းပဲ၊ မိတ်ဆွေအဆင့်ကကို မတက်သေးဘူး၊ ဇော်ထိုက်ကလည်း ငုဝါကို နိုးချစ်နေတဲ့သူပေါ့၊ အငြင်းခံရမှာစိုးလို့ ဖွင့်မပြောဘဲ အချစ်တွေကို မျိုသိပ်ထားခဲ့တာ၊ အတော်လေးကို ကြာပါပြီ။

သူငယ်ချင်းနှစ်ယောက်ရဲ့ အဖြစ်ကိုကြည့်ပြီး မိုးဖွဲ့က သနားသွားလို့လား မသိဘူး။ ဒီနေ့ ဗျူဟာတစ်ခုကို သင်ပေးလိုက်တယ်။ အဲဒီဗျူဟာကို နက်ကျယ်နဲ့ ဇော်ထိုက်တို့ ဘယ်လိုအသုံး ချကြမလဲမသိဘူး။ နက်ကျယ်ကတော့ ဝင့်ဝါနောက်ကို လိုက်သွားပြီ။

အခု ဒီဝိုင်းမှာ (၃)ယောက်ဖြစ်နေတော့ မိုးဖွဲ့က ရှောင်ပေးဖို့ ဆုံးဖြတ်လိုက်တယ်။

"ဟိတ်ကောင် ဇော်ထိုက်၊ ငါ အပြင်ခဏသွားလိုက်ဦးမယ်"

"ဘာလုပ်ဖို့လဲကွ"

"ကက်ပရီ သွားဝယ်မလို့"

ဆိုပြီး သူက မျက်စိမှိတ်ပြလိုက်တော့ ဇော်ထိုက် သဘောပေါက်သွားတယ်။

"ဩော် … အေး … အေး … သွား … သွား"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်တွင်တော့ မိုးဖွဲတစ်ယောက် ထိုင်နေရာမှ ထ၍
ဆိုင်အပြင်သို့ ထွက်သွားပါတော့သည်။ ထို့ကြောင့် ဤဝိုင်း၌ ဇော်ထိုက်
ငုဝါတို့နှစ်ယောက်တည်းသာ ကျန်ရစ်ခဲ့တော့၏။ ဒီတော့ ဇော်ထိုက်
အရမ်းပျော်ရွှင်သွားတယ်။

ငုဝါကတော့ မိုးဖွဲ ထသွားသဖြင့် သိပ်အလိုမကျဘူး ဖြ
နေတယ်။

"ဟဲ့ ... ဇော်ထိုက်၊ အခု မိုးဖွဲက ဘယ်ကိုထွက်သွားတာတုံး"

"ဆေးလိပ်ဝယ်ဖို့ ထွက်သွားတာ"

"ဟွန်း ... သူကလည်း အပြင်ထွက်ပြီး ဆေးလိပ်သွားဝယ်ရတယ်
လို့၊ ဒီဆိုင်မှာလည်း ရတဲ့ဟာကို"

"မရဘူးဟ၊ သူသောက်ချင်တဲ့ ကက်ပရီက ဒီဆိုင်မှာမရှိဘူ
ဒါကြောင့် အောက်က စတိုးဆိုင်မှာသွားဝယ်တာ၊ ပြီးရင် ပြန်လ
မှာပေါ့ဟ"

သူ အဲဒီလို ပြောလိုက်တော့မှပဲ ငုဝါရဲ့မျက်နှာလေး ခုန
တုန်းကလို ပြန်ပြီးပျော်ရွှင်သွားတော့၏။ ပြီးတော့ သူမ ဆိုင်ရဲ့အဝ
တံခါးပေါက်ကို ခဏ ခဏ လှည့်ကြည့်နေပါတော့သည်။

"ငုဝါ ... နင်ကလည်းဟာ၊ ငါ့ဘက်ကို လှည့်ကြည့်ပါဦးဟ
ဘာလဲ ... နင်က ငါနဲ့ စကားမပြောချင်ဘူးလား"

"အေး ... ဟုတ်တယ်၊ ငါက မိုးဖွဲနဲ့ပဲ စကားပြောချင်တာ"

ဆိုပြီး သူမက ခပ်ပြတ်ပြတ် ပြောလိုက်တော့ ဇော်ထိုက်
တစ်ယောက် မျက်ကလူးဆန်ပြာ ဖြစ်သွားပြီး စိုးရိမ်စိတ်တွေ ဝင်လာ
တော့၏။ သူမကို မိုးဖွဲနဲ့ မိတ်ဆက်ပေးလိုက်တာ မှားသွားပြီလား
သူ တကယ်ပဲ ကပျာကယာ ဖြစ်သွားတယ်။ ပြီးတော့ ဘာပဲဖြစ်ဖြ
ဒီနေ့ သူ ငုဝါကို ဖွင့်ပြောမယ်လို့ ဆုံးဖြတ်လိုက်တယ်။ ဒီနေ့မှ ဖွင့်
ပြောရင် သူ နောက်ကောက်ကျပြီး ကျန်ရစ်ဖြစ်သွားနိုင်တယ်လေ
ဒါကြောင့်မို့ သူ ဖွင့်ပြောဖို့ ဆုံးဖြတ်လိုက် ခြင်းပင်ဖြစ်၏။ သို့ပေမဲ့လည်း
သူ ဘယ်ကနေ ဘယ်လိုစပြောရမှန်း မသိဘူးဖြစ်နေတယ်။ အဲဒီလို
အကျပ်ရိုက်နေတဲ့အချိန် စောစောတုန်းက မိုးဖွဲ ပြောခဲ့တဲ့ စကားလုံ





တွေကို ပြန်လည်ကြားယောင်မိ၏။ ထို့နောက် သူ "ဆွဲဖက်ကစ်ပြီး" လို့
စိတ်ထဲကနေ ရေရွတ်လိုက်ပြီး ...

"ဟုတ်ပြီကွ"

ဟုဆိုကာ လက်ဖျောက်တစ်ချက် တီးလိုက်တယ်။

"ဟဲ့ ... ဇော်ထိုက်၊ ဘာဟုတ်တာလဲဟ"

သူက အဲဒီလို မေးလိုက်တော့ ဇော်ထိုက်က ...

"ဩော် ... ဘာမှ မဟုတ်ဘူး၊ ဘာမှ မဟုတ်ဘူး"

ဆိုပြီး ခေါင်းကုတ်၍ ပြောလိုက်၏။ ထို့ကြောင့် သူမက
သူ့ကို "အရူး" လို့ ပြောလိုက်တယ်။ ထိုသို့ ပြောပြီး သူမဆိုင်ရဲ့အဝင်
တံခါးပေါက်ဆီသို့သာ လှမ်းကြည့်နေတော့၏။

(၅) မိနစ် ...

(၁၀) မိနစ် ...

(၁၅) မိနစ် ...

နာရီဝက် ...

ဟုတ်ပါတယ်။ နာရီဝက်ကြာသွားပြီ ဖြစ်ပေမယ့် မိုးဖွဲ
ပြန်ရောက်မလာသေးပါဘူး။ သူမမှာတော့ မျှော်ရလွန်းလို့ လည်ပင်း
ဆောင်ရှည်ပြီး စောင်းနေပြီ။ သူမ စိတ်မရှည်တော့ပေ။ ထို့ကြောင့်
သူမ မိုးဖွဲနောက်သို့ လိုက်သွားရန် ဆုံးဖြတ်လိုက်၏။ ပြီးတော့ ချက်ချင်း
ဆိုသလို သူမ ထိုင်နေရာမှ ထလိုက်တယ် ...

"ဟဲ့ ... ငုဝါ၊ နင် ဘယ်သွားမလို့လဲ"

"မိုးဖွဲက အောက်ကစတိုးဆိုင်ကို သွားတာမှလား၊ အခုထိ ပြန်မ
လာသေးဘူးဆိုတော့ သူ ဘာဖြစ်နေလို့လဲ မသိဘူး။ ငါ လိုက်ကြည့်
မလို့"

ဆိုပြီး သူမ ဆိုင်အပြင်သို့ ထွက်သွားပါတော့သည်။
ထို့ကြောင့် ဇော်ထိုက်က သူမနောက်ကို ပြေးလိုက်သွားတယ်။ ဝိုင်း
အတွက် ကျသင့်ငွေကို မှာကတည်းက ကောင်တာမှာ ရှင်းပြီးသားမို့
သူတို့ထွက်သွားတော့ ဝိတ်တာတစ်ယောက်က ကော်ဖီခွက်တွေကို
ပြန်သိမ်းသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်အပြင်ဘက်ရောက်တော့ ဇော်ထိုက်က ငုဝါကို မီသွားလေသည်။ ထိုအချိန် "ဝမ်း–ဆွဲ၊ တူး–ဖက်၊ သရီး–ကစ်၊ ဖိုး–ပြီး" ဆိုတဲ့ မိုးဖွဲရဲ့စကားသံတွေက သူ့ရဲ့နားအတွင်းသားနံရံတွေကို ပဲ့တင်ရိုက်ခတ်နေလေရဲ့။ ပတ်ဝန်းကျင်မှာ လူကလည်း ရှင်းနေတယ်လေ။ ထို့ကြောင့် သူ အခွင့်အရေးရတုန်း သူမကို "ဆွဲ,ဖက်,ကစ်,ပြီး" လုပ်ဖို့ ဆုံးဖြတ်လိုက်ပါတော့သည်။

လှေကားနားရောက်တော့ သူ သူမကို ...

"ငုဝါ"

ဟု လှမ်းခေါ်လိုက်ပြီး သူမရဲ့လက်ကို ရုတ်တရက် ဆွဲကိုင်လိုက်တယ်။ ပြီးတော့ ချက်ချင်းဆိုသလို သူ သူမရဲ့ခန္ဓာကိုယ်လေးကို ပွေ့ဖက်လိုက်ပြီး သူမရဲ့ပါးပြင်နုနုကို လျှင်မြန်စွာ နမ်းရှိုက်လိုက်၏။ ထို့နောက် သူ ပါးစပ်ပေါက်ကနေ ...

"ပြီးပြီ"

ဟု ရေရွတ်လိုက်ပြီး ခုန်ပေါက် က,ပစ်လိုက်တယ်။ အောင်ပြီဆိုတဲ့သဘော။ သူမရဲ့အချစ်ကို ရပြီဆိုတဲ့ သဘောပေါ့။

သူက အဲဒီလိုကြီးလုပ်လိုက်တော့။ သူမ ကြောင်စီစီဖြစ်သွားတယ်။ ပြီးတော့ ရှက်လည်း ရှက်သွားတယ်။ ထို့ကြောင့် သူမ ခုန်ပေါက်ပြီးကနေတဲ့ သူကို ...

"ဟင် ... ဘာပြီးတာလဲ၊ ပြီးချင်ဦး ... ကဲဟာ"

ဆိုပြီး အသားကုန် တွန်းချပစ်လိုက်တယ်။ ထို့ကြောင့် ဇော်ထိုက် တစ်ယောက် လှေကားပေါ်ကနေ တစ်လိမ့်ခေါက်ကွေး ပြုတ်ကျသွားပါတော့သည်။

✧❤✧

တစ်ဖက်မှာလည်း နက်ကျယ်က ဝင့်ဝါကို "ဆွဲ,ဖက်,ကစ်, ပြီး" လုပ်ဖို့အတွက် တာစူနေတော့၏။ သို့ပေမဲ့ သူ အခွင့်အရေးမရသေးပါဘူး။ ဝင့်ဝါက အတန်းဝင်တက်နေလို့ သူ အပြင်ကနေရပ်စောင့်





နေရတယ်။ နောက်(၁)နာရီခန့်အကြာမှာတော့ ဝင့်ဝါ တစ်ယောက် အပြင်သို့ ပြန်ထွက်လာပါတော့သည်။ ဟုတ်ပါတယ်။ သူမရဲ့ သင်တန်းအချိန်က တစ်နာရီတည်း ကြာမြင့်တာပါ။

သူမ အပြင်ရောက်တော့ နက်ကျယ်ကို တွေ့လိုက်ရသဖြင့် အံ့သြသွားတယ်။

"ဟင် ... နက်ကျယ်၊ နင် အခုထိ မပြန်သေးဘဲ ဒီအရှေ့မှာ ဘာရပ်လုပ်နေတာတုန်း"

"နင့်ကို စောင့်နေတာ၊ ပြောစရာရှိလို့"

"နေစမ်းပါဦး၊ နင်က ငါ့ကို ဘာအရေးကြီးတာတွေ ပြောမလို့ အခုလို အပင်ပန်းခံပြီး စောင့်နေတာလဲ"

"အေးဆေးပေါ့ဟာ၊ လမ်းလျှောက်ရင်း ပြောကြတာပေါ့"

ဆိုပြီး သူ သူမကို ဖျောင်းဖျဖို့အတွက် ပြောလိုက်၏။ ထို့နောက်အခွင်တော့ သူတို့နှစ်ယောက် ဤနေရာမှ ထွက်သွားပါတော့သည်။

ဒီနေရာက လူရှုပ်တဲ့နေရာဆိုတော့ သူ သူမကို "ဆွဲ, ဖက်, ကစ်, ပြီး" လုပ်ဖို့ ဘယ်လိုမှ အခွင့်မသာဘူး ဖြစ်နေတယ်။ ထို့ကြောင့် သူ သူမကို လူရှင်းတဲ့ဘက်သို့ ပတ်ခေါ်သွားတယ်။

"နက်ကျယ် ... နင် အခု ဘယ်သွားနေတာလဲ"

"လိုက်သာ လိုက်ခဲ့စမ်းပါ။ ရောက်တော့ သိရမှာပေါ့"

ထို့နောက် သူတို့နှစ်ယောက် ဆက်လျှောက်ကြပြန်သည်။ လူရှင်းတဲ့နေရာသို့ ရောက်တဲ့အခါမှာတော့ သူ ခြေလှမ်းတွေကို ရပ်တန့်ပစ်လိုက်၏။ ပြီးပြီး သေချာသွားအောင်လို့ သူမကို တိုက်နှစ်လုံးကြားထဲသို့ ခေါ်သွားရန် ဆုံးဖြတ်လိုက်တယ်။

လမ်းမှာဆိုရင် လူတစ်ယောက်စ၊ နှစ်ယောက်စ လာနိုင်တယ်လေ။ အဲဒီ တိုက်နှစ်လုံးကြားထဲကိုတော့ တစ်ယောက်မှ ရောက်လာနိုင်စရာ အကြောင်းမရှိဘူး။ ဘာကြောင့်လဲဆိုတော့ အဲဒီတိုက်နှစ်လုံးကြားထဲမှာ မြောင်းပဲရှိတယ်လေ။

"ဝင့်ဝါ ... ငါ နင့်ကို ပန်းချီကားတစ်ချပ် ပြစရာရှိလို့ ဒီနေရာကို ခေါ်လာတာဟ"



www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး၊ နင့်ရဲ့ပန်းချီကားက ဘယ်လောက်ထိအောင် စိတ်ဝင်စားဖို့ ကောင်းလို့လဲ"

"တိုက်ရဲ့နံရံမှာ လူတစ်ယောက်က မီးသွေးခဲနဲ့ခြစ်ပြီး ဆွဲထားတာဟ၊ ပီကာဆိုရဲ့မော်ဒန်ပန်းချီကားချပ်တွေလိုပဲ"

သူက အဲဒီလို ပြောလိုက်သဖြင့် သူမ စိတ်ဝင်စားသွားတယ်။

"ဟဲ့ ... ဟုတ်လို့လားဟ၊ နင် အခုပြမယ့်ပုံက ဘယ်တိုက်ရဲ့ နံရံမှာ ရေးဆွဲထားတာလဲ"

သူမက အဲဒီလို မေးလိုက်တော့ သူ တစ်ချက်ပြုံးလိုက်ပြီး...

"လာ ... လိုက်ခဲ့"

ဟု ဆိုကာ ဘေးမှာရှိတဲ့ တိုက်နှစ်လုံးကြားထဲသို့ သူမကို ခေါ်ဆောင်သွားပါတော့သည်။ တိုက်ရဲ့အလယ်သို့ရောက်အောင် မြောင်းရဲ့နှုတ်ခမ်းပေါင်ကိုနင်းပြီး လျှောက်သွားရတယ်။ နက်ကျယ်က သူ့အတွက် အဆင်ပြေလောက်မယ့်နေရာသို့ ရောက်တဲ့အခါမှာတော့ သူမရဲ့လက်ကို ရုတ်တရက် ဆွဲကိုင်လိုက်သည်။

"ဟဲ့ ... ဘာလုပ်တာလဲ"

သူမ အဲဒီလိုမေးလိုက်တဲ့အချိန်မှာပဲ သူက သူမရဲ့ဦးခေါင်းကို လက်နှစ်ဖက်နဲ့ ကိုင်လိုက်ပြီး သူမရဲ့နှုတ်ခမ်းပါးလေးကို နမ်းပစ်လိုက်တယ်။

မမျှော်လင့်ဘဲ ဖက်အနမ်းခံလိုက်ရတာမို့ သူမ အရမ်းရှက်သွားပြီး သူ့ကို တွန်းထုတ်ပစ်လိုက်၏။

"ပလုံ"

သူ မြောင်းထဲကို ဇောက်ထိုးပြုတ်ကျသွားတယ်။ သို့ပေမဲ့ သူမက သူ့ကို တစ်ချက်လေးတောင် လှည့်မကြည့်တော့ဘဲ ထိုနေရာမှ အလျင်အမြန် ထွက်သွားပါတော့သည်။

မိုးမွဲရဲ့ "ဆွဲ,ဖက်,ကစ်,ပြီး" ဗျူဟာ စွမ်း,မစွမ်းတော့မသိဘူး။ အခု နက်ကျယ်က မြောင်းထဲသို့ ဇောက်ထိုးပြုတ်ကျပြီး ရေတိမ်နစ်နေသလို စောစောတုန်းက ဇော်ထိုက်ကလည်း လှေကားပေါ်ကလိမ့်ကျပြီး လက်ကျိုးသွားပြီဖြစ်၏။





မိုးမွဲပြောတော့ "ဆွဲ,ဖက်,ကစ်,ပြီး" ဗျူဟာတော့ အရမ်းစွမ်းတယ်ဆို။ အဲဒီဗျူဟာက ရည်းစား အမြန်ဆုံးရနိုင်မယ့် ဗျူဟာဆို။ ဟော ... ကြည့်ကြစမ်းပါဦးဗျာ။ အဲဒီ ဗျူဟာစွမ်း,မစွမ်းတော့ မသိဘူး။ "ဆွဲ,ဖက်,ကစ်,ပြီး" လုပ်လိုက်တာ သူတို့နှစ် ယောက် အဲဒီလို ဖြစ်သွားကြတယ်။



www.burmeseclassic.com

www.burmeseclassic.com

"တကယ်တော့…
မိန်းမတစ်ယောက်ရဲ့အသည်းနှလုံးက…
နုနုလေးကွ…။
အင်မတန် မာကျောပါတယ်ဆိုတဲ့…
ကျောက်ဆောင်တွေကိုတောင်…
ယိုင်နဲ့သွားအောင်…
လုပ်လို့ရသေးတာပဲ…။
မိန်းမတစ်ယောက်ရဲ့စိတ်ကို…
ကိုယ့်ဘက်ယိုင်လာအောင်…
လုပ်ဖို့ဆိုတာက…
လွယ် လွယ်လေးရယ်"

## အခန်း(၂)

### ✱✱✱ ခေါ်ထိုက်နဲ့ ဇက်ကျယ်ရဲ့

ပုံစံကိုကြည့်ပြီး သူ ရယ်မောလိုက်တယ်။ သို့ပေမဲ့ ပြုံးရုံတာမယ်၊ သွားပေါ်ရုံတာမယ် တိုးတိုးလေး ရယ်မောနေတာမဟုတ်ပါဘူး။ ဟက်ဟက်ပက်ပက်၊ ခွက်ထိုး ခွက်လန် ရယ်မောနေခြင်းပင်ဖြစ်၏။

"ဟား … ဟား … ဟား"

"ဟား … ဟား … ဟား"

သူက အဲဒီလို အကျယ်ကြီး ရယ်မောနေတော့ ဆိုင်ထဲမှာရှိတဲ့ ကောင်မလေးတွေအားလုံးက သူ့ကို စိတ်ဝင်စားသွားပြီး သေသေချာချာ စိုက်ကြည့်နေတော့၏။

ဪ … စိတ်ဝင်စားတယ် ဆိုတာက ကြိုက်လို့၊ နိုက်လို့ဟုတ်ပါဘူး။ စိတ်မနှံ့တဲ့လူများလားဆိုပြီး သူ့ရဲ့အခြေအနေကို ဆောင့်ကြည့်နေခြင်းပင်ဖြစ်၏။

ဆိုင်ထဲမှာရှိတဲ့ ကောင်မလေးတွေက စုစုပေါင်း(၆)ယောက်ပါ။ ဝိတ်တာမယ်(၄)ယောက်နဲ့ ကောင်တာထိုင်ပြီး အေးအေးဆေးဆေး ချိုချင်းနားထောင်နေကြတဲ့ ဆိုင်ပိုင်ရှင်(၂)ယောက်။

အခု ဆိုင်ထဲမှာ ဝိုင်းတစ်ဝိုင်းပဲရှိတယ်။ အဲဒီဝိုင်းက လူတစ်ယောက်က အသံမိုင်ကုန်ထုတ်ပြီး ခွက်ထိုးခွက်လန် ရယ်မောနေသဖြင့်

www.burmeseclassic.com



သူမတို့အားလုံး သူ့ကို စိုက်ကြည့်နေခြင်းပင်ဖြစ်၏။ ကောင်တာထိုင်နေတဲ့ ဇော်(၂)ပွေက သီချင်းကိုတောင် Pause လုပ်ပစ်လိုက်တယ်။ ပြီးတော့ အဲဒီဝိုင်းကိုပဲ စူးစိုက်ကြည့်နေတော့သည်။

သူမတို့ ဆိုင်ဖွင့်ထားတာ (၂)နှစ်လောက်ရှိပြီ။ သို့ပေမဲ့ ဆိုင်ထဲမှာ အခုလို ခွက်ထိုးခွက်လန်ရယ်တဲ့ လူမျိုးကို အခုမှတွေ့ဖူးတာ။ အဲဒီဝိုင်းမှာ ထိုင်နေတဲ့လူက စုစုပေါင်း(၃)ယောက်၊ အရပ်ပုပု၊ နဖူးကျယ်ကျယ်နဲ့လူက လက်မှာကျောက်ပတ်တီးစည်းထားပြီး အသားမည်းမည်း ပါးစပ်ပြဲပြဲနဲ့လူက ခေါင်းမှာ ပတ်တီးစည်းထားတယ်။ ကျန်တဲ့တစ်ယောက်ကလည်း အရူးတစ်ယောက်လို ရယ်မောနေတယ်လေ။ ဒီတော့ သူမတို့အားလုံး အဲဒီဝိုင်းက လူ(၃)ယောက်ကို စိတ်ဝင်စားသွားပြီး သူတို့(၃)ယောက် ဘာတွေပြော၊ ဘာတွေလုပ်ကြမလဲ ဆိုတာကို အသာလေး စောင့်ကြည့်နေတော့၏။

ဟုတ်ပါတယ်။ ဇော်ထိုက်နဲ့နက်ကျယ်ကိုကြည့်ပြီး ခွက်ထိုးခွက်လန် ရယ်နေတဲ့သူက မိုးဖွဲ့ပါပဲ။

"ဟိတ်ကောင် မိုးဖွဲ့၊ မင်း ငါတို့ကို လှောင်ပြောင်နေတာလား။ မင်းပြောတော့ 'ဆွဲ့,ဖက်,ကစ်,ပြီး' လုပ်လိုက်ရင် ရည်းစားတစ်ယောက် ရပြီဆို"

ဇော်ထိုက်က ငိုမဲ့မဲ့မျက်နှာလေးနဲ့ အဲဒီလိုပြောလိုက်တော့ မိုးဖွဲ့က ဟားတိုက်ရယ်မောနေတာကို ရပ်တန့်လိုက်ပြီး ခေါင်းကို ဖြည်းဖြည်းချင်း ခါယမ်းလိုက်တယ်။

"ဒီမှာ ဟိတ်ကောင်တွေ၊ မင်းတို့ ငါ့ရဲ့ဗျူဟာကို အပြစ်တင်မကြိုးစားနဲ့။ ငါ ဒီဗျူဟာကိုသုံးပြီး ရည်းစားဘယ် နှယောက်အောင် လုပ်ခဲ့သလဲဆိုတာကို မင်းတို့ သိပါတယ်။ အခု မင်းတို့ခံလိုက်ရတာက ငါ့ရဲ့ဗျူဟာညံ့လို့မဟုတ်ဘူး၊ မင်းတို့ညံ့လို့ မင်းတို့ခံလိုက်ရတာ"

"ဘာ ... ငါတို့ညံ့လို့ ဟုတ်လား၊ မနေ့က ငါတို့နှစ်ယောက် မင်းပြောတဲ့အတိုင်း ဆွဲ့,ဖက်,ကစ်,ပြီး လုပ်နိုင်ခဲ့တယ်လေ"

နက်ကျယ်ကလည်း မျက်နှာကြီးကိုရှုံ့မဲ့ပြီး အဲဒီလိုပြောလိုက်၏။





ထို့ကြောင့် သူ အသားကုန်ပိန်းတဲ့ သူ့ရဲ့သူငယ်ချင်း နှစ်ယောက်ကို စိတ်ပျက်သွားတယ်။

"မင်းတို့က တော်တော်ပိန်းတဲ့ ကောင်တွေပဲ၊ ဘယ်အရာကိုမဆို အခြေအနေ၊ အချိန်အခါကို စောင့်ကြည့်ပြီး ပိုင်ပြီဆိုမှ လုပ်ရတယ်ကွ။ အဲဒါကို မင်းတို့ မသေမချင်းမှတ်ထား၊ ဒီလိုပဲ ကောင်မလေးတစ်ယောက်အနားကို ချဉ်းကပ်တဲ့ အခါမှာလည်း အဲဒီကောင်မလေးရဲ့မျက်နှာရိပ်၊ မျက်နှာထားကို ကြည့်တတ်ရတယ်ကွ၊ ဘလိုင်းကြီး ဆွဲ့,ဖက်,ကစ်,ပြီး လုပ်လို့ကတော့ ဒီလိုပဲ ခံနေရမှာပဲ။ နောက်တစ်ခါဆို ပိုင်မှလုပ်၊ ကြားလား"

"တော်ပါပြီကွာ၊ ငါတို့ မလုပ်ရဲတော့ဘူး"

"ဟုတ်တယ် မိုးဖွဲ့၊ ငါတို့ မင်းရဲ့ ဆွဲ့,ဖက်,ကစ်,ပြီး ဗျူဟာကို ကြောက်သွားပြီ။ နောက်တစ်ခါ အဲဒီလို မလုပ်ရဲတော့ဘူး"

ဇော်ထိုက်နဲ့ နက်ကျယ်က အဲဒီဗျူဟာကိုသုံးခဲ့ပြီး ဆေးခန်းရောက်သွားသဖြင့် တော်တော်ကြောက်သွားတဲ့ပုံပါပဲ။ ဆေးရုံမရောက်၊ ရဲစခန်းမရောက်တာထက်စာရင် ဆေးခန်းပဲရောက်ခဲ့တာကို အဆိုးထဲက အကောင်းလို့ပြောရပါမယ်။ ဒီလောက်ပဲဖြစ်သွားလို့ တော်သေးတာပေါ့။

မိုးဖွဲ့ရဲ့ ဆွဲ့,ဖက်,ကစ်,ပြီး ဗျူဟာကိုကျင့်သုံးပြီး သူတို့နှစ်ယောက် ရည်းစားမရဘဲ ဒဏ်ရာနဲ့ပတ်တီးတွေ ရခဲ့ပေမယ့် ဇွဲတော့လုံးဝ လျှော့ချမပစ်ပါဘူး။ ယောက်ျားတို့၏ဇွဲ သေခါမှလျှော့ချပစ်မယ်ဆိုတဲ့ လူစားမျိုးတွေပေါ့။ ဟုတ်ပါတယ်။ သူတို့နှစ်ယောက် မိုးဖွဲ့ကို နောက်ထပ်ဗျူဟာတစ်ခု ပြောပြဖို့ တောင်းဆိုလိုက်တယ်။

"မိုးဖွဲ့ ... ငါတို့ ကောင်မလေးတွေကို ဆွဲ့,ဖက်,ကစ်,ပြီး မလုပ်ရဲတော့ဘူး။ မင်း ငါတို့ကို သနားရင် နောက်ထပ် ဗျူဟာတစ်ခုလောက် ပြောပြပါလား"

"ဟုတ်တယ် မိုးဖွဲ့၊ ငါတို့ကို ဗျူဟာတစ်ခုလောက် ထပ်ပြောပြပါနော်"

သူတို့နှစ်ယောက်က သနားကမား မျက်နှာလေးနဲ့တောင်းဆိုနေသဖြင့် သူ ပြောပြဖို့ ဆုံးဖြတ်လိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ ... ဒါဆိုရင် ငါ မင်းတို့ကို နောက်ထပ် ဇာတ်လမ်း တစ်ခု ပြောပြမယ်"

သူက အဲဒီလိုပြောလိုက်တော့ ဇော်တိုက်နဲ့ နက်ကျယ်တို့ ချက်ချင်းဆိုသလို ပြုံးပျော်ရွှင်သွားတော့၏။ ဝိတ်တာမယ်(၄)ယောက်နဲ့ ဆိုင်ပိုင်ရှင် ကောင်မလေးနှစ်ယောက်ကလည်း သူ့ရဲ့စကားတွေကို နားစိုက်ထောင်နေလေရဲ့။

"အဟမ်း ... အဟမ်း"

သူ မပြောသေးခင် အရင်ဆုံး ခံတွင်းရှင်းလိုက်၏။ ပြီးတော့မှ အချစ်နဲ့ပတ်သက်တဲ့၊ မိန်းမနဲ့ပတ်သက်တဲ့ သူ့ရဲ့ဇာတ်လမ်း နောက်တစ်ခုကို ပုလဲလုံးတွေ သီကုံးထားသလို စီစီရီရီလေးဖြစ်အောင် ပြောပြလိုက်ပါတော့သည်။

"တကယ်တော့ မိန်းမတစ်ယောက်ရဲ့အသည်းနှလုံးက နုနုလေးကွ၊ အင်မတန် မာကျောပါတယ်ဆိုတဲ့ ကျောက်ဆောင်တွေကိုတောင် ယိုင်နဲ့သွားအောင် လုပ်လို့ရသေးတာပဲ။ မိန်းမတစ်ယောက်ရဲ့ စိတ်ကို ကိုယ့်ဘက်ယိုင်လာအောင် လုပ်ဖို့ဆိုတာက လွယ်လွယ်လေးရယ်"

သူက အဲဒီလိုပြောလိုက်တော့ ကောင်တာထိုင်နေတဲ့ ဆိုင်ပိုင်ရှင် ကောင်မလေးနှစ်ယောက်က "ဟွန်း"ဟု ပြိုင်တူရေရွတ်လိုက်ပြီး သူမတို့နှစ်ယောက်ရဲ့ သိပ်လှတဲ့နှုတ်ခမ်းလေးတွေကို ကြည့်ရဆိုးသွားအောင် မဲ့ရွဲ့ပစ်လိုက်သည်။ သူမတို့နှစ်ယောက် သူ့ကို တော်တော်လေး အမြင်ကတ်သွားတဲ့ ပုံပါပဲ။ ပြီးတော့ သူ ဘာဆက်ပြောမလဲ ဆိုတာကို သူမတို့ သေသေချာချာ နားစိုက်ထောင်နေတော့၏။

"မိုးဖွဲ ... ဆက်ပြောလေကွာ။ ဘယ်လိုလုပ်ရမှာလဲ"

ဇော်ထိုက်က အလျင်စလို မေးနေသဖြင့် သူ အရစ်ရှည်မနေတော့ဘဲ လိုရင်းကို ရှင်းရှင်းလင်းလင်း ပြောပြလိုက်တယ်။

"မိန်းမတွေက စိတ်နုတယ်လေ၊ လူတစ်ဖက်သားကို သနားတတ်ကြတယ်၊ အဲဒါ သူတို့ရဲ့ပျော့ကွက်ပဲ၊ ပျော့ကွက်ကို နင်းပြီး ချဉ်းကပ်တတ်မယ်ဆိုရင် မိန်းမတစ်ယောက်ရဲ့အချစ်တင်မဟုတ်ဘူး၊ စိတ်တစ်ခုလုံးကို ရမှာကွ"





"Ok ! ... ဒီလောက်ဆိုရင် ငါတို့ သဘောပေါက်ပြီ"

"ဟုတ်တယ် မိုးဖွဲ၊ ကျေးဇူးပဲကွာ၊ ငါတို့ ဘာဆက်လုပ်ရမလဲ ဆိုတာကို သိသွားပြီ"

ဇော်ထိုက်နဲ့ နက်ကျယ်က မိုးဖွဲရဲ့စကားတွေကို သဘောကျသွားပေမယ့် ကောင်တာထိုင်နေတဲ့ ကောင်မလေးနှစ်ယောက်ကတော့ သူ့ရဲ့စကားတွေကို နားထောင်ပြီး အော့နှလုံးနာနေတော့၏။ ပြီးတော့ သူမတို့နှစ်ယောက် သူတို့ကို ကြည့်ပြီး တီးတိုးစကား ပြောဆိုလိုက်တယ်။

"နူးညံ့ ... နင် သူ့ကို သိလား"

"ဘယ်သူ့ကို ပြောတာလဲဟ၊ အသားမည်းမည်း၊ ပါးစပ်ပြဲပြဲနဲ့ သူ့ကိုပြောတာလား၊ ဒါမှမဟုတ် အရပ်ပုပု၊ နဖူးပြောင်ပြောင်နဲ့ သူ့ကို ပြောတာလား"

"မဟုတ်ဘူးဟ ... သူတို့နှစ်ယောက်ကို ပြောတာ မဟုတ်ဘူး၊ အဲဒီပတ်တီးစည်းထားတဲ့ ကောင်နှစ်ကောင်ကို ဆရာကြီးလုပ်နေတဲ့ သူကို ပြောတာ"

ဆိုပြီး စန်းပွင့်က မေးငေါ့ပြလိုက်တော့ နူးညံ့က ...

"သြော် ... သူ့ကိုပြောတာလား၊ သိတာပေါ့ဟ၊ သူ့ရဲ့နာမည်က မိုးဖွဲတဲ့"

"မိုးဖွဲ ... ဟုတ်လား၊ ဒါနဲ့ နေစမ်းပါဦး၊ နင်က သူ့ကို ဘယ်လို လုပ်ပြီး သိတာလဲ"

"(၁၀)တန်းတုန်းက သူနဲ့ငါက တစ်ကျောင်းတည်း၊ တစ်တန်းတည်း၊ တစ်ခန်းတည်းမှာ အတူတူနေခဲ့ကြတာလေ။ သူ့ရဲ့နာမည်တင်မဟုတ်ဘူး၊ သူ့ရဲ့အကျင့်စရိုက်ကိုပါ သိတယ်"

"အင်း ... အဲဒီ မိုးဖွဲ ဆိုတဲ့ကောင်ကို ကြည့်ရတာ စိတ်ဓာတ် တော်တော်အောက်တန်းကျမယ့်ပုံပဲ၊ ပြီးတော့ မိန်းမတွေရဲ့ပျော့ကွက် ကိုလည်း တော်တော်လေး သိထားပုံရတယ်"

"အဲဒါကိုတော့ မပြောတတ်ဘူးဟေ့၊ သူ မျက်နှာများတာတို့ တော့ သိတယ်"



www.burmeseclassic.com

www.burmeseclassic.com



နူးညွံ့က အဲဒီလို ပြောလိုက်တော့ စန်းပွင့်က ခေါင်းလေး
တဆတ်ဆတ်ညိတ်ပြီး မိုးပွဲကိုစိုက်ကြည့်ကာ တစ်ချက် မှုပြုံးပြုံးလိုက်၏
ပြီးတော့ သူမ သူ့ကို သေသေချာချာ မှတ်ထားလိုက်တယ်။ ဟုတ်ပါ
တယ်။ သူမရဲ့နာမည်က "ရှင်စန်းပွင့်"ပါပဲ။ နာမည်နဲ့လိုက်ဖက်အောင်
စန်းပွင့်လွန်းလှပါတယ်။ ယောကျ်ားမရသေးပေမယ့် ယောကျ်ားကျွမ်းကျေ
နေတဲ့သူပေါ့။

ကျားထက်ဆိုးတဲ့ ယောကျ်ားတွေက သူမနဲ့တွေ့သွားတဲ့
အခါ နွားဖြစ်သွားတတ်ပြီး သူမရဲ့စေတမန် ဖြစ်သွားလေ့ရှိ၏။ ဟုတ်ပါ
တယ်။ သူမအတွက်တော့ ယောကျ်ားတွေက Minor ပါပဲ။

မိုးဖွဲကလည်း မိန်းမ,မရသေးဘူး ဆိုပေမယ့် မိန်းမကျွမ်း
ကျေနေတဲ့သူပါပဲ။ သူ့အတွက်တော့ မိန်းမတွေက ကော်ပတ်အရုပ်လေး
လိုပဲ၊ ကိုင်ချင်သလိုကိုင်၊ လုပ်ချင်သလို လုပ်ပစ်လို့ရတယ်။ အဲဒီလောက်
ထိကိုပိုင်တာ၊ မယုံမရှိနဲ့။

ဒီနေ့မှာတော့ မိန်းမကျွမ်းကျေတဲ့ သူ့ကို ယောကျ်ားကျွမ်း
ကျေတဲ့ သူမက သေသေချာချာ မှတ်ထားလိုက်ပါပြီ။ သူကတော့ သူ
ကိုမတွေ့ပါဘူး၊ နူးညွံ့ကိုလည်း မတွေ့ပါဘူး။ နူးညွံ့နဲ့ သူက (၁၀)တန်း
တုန်းက တစ်ခန်းထဲမှာ အတူတူပညာ သင်ကြားခဲ့ကြတဲ့သူတွေ ဆိုပေ
မယ့်လည်း စကားတစ်ခွန်းမှ မပြောဖူးပါဘူး။

ပြီးတော့ သူ ဒီဆိုင်မှာထိုင်ဖူးတာ ဒါ ပထမဆုံးအကြိမ်
ပါပဲ။ ဒီဆိုင်လေးကတော့ ရှင်စန်းပွင့်နဲ့ မေနူးညွံ့ဆိုတဲ့ မိန်းမချောလေး
နှစ်ယောက် စပ်တူရင်းပြီးဖွင့်ထားတဲ့ ဆိုင်လေးပါပဲ။ ဆိုင်ရဲ့နာမည်က

"Queen Berry"တဲ့။

မိုးဖွဲ၊ ဇော်ထိုက်နှင့် နက်ကျယ်တို့ ကောင်တာထိုင်နေ
သူမတို့နှစ်ယောက်ကို လုံးဝမမြင်ပါဘူး။ သူတို့ပြောချင်တာတွေကိုသာ
စွတ်ပြောနေကြတော့၏။

ပြောချင်တာများပြောပြီး ခေတ္တမျှကြာတော့ သူတို့(၃)
ယောက် ဝိတ်တာမယ်လေးကို လှမ်းခေါ်ကာ ပိုင်းအတွက်ကျသင့်ငွေ
ရှင်းပေးလိုက်တယ်။





ထို့နောက်တွင်တော့ သူတို့(၃)ယောက် ဆိုင်အပြင်သို့ ထွက်သွား
ကြပါတော့သည်။

စန်းပွင့် တစ်ယောက် မိုးဖွဲကို မျက်စိတစ်ဆုံးထိအောင်
လိုက်ကြည့်ပစ်လိုက်တယ်။ သူမရဲ့ခက်ထန်လွန်းတဲ့ အကြည့်တွေက
နဂါးရိုင်းတစ်ကောင်ရဲ့အကြည့်တွေလိုပဲ စူးရှပြင်းထန်လွန်းပါတယ်။
ထို့နောက် သူမ သူ့ရဲ့နာမည်ကို အဆက်မပြတ် ရေရွတ်နေတော့၏။

"မိုးဖွဲ ... မိုးဖွဲ ... မိုးဖွဲ"

✧❤✧



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမတစ်ယောက်ရဲ့ပျော့ကွက်ကို ...
နင်းခြေတတ်တဲ့ သူ့ကို ...
ငါက စိတ်ဝင်စားပါ့မလား"
"ဒါဆိုရင် နင် သူ့ကို ..."
"ဟုတ်တယ် နှင်းညို့ ...
ငါ သူ့ကို ...
ပညာနည်းနည်း လောက် ပေးမလို့ ...၊
မိန်းမဆိုတာ ...
စိတ်နာပေမယ့် ...
လိပ်ဥလို ခွဲတိုင်း မကွဲဘူး ဆိုတာကို ...
သူ သိအောင် လုပ်ပြ ရမယ် ..."



... နောက်တစ်နေ့နံနက် ရှင်စန်းပွင့် တစ်ယောက် နှင်းညို့တို့အိမ်သို့ ရောက်လာ၏။ ဒီလိုပါပဲ သူမက မနက်တိုင်း နှင်းညို့တို့အိမ်ကို လာနေကျပါ။ ပြီးတော့ သူမ နှင်းညို့တို့မိသားစုနှင့်အတူ Break fast ခင်ဆွဲလေ့ရှိ၏။

နှင်းညို့တို့မိသားစုလို့ သုံးနှုန်းထားလို့ နှင်းညို့မှာ အဖေ၊ အမေ ရှိတယ်လို့ မထင်ပါနဲ့။ ဟုတ်ပါတယ်။ သူမရဲ့မိဘနှစ်ပါးစလုံးက လွန်ခဲ့သော(၃)နှစ်ခန့်က ယာဉ်တိုက်မှုဖြစ်ပြီး ဘဝတစ်ပါးသို့ ကူးပြောင်းသွားပြီဖြစ်၏။ နှင်းညို့မှာ မောင်လေးတစ်ယောက်ရှိတယ်။ သူမရဲ့မောင်လေး စည်သူဖြိုးက အခုနှစ် (၁၀)တန်းတက်နေတဲ့သူပေါ့။ ဉာဏ်ကောင်းပေမယ့် ကျောင်းစာကို သိပ်စိတ်မဝင်စားဘူး။ နည်းနည်းဆိုးချင်တယ်။

သူမတို့ မောင်နှမနှစ်ယောက်က ဒေါ်ဥမ္မာဆိုတဲ့အပျိုဟိုင်းကြီးရဲ့ အုပ်ထိန်းမှုအောက်မှာ နေထိုင်နေကြတဲ့ သူတွေဖြစ်၏။ ဒေါ်ဥမ္မာဆိုတာက သူမရဲ့အဒေါ်အရင်းပါပဲ။ အသက်(၄၀)နားကပ်နေပြီ ဖြစ်သော်လည်း မထွေးသေးပါဘူး။ Beauty Salon ဖွင့်ထားတာကို ကြည့်ခြင်းအားဖြင့် အလှအပကို အတိုင်းထက်အလွန် ခုံမင်သူမှန်း သိသာထင်ရှားနေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူက အသက်(၂၅)နှစ်အရွယ် သူ့တူမ နှုးညှံ့နဲ့ တူမရဲ့ သူငယ်ချင်း စန်းပွင့်တို့လို နုပျိုလှပချင်တဲ့သူပေါ့။ ဒါကြောင့် ဇရာ သဘောအရ ဖြစ်ပေါ်လာတဲ့ သူ့မျက်နှာပေါ်က အရေးအကြောင်းတွေကို အကောင်းဆုံးသော အလှကုန်ပစ္စည်းတွေသုံးပြီး ဖုံးအုပ်ပစ်ဖို့ ကြိုးစားတယ်။ တစ်နည်းအားဖြင့် ဒေါ်ဥမ္မာက ဇရာကို အံတုကာ အပြင်လွန်ပြီး ဖင်ချွန်းနေတဲ့သူပေါ့။

ထားပါတော့လေ ... ရှိပါစေတော့ ... ရှိစေတော့။

ထမင်းစားခန်းထဲ ဝင်လာတဲ့ ရှင်စန်းပွင့်ကို ဒေါ်ဥမ္မာက အပြုံးလေးနဲ့ ကြိုဆိုလိုက်ပါတယ်။

"သမီး ရောက်လာပြီလား၊ လာ ... ထိုင်"

"ဟုတ်ကဲ့ ... အန်တီ"

ဆိုပြီး သူမ နှုးညှံ့ရဲ့ဘေးတွင် ဝင်ထိုင်လိုက်၏။ သူမ စားပွဲပေါ်က စားစရာတစ်ခုကို တွေ့သွားတော့ ချက်ချင်းဆိုသလို လျှာပေါ်မှာ စိုစိ စိုစိ ဖြစ်လာတော့သည်။ ထို့ကြောင့် သူမ ပန်းကန်တစ်လုံးကို အမြန်ယူပြီး မုန့်ဖတ်နဲ့ဟင်းရည်ကို အမြန်ထည့်လိုက်၏။ ပဲကြော်တစ်ခုကိုလည်း ခြေထည့်လိုက်သေးသည်။ ပြီးတော့ ငရုတ်သီးမှုန့် နည်းနည်းထည့်၊ သံပရာသီးတစ်စိတ်ကို အရည်ညှစ်ကာ နံနံပင်အနည်းငယ်ဖြူးပြီး ဇွန်းနဲ့ မွှေလိုက်၏။ ထို့နောက်တွင်တော့ သူမ မစားရတာကြာပြီဖြစ်တဲ့ မုန့်ဟင်းခါးကို အငမ်းမရ သုံးဆောင်ပါတော့သည်။

သူမရဲ့ ထိုအခြေအနေကိုကြည့်ပြီး ဒေါ်ဥမ္မာက သဘောကျနေလေရဲ့။ နှုးညှံ့ကတော့ သူမကို စေတနာနဲ့ ဒီလိုယဉ်ယဉ်ကျေးကျေး ပြောဆိုပြီး သတိပေးလိုက်၏။

"ဟဲ့ကောင်မ ... ဖြည်းဖြည်းစားစမ်းပါ၊ တော်ကြာ စားပိုးနင့်သေပြီး ရေခဲတိုက်ရောက်သွားမှာ ဟုတ်ပေ့ ဖြစ်နေမယ်"

နှုးညှံ့က အဲဒီလို ပြောလိုက်ပေမယ့် သူမ လုံးဝဂရုမစိုက်ဘဲ စားစရာရှိတာကိုသာ တစ်ဇွန်းပြီးတစ်ဇွန်း ဆက်စားတယ်။ တစ်ပွဲကုန်တော့ နောက်တစ်ပွဲ ထပ်ထည့်စားပြန်တယ်။ သူမဒီလို မုန့်ဟင်းခါးကို ရှူးရှူးရှဲရှဲနဲ့ အဝအပြဲ စားချင်နေတာကြာပြီလေ။ လမ်းဘေးက ဆိုင်မှာ





လည်း ထိုင်မစားချင်ဘူး။ ဘာပဲဖြစ်ဖြစ် ဒီနေ့မနက်မှာတော့ သူမရဲ့ဆန္ဒ ပြည့်ဝသွားပါပြီ။

"သမီး ... စားလို့ကောင်းရဲ့လား"

"ဟုတ်ကဲ့ ... အရမ်းကောင်းတယ်၊ ဒါ(၃)ပွဲမြောက်"

ဟုဆိုကာ သူမ နောက်တစ်ပွဲ ထပ်ထည့်စားပြန်သည်။ ဒီတစ်ပွဲကုန်တော့ သူမ ထပ်မစားနိုင်တော့ပါဘူး။ ပါးစပ်က စားချင်သေးပေမယ့် ဗိုက်က လက်မခံတော့ဘူးလေ။ ဒါကြောင့်မို့ သူမ လက်လျှော့လိုက်ရတယ်။

"သမီး ဝပြီလား၊ မဝသေးရင် ပြောနော်၊ စားဖိုခန်းထဲမှာ အများကြီးရှိသေးတယ်"

"တော်ပါပြီ အန်တီရယ်၊ သမီး ထပ်မစားနိုင်တော့ဘူး၊ ဗိုက်တင်းသွားပြီ"

"ကဲ ... ဒါဆိုရင်လည်း ကော်ဖီသောက်"

"ဟုတ်ကဲ့"

လို့ပဲ သူမ ပြောလိုက်ပါတယ်။ သို့ပေမဲ့ သူမကော်ဖီခွက်ကို လုံးဝမကိုင်ပါဘူး။ ဗိုက်အရမ်းတင်းနေပြီး ငရုတ်သီးစပ်နေသဖြင့် သူမ လျှာကလေးထုတ်ပြီး အမောဖြေနေလိုက်တယ်။ သူမရဲ့ အဲဒီအမူအရာကို ကြည့်ပြီး စည်သူက ဘာကိုတွေးမိလို့လဲ မသိဘူး၊ အသံထွက်၍ရယ်မောလိုက်၏။

"ဟား ... ဟား ... ဟား"

"ဟဲ့ ... စည်သူ၊ နင် ငါ့ကိုကြည့်ပြီး ဘာတွေသဘောကျနေတာလဲ"

"အစ်မကြီးစန်းပွင့်က လျှာထုတ်ပြီး အမောဖြေနေတော့ ကျွန်တော် ဟိုသတ္တဝါကို သွားမြင်ယောင်လို့ပါ"

ဆိုပြီး စည်သူက ရယ်ကျဲကျဲနှင့် ပြောလိုက်တော့ စန်းပွင့် ...

"ကောင်စုတ် ... နင်က ငါ့ကို ခွေးနဲ့တူတယ်လို့ ပြောလိုက်တာပေါ့လေ၊ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဝှက်"

ဆိုပြီး သူမ စည်သူရဲ့ခေါင်းကို "ဝှက်"ခနဲမြည်အောင် လှမ်းခေါက်လိုက်၏။ သို့ပေမဲ့ စည်သူက အပြုံးမပျက်သည့်အပြင် သူမကို လျှာထုတ်ပြီး ပြောင်ပြလိုက်သေးသည်။ ရေတ်သီးစပ်ပြီး ခေါ ထွက်နေရရှာတဲ့ကြားထဲ သူမကို စည်သူက ပြောင်ပြနေသဖြင့် သူမ သူ့ကို တင်းသွားတယ်။

"ဒီကလေးတော့ ငါ လုပ်လိုက်ရင် သေတော့မယ်"

သူမ ဒီလိုကြိမ်းဝါးပြီး လက်က စည်သူ့ခေါင်းကို ထပ် ခေါက်ဖို့အတွက် ဟန်ပြင်လိုက်၏။ သို့ပေမဲ့ စည်သူက သူမကို ပြောင်ပြ ပြီး ထွက်ပြေးသွားသောကြောင့် သူမ ရှူးရှူးရှဲရှဲဖြစ်ပြီး ကျန်ရစ်ခဲ့တော့ ၏။ ဒေါ်ဥမ္မာနဲ့ နုးညံ့တို့ကတော့ ခုနကတုန်းက စည်သူ ပြောလိုက်တဲ့ စကားကြောင့် စန်းပွင့်ကို အားနာနေတော့သည်။

"စည်သူ ... စည်သူ ... ဒီကလေးတစ်ယောက်နဲ့တော့ ခက်ပါတယ် သူ့ကို ဘယ်လိုယဉ်ကျေးအောင် သင်ပေးရမယ်မှန်းကို မသိတော့ ဘူး၊ စာကလည်းညံ့၊ တက်တဲ့ကျူရှင်တွေကတော့ စုံစိနေတာပဲ လပတ်အောင်စာရင်းထွက်တော့ ရတဲ့အဆင့်က(၅၅)။ စာတော့ သေသေချာချာမကျက်ဘူး။ မဟုတ်တာတွေတော့ ပြောတတ် လုပ်တတ်တယ်။ သူ့ကို ဒီအတိုင်းလွှတ်ထားလိုက်ရင် (၁၀)တန်း ကျပြီး ဂျလေဗီ ဖြစ်သွားတော့မှာပဲ"

ဒေါ်ဥမ္မာက ထမင်းစားခန်းထဲမှ ပြေးထွက်သွားတဲ့ စည်သူ ကိုကြည့်ပြီး အဲဒီလို ညည်းတွားပြောဆိုလိုက်၏။ ဒီတော့ စန်းပွင့်က ဒေါ်ဥမ္မာ့ကို အကြံတစ်ခု ပေးလိုက်တယ်။

"အန်တီ ဒီလိုဆိုရင် စည်သူ့ကို Guide ကောင်းကောင်း တစ် ယောက်လောက် ငှားပေးလိုက်ပါလား။ အသင်အပြကောင်းပြီး အကိုင်အတွယ်ကြမ်းမယ့် Guide မျိုးပေါ့"

"ဟုတ်တယ် အန်တီ။ စန်းပွင့် ပြောသလို လုပ်မှရမယ်။ အကိုင် အတွယ်ကြမ်းတဲ့ Guide မျိုးနဲ့တွေ့မှ စည်သူ အပိုးကျိုးမှာ"





နုးညံ့ကပါ အဲဒီလို ပြောလိုက်တော့ ဒေါ်ဥမ္မာ တစ်ယောက် စည်သူ့အတွက် Guide ငှားပေးဖို့ကိစ္စကို ချက်ချင်းပဲ သဘောတူ လိုက်၏။

"အင်း ... သမီးတို့ပြောတာ မှန်တယ်။ စည်သူ့အတွက် အသင် အပြကောင်းပြီး အကိုင်အတွယ်ကြမ်းတဲ့ Guide တစ်ယောက် ငှားပေးမှဖြစ်မယ်။ အို ... ဒီကိစ္စကို အန်တီ ဒီနေ့ပဲ စီစဉ်လိုက် တော့မယ်"

ဒေါ်ဥမ္မာက အဲဒီလိုပြောပြီး နာရီကိုကြည့်လိုက်၏။ (၇)နာရီခွဲ နေပြီဖြစ်တယ်။ ထို့ကြောင့် သူ စန်းပွင့်နဲ့ နုးညံ့ကို ရွှေ့ကြဖို့အတွက် ပြောဆိုလိုက်၏။

"ကဲ ... သမီးတို့ သွားကြမယ်လေ။ (၇)နာရီတောင်ခွဲနေပြီ"

"ဟုတ်ကဲ့ ... အန်တီ"

ထို့နောက် သူတို့အားလုံး ထိုင်နေရာမှထပြီး ထမင်းစားခန်း ထဲမှ ထွက်လာကြတယ်။ စည်သူကလည်း ကျောင်းဝတ်စုံကိုဝတ်ဆင်၊ လွယ်အိတ်ကိုလွယ်ပြီး အိမ်အပေါ်ထပ်မှ ပြေးဆင်းလာ၏။ ဟုတ်ပါ တယ်။ သူတို့အားလုံး အပြင်သွားဖို့အတွက် Ready ဖြစ်နေကြပါ ပြီ။

"မလုံးရေ ... မလုံး"

"ဟုတ်ကဲ့ ... လာပါပြီ"

ဒေါ်ဥမ္မာက အော်ခေါ်လိုက်သဖြင့် ဒေါ်လုံး တစ်ယောက် ထမင်းစားခန်းထဲမှ အလျင်အမြန်ပြေးထွက်လာ၏။ ဒေါ်လုံးက ဒေါ်ဥမ္မာ ထက် (၂)နှစ်လောက်ပဲ ကြီးပါတယ်။ ဒီအိမ်မှာ အိမ်ဖော်လုပ်နေတာ (၂၀)လောက် ကြာပြီဖြစ်၏။ အကျင့်စာရိတ္တပိုင်းနဲ့ ပတ်သက်လို့ တော့ အရမ်းကောင်း၊ အရမ်းယုံကြည်စိတ်ချရတယ်။ ဒါကြောင့်မို့ ဒေါ်ဥမ္မာတို့က အပြင်သွားတဲ့အခါတိုင်း ဒေါ်လုံးကို အိမ်စောင့်အဖြစ် တစ်ယောက်တည်း ထားခဲ့လေ့ရှိတယ်။

ခေတ္တမျှကြာတော့ ဒေါ်လုံး တစ်ယောက် ဧည့်ခန်းထဲသို့ ပြေးအလွှား ရောက်လာတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"မလုံး ... ကျွန်မတို့ သွားတော့မယ်၊ အိမ်ကို ဘယ်သူပဲလာလာ တံခါးဖွင့်မပေးနဲ့နော်"

ဒီစကားက ဒေါ်ဥမ္မာက ဒေါ်လုံးကို မနက်တိုင်းမှာနေကျ စကားပါပဲ။

"စိတ်ချပါ အစ်မ"

"ကဲ ... ဒါဆိုရင် ကျွန်မတို့ သွားတော့မယ်၊ ခြံတံခါးလိုက်ပိတ်"

"ဟုတ်ကဲ့ အစ်မ"

ထို့နောက် သူတို့အားလုံး ခြံဝင်းထဲသို့ ဆင်းသွားကြတယ်။ ခြံဝင်းထဲမှာ ရပ်ထားတဲ့ PRADO ကားပေါ်သို့ ဒေါ်ဥမ္မာနဲ့ စည်သူက တက်သွားပြီး ခြံရှေ့မှာရပ်ထားတဲ့ MARK II ကား အဖြူရောင်လေးက စန်းပွင့်ရဲ့ကားလေးပေါ့။ သူမတို့ နှစ်ယောက်က အဲဒီကားလေး စမ်းချောင်းလမ်းမှာရှိတဲ့ သူမတို့ရဲ့မုန့်ဆိုင်ကို သွားကြမှာဖြစ်တယ်။ ဒေါ်ဥမ္မာကလည်း စည်သူ့ကို ကျောင်းပို့ရင်း နဲ့ သူမရဲ့အလုပ်ဆိုင်သို့ သွားမှာဖြစ်၏။

ခဏွှမျှကြာတော့ ထိုနေရာမှ MARK II ကားအဖြူရောင် လေးနဲ့ PRADO ကားလေး ရှေ့ဆင့်နောက်ဆင့် ဆိုသလို ထွက်သွား ကြပါတော့သည်။ ဒေါ်လုံးကလည်း ခြံတံခါးကို သေသေချာချာ ပိတ်ပြီးနောက် အိမ်ထဲသို့ ပြန်ဝင်လာ၏။ ထို့နောက်တွင်တော့ သူ စားတုန်းက ဒေါ်ဥမ္မာတို့ စားထားတဲ့ပန်းကန်တွေကို သိမ်းဆည်း အတွက် ထမင်းစားခန်းထဲသို့ ဝင်သွားပါတော့သည်။

✧ ❤ ✧

စန်းပွင့်နဲ့နူးညံ့ သူမတို့ရဲ့ "Queen Berry" ဆိုင်လေး ရောက်ပြီး (၁၅)မိနစ်ခန့်အကြာမှာပဲ ဆိုင်ထဲသို့ ပတ်တီးစည်းထား လူနှစ်ယောက် ရောက်လာလေသည်။ ဟုတ်ပါတယ်။ သူတို့နှစ်ယော က ဇော်ထိုက်နဲ့ နက်ကျယ်တို့ပါပဲ။ သူတို့နှစ်ယောက် မနေ့တုန်း ထိုင်ခဲ့တဲ့ ဝိုင်းမှာပဲ ထိုင်လိုက်ပြီး မှာချင်တာများကို မှာလိုက်တယ်





ကောင်တာထိုင်နေတဲ့ စန်းပွင့်နဲ့ နူးညံ့က သူတို့နှစ်ယောက် ရဲ့အခြေအနေကို စောင့်ကြည့်နေလေရဲ့။

"နူးညံ့ ... ဟိုနှစ်ယောက်က မိုးဖွဲ့ရဲ့သူငယ်ချင်းတွေမှလား"

"အင်း ... ဟုတ်တယ်လေ"

ဆိုပြီး နူးညံ့ ခေါင်းညိတ်ပြလိုက်ပါတယ်။ စန်းပွင့်ကတော့ ဟိုနှစ်ယောက်ကို တွေ့ရပြီး မိုးဖွဲ့ကို မတွေ့ရသဖြင့် သိပ်အလိုမကျဘူး ဖြစ်နေတယ်။

"စန်းပွင့် ... နင် မိုးဖွဲ့နဲ့ ခင်ချင်ရင် ဟိုနှစ်ယောက်နဲ့ အရင်ဆုံး ခင်မင်ရင်းနှီးအောင် လုပ်ထားပါလား"

"အေး ... ဟုတ်တယ်၊ သူတို့နှစ်ယောက်နဲ့ ခင်မင်ရင်းနှီးအောင် လုပ်ထားသင့်တယ်။ ဒါမှ သူတို့ဆီကနေ မိုးဖွဲ့အကြောင်းတွေကို ဂဃနဏသိရမှာ"

"ဘာလဲ ... စန်းပွင့်၊ နင်က မိုးဖွဲ့ကို စိတ်ဝင်စားလို့လား"

နူးညံ့က အဲဒီလို ပြောလိုက်တော့ စန်းပွင့်က နာခေါင်းရှုံ့ပြီး ခေါင်းယမ်းပြလိုက်၏။

"မိန်းမတစ်ယောက်ရဲ့ ပျော့ကွက်ကို နင်းခြေတတ်တဲ့သူကို ငါက စိတ်ဝင်စားပါ့မလား"

"ဒါဆိုရင် နင် သူ့ကို"

"ဟုတ်တယ် နူးညံ့၊ ငါ သူ့ကို ပညာနည်းနည်းလောက် ပေးမလို့ မိန်းမဆိုတာ စိတ်နုပေမယ့် လိပ်ဥလို ခွဲတိုင်းမကွဲဘူး ဆိုတာကို သူသိအောင် လုပ်ပြရမယ်"

"စန်းပွင့်ရယ် ... ကိုယ့်ဘာသာကိုယ် အေးအေးဆေးဆေးပဲ နေ စမ်းပါဟာ၊ အိပ်ပျော်နေတဲ့ကျားကို သွားမနှိုးစမ်းပါနဲ့"

"စိတ်ချပါဟာ၊ ငါက ကျားကိုနှိုးမှာမဟုတ်ဘူး၊ နွားကိုနှိုးမှာပါ ပြီးရင် လှည်းတပ်ပြီး စီးကြတာပေါ့။ နင်လည်း စီးရမှာပေါ့"

စန်းပွင့်က ရယ်မောပြီး အဲဒီလိုပြောလိုက်တော့ နူးညံ့က "No ... No ... No" ဆိုပြီး ခါးခါးသီးသီးကို ငြင်းဆိုလိုက်၏။ ဟုတ်တ တယ်။ နူးညံ့က ယောက်ျားတွေကို ကြောက်တဲ့သူပေါ့။ သူမက ယောက်ျား



www.burmeseclassic.com

www.burmeseclassic.com



တွေကို ကျားထက်ဆိုးတဲ့သူတွေအဖြစ် သတ်မှတ်ထားတယ်လေ။ စန်းပွင့်ကတော့ ယောက်ျားဆိုတာ နွားတဲ့။

ကဲ ... အဲဒါသာ ကြည့်ပေတော့။ သူမတို့နှစ်ယောက်ရဲ့ ခံယူချက် အယူအဆတွေက တော်တော်လေးကို ကွဲပြားခြားနားတယ်။ ပင်ကိုစိတ်ချင်းကလည်း မတူကြပါဘူး။ စန်းပွင့် မိန်းကလေးတန်မဲ့ ရဲရင့်ပြီး စိတ်ဆတ်တယ်။ နုးညံ့ကတော့ သူမရဲ့နာမည်အတိုင်း နုးညံ့ သိမ်မွေ့လွန်းတဲ့သူပေါ့။

"နုးညံ့ ... ငါတို့ ဟိုနှစ်ယောက်နဲ့ သွားမိတ်ဖွဲ့ကြရအောင်"

"အင်း"

ဆိုပြီး သူမ ခေါင်းညိတ်ပြလိုက်၏။ ထို့နောက်တွင်တော့ သူမတို့နှစ်ယောက် ဖော်ထိုက်နဲ့ နက်ကျယ်တို့ ထိုင်နေတဲ့ ဝိုင်းဆီသို့ တရွေ့ရွေ့ လျှောက်လှမ်းလာပါတော့သည်။ မိန်းမချောလေးနှစ်ယောက် သူတို့အနားသို့ ရောက်လာသဖြင့် ဖော်ထိုက်နဲ့ နက်ကျယ်တို့ တိုးတိုးတိုးတိုးနဲ့ မိန်းမငိုကာချဲ့နေတာကို ရပ်တန့်လိုက်ပြီး ခပ်တည်တည် နေလိုက်၏။

"ဒီကမိတ်ဆွေတို့ ... ဘာလိုသေးလဲ မသိဘူး"

စန်းပွင့်က အဲဒီလို မေးလိုက်တော့ ဖော်ထိုက်က ခေါင်းခါပြ လိုက်၏။

"လောလောဆယ်တော့ ဘာမှမလိုသေးပါဘူး၊ ဒါနဲ့ ခင်ဗျားတို့ နှစ်ယောက်က ဒီဆိုင်ရဲ့ဝိတ်တာမယ်တွေတော့ မဟုတ်လောက်ပါ ဘူးနော်"

"ဟုတ်ပါတယ်။ ကျွန်မတို့နှစ်ယောက်က ဒီဆိုင်ရဲ့ပိုင်ရှင်တွေ ပါပဲ။ ဒါနဲ့ ကျွန်မတို့ကို ခဏလောက် ထိုင်ခွင့်ပြုပါလား"

မိန်းမချောလေးနှစ်ယောက်က ထိုင်ခွင့်တောင်းလိုက်တော့ ဖော်ထိုက်နဲ့ နက်ကျယ်တို့ အရမ်းအံ့သြဝမ်းသာသွားပြီး ...

"ထိုင်ပါ ... ထိုင်ပါ"

ဟု ပျာပျာသလဲ ပြောလိုက်၏။ ထို့ကြောင့် သူမတို့နှစ် ယောက် ထိုဝိုင်းတွင် ဝင်ထိုင်လိုက်သည်။ ထိုအချိန်မှာပဲ ဆိုင်ထဲသို့ မိုး



တစ်ယောက် ရောက်လာပါတော့သည်။ သူ ဖော်ထိုက် ဘေးမှာ ဝင်ထိုင် လိုက်ပြီး မိန်းကလေးနှစ်ယောက်ကို ကြည့်လိုက်၏။

ထိုမိန်းကလေးနှစ်ယောက်က ဝင့်ဝါနဲ့ ငုဝါတို့ မဟုတ်သဖြင့် သူ အံ့သြသွားတယ်။

"ဟား ... ဟိတ်ကောင်တွေ၊ မင်းတို့ ချိန်းထားတာ ဝင့်ဝါနဲ့ ငုဝါ မှလား"

"အင်း ... ဟုတ်တယ်လေ"

"ဒါဆိုရင် ဒီနှစ်ယောက်က အရန်တွေပေါ့၊ ဟုတ်လား"

မိုးဖွဲက ဖော်ထိုက်ကိုကြည့်ပြီး အဲဒီလိုမေးလိုက်တော့ စန်းပွင့် နဲ့ နုးညံ့တို့ ဆတ်ဆတ်ခါအောင် နာကျင်သွားလေသည်။ သို့သော်လည်း သူမတို့နှစ်ယောက် ပုံပျက်မသွားအောင် ဟန်ဆောင် ပြုံးထားနိုင်ခဲ့ ပါတယ်။

"ဟိတ်ကောင် ... မိုးဖွဲ၊ ဘာတွေလျှောက်ပြောနေတာလဲ၊ သူတို့ နှစ်ယောက်က ဒီဆိုင်ပိုင်ရှင်တွေကွ"

"ဟေ ... ဟုတ်လား"

သူ သူမတို့နှစ်ယောက်ကို သေသေချာချာ စိုက်ကြည့်လိုက် တယ်။ ဒီလို သေသေချာချာ စိုက်ကြည့်လိုက်တော့မှပဲ သူ နုးညံ့ကို မှတ်မိသွားတော့တယ်။

"ဟိတ် ... နင် ... နင်က မနုးညံ့ မှလား"

"အင်း"

ဆိုပြီး သူမ ခေါင်းညိတ်ပြလိုက်တယ်၊ စန်းပွင့်ကတော့ သူ့ကိုကြည့်ပြီး ပြုံးနေလေရဲ့၊ သိတယ် မှလား။ အဲဒါ ဟန်ဆောင်အပြုံး အဲဒီအပြုံးမျိုးနဲ့ တစ်လောကလုံး ရှုပ်ထွေးသွားအောင် လုပ်ပစ်ဖို့ရ တယ်။

"ဟဲ့ ... နုးညံ့၊ နင်တို့နှစ်ယောက်က သိပြီးသားလူတွေဆိုတော့ မသိကြသေးတဲ့ ငါတို့ကို မိတ်ဆက်ပေးဦးလေ"

စန်းပွင့်က မိတ်ဖွဲ့ဖို့ တောင်းဆိုလိုက်သဖြင့် နုးညံ့က မိုးဖွဲ နဲ့ စန်းပွင့်ကို မိတ်ဆက်ပေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဒီက မိန်းကလေးရဲ့နာမည်က ရှင်စန်းပွင့် တဲ့လား ရုပ်ကလေးကချောတော့ နာမည်အတိုင်းပဲ တော်တော်စန်းပွင့်မယ့် ပုံပဲနော်။ တွေ့ရတာ ဝမ်းသာပါတယ်"

ဆိုပြီး သူက စန်းပွင့်ကို လက်ကမ်းပေးလိုက်၏။ ထို့ကြောင့် စန်းပွင့်က ...

"Nice to meet you"

လို့ ပြန်ပြောလိုက်ပြီး သူနဲ့ လက်ဆွဲနှုတ်ဆက်လိုက်တယ်။ ထို့နောက် ဇော်ထိုက်နဲ့ နက်ကျယ်က သူတို့ကိုယ်သူတို့ မိတ်ဆက်ပေး လိုက်ကြသဖြင့် အားလုံးပဲ အသိမိတ်ဆွေတွေ ဖြစ်သွားကြတော့သည်။

"ဒီဆိုင်လေးက ငါနဲ့စန်းပွင့် စပ်တူရှယ်ယာပြီး ဖွင့်ထားတဲ့ဆိုင်လေး ဟ၊ ဘယ်လိုလဲ၊ ငါတို့ရဲ့ဆိုင်အပြင်အဆင်က မလန်းဘူးလား"

"အင်း ... လန်းတာပေါ့ဟ။ မိန်းမချောလေးနှစ်ယောက်ရဲ့ idea မို့လား မသိဘူး၊ ဆိုင်လေးက တော်တော်ချစ်ဖို့ကောင်းတာပဲ"

"ဟဲ့ ... မိုးဖွဲ၊ ဘာဆိုင်လို့လဲဟ၊ နင့်ရဲ့ပြောပုံအရဆိုရင် နိုင်ငံ ကြီးပွားနိုင်ငံမှာ ခမ်းနားထည်ဝါတဲ့ စားသောက်ဆိုင်ကြီးတွေ ဖွင့်နိုင်ရဲ့ ဆိုင်လှလှလေးတွေ တစ်ဆိုင်မှရှိမှာမဟုတ်ဘူး၊ ဘာကြောင့်လဲ ဆိုတော့ အဲဒီနိုင်ငံက လူတွေက ရုပ်အရမ်းဆိုးကြတယ်လေ"

နှုးညှံ့က အဲဒီလို ပြောလိုက်တော့ အားလုံးပဲ ဝိုင်းရယ်လိုက် ကြသည်။

ထို့နောက် မိုးဖွဲက ရယ်မောနေတာကို ရပ်တန့်လိုက်ပြီး သူ့ သိချင်တာလေးတစ်ခုကို တဲ့တိုးမေးချလိုက်တယ်။

"ဒါနဲ့ နှုးညှံ့၊ ငါ နင့်ကို တစ်ခုမေးရဦးမယ်၊ နင် အိမ်ထောင်ကျ ပြီလား"

"ဟင့်အင်း ... မကျသေးပါဘူး၊ အိမ်ထောင်ပြုဖို့မပြောနဲ့ အခု ငါ့ မှာ ရည်းစားတောင် မရှိဘူးဟ။ ဒါနဲ့ ငါ နင့်ကို တစ်ခု ကြော်ငြာ ရဦးမယ်။ ငါ့ရဲ့သူငယ်ချင်း စန်းပွင့်ကလည်း အိမ်ထောင်မကျ သေးဘူးဟ၊ အပျိုစင်စစ်စစ်ပေါ့"

"ဩော် ... ဟုတ်လား၊ ငါ မှတ်ထားပါ့မယ်"





ဆိုပြီး သူ စန်းပွင့်ကို တစ်ချက်ငဲ့ကြည့်လိုက်တယ်။ အပျိုစင် ဆိုလို့ သူ စိတ်ဝင်စားသွားတာလား မသိဘူး။ စန်းပွင့်ကလည်း ယဲ့ယဲ့လေး ပြုံးပြီး စူးရှတဲ့မျက်ဝန်းတစ်စုံနဲ့ သူ့ကိုစိုက်ကြည့်နေလေရဲ့၊ တော်တော်ဆွဲ ဆောင်အားကောင်းတဲ့ သူမရဲ့အကြည့်တစ်ချက်နဲ့ သူမရဲ့အပြုံးဝံ့တစ်ချက်က သူ့ရဲ့စိတ်တစ်ခုလုံးကို တစ်ခါတည်းပါအောင် သိမ်းပိုက်သွားတာလား မသိဘူး။ သူ တဒင်္ဂ သူမကို ကြည့်ပြီး ကျောက်ရုပ်ကြီး တစ်ရုပ်လို ငြိမ်သက်သွားတယ်။

"ဟိတ်ကောင် မိုးဖွဲ"

ဇော်ထိုက်က သူ့ရဲ့ပခုံးကို ဆွဲလှုပ်ပြီး ခေါ်လိုက်သောကြောင့် လန့်သွားလေသည်။

"ဇော်ထိုက် ... မင်းကလည်းကွာ၊ အလန့်တကြားနဲ့"

"နေစမ်းပါဦး၊ မင်းက ဘာကိုကြည့်ပြီး ငြိမ်းနေတာလဲ"

"ဘာလို့ ပြောရမှာလဲ"

ဆိုပြီး မိုးဖွဲက ခပ်တည်တည် ပြန်နေလိုက်၏။ အဲဒီအချိန် "အတူတူ"မြည်သံတွေ ထွက်ပေါ်လာသဖြင့် သူ သူ့ရဲ့ခါးကြားမှာ ချိတ်ထားတဲ့ Hand Phone လေးကို ဆွဲယူလိုက်တယ်။

"Hello ! ... ပြောပါ"

"မိုးဖွဲ ... သား၊ အခု ဘယ်ရောက်နေလဲ"

"စမ်းချောင်းဘက်မှာပါ၊ ဘာဖြစ်လို့လဲ"

"ဩော် ... မာမီ ဒီနေ့ အပြင်သွားစရာရှိလို့၊ သားမှာ အရေးကြီး တဲ့ကိစ္စမရှိဘူးဆိုရင် ဒီနေ့တစ်ရက်လောက် အိမ်စောင့်ပေးပါလား"

"ဟုတ်ကဲ့ မာမီ၊ သား အခုချက်ချင်း အိမ်ပြန်လာခဲ့မယ်"

ထိုသို့ပြောပြီး မိုးဖွဲ ဖုန်းပိတ်လိုက်၏။

"ဟိတ်ကောင် ... မင်းရဲ့မာမီက ဘာတဲ့လဲကွ"

"သူ ဒီနေ့ အပြင်သွားစရာရှိလို့ ငါ့ကို အိမ်စောင့်ပေးဖို့ ပြော တယ်"

"ဒါဆိုရင် မင်း ပြန်တော့မှာပေါ့ ဟုတ်လား၊ ဝင့်ဝါနဲ့ငွေဝါတို့ လာရင် ဘယ်လိုလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ကိစ္စ မင်းတို့ဘာသာ ကြည့်ရှင်းကြပေါ့"

ထိုသို့ပြောပြီးနောက် သူ နူးညံ့နဲ့ စန်းပွင့်ကို လှမ်းကြည့်လိုက်၏။

"ကဲ ... သူငယ်ချင်းတို့ နောက်မှပဲ ထပ်တွေ့ကြတာပေါ့။ အခု ငါ့ကို မာမီလှမ်းခေါ်နေလို့ အိမ်ပြန်တော့မယ်"

ဆိုပြီး သူ ထိုင်နေရာမှ ထလိုက်တယ်။ ထိုအချိန် စန်းပွင့်က သူမရဲ့လိပ်စာကတ်ပြားလေးကို ထုတ်ယူ၍ သူ့ကိုပေးလိုက်၏။

"မိုးဖွဲ ... ဒါ တို့ရဲ့လိပ်စာကတ်၊ ဖုန်းနံပါတ်လည်းပါတယ်၊ ရှ အားရင် ကျွန်မတို့အိမ်ကို လာလည်နိုင်သလို၊ ဖုန်းပြောချင်ရင် လည်း အချိန်မရွေး ပြောလို့ရတယ်"

"Ok"

ဆိုပြီး သူ သူမလက်ထဲက လိပ်စာကတ်ပြားလေးကို ဆွဲယူလိုက်တယ်။ ပြီးတော့ သူ့ရဲ့လိပ်စာကတ်ကိုလည်း သူမကို ပြန်ပေးလိုက်၏။ ထို့နောက်တွင်တော့ သူ အားလုံးကို ကျောခိုင်းကာ ထိုနေရာမှ ထွက်သွားပါတော့သည်။ သူ ပြန်သွားတော့ စန်းပွင့်နဲ့ နူးညံ့ ဟိုနှစ်ယောက်ကို သူမတို့ သိချင်တာလေးတွေ မေးလိုက်၏။ မိုးဖွဲ့ အကြောင်းတွေပေါ့။

နာရီဝက်ခန့် မေးမြန်းပြီးတဲ့ အခါမှာတော့ သူမတို့ နှစ်ယောက် မိုးဖွဲ့အကြောင်းတွေကို သိသင့်သလောက် သိသွားကြတယ်။ ဇော်ထိုက်နဲ့ နက်ကျယ်ကလည်း အမှန်အတိုင်း ပြောပြတယ်လေ။

မိုးဖွဲ့ အကြောင်းတွေကို ခရေစေ့ကွင်းကျ သိသွားတော့ စန်းပွင့်က နှာခေါင်းရှုံ့လိုက်ပြီး "တွေ့ကြသေးတာပေါ့"ဟုစိတ်ထဲမှ နေ ကြိမ်းဝါးလိုက်၏။ ထို့နောက် သူမတို့နှစ်ယောက် ကောင်တာဘက် သို့ ပြန်သွားကြတယ်။

ဇော်ထိုက်နဲ့ နက်ကျယ်တို့ကတော့ ဖွဲ့ကောင်းကောင်း ဆက်ထိုင်ပြီး ဝင့်ဝါနဲ့ ငုဝါတို့ အလာကို စောင့်နေကြ၏။

(၁၀) နာရီ ...

(၁၁) နာရီ ...



(၁၂) နာရီ ...

ဟုတ်ပါတယ်။(၁၂)နာရီတောင် ထိုးသွားပြီ ဖြစ်ပေမယ့် င့်ဝါနဲ့ ငုဝါတို့ ရောက်မလာသေးပါဘူး။

"ဟိတ်ကောင် ... ဇော်ထိုက်၊ မင်း ချိန်းထားတာ (၉)နာရီ မလား။ အခု (၁၂)နာရီတောင် ထိုးနေပြီကွ။ မလာလောက်တော့ဘူး ထင်တယ်၊ ဘယ်လိုလုပ်ကြမလဲ"

"ဘယ်လိုမှ လုပ်မနေနဲ့၊ ဒီအချိန်မှ ပေါ်မလာရင် လာစရာ အကြောင်းမရှိတော့ဘူး၊ ပြန်မယ်ကွာ"

ဆိုပြီး ဇော်ထိုက်က ဒေါသောနှင့် ပြောလိုက်၏။ ကောင်မ းတွေ ရောက်မလာလို့ သူတို့နှစ်ယောက် စိတ်ကသိကအောင့် ဖြစ် ားပုံရတယ်။ ထို့နောက်တွင်တော့ သူတို့နှစ်ယောက် ပါးစပ်ပေါက်က တောက် ဗျစ်တောက်ပြောပြီး ထိုနေရာမှ ထွက်သွားပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် ... အန်တီ ...
ကျွန်တော်က အချိန်ကိုကိုးကွယ်ပြီး ...
အလုပ်ကိုလေးစားတဲ့သူ ...။
ဒါကြောင့်မို့ ...
ကျွန်တော့်ဘက်က ...
လုံးဝပျက်ကွက်မှု မရှိစေရဘူး။ ...
ဒီလို မိုးရွာတာလောက်ကို မပြောနဲ့ ...
လျှပ်စစ်လျှပ်နေရင်တောင် ...
ကျွန်တော်က အလုပ်ရှိရင် ...
အဲဒီ အလုပ်ရှိ တဲ့နေရာကို ...
မဖြစ်,ဖြစ်တဲ့နည်းနဲ့ ...
မရောက်,ရောက် အောင် ...
အရောက်လာခဲ့မယ့်သူပါပဲ ..."

## အခန်း(၃)

## ... ဝုန်း ... ဝုန်း ... ဒိုင်း ... ဒိုင်း ...

ရန်ကုန်မြို့ ကောင်းကင်ပြင်ကြီးဟာ စိတ်အရမ်းကြီးပုံရတယ်။ အခု သူ ဒေါသတွေထွက်ပြီး သောင်းကျန်းနေတယ်လေ။ "တဝုန်းဝုန်း၊ တဒိုင်းဒိုင်း"အသံတွေပေးပြီး တစ်လောကလုံးကို စိန်ခေါ်ရဲတာ ကောင်းကင်ကြီးပေါ့။ သူက ဒေါသထွက်ပြီဆိုရင် အဲဒီလို ထသောင်းကျန်းပစ်တတ်ပြီး ဝမ်းနည်းပြီဆိုရင်လည်း ရှိုက်ကြီးတငင် ငိုချပစ်တတ်ပါတယ်။ အခု သူ့ရဲ့မျက်ရည်၊ သူ့ရဲ့ဒေါသတွေကြောင့် လူအတော်များများ အိမ်တွင်းပုန်းနေရ၏။

"ဒီနေ့ကျမှပဲ မိုးက ကောင်းနေရတယ်လို့၊ ဆရာ လာပါ့မလားတောင် မသိဘူး"

ဒေါ်ဥမ္မာက ထမင်းစားနေရင်းနဲ့ အဲဒီလို ပြောလိုက်တော့ ညီသူက ...

"မလာတော့ ကောင်းတာပေါ့ အန်တီရယ်၊ သားကတော့ ဆရာမလာလေ ကြိုက်လေပဲ"

ဟု အားရဝမ်းသာစွာ ပြန်ပြောလိုက်တယ်။ ဒီတော့ နုးညံ့ဆ စည်သူရဲ့ခေါင်းကို "ဒွက်"ခနဲမြည်အောင် ခေါက်ချပစ်လိုက်၏။

www.burmeseclassic.com



"အား ... အစ်မကြီးတို့ကလည်း အားအားရှိ ကျွန်တော့် ခေါင်း ခေါက်နေတာပဲ။ အဲဒါကြောင့် ကျွန်တော် Brain ချောင်ပြီး စာညံ့နေတာ"

"ဟဲ့ ... နင် ငါ့ကို မဆိုင်တာတွေ လာပြောမနေနဲ့။ နင် စာ တာ စာမကျက်လို့။ ငါနဲ့ ဘာမှမဆိုင်ဘူး။ အခု နင့်အတွက် အန်တီဥမ္မာက Guide တစ်ယောက် ငှားပေးထားတယ်။ နင် သူ ညွှန်ကြားတဲ့အတိုင်း လုပ်ရမယ်၊ ကြားလား"

"ဟုတ်ကဲ့"

ဆိုပြီး စည်သူ ခေါင်းညိတ်ပြလိုက်ပါတယ်။ သို့ပေမဲ့ စိတ် ထဲကတော့ "ဒီနေ့ ဆရာ မလာပါစေနဲ့၊ ဆရာ မလာပါစေ နဲ့" ကျိတ်ဆုတောင်းနေတော့၏။

"အန်တီ ... စည်သူ့ကို Guide လုပ်မယ့် ဆရာက ဘယ်အရွယ် လောက် ရှိပြီလဲဟင်"

"အင်း ... (၂၈)၊ (၂၉)နှစ်လောက်တော့ ရှိလိမ့်မယ်ထင်တာ နာမည်က မင်းပြတ်သား ... တဲ့။ အသင်အပြ အရမ်းကော တယ်ဆိုလို့ စည်သူ့အတွက် သူ့ကို Guide ပြပေးဖို့ တောင်း လိုက်တာ။ လခက တစ်လကို(၇)သောင်း"

"ဟင် ... (၇)သောင်း ဟုတ်လား။ မများလွန်းဘူးလား အန် ရယ် (၅)သောင်းလောက်ဆို တော်ပြီပေါ့"

"ဒီမှာ နူးညံ့၊ ငွေလေး(၂)သောင်းလောက်ကို မြင်မနေနဲ့၊ နင့် မောင် (၁၀)တန်းအောင်ဖို့က အရေးကြီးတယ်၊ ပြီးတော့ ငှားထားတဲ့ Guide က ရိုးရိုး Guide မဟုတ်ဘူး၊ Spec Guide "

"ဘယ်လို ... Special Guide ဟုတ်လား"

"ဟုတ်တယ် နူးညံ့၊ သူက စည်သူ့ကို စာပဲသင်ပြမှာ မဟုတ် စည်သူရဲ့ စရိုက်ဆိုးတွေကို သုတ်သင်ရှင်းလင်းပစ်ပြီး ယဉ်ကျေးလာအောင် ပြုလုပ်ပေးမယ့်သူ"





"ဟုတ်ပါ့မလား အန်တီရယ်၊ အဲဒီ မင်းပြတ်သား ဆိုတဲ့လူက အဲဒီလောက်ထိ စွမ်းပါ့မလား"

"ဒါကတော့ ငါလည်း သေသေချာချာ ဘယ်သိပါ့မလဲ၊ စောင့် ကြည့်ရမှာပေါ့"

"ဒါနဲ့ သူက ဘယ်အချိန်လာမှာလဲ"

"(၇)နာရီထိုး အရောက်လာခဲ့မယ်လို့တော့ အန်တီ့ကိုပြောထား တာပဲ။ ဒါပေမဲ့အခု မိုးတွေအရမ်းရွာနေတော့ သူ လာပါ့မလား တော့ မသိဘူး"

နူးညံ့ သူမရဲ့လက်ပတ်နာရီလေးကို ကြည့်လိုက်တယ်။

"အခုမှ (၆)နာရီခွဲပဲ ရှိပါသေးတယ်။ လာမှာပေါ့။ မိုးရွာတယ် လောက်ရှာရှာ သူ လာလိမ့်မယ်လို့ သမီး အပြည့်အဝ ယုံကြည် တယ်၊ ဘာကြောင့်လဲ ဆိုတော့ သူ့ရဲ့နာမည်က မင်းပြတ်သား မလား။ ပြတ်ပြတ်သားသား ပြောထားတာဆိုတော့ သူလာလိမ့် မယ်လို့ သမီး ယုံကြည်တယ်"

ထိုသို့ပြောပြီးနောက် သူမ စားစရာရှိတာကိုသာ ဆက်စား တော့၏။ နောက်(၁၀)မိနစ်ခန့်ကြာတော့ သူမတို့ရဲ့ Dinner စားပွဲ ပြီးဆုံးသွားတယ်။ ထို့နောက်တွင်တော့ စည်သူက အိမ်အပေါ်ထပ် ပြေးတက်သွားပြီး ဒေါ်ဥမ္မာနဲ့ နူးညံ့က ဧည့်ခန်းဆောင်ဘက်သို့ ထွက်လှမ်းသွားပါတော့သည်။

(၇)နာရီထိုး "ဒေါင်"ဆိုတာနဲ့ အိမ်ထဲမှာ "တီးတောင် ... တောင်"ဆိုတဲ့ မြည်သံတွေ ထွက်ပေါ်လာတယ်။ ဟုတ်ပါတယ်။ အဲဒီမြည်သံတွေပါပဲ။

"မော ... အပြင်မှာ ဆရာ ရောက်နေပြီထင်တယ်။ အန်တီ တံခါး သွားဖွင့်ပေးလိုက်ဦးမယ်"

ဆိုပြီး ဒေါ်ဥမ္မာက စားပွဲပေါ်မှာ တင်ထားတဲ့ သူ့ရဲ့ သော့တွဲကို ယူဆောင်ကာ အပြင်သို့ထွက်သွားတယ်။ ရင်ခွင် ကျယ် တဲ့ ကောင်းကင်ကြီးကတော့ အခုချိန်ထိအောင် ငိုလို့ကောင်းနေ ပါပဲ။ ဒီလောက်ထိအောင် မိုးတွေသဲသဲမဲမဲ ရွာသွန်းနေပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



"မင်းပြတ်သား"ဆိုတဲ့လူကတော့ သူ့ရဲ့စကားအတိုင်း (၇)နာရီထိုးအတိ မှာ အရောက်လာနိုင်ခဲ့ပါတယ်။ ဒေါ်ဥမ္မာက ခြံဝင်းတံခါးကို ဖွင့်ပေး လိုက်၏။

"ပြတ်သား ... မင်းက အချိန်တိကျသားပဲ၊ (၇)နာရီဆို (၇)နာ ကွက်တိ၊ တစ်စက္ကန့်လေးတောင် နောက်မကျဘူး"

ဒေါ်ဥမ္မာက သူ့ကိုကြည့်ပြီး အဲဒီလို ချီးကျူးစကားပြော ဆိုလိုက်တော့ သူ သွားပေါ်ရုံတစ်မယ် ပြုံးလိုက်၏။

"ဟုတ်တယ် အန်တီ၊ ကျွန်တော်က အချိန်ကိုကိုးကွယ်ပြီး အလု ကို လေးစားတဲ့သူ။ ဒါကြောင့်မို့ ကျွန်တော့်ဘက်က လုံးဝပျက် ကွက်မရှိစေရဘူး။ ဒီလို မိုးရွာတာလောက်ကို မပြောနဲ့။ လျှေ လှုပ်နေရင်တောင် ကျွန်တော်က အလုပ်ရှိရင် အဲဒီအလုပ်ရှိ နေရာကို မဖြစ်,ဖြစ်တဲ့နည်းနဲ့ မရောက်,ရောက်အောင် အရော လာခဲ့မယ့်သူပါပဲ"

သူရဲ့ အပြောတွေကို ဒေါ်ဥမ္မာ သဘောကျသွားတယ် ဒါပေမဲ့ သူ့ရဲ့အခေါ်အဝေါ်ကိုတော့ အပျိုဖိုကြီး သဘောမကျဘူ ဖြစ်နေတယ်။ ကြည့်စမ်းပါဦး။ ဒီအရွယ်နဲ့ ဒီအရွယ်ကို ခေါ်လိုက်တ "အန်တီ"တဲ့။

သူတို့နှစ်ယောက်ရဲ့အသက်က အလွန်ဆုံးကွာ (၁၂)နှ ပေါ့။ ဟုတ်ပါတယ်။ ဒေါ်ဥမ္မာကအခုမှ အသက် (၄၀)ထဲ ဝင်ခါစရှိ သေးတယ်။ ပြတ်သားက (၂၈)နှစ်။

အပြင်မှာ မိုးတွေသည်းနေသဖြင့် အဲဒီအခေါ်ကိစ္စကို နော မှပဲ အေးအေးဆေးဆေး ပြောတော့မယ်လို့ ဆုံးဖြတ်လိုက်ပြီး ဒေါ်ဥ က ပြတ်သားကို အိမ်ထဲသို့ ခေါ်ဆောင်လာတော့၏။

ဧည့်ခန်းဆောင် ဆက်တီခုံပေါ်မှာ ထိုင်နေတဲ့ နုးညံ့ သူ့ကိုတွေ့သွားတော့ တခဏ် မှင်တက်သွားလေသည်။ ဟုတ်တယ်လေ သူမက သူ့ကို ဆရာဆိုလို့ ရုပ်အကျီအဖြူနဲ့ ပုဆိုးသန့်သန့် ဝတ်ထ လိမ့်မယ်လို့ ထင်နေတာ။ အခုတော့ သူမရဲ့အထင်နဲ့ အမြင်က တလွဲဖြ သွားခဲ့ပြီတကား။





ဟုတ်ပါတယ်။ လွဲတာမှ တော်တော်ကြီးကို လွဲသွားတာ။ သူ့ရဲ့ပုံစံက ဆရာတစ်ယောက်နဲ့မတူဘဲ Model Boy တစ်ယောက်နဲ့ တူနေတော့၏။ ဝတ်ထားတဲ့အကျီက Fix Side ၊ ဘောင်းဘီက Style Pen မဟုတ်ဘူး၊ ဂျင်းအကျပ်၊ ရင်အုပ်နဲ့ လက်မောင်းမှာ တောင့်တင်းတဲ့ ကြွက်သားတွေရှိပြီး ခေါင်ကောင်းတယ်။ ပြီးတော့ ရုပ်ဖြောင့်တယ်၊ မျက်နှာပေါက်ကတော့ အရမ်းတည်လွန်းပါတယ်။

"အန်တီ ... သူက စည်သူ့ကို Guide လုပ်ပေးမယ့် ဆရာ၊ ဟုတ်လား"

"အင်း ... ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"

ဒေါ်ဥမ္မာက အဲဒီလို ပြန်မေးလိုက်တော့ နုးညံ့ တစ်ယောက် မျာပျာသလဲ ဖြစ်သွားပြီး ...

"ဩော် ... ဘာမှမဖြစ်ဘူး၊ ဘာမှမဖြစ်ဘူး"

လို့ အလျင်အမြန် ပြန်ပြောလိုက်၏။ တကယ်တော့ သူမ သူ့ကိုစတွေ့လိုက်တဲ့အချိန် ရင်ထဲမှာ တစ်ခုခု ဖြစ်သွားတယ်။ အဲဒီ တစ်ခုခုက ဘာလဲဆိုတာကိုတော့ သူမ သေသေချာချာ မသိသေးပါဘူး။

သူကတော့ ခပ်တည်တည်ပါပဲ။ တစ်ခါမှ မမြင်ဘူးသေးတဲ့ သူမကို သူ ရှုးရှုးဝါးဝါး စိုက်ကြည့်လိုက်တယ်။ သူမခမျာ သူ့ရဲ့ အကြည့်ချက်တွေနဲ့ ရင်မဆိုင်ဝံ့တော့သဖြင့် ခေါင်းလေး ငုံ့သွားတယ်။ ထိုအချိန် စည်သူတစ်ယောက် ဧည့်ခန်းဆောင်ထဲသို့ ရောက်လာတော့၏။

"သား ... စည်သူ၊ ဒီမှာ မင်းရဲ့ဆရာ ရောက်နေပြီ"

စည်သူကလည်း သူ့ကိုကြည့်ပြီး အံ့သြသွားတယ်။

"ဟင် ... ဒါ သားရဲ့ဆရာ ဟုတ်လား၊ မိုက်တယ်ဗျာ၊ ကိုရီးယား မင်းသား ကျနေတာပဲ"

"ညီလေး ... အစ်ကိုက ကိုရီးယားမင်းသား မဟုတ်ဘူးကွ၊ မင်းရဲ့ Guide ၊ မင်းရဲ့ဆရာ၊ မင်းကို စာပြပေးမယ့်သူ၊ မင်း ငါ့ စကားကို နားထောင်ရမယ်၊ ကြားလား"

သူက မျက်နှာထားတည်တည်နဲ့ အဲဒီလိုပြောလိုက်တော့ စည်သူ ရှိန်သွားပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ … ဟုတ်ကဲ့"

ဟု အမြန်ပြန်ပြောလိုက်ရ၏။

"ကဲ … ဒါဆိုရင် သွားကြမယ်လေ၊ ဘယ်မှာစာသင်ကြမလဲ"

"စည်သူ့အခန်းထဲက စာကြည့်စားပွဲပေါ်မှာပဲ သင်ကြပေါ့။ ပြတ်သား … မင်း စည်သူ့ကို ကောင်းကောင်းကိုင်တွယ်နော်။ စည်သူက နည်းနည်းဆိုးတယ်"

"ဟုတ်ကဲ့ … စိတ်ချပါ အန်တီ၊ ကျွန်တော် သူ့ကိုကောင်းကောင်း ကိုင်တွယ်မှာပါ"

"ကဲ … ဒါဆိုရင် အပေါ်ကို သွားကြရအောင်"

သူ ခေါင်းညိတ်ပြလိုက်၏။ ထို့နောက်တွင်တော့ သူ ဒေါ်ဥမ္မာနဲ့ စည်သူတို့ အိမ်အပေါ်ထပ်သို့ တက်သွားကြပါတော့သည်။ အဲဒါ သူ နှုးညံ့ကို တစ်ချက်လေးတောင် လှည့်ကြည့်မသွားတော့ပါဘူး။ အဲဒါ သူ့ရဲ့အကျင့်ပေါ့။ ဟုတ်ပါတယ်။ သူကရှေ့ကို သွားပြီဆိုရင် ဘယ်တော့မှ နောက်ကိုပြန်လှည့်မကြည့်တတ်ဘူး။ ရှေ့ဆိုရင်ရှေ့ပဲ၊ တစ်လမ်းသွားလူသား၊ စိတ်အရမ်းပြတ်သားတယ်။

အိမ်အပေါ်ထပ်က စည်သူ့အခန်းထဲရောက်တော့ သူ နဲ့ စည်သူ စာကြည့်စားပွဲမှာ နေရာယူလိုက်ကြ၏။

"ပြတ်သား … ဒီည မင်း စည်သူကို ဘယ်အချိန်ထိ စာပြမှာလဲ"

"အန်တီ့ကို ကျွန်တော် မနေ့ကတည်းက ပြောပြီးပြီလေ။ ဒီည (၁၁)နာရီခွဲအထိ စာပြပေးမယ်။ နောက်နေ့ကျမှပဲ Time Table ကို စနစ်တကျ ရေးဆွဲကြတာပေါ့။ ကဲ … အခု ကျွန်တော် စည်သူ့ကို စာပြတော့မယ်၊ အန်တီ အပြင်ထွက်ပေးပါတော့"

သူက အဲဒီလို ပြတ်ပြတ်သားသား ပြောလိုက်တော့ ဒေါ်ဥမ္မာ က …

"ဪ … အေး … အေး … ဒါဆိုရင်တော့ ငါသွားတော့မယ်"

ဆိုပြီး အခန်းအပြင်သို့ ထွက်သွားပါတော့သည်။ ထိုသို့ အခန်းထဲမှ ဒေါ်ဥမ္မာ ထွက်သွားပြီဆိုတာနဲ့ သူ စည်သူရဲ့စာအုပ်တွေကို တစ်အုပ်ပြီးတစ်အုပ် ယူ၍စစ်ဆေးကြည့်လိုက်တယ်။ ထို့နောက် သူ စည်သူ့ကို Physics ဘာသာရပ်ကို အရင်ဆုံး သင်ပြပေးဖို့ ဆုံးဖြတ်လိုက်၏။ ခဏအကြာမှာတော့ ထိုအခန်းလေးထဲမှာ သူ့ရဲ့စာရှင်းပြနေတဲ့ အသံတွေ ထွက်ပေါ်လာပါတော့သည်။





(၁)နာရီခန့် အကြာမှာတော့ နှုးညံ့ တစ်ယောက် ကော်ဖီ (၂)ခွက်ကို လင်ပန်းနဲ့ သယ်ဆောင်လာပြီး ထိုအခန်းထဲသို့ ဝင်လာ၏။ ပြီးတော့ ကော်ဖီခွက်ကို စားပွဲပေါ်သို့ တင်ပေးလိုက်သည်။

"ဆရာ … ကော်ဖီလေး သောက်လိုက်ပါဦး"

"အင်း"

ဆိုပြီး သူ ခေါင်းညိတ်ပြလိုက်တယ်။ ပြီးတော့ သူ သူမကို တစ်ချက်မော့ကြည့်လိုက်၏။

"ဪ … ဒါနဲ့ မိန်းကလေး၊ မင်းက စည်သူနဲ့ ဘယ်လိုအမျိုး တော်စပ်တာလဲ"

"ကျွန်မက စည်သူရဲ့အစ်မပါ၊ ဝမ်းကွဲတွေ မဟုတ်ဘူး။ မောင်နှမ အရင်းခေါက်ခေါက်ပေါ့။ ဪ … ဒါနဲ့ ကျွန်မ ရှင့်ကို တစ်ခု မေးရဦးမယ်၊ ရှင်(၁၀)တန်း Guide လုပ်တာ ဘယ်နှနှစ်လောက် ရှိပြီလဲ"

"အင်း … ကိုယ့်အသက် (၂၀)အရွယ်လောက်ကတည်းက လုပ်ခဲ့တာဆိုတော့ ကိုယ်(၁၀)တန်း Guide လုပ်တာ(၈)နှစ်လောက် ရှိပြီ"

"ဒါဆိုရင် ရှင့်အသက်က အခု (၂၈)နှစ်ပေါ့ ဟုတ်လား"

"အင်း"

ဆိုပြီး သူ ခေါင်းညိတ်ပြလိုက်ပါတယ်။

"ဒါဆိုရင် ရှင်က ကျွန်မထက် (၂)နှစ်ပဲ ကြီးတာပေါ့။ ကျွန်မ အသက်က (၂၆)နှစ်ရှိပြီ။ နာမည်က မနှုးညံ့တဲ့။ မှတ်ထားနော်။ ကဲ … ကဲ … ရှင်တို့စာသင်နေတာကို ကျွန်မက အနှောင့်အယှက် ပေးသလို ဖြစ်နေပြီ။ ကျွန်မသွားတော့မယ်"

ဆိုပြီး နှုးညံ့ တစ်ယောက် အလိုက်သိစွာနဲ့ အခန်းအပြင်သို့ ပြန်ထွက်သွား၏။ ထို့နောက် သူ စည်သူ့ကို စာဆက်သင်၏။ ပထမ



www.burmeseclassic.com

www.burmeseclassic.com



ဦးဆုံးညမှာပဲ စည်သူ အတော်လေး အမောင်းခံလိုက်ရတယ်။ အိပ်ငိုက် ရင် ဆရာက သူ့ကို ဆံပင်မွေးဆောင့်ဆွဲတယ်လေ။ ဒါကြောင့် စည် တစ်ယောက် သူ့ကို တော်တော်လေး ရှိန်သွားတယ်။

ဒီနေ့ည ပြတ်သားက သူပြောထားတဲ့အတိုင်း ည(၁ နာရီခွဲတိတိမှာ စည်သူ့ကို အတန်းဖြုတ်ပေးလိုက်ပါတယ်။

"ကဲ ... ညီလေး၊ ဒီညတော့ ဒီလောက်ပဲပေါ့၊ အစ်ကိုပြန်တော မယ်"

ပြတ်သားက အဲဒီလို ပြောလိုက်တော့ စည်သူတစ်ယော အရမ်းပျော်ရွှင်သွားတယ်။

"ဟုတ်ကဲ့ အစ်ကို၊ ဒါနဲ့ မနက်ဖြန်ကျရင်ကော အစ်ကို လာ မှာလား"

"လာမှာပေါ့ကွ၊ ညတိုင်းကို လာမှာ၊ မင်းရဲ့ကျူရှင်အချိန်တွေ မနက်ပိုင်းကို ပြောင်းပစ်ဖို့ ငါ မင်းရဲ့အန်တီကိုပြောပြီးသွာ ကဲ ... ကဲ ... နောက်ကျနေပြီ၊ အစ်ကိုသွားတော့မယ်နော်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ ကျွန်တော် လိုက်ပို့ပေးမယ်"

ထို့နောက် သူတို့နှစ်ယောက် အခန်းထဲမှ ထွက်လာ အောက်သို့ ဆင်းလာကြ၏။ ဒေါ်ဥမ္မာနဲ့ နှုးညွံ့က ဧည့်ခန်းဆေ ဆက်တီခုံပေါ်မှာ ထိုင်စောင့်လျက်။ ပြတ်သား အိမ်ပေါ်ကဆင်း မယ့်အချိန်ကို စောင့်နေတာပေါ့။ ခဏအကြာမှာတော့ သူနဲ့ စည် ဧည့်ခန်းဆောင်ထဲသို့ ရောက်လာ၏။

"ဟား ... ပြတ်သား၊ မင်းက တော်တော်အချိန်တိကျတာ (၇)နာရီ လာမယ်ဆိုရင် (၇)နာရီကွက်တိ၊ (၁၁)နာရီခွဲထိ စာ မယ်ဆိုရင် (၁၁)နာရီခွဲထိပဲ။ ငါ မင်းကို အရမ်းသဘောကျ ပြီ"

ဒေါ်ဥမ္မာက အဲဒီလိုပြောလိုက်သဖြင့် သူ လန့်သွားတ

"ဗျာ ... ကျွန်တော့်ကို သဘောကျတယ် ဟုတ်လား"

"သြော် ... အချိန်တိကျတဲ့ မင်းရဲ့အကျင့်ကို သဘောကျတယ် ပြောတာပါ။ ဒါနဲ့ မင်းက ဘယ်ကိုပြန်ရမှာလဲ"





"ကျွန်တော့်ရဲ့တိုက်ခန်းက ဓမ္မာရုံသီရိလမ်းထဲမှာပါ။ မိနစ်(၂၀) လောက် လမ်းလျှောက်လိုက်ရင် ရောက်ပြီ။ ကဲ ... အန်တီ၊ ကျွန်တော် သွားတော့မယ်နော်၊ မနက်ဖြန်လည်း ည(၇)နာရီထိုး အရောက် ကျွန်တော် လာခဲ့မယ်"

"သြော် ... အေး ... အေး၊ ကောင်းပါပြီကွယ်"

ထို့နောက် သူ့ကို ဒေါ်ဥမ္မာနဲ့ နှုးညွံ့တို့ အိမ်ခြံဝင်းတံခါး ဆါက်အထိရောက်အောင် လိုက်ပို့ပေးလိုက်၏။ ထို့နောက်တွင်တော့ သူ သူမတို့တူဝရီးနှစ်ယောက်ကို နှုတ်ဆက်ပြီး ပြန်သွားပါတော့သည်။

အချိန်တိကျပြီး ရုပ်ရည်သန့်ပြန့်တဲ့ သူ့ကို ဒေါ်ဥမ္မာနဲ့နှုးညွံ့ တို့ မျက်စိတဆုံးထိအောင် လိုက်ကြည့်ပစ်လိုက်၏။ သို့ပေမဲ့ သူကတော့ နောက်သို့ တစ်ချက်လေးတောင် လှည့်ကြည့်မသွားပါဘူး။ ရှေ့သွားပြီ ဆိုရင် နောက်ပြန်လှည့်မကြည့်တတ်တာ သိပ်ပြတ်သားတဲ့ "မင်းပြတ် သား"ရဲ့အကျင့်ပေါ့။

သူက အပျိုကြီးဒေါ်ဥမ္မာနဲ့ သိပ်လှတဲ့မိန်းမပျိုလေး မနှုးညွံ့ တို့ရဲ့ စိတ်အာရုံကို တစ်ပြိုင်နက်တည်း ညှို့ယူဖမ်းစားသွားပြီလား ဆိုတာ တတော့ ...။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



"ရှိုးရှိုးလေးတွေးရအောင် ...
သူတို့ ...
ဘိုးဘိုးလေးတွေ မဟုတ်ဘူးဟ ...။
လျှော့တွက်ရင် ရော့ ...
Check ဆိုပြီး ...
အပိုင် Check သွားမယ့် ...
ကောင်စားမျိုးတွေပေါ့ ...။
သတိထား ... ကြားလား ..."



*** မိုးက အရှိန်ကောင်း။ ဟုတ်ပါတယ်။ နံနက်(၅)နာရီလောက်ကတည်းက ရွာချလိုက်တဲ့မိုး အခုထိ သည်းနေတုန်းပါပဲ။ စနေမိုးမို့သား မသိဘူး။ ရွာလိုက်ပြီဆိုတာနဲ့ လုံးဝမပြတ်တော့။ အငြိုးနဲ့ရွာနေသလား မှတ်ရတယ်။ စန်းပွင့်နဲ့ နုးညံ့တို့ကတော့ အခုချိန် ထိအောင် သူမတို့ရဲ့ဆိုင်သို့ Costumer တွေ တစ်ယောက်မှ ရောက်မလာသေးသဖြင့် ထိုင်ညည်းညူနေလေရဲ့။

"ဟာကွာ ... (၁၀)နာရီတောင် ထိုးနေပြီ။ ဈေးဦးမပေါက်သေးဘူး။ ဒီပုံစံအတိုင်းဆိုရင် ငါတို့ရဲ့ဆိုင် ချိတ်ပိတ်ရတော့မယ် ထင်တယ်"

"ဟုတ်ပါ့အေ၊ လုပ်ထားတဲ့ မုန့်တွေက ရောင်းရတာနည်းနည်းမို့တက်တာကများများ ဖြစ်နေတယ်။ မလွယ်ပါဘူး အေ"

ထိုသို့ သူမတို့နှစ်ယောက် ညည်းတွား ပြောဆိုနေကြစဉ် သူမတို့ရဲ့ဆိုင်အရှေ့ကနေ ထီးအနက်ရောင်ဆောင်းထားတဲ့ လူတစ်ယောက် ဖြတ်လျှောက်သွား၏။ နုးညံ့က ထိုလူကို လှမ်းမြင်လိုက်တော့ မျက်လုံးပျော်ရွှင်သွားပြီး ထိုင်နေရာကထကာ ဆိုင်အပြင်သို့ ပြေးထွက်သွားတယ်။

"ဟဲ့ ... နုးညံ့၊ ဘာဖြစ်တာလဲဟ"



www.burmeseclassic.com

www.burmeseclassic.com



သူမ စန်းပွင့်မေးတာကို ဂရုမစိုက်။ ထိုလူ့နောက်ကိုသာ သဲကြီးမဲကြီး ပြေးလိုက်သွားတယ်။ ထို့နောက် သူမ ထိုလူရဲ့နာမည်ကို အော်ခေါ်လိုက်၏။

"ဆရာ ... ဆရာ ... ကိုမင်းပြတ်သား"

ပြတ်သား တစ်ယောက် သူ့ရဲ့နာမည်ကို တစ်စုံတစ်ယောက်က အော်ခေါ်သံကြားလိုက်သဖြင့် ခြေလှမ်းများကို ရပ်တန့်လိုက်တယ်။ ထို့ကြောင့် စင်္ကြန့်ပိုင်းအတွင်းမှာပဲ သူမ သူ့အနားသို့ ရောက်လာခဲ့ပါတယ်။

"ဟင် ... မေနူးညံ့ပါလား"

သူမ သူ့ကို ပြုံးပြလိုက်ပြီး သူ့ရဲ့ထီးအရိပ်အောက်မှာ ဝင်လိုက်၏။

"ဟုတ်တယ် ... ကိုပြတ်သား၊ ကျွန်မ ရှင့်ကိုတွေ့လို့ ဆိုင်ထဲက နေ ပြေးထွက်လာခဲ့တာ။ ဒီဆိုင်က ကျွန်မရဲ့ဆိုင်လေ။ လာ ... လာ ... ကျွန်မတို့ ဆိုင်ထဲမှာ စကားပြောကြရအောင်"

အပြင်မှာ မိုးတွေသည်းနေသဖြင့် သူမက သူ့ကို ဆိုင်ထဲသို့ ဆွဲခေါ်လာတယ်။ ပြီးတော့ သူမ သူ့လက်ထဲကထီးကို ဆွဲယူလိုက်ပြီး ပိတ်ထားလိုက်၏။

"ဒီမှာ ... ဒီမှာ ... မေနူးညံ့"

"ဩော် ... ရှင်ကလည်း ကျွန်မကို နူးညံ့လို့ပဲ ခေါ်ပါ။ ရင်းရင်းနှီးနှီး ပြောကြ ဆိုကြတာပေါ့။ လာလေ။ ဘာလုပ်နေတာလဲ။ ဒီဝိုင်းမှာ ထိုင်ကြရအောင်။ ကျွန်မ ရှင့်ကို ကော်ဖီပူပူလေး တိုက်ပါ့မယ်"

"ကျေးဇူးတင်ပါတယ် နူးညံ့၊ ဒါပေမဲ့ ကိုယ်မသောက်တော့ပါဘူး"

"ဘာဖြစ်လို့လဲရှင့်"

"ကိုယ် မအားလို့ပါကွာ၊ ဒီနေ့(၁၀)နာရီခွဲ ကိုယ့်မှာ ဝိုင်းတစ်ဝိုင်း ရှိတယ်လေ။ အခု အဲဒီကို သွားမလို့ကွ။ နောက်နေ့ကျမှပဲ ကိုယ် နူးညံ့ဆီကို ဝင်ခဲ့ပါ့မယ်။ အခု ကိုယ် သွားတော့မယ်နော်"





ဆိုပြီး သူ သူမလက်ထဲက ခေါက်ထီးကို ဆွဲယူလိုက်၏။ ထို့နောက်တွင်တော့ သူ ဆိုင်ထဲမှ ခပ်သွက်သွက် ထွက်သွားပါတော့သည်။

"ကိုပြတ်သား ... နောက်နေ့ကျရင် ဝင်ခဲ့နော်"

သူမ သူ့ကို အော်ပြောလိုက်၏။ သို့ပေမဲ့ သူက နောက်သို့ ပြန်လှည့်မကြည့်တော့ဘဲ ထီးကိုဖွင့်ဆောင်းကာ သူ့ရဲ့လားရာအတိုင်း လျှောက်လှမ်းသွားပါတော့သည်။ နူးညံ့က သူ့ရဲ့ အဲဒီအကျင့်တွေကို သဘောကျနေတာပေါ့။ သူက အချိန်ကိုကိုးကွယ်ပြီး အလုပ်ကို လေးစားတဲ့သူ၊ အပြောသိမ်ပြတ်သားတယ်။ သူ့ရဲ့အဲဒီအမူအကျင့်တွေကို နူးညံ့က အတော်လေး ခိုက်နေတာပေါ့။ ဒါကြောင့်မို့ စောစောတုန်းက သူ့ကို ရုတ်တရက် တွေ့လိုက်ရတော့ သူမ စိတ်မထိန်းနိုင်ဘဲ ပြေးလွှား လိုက်ခေါ်ခဲ့ခြင်းပင် ဖြစ်၏။

ယောက်ျားတစ်ယောက်ကြောင့် စိတ်လွတ်သွားခဲ့တာ သူမ အတွက် ဒါ ပထမဆုံးအကြိမ်ပါပဲ။

ဣန္ဒြေရှင်မလေးက ယောက်ျားတစ်ယောက်ကို အမောတကော ပြေးခေါ်လိုက်တဲ့ မြင်ကွင်းက စန်းပွင့်အတွက် အရမ်းထူးဆန်းသွားတယ် ထင်ပါရဲ့။ ဟုတ်ပါတယ်။ သူမ နူးညံ့ကို ပါးစပ်အဟောင်းသား၊ မျက်လုံးအဝိုင်းသားနဲ့ စိုက်ကြည့်နေရှာတယ်။ အရမ်းအံ့သြသွားပုံပေါ့။ အတော်ကြာတော့မှ သူမ နူးညံ့ဆီသို့ လျှောက်လှမ်းလာလေသည်။

"ဟဲ့ ... နူးညံ့၊ နင် စိတ်ကောမှန်သေးရဲ့လား"

စန်းပွင့်က အဲဒီလို မေးလိုက်သဖြင့် နူးညံ့ တစ်ယောက် ကြောင်စီစီ ဖြစ်သွားတယ်။

"မှန်ပါတယ်ဟာ ... ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ၊ ကြည့်စမ်း ... ကြည့်စမ်း၊ အရမ်းဣန္ဒြေရတဲ့ ကောင်မလေးတစ်ယောက်က သူစိမ်းယောက်ျားတစ်ယောက်ကို အမောတကော ပြေးခေါ်ရတယ်လို့။ ဟဲ့ ... နူးညံ့၊ ငါမှားအမြင် မှားနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



စန်းပွင့်က အံ့သြခြင်းများစွာနဲ့အတူ အဲဒီလိုပြောလိုက်တော့ နှုးညှံ့ တစ်ယောက် အရမ်းရှက်သွားပြီး ခေါင်းလေးငုံ့သွား၏။ အခုမှ သူမ အသိစိတ်ပြန်ဝင်လာတာလေ။ ယောက်ျားတစ်ယောက်နောက်ကို သူမ ဘာကြောင့် အမောတကော ပြေးလိုက်သွားခဲ့မိတာလဲ။ အဲဒီအဖြစ်ကို သူမ ပြန်တွေးပြီး ရှက်စိတ်တွေ ရင်ထဲသို့ တစိမ့်စိမ့် တိုးဝင်နေတော့၏။

"ဟဲ့ ... နှုးညှံ့။ ပြောစမ်း ... နင်နဲ့ အဲဒီလူ ဘယ်လိုပတ်သက်တာလဲ၊ နင်တို့နှစ်ယောက် ဘယ်လိုသိနေကြတာလဲ"

"ဟို ... ဟိုလေ ... သူ ... သူ ... သူက"

နှုးညှံ့ တစ်ယောက် အရမ်းရှက်သွားပြီး စကားတွေတောင် အထစ်ထစ် အငေါ့ငေါ့ ဖြစ်ကုန်၏။ သူမရဲ့ပါးပြင်မှာ ပန်းနုရောင်သန်းနေပြီး ခေါင်းကိုတော့ ငုံ့ထားဆဲပါပဲ။

"ဟဲ့ ... နင် ငါ့ကို မလျှို့နဲ့နော်၊ မှန်မှန်ပြောစမ်း၊ အဲဒီလူက နင့်ရဲ့ဘဲမှလား"

စန်းပွင့်က သူမကို အဲဒီလိုကြီး အကျပ်ကိုင် မေးမြန်းလိုက်တော့ သူမ ခေါင်းကိုတွင်တွင်ခါကာ ခါးခါးသီးသီး ငြင်းဆိုလိုက်၏။

"မဟုတ်ဘူး ... မဟုတ်ဘူး၊ သူနဲ့ ငါက အဲဒီလိုပတ်သက်တာ မဟုတ်ပါဘူး။ တစ်ယောက်နဲ့ တစ်ယောက် သိကြတယ် ဆိုရုံလေးပါပဲ"

"အမယ်လေးဟယ် ... ဒါနဲ့များ သူ့ရဲ့ချစ်လင် ကျနေတာပဲ အမောတကော ပြေးလိုက်ခေါ်ရတယ်လို့။ ဟဲ့ ... ဒါနဲ့နေစမ်းပါဦး။ နင်နဲ့ သူက ဘယ်လိုသိကြတာလဲ။ ဘယ်အချိန်ကတည်းက သိနေကြတာလဲ"

"သိပ်မကြာသေးဘူးဟ၊ သူနဲ့ ငါက မနေ့တစ်နေ့တုန်းက သိခဲ့ကြတာ။ တွေ့ဖူးတယ်၊ မြင်ဖူးတယ်၊ သိတယ်ဆိုရုံလေးပါပဲ မိတ်ဆွေတောင် မဖြစ်ကြသေးဘူး။ သူက စည်သူရဲ့ Guide လေး ငါတို့အိမ်ကိုလာတာ (၂)ရက်ပဲ ရှိသေးတယ်"

"ဘာ ... သူက (၁၀)တန်း Guide ဟုတ်လား"

"အင်း ... ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"





"ဘာဖြစ်ရမှာလဲ၊ သူ့ရဲ့ပုံစံက လုံးဝဆရာတစ်ယောက်နဲ့ မတူဘူး။ Bonjovi လိုလို၊ ဘာလိုလိုနဲ့ attraction တော့ရှိသားပဲ။ ဒါနဲ့ သူ့ရဲ့နာမည်က ..."

"မင်းပြတ်သားတဲ့ ... ငါတို့ထက် အသက်(၂)နှစ်လောက်ပဲကြီးတယ်၊ အရမ်းတည်ကြည်ခန့်ညားပြီး အပြောပြတ်သားတဲ့သူပေါ့"

"မင်းပြတ်သား ... ဟုတ်လား၊ နာမည်ကြားရုံနဲ့တင် သူ့ရဲ့စိတ်ကို ခန့်မှန်းလို့ ရနေပါပြီ။ ဒါနဲ့ နှုးညှံ့ ... ငါ နင့်ကို တစ်ခုမေးချင်သေးတယ်၊ နင် အဲဒီလူကို စိတ်ဝင်စားနေတာလား"

စန်းပွင့်က အဲဒီလိုမေးလိုက်တော့ နှုးညှံ့တစ်ယောက် ပျာယာခတ်သွားတယ်၊ မုန်တိုင်းငယ်တစ်ခုက သူမရဲ့ရင်ဘတ်ထဲသို့ဝင်ပြီး ကိုက်ခတ်နေသလိုပါပဲ။ စိတ်တွေက ယောက်ယက်ခတ်နေလေရဲ့။ သူမ သူ့ကို စိတ်ဝင်စားနေတာလား။ အဲဒီမေးခွန်း ကို သူမကိုယ်သူမ ပြန်မေးမကြည့်ရသေးပါဘူး။ ထို့ကြောင့် သူမ "ဘူး"တစ်လုံးဆောင်ပြီး စန်းပွင့်မေးတာကို ပြန်ဖြေလိုက်၏။

"ဟင့်အင်း ... မသိဘူးလေ"

"ဟဲ့ ... ဘာမသိတာလဲဟ၊ ငါ နင့်ကို မေးနေတာ ရှင်းရှင်းလေးရယ်။ နင် သူ့ကို စိတ်ဝင်စားလား၊ စိတ်မဝင်စားဘူးလား၊ အဲဒီ (၂)ခုထဲက တစ်ခုကိုဖြေ၊ မသိဘူးလို့မဖြေနဲ့"

စန်းပွင့်က အဲဒီလို အတင်းအကျပ် မေးနေသဖြင့် သူမ ခလိုက်ထိုက်လေး ပြန်ဖြေပေးလိုက်ပါတယ်။

"ဟင့်အင်း ... စိတ်မဝင်စားပါဘူး၊ ငါက သူ့ကို ဘာလို့ စိတ်ဝင်စားရမှာလဲ၊ No ... No ... No "

ဆိုပြီး နှုးညှံ့က ခေါင်းကလေးကို ခါယမ်းပြီးပြောလိုက်တော့ စန်းပွင့် တစ်ယောက် အရမ်းပျော်သွားတယ်။

"နှုးညှံ့ ... နင် တကယ်ပြောနေတာလား၊ တကယ်ပဲ နင်သူ့ကို စိတ်မဝင်စားဘူးလား"

"အင်း ... ဟုတ်တယ်၊ လုံးဝစိတ်မဝင်စားဘူး၊ လုံးဝ ... လုံးဝ"

www.burmeseclassic.com

www.burmeseclassic.com



သူမက နှုတ်ခမ်းလေးလှုပ်ပြီး အဲဒီလိုပြောလိုက်ပေမယ့် စိတ်ကတော့ သူ့ကို ခင်တွယ်နေမိ၏။ ဟုတ်ပါတယ်။ သူက သူမ စိတ်တံခါးပေါက်ကိုဖွင့်ပြီး ရင်ထဲသို့ ဖွဖွလေးနင်းလျှောက်ပြီး ဝင်လာ တာကို သူမ သိတာပေါ့။ ဘာပဲဖြစ်ဖြစ် သူမရဲ့အဖြေစကားကြော စန်းပွင့် တစ်ယောက် ပြုံးတပျော်ပျော် ဖြစ်နေတာတော့ အမှန်ပဲဖြစ်၏

“နုးညို ... နင် သူ့ကို စိတ်မဝင်စားဘူးဆိုတာ သေချာတယ်နော်

“အင်း ... သေချာပါတယ်ဟာ၊ ဘာဖြစ်လို့လဲဟ”

“သြော် ... ဘာမှမဖြစ်ပါဘူး၊ ဘာမှမဖြစ်ပါဘူး၊ သိချင်လို့ မေး ကြည့်တာပါ”

ထိုသို့ သူမတို့နှစ်ယောက် စကားစမြည် ပြောဆိုနေကြစဉ် လေယာဉ်စက်သံလို ဘူးဘူးဝါးဝါး ကြားလိုက်ရသဖြင့် ဆိုင်အပြင်သို့ ထွက်ကြည့်လိုက်တယ်။ အရှိန်အဟုန်ပြင်းစွာ မောင်းနှင်လာတဲ့ လေ ယာဉ်တစ်စင်းက သူမတို့ရဲ့ဆိုင်အပေါ်၊ ကိုက်(၃၀)ခန့် အကွာကနေ ဖြတ်ပျံသန်းသွားသလိုပါပဲ။ အသံက အရမ်းကို နီးကပ်လွန်းနေတာ လေ။ ထို့ကြောင့် သူမတို့နှစ်ယောက် ဆိုင်အပြင်သို့ ထွက်လာကြတာ ပေါ့။ ဘယ်လိုယောက်ျားမျိုးက ဒီလောက် မြေပြင်နဲ့ ကိုက်အနည်းငယ် အကွာကနေ ဖြတ်ပျံသန်းသွားတာလဲ ဆိုတာကို သူမတို့ သိချင်ပြ တယ်လေ။ ထို့ကြောင့် သူမတို့နှစ်ယောက် ကောင်းကင်ပေါ်သို့ မော့ ကြည့်လိုက်၏။ ထိုအနားတစ်ဝိုက်မှာရှိတဲ့ လူတွေအားလုံးကလည်း သူမတို့လိုပါပဲ။ ခေါင်းကလေးတွေက အပေါ်သို့မော့ကြည့်လျက်

သို့ပေမဲ့ ကောင်းကင်ပေါ်မှ အတောင်ပံပါတဲ့လေယာဉ် တူတာဆိုလို့ ငှက်ကလေးတစ်ကောင်တောင် မရှိပါဘူး။ ဟုတ်တယ် လေ။ မိုးတွေ ဒီလောက်ရွာနေတဲ့ဟာကို ဘယ်လေယာဉ်က ကောင်း ကင်ကြီးရဲ့မျက်ရည်တွေကြားထဲကို တိုးဝင်ရဲမှာလဲ။ အင်း ... ဒါဆို အခုကြားနေရတဲ့ လေယာဉ်စက်သံက ဘယ်ကလဲ။

သိပ်မကြာပါဘူး။ အဲဒီအဖြေကို (၁၀)စက္ကန့်အတွင်းမှာ သူမတို့နှစ်ယောက် သိရှိသွားပါတော့တယ်။

“ဝေါ ... ကျွီ ... ကျွီ ... ကျွီ ...”





အရှိန်အဟုန်ပြင်းစွာ မောင်းနှင်လာတဲ့ အင်ဂျင်နှစ်လုံးတပ် ဝါရောင်ပြိုင်ကားလှလှလေးတစ်စီး သူမတို့ရဲ့ဆိုင်အရှေ့တွင် ကျွယ် ဟောင်တဲ့ ဘရိတ်အုပ်သံတွေနဲ့အတူ တုံ့ခနဲ ထိုးရပ်သွား၏။ ထိုပြိုင်ကား လေး ရပ်သွားတော့မှပဲ ခုနကတုန်းက ကြားနေရတဲ့ လေယာဉ်သံတွေ ဆိတ်သုဉ်းပျောက်ကွယ်သွားတော့တယ်။

“ဟယ် ... ကားလေးက ချစ်စရာလေးပါလား”

နုးညိုက အဲဒီလို ပြောလိုက်တော့ စန်းပွင့်က ...

“ဟွန်း ... ဒီလောက်အော်တဲ့ကားကို နင်မို့လို့ချစ်တယ်။ ငါက တော့ မချစ်ပါဘူး။ ဖြစ်နိုင်ရင် ဒီလောက် အော်ကြောလန်တဲ့ကား ကို ဒုံးကျည်နဲ့ထုပစ်ပြီး ကားသမိုင်းကို ပို့ပစ်ချင်တယ်”

သူမ အဲဒီလို ပွစိပွစိပြောနေတဲ့အချိန် ကားပေါ်မှ လူရွယ် (၃)ယောက် ပြေးဆင်းလာတယ်။ မိုးတွေ အရမ်းရွာနေတယ်လေ။ ထို့ကြောင့် သူတို့(၃)ယောက် သူမတို့အနားသို့ရောက်အောင် အလျင် အမြန် ပြေးလာကြ၏။

“ဟင် ... မိုးဖွဲ့တို့ပါလား”

“အေး ... ဟုတ်တယ်ဟ၊ သူတို့(၃)ယောက် ငါတို့ဆီကို ဘာလာ လုပ်ကြတာလဲ မသိဘူး”

“စန်းပွင့်ရယ် ... ငါတို့က မုန့်ဆိုင်ဖွင့်ထားတာပဲ၊ သူတို့ မုန့်လာ စားကြတာ နေမှာပေါ့။ ရိုးရိုးလေးပဲ တွေးစမ်းပါဟာ”

“ရိုးရိုးလေး တွေးရအောင် သူတို့က ဘိုးဘိုးလေးတွေမဟုတ်ဘူး ဟ၊ လျှော့တွက်ရင် ရှော့ Check ဆိုပြီး အပိုင် Check သွားမယ့် ကောင်စားမျိုးတွေပေါ့၊ သတိထား ... ကြားလား”

“အောင်မာ ... သူကပဲ ငါ့ကို တစ်ပြန် ဆရာကြီးလုပ်နေတယ်၊ သတိထားရမှာ ငါ မဟုတ်ဘူး ... နင်။ နင်က မိုးဖွဲ့ကို ပညာပြန် ပေးချင်တာမှလား။ ကြည့်လုပ်နော်။ တော်ကြာ နင့်ကို ဟိုက ချိုနဲ့ခွေ့သွားလို့ နင် အိုသွားလိမ့်မယ်”

သူမတို့နှစ်ယောက် အဲဒီလို တစ်ယောက်တစ်ပေါက်ပြောနေ ကြချိန်မှာပဲ သူတို့(၃)ယောက် သူမတို့အနားသို့ ရောက်လာပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... နုးညှံ့၊ နင်တို့က ဆိုင်အရှေ့ထွက်ပြီး ဘာလုပ်နေကြတာလဲ၊ ပြီးတော့ ခုနကတုန်းက ပွစိပွစိနဲ့ ဘာတွေပြောနေကြတာလဲ"

မိုးဖွဲက နုးညှံ့ကိုကြည့်ပြီး အဲဒီလို မေးလိုက်တော့ စန်းပွင့်က ကြားဝင်၍ ကြွပ်ဆတ်ဆတ် ပြန်ပြောလိုက်၏။

"ဒီမှာ ... ကျွန်မတို့ဘာသာကျွန်မတို့ ဘာပဲပြောပြော ရှင်နဲ့ ဘာဆိုင်လို့လဲ၊ လူကိုများ ပွစိပွစိလုပ်တယ်လေး၊ ဘာလေးနဲ့ ... ဟွန်း ... မပြောလိုက်ချင်ဘူး"

"စန်းပွင့် ... နင်ကလည်းဟာ ကိုယ့်ဆိုင်လာတဲ့ Custumer တွေကို အဲဒီလို မပြောရဘူးလေ၊ မိုးဖွဲ ... စိတ်မရှိပါနဲ့နော်၊ ငါ့သူငယ်ချင်းက စိတ်မကြည်လို့ပါဟ"

"ဟဲ့ ... နုးညှံ့၊ နင့်သူငယ်ချင်းက စိတ်မကြည်ရင် အဲဒီလိုပဲ လူတစ်ဖက်သားကို ဘလိုင်းကြီး ရန်လုပ်တတ်တယ်လား၊ တော်တော်စွာတဲ့ မိန်းကလေးပဲ၊ စွာလန်ကျဲမ"

သူက အဲဒီလိုပြောလိုက်တော့ စန်းပွင့် တစ်ယောက် တော်တော်လေးကို ဒေါသထွက်သွားတယ်။

"ဘာပြောတယ် ... စွာလန်ကျဲမ ဟုတ်လား၊ ရှင်နော် ... ရှင် စိတ်ရှိလက်ရှိ လုပ်လိုက်ရရင် သေတော့မှာပဲ ... ဟင်း ... ဟင်း ..."

"အောင်မာ ... လုပ်ရဲရင် လုပ်ကြည့်လိုက်ပါလား"

သူက ယောက်ျားတန်မဲ့ ခါးထောက်ပြီး အဲဒီလို ပြန်ပြောလိုက်တော့ စန်းပွင့် တစ်ယောက် ဆွေ့ဆွေ့ခုန်ပြီး အသားတွေ တဆတ်ဆတ် တုန်နေတော့၏။

"ကဲ ... ကဲ ... တော်ကြပါတော့ရှင်၊ မိုးဖွဲ ... နင်တို့အခု ငါတို့ဆိုင်ကို လာတာမှလား"

"အင်း ... ဟုတ်တယ်"

"ဒါဆိုရင်လည်း ဆိုင်ထဲဝင်ကြလေ၊ တစ်ယောက်တစ်ပေါက်ပြောပြီး ရန်ဖြစ်မနေတော့နဲ့၊ ငါတို့တွေက ရန်သူတွေမှ မဟုတ်ကြဘာပဲ"





နုးညှံ့ အဲဒီလို ပြောလိုက်တော့မှပဲ မိုးဖွဲ၊ ဇော်ထိုက်နဲ့ နက်ကျယ်တို့ ဆိုင်ထဲသို့ ဝင်သွားကြပါတော့သည်၊ ပြီးတော့ ဝိုင်းတစ်ဝိုင်းမှာ ဝင်ထိုင်လိုက်ကြတယ်။ ခေတ္တမျှကြာတော့မှ စန်းပွင့်နဲ့ နုးညှံ့တို့ ဆိုင်အတွင်းသို့ ဝင်လာကြ၏။ စန်းပွင့်က နှုတ်ခမ်းကြီးစူပုပ်ပြီး နှာခေါင်းရှုံ့နေလေရဲ့။ သူမရဲ့အဲဒီပုံစံကြီးကိုကြည့်ပြီး သူ ဟားတိုက်ရယ်မောလိုက်ပါတယ်။

"ဟား ... ဟား ... ဟား"

"ဟဲ့ ... ဘာရယ်တာလဲ၊ အူကြောင်ကြောင်တော့ မလုပ်နဲ့နော်၊ လာထိုးလိုက်လို့ နှာကျိုးသွားမယ်"

စန်းပွင့်က လက်သီးဆုပ်ပြီး အဲဒီလိုပြောလိုက်တော့ သူက ခါးစပ်ပေါက်ကိုပိတ်ပြီး ပြုံးစိစိကြီး လုပ်နေတော့၏။ သူ့ရဲ့ အဲဒီပုံစံကို ကြည့်ပြီး သူမ အရမ်းအမြင်ကတ်သွားတယ်ထင်ပါရဲ့။ ထို့ကြောင့် သူမ သူ့ကို တစ်ချက်လေးတောင် လှည့်မကြည့်တော့ဘဲ ကောင်တာဆီသို့သာ တည့်တည့်မတ်မတ် လျှောက်လှမ်းသွားပါတော့သည်။

ဒီနေ့ မိုးဖွဲ ဒီဆိုင်ကို ရောက်လာခဲ့တာ စန်းပွင့်နဲ့အရမ်း ခင်မင်ရင်းနှီးသွားအောင် လုပ်ဖို့အတွက်ပါ။ သို့ပေမဲ့ စန်းပွင့်က သူ့ကို ရောက်ရောက်ချင်းပဲ ကြွပ်ဆတ်ဆတ် ပြောလိုက်တော့ သူ့ရဲ့စိတ်တွေ ပျက်ချင်းဆိုသလို ပြောင်းလဲသွားတယ်။

မနေ့ညတုန်းက သူ စန်းပွင့်ကို အိပ်မက်,မက်တယ်လေ။ အိပ်မက်ထဲက စန်းပွင့်က စကားလုံးတွေကို ညင်သာစွာ ပြောဆိုတတ်ပြီး အပြင်က စန်းပွင့်ကတော့ ကြွပ်ဆတ်ဆတ်ပြန် ပြောတတ်တယ်။ သူ ညတုန်းက မက်ခဲ့တဲ့ အိပ်မက်အကြောင်းကို ပြန်တွေးပြီး သက်ပြင်း မျက်ရည်ကြီးချကာ ခေါင်းကို ဖြည်းဖြည်းချင်း ခါယမ်းလိုက်၏။

"ဟိတ်ကောင် ... ဘာလို့ သက်ပြင်းချနေတာလဲကွ"

ဇော်ထိုက်က သူ့ရဲ့ပခုံးကိုပုတ်ပြီး အဲဒီလိုမေးလိုက်တော့ သူက အားမရှိတော့တဲ့ လေသံနဲ့တိုးတိုးလေး ဖြေလိုက်ပါတယ်။

"ငါ့ရဲ့အိပ်မက်အရှင်သခင်မလေးက ကြွပ်ဆတ်ဆတ်ပြန်ပြောတတ်တဲ့ စွာလန်ကျဲမကြီး ဖြစ်နေလို့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဒါဆိုရင် မင်းရဲ့အိပ်မက်အရှင်သခင်မလေး ဆိုတာ
ရှင်စန်းပွင့်ပေါ့ ... ဟုတ်လား"

"တိုးတိုးပြောစမ်းပါ နက်ကျယ်ရာ၊ တော်ကြာ သူ ကြားသွား
မယ်"

"ကြား ... ဘလားပေါ့ကွာ၊ ဘာလဲ မိုးဖွဲ၊ မင်းက ကြောက်
တာလား"

"ကြောက်တာမဟုတ်ဘူး ဟိတ်ကောင်ရေ၊ စိတ်ပျက်နေတာ
စိတ်ပျက်နေတာ၊ ဒီစွာလန်ကျဲမနဲ့ ဘယ်လိုလုပ်ပြီး နှစ်ပါးသွ
တွဲကရမယ်မှန်းကို မသိတော့ပါဘူး"

"ဘာပဲဖြစ်ဖြစ် ရောက်လာပြီးမှတော့ ဆက်ကရမှာပေါ့။ ဒီနှစ်
သွားက ပရိသတ်တွေအတွက် အထူးအဆန်းဖြစ် သွားနိုင်တ
လေ"

"ဟုတ်တယ် မိုးဖွဲ၊ မင်း ဒီနှစ်ပါးသွားကို က,ဖြစ်အောင် က
မယ်။ မင်းသမီးက စွာလန်ကြီးမလေးဆိုပေမယ့် အချောလေး
ကွ။ ဟိတ်ကောင် ... က,ဖြစ်အောင် က,ရမယ်နော်"

ဇော်ထိုက်နဲ့ နက်ကျယ်က အဲဒီလို မြှောက်ပေးနေသ
သူ ဒီနှစ်ပါးသွားကို က,ဖြစ်အောင် က,မယ်လို့ ဆုံးဖြတ်လိုက်ပါ
သည်။

အချစ်ကို ကစားနည်းတစ်ခုအဖြစ် သတ်မှတ်ထား
သူက သူမကို ဘယ်လိုပိုးပန်းမှာလဲ။ သူကလည်း သူ့ကိုအမြင်က
မုန်းတီးနေတဲ့သူ။ Lesson ပေးချင်နေတဲ့သူပေါ့။ အခု သူနဲ့ သူ
ထိပ်တိုက်တွေ့နေကြပြီ။ ပွဲကြည့်ပရိသတ်တွေကတော့ သူတို့နှစ်ယော
ဘာတွေဖြစ်ကြမလဲ ဆိုတာကို စိတ်ဝင်တစား စောင့်ကြည့်နေလေ

သူ စန်းပွင့်ကို ဘယ်လိုပိုးပန်းရမလဲဆိုတာကို ခေါ
အကြံထုတ် စဉ်းစားလိုက်၏။ ဒီလိုနေရာမျိုးမှာတော့ လူပေါ်ကြော
က အရမ်းဉာဏ်ပြေးကြပါတယ်။ ဟုတ်ပါတယ်။ သူ ချက်ချင်းဆိုသ
အကြံရသွား၏။





ယောက်ျားအများစုက မိန်းမပိုးပန်းတဲ့အခါမှာ အရှုံးပေးပြီး၊ အောက်ကျို့ခံပြီးတော့ ပိုးပန်းကြပါတယ်။ သူကတော့ အဲဒီလို မဟုတ်ဘူး။ ဘယ်မိန်းမကိုမှ အောက်ကျို့ခံ၊ ဒူးထောက်ပြီးတော့ မပိုးပန်းချင်ဘူး။ မိန်းမဆိုတာ လိုက်ရင်ပြေးတယ်။ အရှုံးပေးရင် မာန်တက်သွားလေ့ရှိတယ်။ အဲဒါကြောင့် သူက ဘယ်မိန်းမကိုမှ အရှုံးမပေးချင်တာပေါ့။ ဒီတစ်ခါလည်း သူ စန်းပွင့်ကို အသာစီးကနေ ပိုးပန်းဖို့ ဆုံးဖြတ်လိုက်ပါတယ်။

သူ တစ်ချက်ပြုံးလိုက်ပြီး နုးညံ့ကို လှမ်းခေါ်လိုက်၏။

"နုးညံ့ ... ဒီကို ခဏလာဦးဟ၊ ငါ နင့်ကိုမေးစရာရှိလို့"

သူက လှမ်းခေါ်လိုက်သဖြင့် နုးညံ့တစ်ယောက် သူတို့ဝိုင်းဆီသို့ လျှောက်လှမ်းလာခဲ့ပါတယ်။ ပြီးတော့ သူမ ခုံတစ်လုံးဆွဲပြီး ဝင်ထိုင်လိုက်၏။

"ဟဲ့ ... နင် ငါ့ကို ဘာမေးမလို့လဲဟ"

"နုးညံ့ ... နင် ငါ့ကို ဟိုတစ်နေ့တုန်းက ပြောခဲ့တယ်လေ။ စန်းပွင့်မှာ ရည်းစားမရှိဘူးဆိုတာ တကယ်လား"

"အင်း ... ဟုတ်တယ်။ လက်ရှိ သူ့မှာ ရည်းစားမရှိဘူး။ ဒါပေမဲ့ သူက ရည်းစားတွေ အများကြီးထားဖူးတယ်နော်"

"Ok ... ရပြီ ... ရပြီ။ ဆက်မပြောနဲ့တော့။ သူ ရည်းစားဘယ်နှယောက်ထားခဲ့ဖူးသလဲ ဆိုတာကို ငါမသိချင်ဘူး။ လက်ရှိ သူ့မှာ ရည်းစားမရှိဘူး ဆိုတာကို သိရရင် ငါကျေနပ်ပြီ"

"နေစမ်းပါဦး၊ ဒါဆိုရင် နင်က စန်းပွင့်ကို ..."

"အေး ... ဟုတ်တယ်"

ဆိုပြီး သူ နုးညံ့ကို မျက်စိတစ်ဖက်မှိတ်ပြလိုက်၏။ သူ့ရဲ့ အထာကို နုးညံ့သဘောပေါက်သွားသဖြင့် တစ်ချက်ပြုံးလိုက်ပါတယ်။

"မိုးဖွဲ ... နင်က စန်းပွင့်ကို စိတ်ဝင်စားနေတာပေါ့လေ။ ကြည့်လုပ်နော် ... ဟိုက နင့်ကို လုံးဝကြည်တာမဟုတ်ဘူး"

"ဘာပဲဖြစ်ဖြစ် ငါ သူနဲ့ စကားသွားပြောကြည့်မယ်၊ နင် လိုက်မလာနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါဟာ ... သွား ... သွား။ နင်နဲ့စန်းပွင့် ဘယ်လိုပြဿနာတွေပဲဖြစ်ဖြစ် ငါ ဝင်မပါတော့ဘူး၊ ငါ ငြိမ်ငြိမ်လေး ထိုင်ပြီး ပွဲကြည့်ပရိသက်ပဲ လုပ်တော့မယ်၊ ဟုတ်ပြီလား"

"Ok ... ဒီလိုမှပေါ့ကွ၊ ကဲ ... ကဲ ... ငါ သူနဲ့စကားသွားပြောလိုက်ဦးမယ်"

ဆိုပြီး မိုးဖွဲတစ်ယောက် ထိုင်နေရာမှထကာ စန်းပွင့်ဆီသို့ လျှောက်လှမ်းသွားပါတော့သည်။ နှုးညို၊ ဇော်ထိုက်နဲ့ နက်ကျယ်တို့ကတော့ သူနဲ့စန်းပွင့် ဘာတွေဖြစ်ကြမလဲ ဆိုတာကို စိတ်ဝင်တစား စောင့်ကြည့်နေလေရဲ့။

စန်းပွင့်က မိုးဖွဲကို Lesson ပေးချင်နေတဲ့သူ။ မိုးဖွဲက စန်းပွင့်ကို အသာစီးကနေ ပိုးပန်းမယ့်သူ။ သူတို့နှစ်ယောက် ဘယ်လိုဖြစ်သွားကြမလဲဆိုတာ စိတ်ဝင်စားဖို့ အရမ်းကောင်းတယ်လေ။ ထို့ကြောင့် ပွဲကြည့်ပရိသတ်တွေ ဖြစ်ကြတဲ့ နှုးညို၊ ဇော်ထိုက်နဲ့ နက်ကျယ်တို့က သူတို့နှစ်ယောက်ရဲ့ဇာတ်လမ်းမှာ လုံးဝဝင်မပါဘဲ ဇာတ်လမ်းဆုံးတဲ့ အထိအောင် ငြိမ်ငြိမ်လေးပဲ ထိုင်ကြည့်ဖို့ ဆုံးဖြတ်လိုက်ပါတော့သည်။

Movie ထိုင်ကြည့်နေတဲ့ စန်းပွင့်အနားသို့ရောက်တော့ သူ သူမကို တိုးညင်းစွာ ခေါ်လိုက်ပါတယ်။

"ဒီမှာ ... မိန်းကလေး"

သူ့အသံက တိုးတိုးလေး ဆိုပေမယ့် သူမ ကောင်းကောင်းကြားပါတယ်။ သို့ပေမဲ့လည်း သူမ မကြားချင်ယောင်ဆောင်ပြီး TV ကိုသာ သဲသဲမဲမဲ စိုက်ကြည့်နေလိုက်တယ်။ ထို့ကြောင့် သူ အသံကို နည်းနည်းတိုးမြှင့်ပြီး ထပ်ခေါ်ကြည့်၏။

"ဒီမှာ ရှင်စန်းပွင့်"

သူ့ရဲ့အသံထဲမှာ မာန်နည်းနည်းပါသွားသလိုပါပဲ။ သို့ပေမဲ့ သူမက သူ့ကို လုံးဝအရေးမလုပ်ဘူး။ မကြားချင်ယောင်ဆက်ဆောင်ပြီး ခပ်တည်တည်ပဲ နေလိုက်တယ်။ သူ့ဘက်ကို တစ်ချက်လေးတောင် လှည့်မကြည့်ပါဘူး။ ထို့ကြောင့် သူ သူမကို တင်းသွားပြီး သူမရဲ့လက်မောင်းကို "အင်းဟာ"ဆိုပြီး အသားကုန် ဆိတ်ဆွဲပစ်လိုက်သည်။





"အား ... ရှင် ... ရှင် ... ကျွန်မကို ဘာလုပ်တာလဲ"

"မင်းရဲ့လက်မောင်းက ပုရွက်ဆိတ်လေးကို ဆွဲယူဖယ်ရှားပေးလိုက်တာလေ"

"ရှင်နော် ... ရှင်၊ ပြောင်လိမ်ဖို့ မကြိုးစားနဲ့၊ ရှင် ကျွန်မ လက်မောင်းကို ဆိတ်ဆွဲတာမှလား"

"မဟုတ်ရပါဘူးကွာ၊ ကိုယ်က မင်းကို ဘာလို့ ဆိတ်ဆွဲရမှာလဲ။ တကယ်ပဲ မင်းရဲ့လက်မောင်းမှာ ပုရွက်ဆိတ်လေးတစ်ကောင်တွေ့လို့ ဆွဲယူဖယ်ရှားပေးလိုက်တာပါ"

"ဒါဆိုရင်ပြလေ၊ ဘယ်မှာလဲ၊ ရှင် ဆွဲယူလိုက်တဲ့ ပုရွက်ဆိတ်"

"မရှိတော့ဘူးကွ၊ အခုလေးတင်ပဲ လုံးခြေပြီးတော့ လွှင့်ပစ်လိုက်ပြီ"

သူက အဲဒီလိုပြောပြီး ပြုံးစိစိကြီး လုပ်နေတော့ သူမမှာ မြင်ကတ်လွန်းလို့ ဆွဲထိုးပစ်ချင်စိတ်များပင် ပေါက်နေတော့၏။ ပေမဲ့လည်း သူမ စိတ်ကို လျှော့ချထားလိုက်ပါတယ်။ လူကိုထိုးရင် ပဲနာမှာလေ။ နှလုံးသားကိုထိုးမှ ဆတ်ဆတ်ခါအောင် နာကျင်မှာလား။ ထို့ကြောင့် သူမ သူ့ရဲ့နှလုံးသားတည့်တည့်ကို အပိုင်ဆွဲထိုးဖို့ ရွယ်လိုက်တယ်။ လက်သီးနဲ့ ချိန်ရွယ်လိုက်တာ မဟုတ်ပါဘူး။ ကြင်နာမျက်ဝန်းလေးနဲ့ ချိန်ရွယ်လိုက်တာပါ။ ဒီလို သူမရဲ့အကြည့် ချက်ချင်းဆိုသလို ပြောင်းလဲသွားသဖြင့် သူ အံ့သြသွားလေသည်။

"မိုးဖွဲ ... ရှင်နဲ့ကျွန်မ ရန်မဖြစ်ကြတော့ဘဲ peace ယူလိုက်ရင် မကောင်းဘူးလား"

ဒီလို ရုတ်တရက် သူမက ငြိမ်းချမ်းရေးစကားပြောဆိုလိုက်တော့ သူ အံ့သြသည်ထက် ပိုအံ့သြသွားလေသည်။ ဒါ မိန်းမတစ်ယောက်ရဲ့ မာယာတွေလား။ သူ ခေတ္တမျှ စဉ်းစားပြီးနောက် သူမရဲ့ ကို လိုက်လျောတာ အဲဒီမိန်းမကို အရှုံးပေးလိုက်တာနဲ့ အတူတူပဲ။ ဒါကြောင့်မို့ သူ သူမရဲ့ဆန္ဒကို ဘူးကန့်လန့်တိုက်လိုက်၏။

"နေစမ်းပါဦး၊ မင်းက ကိုယ်နဲ့ တကယ်ပဲ ငြိမ်းချမ်းရေးယူချင်တာ ဟုတ်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... တကယ်ပေါ့၊ ကျွန်မ ရှင်နဲ့ ခင်မင်ရင်းနှီးချင်တယ် လေ။ ရှင်က အပြောသိပ်မတတ်ပေမယ့် ခင်ဖို့တော့ ကောင်းတာ ပဲ။ ဘယ်လိုလဲ။ ရှင် သဘောတူတယ်မှုလား။ ကျွန်မတို့နှစ် ယောက် Peace ယူလိုက်ကြရအောင်နော်"

"ကောင်းပြီလေ၊ ဒီကိစ္စအတွက် ကိုယ်စဉ်းစားပေးပါမယ်။ မနက် ဖြန်ကျမှ ထပ်တွေ့ကြတာပေါ့။ See you tomorrow !"

ထိုသို့ပြောပြီး သူ သူမကို ကျောခိုင်းကာ ဒီဘက်သို့ပြန် လျှောက်လာ၏။ ထို့နောက် သူ နုးညှံ့ကို နှုတ်ဆက်စကားပြောဆိုပြီး ဖော်ထိုက်နဲ့ နက်ကျယ်ကိုခေါ်ကာ ဆိုင်အပြင်သို့ ထွက်သွားပါတော့သည်။

စန်းပွင့်ကတော့ သူပြောသွားတဲ့ စကားကြောင့် ဆွေ့ဆွေ့ ခုန်ပြီး ကျန်ရစ်ခဲ့လေရဲ့။ နုးညှံ့ သူမဆီသို့ ပြေးလာခဲ့ပါတယ်"

"ဘယ်လိုလဲ စန်းပွင့်၊ နင် မိုးဖွဲ့ကို Lesson ပေးလိုက်ပြီလား"

"ငါက သူနဲ့ရန်မဖြစ်ချင်တော့လို့ Peace ယူဖို့ တောင်းဆိုလိုက် တယ်။ ဒါကိုပဲ သူက အခုချက်ချင်း Peace မယူဘဲ စဉ်းစား မယ်တဲ့။ နောက်နေ့ကျမှ အဖြေပေးမယ်တဲ့။ ဟွန်း ... ငါက သူ့ကို ရည်းစားစကား ပြောလိုက်တာကျနေတာပဲ၊ ပြောသွားတဲ့ ပုံစံက လုံးဝကိုထောင်မကျိုးဘူး။ တွေ့မယ် ... တွေ့မယ်၊ နောက် နေ့ကျရင် သင်း နွားဖြစ်ပြီသာမှတ်"

စန်းပွင့်တစ်ယောက်'အံကြိတ်ပြီး အဲဒီလို ကြိမ်းဝါးပြောနေ လိုက်တယ်။ ဟုတ်ပါတယ်။ သူမ တော်တော်လေးကို မခံချိမခံသာ ဖြစ်နေတယ်လေ။ ဒေါသထွက်တာမှ အသားတွေ တဆတ်ဆတ်တုန်နေ အထိပါပဲ။ ယောက်ျားကျမ်းကျေတဲ့ သူမ ဒီတစ်ခါတော့ ခံလိုက်ရ ဖြစ်၏။ ဟိုက သူမကို အပြတ်သတ်ကို ကျောသွားတာ။ လက်မောင်း ကိုလည်း ဆိတ်ဆွဲသွားသေးတယ်။

ယောက်ျားနဲ့နွား ညီမျှတယ်၊ တူညီတယ်လို့ ပြောပြောနေ တဲ့ သူမ။ ကြိမ်းဝါးထားသည့်အတိုင်း တကယ်ပဲ မိုးဖွဲ့ကို နွားဖြစ်အောင် လုပ်မှာလား။ ဒါမှမဟုတ် မိုးဖွဲ့ကပဲ သူမကို ကစားသွားမလား ဆိုတာ ကတော့ ...။

✧ ❤ ✧





"မုန်းလေ ...
ကြိုက်သလောက်မုန်း ...
ပက်ပက်စက် စက်ကိုမုန်း ...
ငါက သူ့ရဲ့အမုန်းတွေကို မြှင့်တင်ပေး လိုက်ရုံပဲ ...
ဘယ်လောက်ထိအောင် ...
အမုန်းမီးတွေ ...
ဟုန်းဟုန်းတောက်လောင်ကျွမ်းနေပါစေ...
နောက်ဆုံးတော့ ... ပြာဖြစ်သွားမှာပဲ ...
အဲဒီပြာက ...
ငါ့အတွက် ... ကဗျာပေါ့ကွ ...
အထာနဲ့ပြောရရင် ...
မဟာဆန်တဲ့ ကာရန်တစ်ခုက ...
အဲဒီအချိန်ကျရင် ...
ငါတို့နှစ်ယောက်ရဲ့နှလုံးသား တစ်ခုကို ...
"ဒုံ" ဆိုပြီးတော့ ... ညှိနှိုင်းပေးသွားလိမ့်မယ် ...
မင်းတို့ ... မယုံရင် စောင့်ကြည့်လိုက်"

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

“Queen Berry,” Snack Bar မှ ထွက်လာပြီးနောက် သူ တခြား ဘယ်နေရာကိုမှ မသွားတော့ဘဲ သူ့ရဲ့အိမ်ဆီသို့သာ တည့်တည့်မတ်မတ် မောင်းနှင်လာ၏။

ဇော်ထိုက်နဲ့ နက်ကျယ်တို့ကလည်း ဒီနေ့ ဘယ်ကိုမှသွား စရာမရှိသဖြင့် သူ့အိမ်သို့ လိုက်လာခဲ့ပါတယ်။

အပြင်မှာ မိုးတွေအရမ်းသည်းနေသဖြင့် သူ ကားကိုဂိုဒေါင် ထဲထိရောက်အောင် မောင်းနှင်သွား၏။ ပြီးတော့မှ သူတို့ (၃)ယောက် ကားပေါ်ကနေဆင်းပြီး အိမ်ထဲသို့ ဒုန်းစိုင်းပြေးလာကြတယ်။

“ဟဲ့ ... ဟဲ့ ... ဘာလို့ အရမ်းပြေးလာကြတာလဲ၊ တော်ကြာ ချော်လဲပြီး ကျိုးပဲ့ကုန်ဦးမယ်”

“ဘာမှမဖြစ်ပါဘူး မာမိရာ၊ သားတို့ ကလေးသေးသေးကွေးကွေး လေးတွေ မဟုတ်ဘူးဗျ”

“ကဲ ... ကဲ ... စကားများမနေနဲ့တော့၊ သားတို့ မိုးမိလာကြတယ် မှလား။ သွား ... သွား ... ခေါင်းကို တဘက်နဲ့ အရင်ဆုံးသုတ် လိုက်၊ တော်ကြာ အအေးပတ်ပြီး ဖျားနေလိမ့်မယ်”

“ဟုတ်ကဲ့ ... ဟုတ်ကဲ့”





ဆိုပြီး မိုးဖွဲ၊ ဇော်ထိုက်နဲ့ နက်ကျယ်တို့ အိမ်အပေါ်ထပ်သို့ ပြေးတက်သွားလေသည်။ ဒေါ်မိုးသည်းကတော့ သူ့ရဲ့သား ဒီနေ့ အိမ်ပြန် လာသည့်အတွက် အလွန်အံ့သြနေတော့သည်။

အခန်းထဲသို့ရောက်တော့ သူတို့(၃)ယောက် အရင်ဆုံး ခေါင်းကိုခြောက်သွေ့သွားအောင် ပွတ်သုတ်လိုက်ကြ၏။ ပြီးတော့ (၃) ယောက်စလုံး အဝတ်အစားလဲပြီး ခုတင်ပေါ်သို့ ပြေးတက်သွားကြတယ်။ ခု ဇော်ထိုက်နဲ့ နက်ကျယ်တို့ ဝတ်ထားကြတာ မိုးဖွဲ့ရဲ့အဝတ်အစား တွေပေါ့။ သူတို့ရဲ့အဝတ်အစားတွေက စိုထိုင်းထိုင်း ဖြစ်နေသဖြင့် ခုလို မိုးဖွဲ့ရဲ့အဝတ်အစားတွေကို ယူဝတ်လိုက်ခြင်းပင်ဖြစ်၏။ ထို့နောက် (၃)ယောက်သား ခုတင်ပေါ်တွင်လှဲအိပ်ပြီး စကားစမြည် ပြောဆိုနေကြ တော့သည်။ သူတို့ပိုးပန်းနေတဲ့ ကောင်မလေးတွေရဲ့အကြောင်းပေါ့။ ဇော်ထိုက်က အရင်ဆုံး စပြောလိုက်ပါတယ်။

“မိန်းမတစ်ယောက်ရဲ့ပျော့ကွက်ကို နင်းထားရင် အဲဒီမိန်းမက ကော်ဖတ်အရုပ်လေးတစ်ရုပ် ဖြစ်သွားတယ် ဆိုတာ တကယ်မှန် တယ်ကွ”

“အံမယ် ... ငါ့ကောင်ကြီး တိုးတက်လာပါလား။ မင်းရဲ့ပြောပုံ အရဆိုရင် မင်းက ငုဝါရဲ့ပျော့ကွက်ကို အပိုင်နင်း ထားတာပေါ့ လေ။ ဟုတ်လား”

မိုးဖွဲက အဲဒီလိုမေးလိုက်တော့ ဇော်ထိုက်က “အင်း”ဆိုပြီး ခေါင်းညိတ်ပြလိုက်ပါတယ်။ အိပ်နေရင်းနဲ့ပေါ့။

“ကဲ ... ပြောစမ်းပါဦး၊ ငုဝါရဲ့ပျော့ကွက်က ဘာလဲကွ”

“အင်း ... ငုဝါရဲ့ပျော့ကွက်က ဘာလဲဆိုတော့ သူက ရွှေ၊ ရတနာ၊ အဆောင်အယောင်ပစ္စည်းတွေ အရမ်းမက်မောတာပဲ၊ ဒါကြောင့် ငါ သူ့ရဲ့အဲဒီပျော့ကွက်ကို နင်းပြီး ရွှေလက်ကောက်တစ်ကွင်း လက်ဆောင်ပေးလိုက်တယ်။ အဲဒီတော့ သူ ငါ့ကို စိတ်ဆိုးပြေ သွားတယ်လေ။ နောက်တစ်ကြိမ်ဆုံတွေ့တော့ ငါ သူ့ကို (၃)ကျပ် သား ရွှေဆွဲကြိုးတစ်ကုံး ဝယ်ပေးပြီး ချစ်ခွင့်ပန်လိုက်တယ်။ အဆင် ပြေတယ်ကွ။ သူ့ရဲ့ မျက်နှာလေးက ပြုံးရွှင်နေတာပဲ၊ ငါ့ကို ကြည်ဖြူတယ် ထင်ပါရဲ့”



www.burmeseclassic.com

www.burmeseclassic.com



ဖော်ထိုက်က အဲဒီလို ပြောလိုက်တော့ နက်ကျယ်ကလည်
အားကျမခံ အမြန်ဝင်ပြောလိုက်၏။

"ငါလည်း ဝင့်ဝါနဲ့ အဆင်ပြေသွားပြီကွ။ ဘာကြောင့်လဲဆိုတော
ငါက သူ့ရဲ့ပျော့ကွက်ကို အပိုင်တက်နင်းထားနိုင်လို့ပေါ့"

နက်ကျယ်က အဲဒီလို အားရပါးရ ပြောလိုက်တော့ မိုးဖွဲ
မေးလိုက်ပြန်တယ်။

"ကဲ ... ဆိုစမ်းပါဦး၊ မင်း ကောင်မလေးရဲ့ ပျော့ကွက်ကဘေ
ဘာလဲကွ"

"အင်း ... ဝင့်ဝါရဲ့ပျော့ကွက်က ဘာလဲဆိုတော့ သူက တန်
ကြီးတဲ့ အလှကုန်ပစ္စည်းတွေကို အရမ်းမက်မောတာပဲ၊ ဒါကြော
ငါ သူ့ကို အရည်အသွေးမြင့်တဲ့ အလှကုန်ပစ္စည်းတွေ အများ
ဝယ်ပေးပြီး ချော့လိုက်တယ်။ ဘယ်ရမလဲ၊ သူ ချက်ချင်း စိတ်
ပြေသွားတာပေါ့။ နောက်ရက်ကျတော့ ငါ သူ့ကို(၇)သိန်းဖေ
တန် ဂါဝန်တစ်ထည်ဝယ်ပေးပြီး ချစ်စကား ပြောလိုက်တယ
လုံးဝအဆင်ပြေတယ်ကွာ။ သူက ငါပေးတဲ့လက်ဆောင်ကို ကြ
ကြည်ဖြူဖြူ လက်ခံတယ်လေ။ ပြီးတော့ ငါပြောတဲ့ ချစ်စ
တွေကိုလည်း ပြုံးရွှင်တဲ့မျက်နှာလေးနဲ့ အကြာကြီး နားထောင်
တယ်။ ဒီလို သူနဲ့ငါ အဆင်ပြေသွားတာ ငါက သူ့ရဲ့ပျော့ကွ
ကို အပိုင်တက်နင်းပစ်လိုက်လို့ပေါ့"

သူငယ်ချင်းနှစ်ယောက်ရဲ့စကားကို နားထောင်ပြီး သူ အ
စိတ်ပျက်သွားတယ်။

"ဒီမှာ ဟိတ်ကောင်တွေ၊ မင်းတို့ မှားနေပြီကွ၊ လုံးဝ လုံး
မှားနေပြီ"

သူက အဲဒီလိုပြောလိုက်တော့ ဖော်ထိုက်က ...

"နေစမ်းပါဦး၊ ငါတို့က ဘာမှားနေလို့လဲ၊ မင်းပြောတာ
အတိုင်း ငါတို့နှစ်ယောက် ကောင်မလေးတွေရဲ့ ပျော့ကွက်
အပိုင်တက်နင်းထားတယ်လေ"





"အဲဒါ မှားတာပေါ့ကွ၊ မင်းတို့နင်းထားတာ ပျော့ကွက် မဟုတ်
ဘူး၊ ဖော့ဖိနပ်ကွ ... ဖော့ဖိနပ်။ ဒီပုံစံအတိုင်း ဆက်သွားနေမယ်
ဆိုရင် မင်းတို့နှစ်ယောက် မွဲတေပြီး ဖော့ဖိနပ်စီးရတဲ့ ဘဝကို
ရောက်သွားလိမ့်မယ်"

သူက အဲဒီလိုပြောလိုက်တော့ သူတို့နှစ်ယောက် မျက်
တလူးဆန်ပျာ ဖြစ်သွားကြတယ်။

"ဘာ ... ဖော့ဖိနပ်စီးရတဲ့ ဘဝကို ရောက်သွားလိမ့်မယ်၊ ဟုတ်
လား"

"ဟုတ်တယ်လေ၊ မင်းတို့ ပိုးပန်းနေတဲ့ပုံက ပုံမှမလာတာ၊
ရည်းစားတစ်ယောက်ရဖို့ အဲဒီလောက်ထိ အကုန်အကျခံဖို့ မလို
ဘူးကွ၊ ထားပါတော့လေ၊ မင်းတို့ အခု ကောင်မလေးတွေနဲ့
အဆင်ပြေနေရင် ပြီးတာပါပဲ။ ဒါပေမဲ့ တစ်ခုတော့ ပြောထား
မယ်၊ မင်းတို့ ဖော့ဖိနပ်မစီးချင်ဘူးဆိုရင် နောက်ဆိုရင် ကောင်မ
လေးတွေကို ချိုချဉ်လေးတစ်လုံးတောင် ဝယ်မကျွေးနဲ့တော့ ...
ကြားလား"

သူက အဲဒီလိုပြောလိုက်တော့ နှစ်ယောက်စလုံး "အင်း"
ဆိုပြီး ပြိုင်တူပြန်ဖြေလိုက်ပါတယ်။ ခေတ္တမျှကြာတော့ ဖော်ထိုက်က
ဒီနေ့ စန်းပွင့်ကို မိုးဖွဲ ဘယ်လိုပိုးပန်းခဲ့သလဲ ဆိုတာကို သိချင်သဖြင့်
မေးမြန်းလိုက်၏။

"ဟိတ်ကောင် မိုးဖွဲ၊ ခုနတုန်းက မင်း စန်းပွင့်ကို ဘယ်လိုဗျူဟာ
သုံးပြီး ပိုးပန်းခဲ့တာလဲ၊ ငါတို့ကို ပြန်ပြောပြဦးလေ"

"အင်း ... ဒီတစ်ခါ ငါသုံးစွဲလိုက်တဲ့ ဗျူဟာရဲ့နာမည်က 'မီးလောင်
ရာ လေပင့်တိုက်'တဲ့"

"ဘယ်လို ... မီးလောင်ရာ လေပင့်တိုက် ... ဟုတ်လား၊ ငါတို့
နားလည်အောင် ပြောစမ်းပါကွာ"

"မင်းတို့ကလည်း ဒါလေးတောင် နားမလည်ဘူးလား၊ မီးလောင်
ရာ လေပင့်တိုက်ရင် ဘာဖြစ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နဂိုလောင်ကျွမ်းနေတာထက် ပိုပြီးတော့ ဟုန်းဟုန်းတောက်အောင် လောင်ကျွမ်းမှာပေါ့"

နက်ကျယ်က အဲဒီလို ပြောလိုက်တော့ သူ ခေါင်းညိတ်ပြီး လက်ဖျောက်တစ်ချက် တီးလိုက်၏။

"မှန်တယ် … အဲဒီလို လောင်ကျွမ်းမှုအား ကောင်းလေလေ ပြာမြန်မြန်ဖြစ်လေပဲ၊ စန်းပွင့်က စွာတယ်လေ၊ ငါ အခုစွာတဲ့သူကို စွာသထက်စွာအောင် လုပ်မှာကွ၊ ဒီလောက်ဆိုရင် မင်းတို့ သဘောပေါက်မှာပါ"

"ဟိတ်ကောင် … ဒါဆိုရင် စန်းပွင့်က မင်းကို မကြည်ဖြူဘဲ မုန်းသွားမှာပေါ့ကွ"

"မုန်းလေ … ကြိုက်သလောက်မုန်း၊ ပက်ပက်စက်စက်ကို မုန်း။ ငါက သူ့ရဲ့အမုန်းတွေကို မြှင့်တင်ပေးလိုက်ရုံပဲ၊ ဘယ်လောက်ထိအောင် အမုန်းမီးတွေ ဟုန်းဟုန်းတောက် လောင်ကျွမ်းနေပါစေ၊ နောက်ဆုံးတော့ ပြာဖြစ်သွားမှာပဲ။ အဲဒီပြာက ငါ့အတွက် ကဗျာပေါ့ကွ။ အထာနဲ့ပြောရရင် မဟာဆန်တဲ့ ကာရန်တစ်ခုက အဲဒီအချိန်ကျရင် ငါတို့နှစ်ယောက်ရဲ့ နှလုံးသားတစ်စုံကို 'ဒုံ'ဆိုပြီးတော့ ညှိနှိုင်းပေးသွားလိမ့်မယ်။ မင်းတို့ မယုံရင် စောင့်ကြည့်လိုက်"

"အားရှားပါး … စကားလုံးတွေက လန့်ထွက်နေတာပဲ၊ ieda က ဘုံ(၇)ဆင့်မှာ။ ယုံတယ် မိုးဖွဲ၊ ငါ မင်းရဲ့ နောက်ဆုံးအဆင့်ထိ တွေးတောကြံစည်တတ်တဲ့ idea ကို လုံးဝစားတယ်"

ဖော်ထိုက်က ထိုသို့ အားပါးတရ ပြောဆိုလိုက်ပြီး သူ့ကို အလေးပြု၊ ဆလံသ,လိုက်၏။ သူ့ရဲ့အပြော၊ သူ့ရဲ့ idea၊ သူ့ရဲ့ ဗျူဟာကို တော်တော်လေး ခိုက်သွားပုံရတယ်။

အင်း … မိုးဖွဲတစ်ယောက် သူ့ရဲ့စကားအတိုင်း စန်းပွင့်ကို အမုန်မီးတွေ တောက်အောင်လုပ်။ ပြီးတော့ အဲဒီအမုန်းတွေကို ပြာချပစ်ပြီး သိပ်လှပတဲ့ ကဗျာတစ်ပုဒ်အဖြစ် တကယ်ပဲ ပြောင်းလဲပစ်နိုင်မှာလား ဆိုတာကတော့ …။





"ဟုတ်တယ်လေ …
စိတ်က ဒါလိုချင်ပြီဆိုရင် …
ခန္ဓာက ဒါကိုမရ,ရအောင် လုပ်ပေးရတယ် …
စိတ်က ဟိုဟာ လိုချင်ပြီဆိုရင် …
ခန္ဓာက ဟိုဟာကို မရ,ရအောင်လုပ် ပေးရတယ် …
အဲဒါကိုသာ ကြည့်ပေတော့ …
ကိုယ့်စိတ် နဲ့ကိုယ်တောင် အရမ်းပင်ပန်းနေပြီ …
ဒါကိုပဲ အခြားစိတ်တစ်ခုနဲ့ပေါင်းစပ်ပြီး …
အဲဒီစိတ်ရဲ့အလိုဆန္ဒကို …
ဖြည့်ဆည်းပေးရမယ်ဆိုရင် … ဟူး …"

www.burmeseclassic.com

www.burmeseclassic.com

## နောက်တစ်နေ့

Sunday မှာလည်း သူစမ်းချောင်းဘ
သို့ သွားရမှာ ဖြစ်၏။ ,စာသင်ဖို့အတွက်ပေါ့။ ဟုတ်ပါတယ်။ 
ပြောနေတဲ့သူ ဆိုတာက မင်းပြတ်သားပါပဲ။ ဝိုင်းက(၁၀) နာရီခွဲမှ
ဖြစ်ပေမယ့် သူ(၉)နာရီလောက်ကတည်းက ထွက်လာခဲ့ပါတယ်

မနေ့တုန်းက နှုးညံ့က သူမတို့ဆိုင်ကိုဝင်ခဲ့ဖို့ သူ့ကို
ထားတယ်လေ။ ထို့ကြောင့် သူ အခုလို စောစောထွက်လာခြင်းပ
၏။ Bus ကားစီးလာရတာဆိုတော့ သူ သူမတို့ဆိုင်သို့ (၉)
လောက်မှ ရောက်လာခဲ့ပါတယ်။

ကောင်တာထိုင်နေတဲ့ နှုးညံ့က ဆိုင်ရှေ့ရောက်လာ
သူ့ကိုမြင်သွားတော့ ပြုံးပျော်ရွှင်သွားပြီး ထိုင်နေရာမှထကာ အ
ကလေး ဆီးကြိုလိုက်၏။ သူ့ကိုမြင်တိုင်း သူမရဲ့ကျွေတွေ အ
ပျောက်ဆုံးသွားတာ ဘာကြောင့်လဲ။ ဟန်ဆောင်ခြင်းကင်းမဲ့တာ
စစ်များလား။ သို့ပေမယ့် အရာရာက မရေရာသေးဘဲ ဒွိဟာရှိလို ဝိုင်း
ဖြစ်နေဆဲပါပဲ။





သူမ သူ့ကို ဆိုင်ထဲသို့ခေါ်ဆောင်လာခဲ့ပါတယ်။ ပြီးတော့
ဝိုင်းတစ်ဝိုင်းတွင် ဝင်ထိုင်လိုက်၏။

"ကိုပြတ်သား ... ခဏနေဦးနော်၊ ကျွန်မ ကော်ဖီသွားဖျော်လိုက်ဦးမယ်"

"နှုးညံ့ကလည်း ဆိုင်မှာ ဝိတ်တာမယ်တွေ အများကြီးရှိတဲ့ဟာကို၊ သူတို့ကို ဖျော်ခိုင်းလိုက်ပေါ့"

"ဟင့်အင်း ... ဘယ်သူ့ကိုမှ မဖျော်ခိုင်းပါဘူး၊ ကျွန်မကိုယ်တိုင်ပဲ သွားဖျော်မယ်"

ဆိုပြီး သူမ ထိုင်နေရာမှထဖို့ ဟန်ပြင်လိုက်၏။ ထိုအချိန်မှာပဲ စန်းပွင့်က လင်ပန်းတစ်ချပ်ပေါ်တွင် ကော်ဖီခွက်တစ်ခွက်နှင့် Berry မုန့်များစွာကို သယ်ဆောင်လာပြီး ထိုဝိုင်းသို့ ရောက်လာပါတော့သည်။

"ကော်ဖီတစ်ခွက်နဲ့အတူ မိတ်ဖွဲ့ပါရစေရှင်၊ ဒီ Berry မုန့်တွေက အကယ်ဒမီဆုမရပေမယ့် ချယ်ရီဟုချ်ရဲ့လက်ရာအတိုင်း ပြုလုပ်ထားတာမို့ အထူးကောင်းမွန်ပါတယ်။ သုံးဆောင်လိုက်ပါဦးရှင်"

စန်းပွင့်က အဲဒီလိုပြောပြီး ကော်ဖီခွက်နှင့် Berry မုန့်များကို စားပွဲပေါ်သို့ တင်ပေးလိုက်၏။ ထို့နောက် သူမ ခုံတစ်လုံးဆွဲပြီး ဝင်ထိုင်လိုက်ပါတယ်။ ပြတ်သား တစ်ယောက် သူတစ်ခါမှ မမြင်ဘူးသေးတဲ့ သူမကို စူးစူးဝါးဝါး စိုက်ကြည့်ပစ်လိုက်၏။ သူမက ဘယ်သူလဲ။ သူမက သူ့ကို ဘာကြောင့် ကော်ဖီနဲ့ Berry မုန့်တွေကို ကိုယ်တိုင်သယ်ဆောင်လာပြီး ချကျွေး ရတာလဲ။ သူမက သူ့ကို သိနေလို့လား။ ထိုမေးခွန်းတွေကို သူ သိချင်နေ၏။

နှုးညံ့ကတော့ အကောင်းဆုံး ကော်ဖီတစ်ခွက်ကို သူမကိုယ်တိုင်ဖျော်ပြီး သူ့ကို တိုက်မယ်ဆိုတဲ့ စိတ်ကူးလေး ပျက်စီးသွားသဖြင့် ဝမ်းနည်းနေပုံရတယ်။ ဟုတ်ပါတယ်။ သူမ စန်းပွင့် ယူဆောင်လာတဲ့ ကော်ဖီနဲ့ Berry မုန့်တွေကိုကြည့်ပြီး ရင်ထဲ၌ စူးအောင့်နာကျင်နေသလိုလို ဖြစ်နေတော့၏။ မျက်နှာပျက်မသွားအောင် ဟန်ဆောင်ထားနိုင်ပေမယ့် စောစောတုန်းကလိုတော့ မပြုံးရွှင်တော့တာ အမှန်ပဲ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



စန်းပွင့်ရဲ့ မျက်နှာကတော့ ကြည်လင်ပြုံးရွှင်နေလေရဲ့ သူက သူမကို အချိန်တော်တော်ကြာတဲ့အထိ ကြောင်ကြည့်နေသဖြ သူမကပဲ မိတ်ဖွဲ့စကား ပြောဆိုလိုက်ပါတယ်။

"ဩော် ... ကျွန်မရဲ့နာမည်က ရှင်စန်းပွင့်ပါ။ နုးညံ့ရဲ့ သူငယ် ချင်းပေါ့။ တွေ့ရတာ ဝမ်းသာပါတယ်"

ဆိုပြီး သူမက လက်ကမ်းပေးလိုက်တော့ သူက ...

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ်"

ဟု ပြန်ပြောလိုက်ပြီး လက်ဆွဲနှုတ်ဆက်လိုက်ပါတယ်

"ဒါနဲ့ ရှင့်ရဲ့နာမည်က မင်းပြတ်သားနော်၊ ဟုတ်တယ်မှုလား"

"အင်း ... ဟုတ်ပါတယ်၊ စန်းပွင့်က ကိုယ့်နာမည်ကို ဘယ် လုပ်ပြီး သိနေတာလဲ"

"ဩော် ... နုးညံ့ပြောပြထားလို့ သိတာပါ။ ဒါနဲ့ ရှင်က အချိန် ကိုးကွယ်တဲ့သူဆို ... ဟုတ်လား"

"ဟုတ်ပါတယ် ... ကိုယ်က အချိန်ကို ကိုးကွယ်တယ်၊ အလုပ် လေးစားတယ်၊ အလုပ်မရှိတဲ့ အချိန်တွေမှာဆို တစ်ယော တည်းနေတာ များပါတယ်"

"ကျွန်မကတော့ လုံးဝတစ်ယောက်တည်း မနေတတ်ပါဘူ အဲဒီလိုနေရမယ်ဆိုရင် ပျင်းလွန်းလို့ အရည်ပျော်ကျပြီး သေ သွားနိုင်တယ်၊ အနည်းဆုံး ဘေးနားမှာ သူငယ်ချင်းတစ်ယော ဒါမှမဟုတ် ဆွေမျိုးသားချင်းတစ်ယောက်လောက်ရှိမှ နေတ တယ်"

"စန်းပွင့်ရဲ့ ပြောပုံအရဆိုရင် အိမ်ထောင်မကျသေးဘူး ထင်တယ် ဟုတ်တယ်မှုလား"

"အင်း"

ဆိုပြီး သူမ ခေါင်းညိတ်ပြလိုက်၏။ ပြီးတော့ သူမ သူ့ ပြန်မေးလိုက်တယ်။

"ဒါနဲ့ ရှင်ကော ... အိမ်ထောင်မကျသေးဘူး မှုလား"





"ဟုတ်ပါတယ်၊ ကိုယ်လည်း အိမ်ထောင်မကျသေးပါဘူး၊ အပြတ်သားဆုံး ပြောရရင် ကိုယ့်မှာ အိမ်ထောင်ပြုဖို့ အစီအစဉ် လုံးဝမရှိဘူးကွ၊ တစ်သက်လုံး တစ်ယောက်တည်းပဲ အေးအေးချမ်းချမ်း နေသွားမယ်လို့ ဆုံးဖြတ်ထားတယ်"

သူက အဲဒီလိုပြောလိုက်တော့ သူမတို့နှစ်ယောက်စလုံး ညသွားလေသည်။ ဒီလောက်ထိအောင် Style ကျကျ ဝတ်ဆင် ဆင်ထားပြီး Attraction အရမ်းရှိတဲ့ ယောကျ်ားတစ်ယောက်က ဒီတစ် က် မိန်းမ,မယူပါဘူးလို့ ဆုံးဖြတ်ထားတယ်တဲ့။ ဖြစ်နိုင်ပါ့မလား။ ယုံကြည်နိုင်စရာပါပဲ။ ဟုတ်ပါတယ်။ သူမတို့နှစ်ယောက် သူ့ရဲ့စကား ကို လုံးဝယုံလို့မရဘူး ဖြစ်နေတယ်။

"နေစမ်းပါဦး ... ကိုပြတ်သားက ဘာကြောင့် ဒီတစ်သက် အိမ်ထောင်မပြုပါဘူးလို့ ဆုံးဖြတ်ထားတာလဲ။ ဘာလဲ ... ကိုပြတ်သားက မိန်းမတွေကို မုန်းလို့လား"

စန်းပွင့်က အဲဒီလို မေးလိုက်တော့ သူ ခေါင်းယမ်းပြလိုက် တယ်။

"မဟုတ်ဘူး ... မဟုတ်ဘူး၊ ကိုယ်က မိန်းမတွေကိုနာကြည်း မုန်းတီးနေတဲ့ လူတစ်ယောက် မဟုတ်ပါဘူး"

"ဒါဆိုရင် ဘာကြောင့် ဒီတစ်သက် အိမ်ထောင်မပြုဘူးလို့ ဆုံးဖြတ်ထားတာလဲ။ ကိစ္စမရှိဘူးဆိုရင် ပြောပြပါလား"

နုးညံ့က ကြားဝင်၍ အဲဒီလို မေးလိုက်တော့ အပြောပြတ် ပြတ်သားက သူ့ရဲ့အယူအဆတွေကို သူမတို့သိအောင် ပြတ်ပြတ် သားသား ပြောပြလိုက်၏။

"ကိုယ်က အိမ်ထောင်ပြုတယ် ဆိုတာကို စိတ်တစ်ခုနဲ့တစ်ခု ပေါင်းစပ်လိုက်တာလို့ ထင်မြင်မိတယ်လေ။ စိတ်ဆိုတဲ့အရာက မင်းတို့သိတဲ့အတိုင်းပဲ အချိန်တိုင်း ပျံ့လွင့်နေတယ်။ စက္ကန့်တိုင်း ယောက်ယက်ခတ်နေတတ်တယ်၊ စိတ်တစ်ခုနဲ့တစ်ခု ထပ်တူ ကျဖို့ဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး။ အမှန်အတိုင်းပြောရရင် ကိုယ်က ကိုယ့်စိတ်ကိုတောင် ကိုယ်မလိုချင်တော့ဘူး၊ ဒုက္ခတွေ များလွန်းလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ... ဒုက္ခတွေများလို့ ... ဟုတ်လား"

"ဟုတ်တယ်လေ၊ စိတ်က ဒါလိုချင်ပြီဆိုရင် ခန္ဓာက ဒါကို မရ ရအောင် လုပ်ပေးရတယ်၊ စိတ်က ဟိုဟာလိုချင်ပြီဆိုရင် ခန္ဓာက ဟိုဟာကို မရ ရအောင် လုပ်ပေးရတယ်။ အဲဒါကိုသာ ကြည့် တော့။ ကိုယ့်စိတ်နဲ့ကိုယ်တောင် အရမ်းပင်ပန်းနေပြီ။ ဒါကို အခြားစိတ်တစ်ခုနဲ့ ပေါင်းစပ်ပြီး အဲဒီစိတ်ရဲ့အလိုဆန္ဒကို ဖြည့် ဆည်းပေးရမယ်ဆိုရင် ... ဟူး"

သူ ဆက်မပြောတော့ဘဲ သက်ပြင်းအရှည်ကြီးချကာ လေ တစ်ချက် မှုတ်ထုတ်လိုက်၏။ သူမတို့နှစ်ယောက်လည်း သူ့ရဲ့စကား တွေကို နားထောင်ပြီး ရင်မောသွားလေသည်။ ခေတ္တမျှကြာတော့ စန်းပွင့်က ...

"ဒါနဲ့ ကျွန်မ ရှင့်ကို တစ်ခုမေးရဦးမယ်၊ စိတ်တစ်ခုနဲ့ တစ် ပေါင်းစပ်မှ ဘဝတစ်ခု ဖြစ်တာဆို ... ဟုတ်လား"

"မှားတယ်၊ အဲဒါ လုံးဝမှားတယ်၊ ကိုယ့်စိတ်က ကိုယ့်ခန္ဓာ ပေါင်းစပ်လိုက်ရင် ဘဝတစ်ခုက ဖြစ်နေပြီလေ၊ ဒါကြောင့် စိတ် အပေါင်း စိတ်ညီမျှခြင်း ဘဝဆိုတာ လုံးဝမှားတယ်"

"ဒါဆိုရင် အဖြေမှန်က ဘာလဲ"

စန်းပွင့်က စိတ်ဝင်တစား မေးလိုက်တော့ သူက သူမရဲ့ အင်္ကျီအိတ်ကပ်ထဲမှ ဘောပင်တစ်ချောင်းကို ထုတ်ယူလိုက်ပြီး Tiss ပေါ်မှာ ဒီလို ရေးပြလိုက်၏။

{ စိတ် + စိတ် = ဒုက္ခ }

သူမတို့နှစ်ယောက် သူရေးပြတဲ့ စာလုံးလေးတွေကိုကြည့် ပြီး မျက်မှောင်ကြုတ်လိုက်တယ်။ သူ့ရဲ့အယူအဆကို သိပ်အလိုမကျ ဖြစ်နေတယ်လေ။ ထို့ကြောင့် နှုးညံ့က ...

"ကိုပြတ်သားရယ်၊ ရှင့်ကျမှပဲ စိတ်တစ်ခုနဲ့တစ်ခု ပေါင်းစပ်လိုက် ရင် ဒုက္ခဖြစ်သွားရတယ်လို့။ ကဲ ... ပြောစမ်းပါဦး။ ဘယ်လို လုပ်ပြီး ဒုက္ခဖြစ်သွားရတာလဲ"





"မင်းတို့ စဉ်းစားကြည့်လေ၊ စိတ်တစ်ခုနဲ့တစ်ခု ပေါင်းစပ်လိုက်ပြီ ဆိုတာနဲ့ ခန္ဓာနှစ်ခုက သူ့အလိုလို Auto ပေါင်းစပ်ပြီးသား ဖြစ် သွားလိမ့်မယ်။ ခန္ဓာနှစ်ခု ပေါင်းစပ်လိုက်ပြီဆိုတာနဲ့ နောက်ထပ် ခန္ဓာအသစ်တွေ၊ စိတ်အသစ်တွေ တိုးပွားလာရော။ ကလေးတွေ ကိုပြောတာ။ အဲဒီ ပုစုခရုလေးတွေက အငြိမ်နေမှာ မဟုတ်ဘူး။ တစ်ယောက်က ဒီဟာဆိုရင် တစ်ယောက်က ဟိုဟာ။ လိုချင်တာ မရရင် ငိုကြမယ်။ ဟော ... သူတို့က နည်းနည်းလေးကြီးလာ တော့ ကမြင်းကြောထပြန်ရော။ ကစားရင်းနဲ့ ရန်ဖြစ်ကြ၊ ထိုးကြ၊ ကြိတ်ကြ၊ ဘယ်လောက်ထိအောင် အာရုံနောက်ဖို့ ကောင်းလိမ့် မလဲ။ အင်း ... သူတို့က ဒီလောက်ပဲ ဒုက္ခပေးမှာ မဟုတ်ဘူး။ လူပျို၊ အပျိုတွေ ဖြစ်လာကြဦးမှာလေ။ အင်း ... အဲဒီ အချိန်ကျ ရင် ..."

"ကဲ ... ကဲ ... တော်ပါတော့ရှင် ... တော်ပါတော့၊ ရှင့်ရဲ့စကား တွေကို နားထောင်ပြီး ကျွန်မတို့တောင် အိမ်ထောင်ပြုချင်စိတ် မရှိတော့ဘူး"

"ဟုတ်တယ် ကိုပြတ်သား၊ နောက်ဆိုရင် ကျွန်မတို့ကို အဲဒီ အကြောင်းတွေ ပြောမပြပါနဲ့တော့နော်၊ ကျွန်မတို့ သီလရှင်ဖြစ် သွားလိမ့်မယ်"

နှုးညံ့က သူမရဲ့ဆံပင်တွေကို ဆွဲပြပြီး အဲဒီလိုပြောလိုက် တော့ သူ ရယ်မောလိုက်၏။ စန်းပွင့်ကတော့ နှာခေါင်းရှုံ့ပြီး ခေါင်းကို ခွင်တွင်ခါယမ်းနေလျက်။ ဟုတ်ပါတယ်။ သူမက သူ့ရဲ့အယူအဆ တွေကို လုံးဝလက်မခံနိုင်ဘူး ဖြစ်နေတယ်။

ထိုအချိန်မှာပဲ အလွန်ကျယ်လောင်လွန်းတဲ့ လေယာဉ်စက် သံတွေနဲ့အတူ Jozza cross, RS-45 အင်ဂျင်နှစ်လုံးတပ် အဝါရောင် ပိုင်ကားလေး သူမတို့ရဲ့ဆိုင်အရှေ့သို့ ရောက်လာပါတော့သည်။ ခေတ္တမျှ ကြာတော့ မိုးဖွဲ၊ ဇော်ထိုက်နဲ့ နက်ကျယ်တို့ ထိုကားပေါ်မှ ဆင်းလာပြီး ဆိုင်ထဲသို့ ဝင်လာ၏။ ပြီးတော့ ဝိုင်းတစ်ဝိုင်းမှာ ဝင်ထိုင်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ ရောက်လာတော့မှပဲ စန်းပွင့်က ပြတ်သားနဲ့မျက်နှာချင်းဆိုင် ထိုင်နေရာကနေ ခုံပြောင်းပြီး ဘေးချင်းကပ်ထိုင်လိုက်၏။ ထိုသို့ ရုတ်တရက် စန်းပွင့်က သူ့အနားသို့ ရောက်လာသဖြင့် ပြတ်သား တစ်ယောက် တစ်ကိုယ်လုံး ထူပူသွားလေသည်။ သူက အပျိုလေးတွေနဲ့ တစ်ခါမှ ကပ်မထိုင်ဖူးဘူးလေ။ ဒါကြောင့်မို့ တစ်ကိုယ်လုံး ထူပူသွားတာပေါ့။

တကယ်တော့ စန်းပွင့်က သူမရဲ့အရှေ့တည့်တည့်သို့ ရောက်လာတဲ့ မိုးဖွဲ့ကို မကြည့်ချင်သဖြင့် အခုလို ခုံပြောင်းထိုင်လိုက်ခြင်းပင်ဖြစ်၏။ ဒီလို ထိုင်လိုက်တော့ မိုးဖွဲ့ရဲ့ အမြင်ကတ်ဖို့ကောင်းတဲ့ မျက်နှာကို သူမ မမြင်ရတော့ဘူးပေါ့။

ဒီလို လုပ်လိုက်တာ သူမအတွက် အဆင်ပြေသွားပေမယ့် ပြတ်သား၊ မိုးဖွဲ့နဲ့ နှုးညံ့တို့ကတော့ စိတ်ကသိကအောက် ဖြစ်သွားပုံရတယ်။ ပြတ်သားက သူ့အနားသို့ ရုတ်တရက် အပျိုလေးတစ်ယောက် "ဖြန်း"ဆိုပြီး ရောက်လာသဖြင့် ထိုင်ရမလို၊ ထရမလို ဖြစ်သွားပြီး မိုးဖွဲ့ကလည်း သူပိုးပန်းမယ့် ကောင်မလေးက သူ မဟုတ်တဲ့ တခြား ယောကျ်ားတစ်ယောက်ရဲ့ဘေးမှာ ထိုင်နေသဖြင့် စိတ်ထဲ တစ်မျိုးကြီး ဖြစ်သွားတယ်။

နှုးညံ့ကတော့ ထိုမြင်ကွင်းကိုကြည့်ပြီး ရင်ထဲရှုးအောင့် သွားသလိုပါပဲ။ ကြည့်နေရင်း ... ကြည့်နေရင်းနဲ့ ဝမ်းနည်းစိတ်တွေ လည်း သူ့အလိုလို ဖြစ်ပေါ်လာတယ်။ ဒီအချိန်မှာပဲ သူမ ရင်ခုန်သံ ပုစ္ဆာတစ်ပုဒ်ရဲ့အဖြေကို သိရှိသွားပါတော့တယ်။ သူမ ပြတ်သားကို စိတ်ဝင်စားနေတာ လုံးဝသေချာသွားပြီ။ ဟုတ်ပါတယ်။ သူမရဲ့လျှို့ဝှက် ရင်ခုန်သံက သူ့အနားသို့ စန်းပွင့် ရောက်သွားတော့မှ အသက်ဝင် လှုပ်ရှားလာခဲ့တာပါ။ ထိုမြင်ကွင်းကို သူမ ဘယ်လိုမှ ဆက်မကြည့် နိုင်တော့ပါဘူး။ အဲဒါ သဝန်တိုတာလား။ ဒါမှမဟုတ် သူမရဲ့နှလုံးသား တစ်ထောင့်မှာ တိတ်တိတ်လေးပုန်းနေတဲ့ အချစ်တွေက ရုတ်တရက် ခုန်ပေါက်ထွက်လာတာ ပဲလား။

ဟုတ်ချင်လည်း ဟုတ်မှာပေါ့လေ။





"စန်းပွင့် ... ကိုပြတ်သားကို နင်ပဲစည့်ခံထားလိုက်ပါတော့၊ ငါ မိုးဖွဲ့တို့ဝိုင်းကို သွားလိုက်ဦးမယ်"

နှုးညံ့တစ်ယောက် ပြတ်သားနဲ့ စန်းပွင့် အခုလိုပူးကပ်ထိုင် နေကြတာကို ဆက်ကြည့်ဖို့ Eye Power မရှိတော့သဖြင့် အဲဒီလို ပြောပြီး မိုးဖွဲ့တို့ဝိုင်းဆီသို့ ခပ်သွက်သွက် ထွက်သွားပါတော့သည်။

စန်းပွင့်ရဲ့ မျက်နှာလေးကတော့ ပြုံးပျော်ရွှင်နေလေရဲ့။ အမှန်အတိုင်းပြောရရင် သူမက ပြတ်သားကို မနေ့ကတည်းက စိတ် ဝင်စားခဲ့တာပါ။ ဟုတ်တယ်လေ။ မနေ့တုန်းက သူမ နှုးညံ့ကို သေသေ ချာချာမေးခဲ့တယ်။ နှုးညံ့က သူ့ကို လုံးဝစိတ်မဝင်စားပါဘူး ဆိုလို့ အခုလိုမျိုး သူမ သူ့အနားသို့ ချဉ်းကပ်ဝင်ရောက်ခဲ့ခြင်းပင်ဖြစ်၏။ အခု သူ့ကို ဖျော်တိုက်ထားတဲ့ ကော်ဖီတစ်ခွက်နဲ့ Berry မုန့်တွေက သူမရဲ့အကြင်နာတွေပေါ့။ ဒီနေ့ သူလာရင် အခုလိုမျိုး ဖော်ဖော်ရွေရွေ ဆက်ဆံမယ်လို့ သူမ မနေ့ညကတည်းက ကြံစည်တွေးတောခဲ့တယ်။ အခုတော့ သူမ တွေးထားတဲ့အတိုင်း တကယ်လုပ်လိုက်ပြီဖြစ်၏။

"စန်းပွင့် ... ဟိုဘက်မှာထိုင်နေရာကနေ ဘာလို့ ဒီဘက်ကို ပြောင်းလာရတာလဲ"

ပြတ်သား တစ်ယောက် တစ်ကိုယ်လုံးထူပူနေသဖြင့် သူမ ကို အဲဒီလိုကြီး အားမနာတမ်း မေးပစ်လိုက်တယ်။ သူမကလည်း အမှန် အတိုင်းပဲ ပြန်ဖြေလိုက်ပါတယ်။

"ဟိုဝိုင်းက လူတစ်ယောက်နဲ့ မျက်နှာချင်းမဆိုင်ချင်လို့ ဒီဘက် မှာ လာထိုင်တာပါ။ ဘာလဲ ... ကိုပြတ်သားက ကျွန်မ ဒီလိုလာ ထိုင်တာကို မကြိုက်လို့လား"

"မဟုတ်ပါဘူး ... မဟုတ်ပါဘူး။ ကိုယ်က ကောင်မလေးတွေနဲ့ တစ်ခါမှ အခုလိုမျိုး ပူးပူးကပ်ကပ် မထိုင်ဖူးဘူးလေ။ အခု ယားကျိကျိ ဖြစ်နေလို့ကွ"

သူက အဲဒီလို ဘွင်းဘွင်းပြောလိုက်တော့ သူမနှုတ်ခမ်း လေးကွေးပြီး အသံထွက် ရယ်မောလိုက်တယ်။

"ခစ် ... ခစ် ... ခစ် ..., ခစ် ... ခစ် ... ခစ် ..."



www.burmeseclassic.com

www.burmeseclassic.com



သူမက အဲဒီလိုပြောပြီး ဆက်လက်ရယ်မောနေသဖြင့် ပြတ်သားတစ်ယောက် မနေတတ်၊ မထိုင်တတ်တော့ဘဲ အိုးတိုးအမ်းတမ်း ဖြစ်နေပါတော့သည်။ တစ်ခါတစ်ခါမှာ သူမရဲ့အသားနုနုက သူ့ရဲ့ခန္ဓာ ကို လာထိတယ်လေ။ သူက ရှာန်ရနေတဲ့ ရသေ့ကြီး မဟုတ်လေတော့ အဲဒီလို သူမရဲ့အသားနုနုက သူ့ရဲ့ခန္ဓာကို လာထိတိုင်း သူ့ရဲ့စိတ်တွေ က (100°C)မှာ ဆူပွက်နေတဲ့ ရေပွက်လေးတွေပမာ ဖြစ်သွားတယ်။ စိတ်တင်ပြုပ်စီထတာ မဟုတ်ပါဘူး။ အသားတွေကလည်း ယားကျိကျိ ဖြစ်နေတယ်လေ။ ဟုတ်ပါတယ်။ သူ ဘယ်လိုမှကို မနေတတ်၊ မထိုင် တတ်တော့ပါဘူး။ ထို့ကြောင့် သူ ထိုနေရာမှ အမြန်ထွက်သွားရန် ဆုံးဖြတ်လိုက်ပါတော့သည်။

"စန်းပွင့် ... ကိုယ် ပြန်တော့မယ်နော်"

"ရှင်ကလည်းရှင်၊ ခဏလောက် ထိုင်ပါဦးလား၊ ကျွန်မ ရှင့်ကို ပြောစရာစကားတွေ အများကြီးရှိသေးလို့ပါ။ မပြန်ပါနဲ့ဦးနော်"

"အချိန်မရတော့လို့ပါ စန်းပွင့်ရယ်၊ ကိုယ် စာသွားသင်ရဦးမယ် လေ၊ နောက်နေ့ကျမှပဲ ထပ်တွေ့ကြတာပေါ့။ သွားတော့မယ် နော် ... Bye Bye ! "

ထိုသို့ပြောပြီး ပြတ်သားတစ်ယောက် ထိုင်နေရာမှထကာ ဆိုင်အပြင်သို့ တစ်ချိုးတည်း လစ်ထွက်သွားပါတော့သည်။ သူ နှုးညံ့ကို နှုတ်ဆက်စကား ပြောသွားဖို့တောင် မေ့သွားတယ်။ ဟုတ်ပါတယ် ဒီနေ့ စန်းပွင့်က သူ့ရဲ့ တည်ငြိမ်နေတဲ့စိတ်ကို ထိတွေ့မှုနဲ့ အပူပေး လိုက်ပြီး ပြုပ်စီထသွားအောင်လို့ လုပ်နိုင်ခဲ့ပါတယ်။

သူ ပြန်သွားပြီး ခဏအကြာမှာတော့ သူမ ထိုင်နေရာမှ ထပြီး ကောင်တာဆီသို့သာ တည့်တည့်မတ်မတ် လျှောက်လှမ်းသွား တော့၏။ သူမ မိုးဖွဲကို တစ်ချက်လေးတောင် လှည့်ကြည့်မသွားပါဘူး

"နှုးညံ့ ... ခုနတုန်းက စန်းပွင့်ရဲ့ဘေးနားမှာ ထိုင်သွားတဲ့လူက ဘယ်သူလဲ၊ ဘယ်ကလဲ"

မိုးဖွဲက အဲဒီလူအကြောင်းကို မေးနေသဖြင့် နှုးညံ့က အကျဉ်းချုံး ပြောပြလိုက်ပါတယ်။





"သူ့နာမည်က မင်းပြတ်သားတဲ့၊ အလုပ်အကိုင်က (၁၀) တန်း Guide, Tutor ။ နေတာက လှည်းတန်း၊ ဓမ္မာသီရိလမ်းထဲ မှာ"

"ဒါနဲ့ နေစမ်းပါဦး၊ စမ်းပွင့်နဲ့ သူက ဘယ်လိုပတ်သက်တာလဲ"

"သူတို့နှစ်ယောက်က ဒီနေ့မှ သိကြတာဟ"

"ဟင်း ... ဒါနဲ့များ သမီးရည်းစားတွေ ကျနေတာပဲ။ ပူးကပ်ပြီး ထိုင်ရတယ်လို့"

မိုးဖွဲက အဲဒီလို နှာခေါင်းရှုံ့ပြီး ပြောလိုက်တော့ နှုးညံ့က ထိုအကြောင်းတွေကို မကြားချင်တော့လို့လား မသိဘူး။ ထိုနေရာမှ ထလိုက်တယ်။

"မိုးဖွဲ ... ဒီနေ့တော့ နင်တို့ဘာသာ နင်တို့ အေးဆေးထိုင် စကားပြောနေကြတော့။ ငါ စိတ်သိပ်မကြည်လို့ အပေါ်သွားပြီး ခဏအိပ်လိုက်ဦးမယ်"

ထိုသို့ပြောပြီး နှုးညံ့တစ်ယောက် ဆိုင်အပေါ်ထပ်သို့ တက် သွားပါတော့သည်။

ထို့ကြောင့် ဤဝိုင်းမှာ မိုးဖွဲ၊ ဖော်ထိုက်နဲ့ နက်ကျယ်တို့ (၃)ယောက်သာ ကျန်ရစ်ခဲ့လေ၏။

"ဟိတ်ကောင် ... မိုးဖွဲ၊ စောစောတုန်းက စန်းပွင့်နဲ့ ဟို မင်းပြတ် သား ဆိုတဲ့လူ ပူးကပ်ထိုင်နေတာကိုမြင်တော့ မင်း ဘယ်လို ခံစားရလဲ"

ဖော်ထိုက်က အဲဒီလိုမေးလိုက်တော့ မိုးဖွဲက ခပ်ရှင်းရှင်းပဲ ပြန်ဖြေလိုက်ပါတယ်။

"ဘယ်လိုမှ မခံစားရပါဘူး။ အဲဒါ စန်းပွင့်က တမင်သက်သက် ငါ့ကို သဝန်တိုအောင် လုပ်နေတာကွ၊ ဘာကြောင့်လဲ ဆိုတော့ အဲဒီလူနဲ့ စန်းပွင့်က ဒီနေ့မှာ သိတာမှလား။ ဒီနေ့မှသိကြတဲ့ သူနှစ်ယောက်က အခုလိုမျိုး ပူးကပ်ထိုင်နေကြတယ် ဆိုတော့ အဖြေက ရှင်းရှင်းလေးရယ်။ စန်းပွင့် ငါ့ကို သဝန်တိုအောင် လုပ်နေတာကွ"



www.burmeseclassic.com

www.burmeseclassic.com



သူက သူ့ရဲ့ထင်မြင်ချက်အတိုင်း အဲဒီလို ပြောလိုက်တော့ ဖော်ထိုက်နဲ့ နက်ကျယ်က "အင်း ... အဲဒါဖြစ်နိုင်တယ်"ဆိုပြီး ပြိုင်တူ ပြန်ပြောလိုက်၏။

"ကဲ ... ကဲ ... မင်းတို့နှစ်ယောက် ဒီမှာ ခဏထိုင်နေကြဦး ငါ သူ့ရဲ့စိတ်ကို သွားကလော်လိုက်ဦးမယ်"

ဆိုပြီး မိုးဖွဲ့ တစ်ယောက် စန်းပွင့်ဆီသို့ တည့်တည့်မတ်မတ် လျှောက်လှမ်းလာပါတော့သည်။ သူမအနားသို့ရောက်တော့ သူ ချောင်းဟန့်လိုက်၏။

"အဟမ်း ... အဟမ်း"

ဒီတစ်ခါတော့ သူမ မကြားချင်ယောင် မဆောင်ရဲတော့ပါဘူး။ လက်မောင်းကို ဆိတ်အဆွဲခံရမှာစိုးလို့ပေါ့။ ထို့ကြောင့် သူမ သူ့အသံကြားတာနဲ့ ချက်ချင်းလှည့်ကြည့်လိုက်၏။

"ဘယ်လိုလဲ မိုးဖွဲ့၊ ရှင်နဲ့ကျွန်မ Peace ယူဖို့ကိစ္စကို စဉ်းစားပြီးပြီလား"

"အင်း ... စဉ်းစားပြီးပါပြီ။ ဒါနဲ့ ကိုယ် မင်းကို တစ်ခုကြိုမေးထားရဦးမယ်။ ကိုယ်က Peace ယူဖို့ သဘောတူတယ်လို့ ပြောလိုက်ရင် မင်း ထက,မှာလား"

သူ့ရဲ့စကားကြောင့် သူမ အရမ်းဆွေ့ဆွေ့ခုန်သွားတယ်။ ကြည့်စမ်းပါဦး။ ပြောပုံကိုက အကျောကြီးနဲ့။ သို့ပေမဲ့ သူမ သူနဲ့ ရန်မဖြစ်ချင်တော့သဖြင့် ဒေါသတွေကို မျိုသိပ်ထားပြီး အလိုက်ထိုက်လေး ပြန်ပြောလိုက်ပါတယ်။

"ရှင်ကြည့်ချင်ရင် ကျွန်မက က,ပြရမှာပေါ့။ ဘာကြောင့်လဲ ဆိုတော့ ကျွန်မက လက်နက်ချ အရှုံးပေးထားရတဲ့သူလေ"

သူမက အဲဒီလို ချိုချိုသာသာလေး ပြန်ပြောလိုက်သဖြင့် သူ အရမ်းအံ့သြသွားတယ်။ သူက ရန်စလိုက်တာကို သူမက ရန်ပြန်မလုပ်ဘဲ ဘာကြောင့် အပြုံးလေးနဲ့တုံ့ပြန်တာလဲ။ အဲဒီအပြုံးက ရိုးမှ ရိုးသားရဲ့လား။ သူ စိတ်အရမ်းရှုပ်ထွေးသွားတယ်။ သို့ပေမဲ့ သူ့ရဲ့ တာဝန်က သူမ သူ့ကို မကြည့်ချင်လောက်အောင် မုန်းတီးသွားအောင်





လုပ်ရမှာဖြစ်တဲ့အတွက် သူမကို မခံ ချိမခံသာ ဖြစ်စေမယ့် စကားလုံးမျိုး တွေပဲ ရွေးပြောဖို့ ဆုံးဖြတ်လိုက်ပါတယ်။

"မိန်းမတစ်ယောက်က သူ့ရဲ့မာနတွေကို ဥပေက္ခာပြုပြီး ယောကျ်ားတစ်ယောက်ကို အရှုံးပေးလိုက်တာ အဲဒီယောကျ်ားကို ချစ်နေလို့ပဲကွ။ ဟုတ်တယ်မှလား စန်းပွင့်။ အမှန်အတိုင်း ပြောစမ်း။ မင်း ကိုယ့်ကို ချစ်နေတာ မှလား"

သူက အဲဒီလိုပြောလိုက်တော့ သူမရဲ့ဟန်ဆောင်အပြုံးတွေ ကြက်ပျောက်ငှက်ပျောက် ပျောက်ကွယ်သွားပြီး ချက်ချင်းဆိုသလို မျိုသိပ်ထားတဲ့ ဒေါသတွေ အလိပ်လိပ် လှိုက်တက်လာပါတော့သည်။ ဟုတ်ပါတယ်။ သူမရဲ့မျက်နှာပြင်တစ်ခုလုံး ရဲရဲနီနေပြီး အမုန်းစိတ်တွေက အမြင့်ဆုံးဒီဂရီသို့ ရောက်နေပြီဖြစ်၏။

သူမ အခုလို ဆတ်ဆတ်ခါအောင် နာကျင်သွားတာကို တွေ့လိုက်ရတော့မှပဲ သူ ပြုံးပျော်ရွှင်သွားတော့တယ်။ သူလိုချင်တာ ဒါပဲလေ။ အခု သူသုံးစွဲနေတဲ့ ဗျူဟာက "မီးလောင်ရာ လေပင့်တိုက်" တားလေးတစ်ခွန်း၊ နှစ်ခွန်းလောက် ပြောလိုက်ရုံနဲ့ စန်းပွင့်တစ်ယောက် သူ့ရဲ့ဗျူဟာထဲသို့ ချက်ချင်းတိုးဝင်လာတော့၏။ ဟုတ်ပါတယ်။ သူမ သူ့ကို အရင်ကမုန်းသည်ထက် အဆတစ်ရာ ပိုမုန်းသွားပြီဖြစ်၏။ နာကြည်း ချက်က ငယ်ထိပ်သို့ရောက်နေသဖြင့် သူမ သူ့ကို ပိုးစိုးပက်စက် ပြန် ပြောပစ်လိုက်တယ်။

"ဒီမှာ မိုးဖွဲ့၊ ရှင်က ရှင့်ကိုယ်ရှင် အထင်ကြီးပြီး သိပ်ဟုတ်လှပြီ လို့ ထင်နေတာလား။ ကျွန်မက ဘာလို့ ရှင့်ကို ချစ်ရမှာလဲ။ စကားကို အသာစီးကနေပြောတတ်တဲ့ ရှင့်လိုလူမျိုးကို ကျွန်မက ချစ်နေတာ မဟုတ်ဘူး၊ ညှစ်ချင်တာ။ လည်ပင်း ညှစ်သတ်ပစ် ချင်တာ၊ ရှင်းပြီလား"

သူမက အဲဒီလိုပြောလိုက်တော့ မိုးဖွဲ့က သူ့လည်ပင်းကို ကိုင်ထားပြီး လျှာကလေးထိုထုတ်ကာ လည်ပင်းအစ်နေတဲ့ပုံစံ လုပ်ပြ လိုက်၏။

"အစ် ... အစ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သထွက်နေတဲ့အချိန် သူက အဲဒီလို ပြောင်ပြနေသဖြ
သူမ စိတ်မထိန်းနိုင်တော့ဘဲ အနီးနားမှာရှိတဲ့ ပန်းအိုးကို ကောက်ကို
လိုက်တယ်။ သူ့ရဲ့ခေါင်းကို အဲဒီပန်းအိုးနဲ့ ရိုက်ခွဲပစ်ဖို့အတွက်ပေါ့
သို့ပေမဲ့ သူမ ပန်းအိုးရှိရာဆီသို့ လက်လှမ်းလိုက်စဉ်မှာပဲ သူက "ပြေ
ပြီဟေ့"ဟုအော်ပြီး ဆိုင်အပြင်သို့ ဒုန်းစိုင်းပြေးသွားပါတော့သည်။ ဇော်ထို
နဲ့နက်ကျယ်တို့ကလည်း အခြေအနေမဟန်သဖြင့် ပိုက်ဆံတောင် ရှင်း
သွားတော့ဘဲ သူ့နောက်သို့ လျင်မြန်စွာ ပြေးလိုက်သွားလေသည်
ထို့နောက် ချက်ချင်းဆိုသလိုပဲ မိုးဖွဲရဲ့ပြိုင်ကားလေး ထိုနေရာမှ တစ်ဟု
ထိုး ပြေးထွက်သွားပါတော့သည်။

"တောက်"

အဲဒီတော့ ဒေါ်သတွေ အလိပ်လိပ်ထွက်ပြီး ဆွေ့ဆွေ့ခု
နေတဲ့ စန်းပွင့်တစ်ယောက် "တောက်"တတက်တက်ခေါက်ပြီး ကျ
ရစ်ခဲ့တော့တာပေါ့။

✧ ❤ ✧



"ဟဲ့ ... ငွေမ ...
အရမ်းရှုပနေနဲ့ ...
အရမ်းအရမ်း ရှုထ နေရင် ...
ဖလန်း ဖလန်းမမ ဖြစ်သွားလိမ့်မယ် ...
ရှုထနေတာ, ကကတွေဟာ ...
ငြိမ်ငြိမ်လေး နေစမ်းပါဟာ ...
ငြိမ် နေရင် ...
စိန်၊ ရွှေထက်ပိုပြီး အဖိုးတန်သွားလိမ့်မယ် ...
ဒီလိုမှမဟုတ်ဘဲ ...
လောက်တစ်ကောင်လို ...
ရှုစိ ရှုစိလုပ်နေရင်တော့ ...
လောက်စားတတ်တဲ့ ယောက်ျားတွေက
ပေါက်ပြားနဲ့ ပေါက်သတ်ပြီး ...
ကောက်စားသွားလိမ့် မယ်"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

... ပြာလဲ့နေတော့ ကောင်းကင်ကြီးဟာ ကြည်လင်သာယာနေလေရဲ့။ ထို့အတူ စန်းပွင့်ရဲ့ မျက်နှာလေးကလည်း ရွှင်ပျသာယာနေပါတယ်။ မသာယာဘဲ မှိုင်းမှုန်နေတာကတော့ နှုးညွှံရဲ့မျက်နှာဝိုင်းဝိုင်းလေးပင် ဖြစ်တော့၏။

"ဘာ ... နင်က ကိုပြတ်သားကို အိပ်မက်,မက်တယ် ... ဟုတ်လား"

"ဟုတ်တယ် နှုးညွှံ၊ သူက ငါ့ရဲ့အိပ်မက်သခင် ဖြစ်နေပြီဟ။ ငါ သူ့ကို အရမ်းစိတ်ဝင်စားတယ်၊ သူ့ရဲ့စိတ်၊ သူ့ရဲ့အတွေး၊ သူ့ရဲ့အယူအဆတွေက တခြားလူတွေနဲ့မတူဘဲ တစ်မူထူးခြားဖြ စိတ်ဝင်စားဖို့ ကောင်းတယ်လေ"

စန်းပွင့်က သူမရဲ့ရင်ထဲမှာ ဖြစ်ပေါ်နေတဲ့အတိုင်း ဖွင့်ဟ ပြောဆိုလိုက်တော့ နှုးညွှံ တစ်ယောက် ဆို့နင့်ကြေကွဲပြီး ဝမ်းနည်းစိတ် များပင် ဖြစ်ပေါ်လာလေသည်။ ဘာကြောင့်လဲဆိုတော့ သူမကလည်း ပြတ်သားကို စိတ်ဝင်စားနေတာလေ။ သို့ပေမဲ့ သူမ အဲဒီအကြောင်းကို စန်းပွင့်ကို ပြောမပြတော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်။ ယောကျ်ားတစ် ယောက်ကြောင့် သူမတို့နှစ်ယောက် စိတ်ဝမ်းကွဲပြီး ကတောက်ကဆတ်





တွေ ဖြစ်ကုန်မှာစိုးလို့ပေါ့။ ထို့ကြောင့် သူမကပဲ အလျှော့ပေးဖို့ ဆုံးဖြတ် လိုက်ပါတယ်။

"စန်းပွင့် ... နင် သူ့ကို တကယ်စိတ်ဝင်စားတာလား။ ဒါမှမဟုတ် အပျော်တွဲဖို့ ကြံစည်နေတာလား"

"နှုးညွှံရယ် ... ငါက သူ့ကို တကယ်စိတ်ဝင်စားနေတာပါ။ သူ့ရဲ့ စတိုင်လ်၊ သူ့ရဲ့စကားလုံးတွေက ငါ့ရဲ့စိတ်ကို အတော်လေး ဆွဲဆောင်နိုင်တယ်၊ သူသာ ငါ့ဘေးနားမှာ အမြဲရှိရင် သိပ်ကောင်း မှာပဲ"

"ဘာလဲ ... နင်က သူ့ကို နိုင်းစားမလို့လား"

"ဘယ်လိုပြောလိုက်တာလဲ နှုးညွှံရယ်၊ ငါက သူ့ကို နိုင်းရက်ပါ့ မလား"

"ဟဲ့ ... နင်ပြောတော့ ယောကျ်ားဆိုတာ နွားဆို၊ ယောကျ်ား ဆိုတဲ့ သတ္တဝါကို သေသေချာချာ ကိုင်တွယ်ထိန်းချုပ်တတ်ရင် အရမ်းနိုင်းလို့ ကောင်းတာပဲဆို"

"ဒါကတော့ ဒါပေါ့အေ၊ အရာရာတိုင်းမှာ ခြွင်းချက်ရှိသလို ငါ့ရဲ့ သတ်မှတ်ချက်မှာလည်း ခြွင်းချက်ရှိတယ်ဟ။ ယောကျ်ားဆိုတာကို နွားလို့ သတ်မှတ်ထားပေမယ့် အဲဒီသတ်မှတ်ချက်ထဲမှာ ငါ့ရဲ့ ကိုကို မပါဘူး။ ငါက ကိုကို့ကို နွားလိုနှင်တံနဲ့ထိုးပြီး ဘယ်တော့ မှ နိုင်းမှာမဟုတ်ဘူး။ ဖြစ်နိုင်ရင် သူ့ပြုသမျှ နုပစ်ချင်တယ်၊ ဘာကြောင့်လဲဆိုတော့ ငါက ကိုကို့ကိုသိပ် ချစ်လို့ပေါ့ ... ခစ် ... ခစ် ... ခစ် ..."

စန်းပွင့်က ထိုသို့ပြောပြီး တိုးတိုးလေး ရယ်မောလိုက်တယ်။ ... စ်နည်းအားဖြင့် ကိုယ်ချစ်နေတဲ့သူ့ရဲ့အကြောင်းကို ပါးစပ်အရသာခံ ... ပြီး ရွနေတာပါ။ (မှတ်ချက်။ မိန်းမအများစုက ထိုသို့ ရွတတ်ပါ ... ည်။)

"အမယ့်လေးဟယ် ... ဟိုကဖြင့် သူ့ကို ဘယ်လိုသဘောထား မှန်းတောင် မသိသေးဘူး။ ကဲလိုက်တာ၊ ရွနေလိုက်တာ မပြောကို မပြောချင်ဘူး။ ခေါ်လိုက်တာက ကိုကိုတဲ့ ... ပွားနီး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လဲအေ ... ရှတော့ ဘာဖြစ်လဲ၊ သူ့ကို ကိုကိုလို့ခေါ်တ
သိပ်ချစ်လို့၊ သိပ်ချစ်တယ် ကိုကိုရယ်၊ စန်းပွင့်ဆီကို လာခဲ့ပါနော်
စန်းပွင့်လေ ကိုကို့ကို မျှော်ရလွန်းလို့ လည်ပင်းတောင် ရှည်နေ
ရှင့်၊ အဲဒါကို ကိုကို သိရဲ့လားဟင်"

စန်းပွင့်က ပုံမှန်ထက်ပိုပြီး အဲဒီလို အရူးမရှနေသလို ရှ
လိုက်တော့ နူးညံ့က သူမကို "ရှမ"လို့ နာမည်ပေးလိုက်ပါတော့သည်

"ဟဲ့ ... ငရှမ၊ အရမ်းရှမနေနဲ့၊ အရမ်းအရမ်း ရှထနေရ
ဖလန်း ဖလန်းမမ ဖြစ်သွားလိမ့်မယ်။ ရှထနေတာ ကကတွေ
ငြိမ်ငြိမ်လေး နေစမ်းပါဟာ။ ငြိမ်နေရင် စိန်၊ ရွှေထက် ပို
အဖိုးတန်သွားလိမ့်မယ်၊ ဒီလိုမှမဟုတ်ဘဲ လောက်တစ်ကောင်
ရှစိ ရှစိ လုပ်နေရင်ရတော့ လောက်စားတတ်တဲ့ ယောက်ျား
က ပေါက်ပြားနဲ့ ပေါက်သတ်ပြီး ကောက်စားသွားလိမ့်မယ်

"ကောင်မ ... ကြည့်စမ်း၊ နင်က ငါ့ကို အိမ်သာထဲက လော
နိုင်းနှိုင်းနေတာပေါ့လေ၊ တွေ့မယ် ... တွေ့မယ်၊ ငါလာ

ဆိုပြီး စန်းပွင့်က ထိုင်နေရာမှ ထလာတော့ နူးညံ့
သူမကို ပြောင်ပြပြီး ပြေးထွက်သွားပါတော့သည်။ နူးညံ့ကပြေး၊ စန်း
က နောက်ကနေလိုက်ရိုက်။ ဆိုင်ထဲမှာ စိန်ပြေးတမ်း ကစားနေသ
ပါပဲ။

ထိုအချိန်မှာပဲ ရှေ့ကပြေးနေတဲ့ နူးညံ့က ဆိုင်ထဲသို့
လာတဲ့ လူတစ်ယောက်နဲ့ ဝင်တိုက်မိပြီး လဲကျသွားပါတော့သ
ထိုလူက နူးညံ့ရဲ့ပခုံးနှစ်ဖက်ကိုကိုင်ပြီး ဆွဲထူပေးလိုက်တော့ စန်း
တစ်ယောက် ချက်ချင်းဆိုသလို မျက်နှာပျက်သွားလေသည်။ ဟုတ်
တယ်။

အခု နူးညံ့ရဲ့ပခုံးကို ကိုင်ထားတဲ့လူက မင်းပြတ်သားပါ

"နူးညံ့ ဘာဖြစ်သွားသေးလဲ၊ ဘယ်နားနာသွားသေးလဲ"

သူက အဲဒီလို မေးလိုက်တော့ နူးညံ့က သူမရဲ့ညာဘ
လက် တံတောင်ဆစ်ကို မြှောက်ပြလိုက်၏။

"ဟား ... တံတောင် ပွန်းသွားတာပဲ"





"အား ... ကျွတ် ... ကျွတ် ... ကျွတ်"

သူမ ညည်းတွားလိုက်၏၊ ထို့ကြောင့် သူ အရမ်းစိုးရိမ်သွား
တယ်။

"နူးညံ့ ... တော်တော်နာနေတာလား"

"အင်း ... ဟုတ်တယ်၊ တော်တော်ကြီးကို နာနေတာ၊ အရိုး၊
အဆစ်တွေများ လွဲသွားပြီလား မသိပါဘူး ... အဟင့် ... အဟင့်"

သူမက အဲဒီလို ငိုမဲ့မဲ့ အသံလေးနဲ့ ပြောလိုက်တော့ သူ
ိုးရိမ်မှုတွေ လွန်ကဲသွားပြီး ပျာယာခတ်သွားတယ်။

"ဒါဆိုရင် ဆေးခန်းကိုသွားမှ ဖြစ်မှာပေါ့၊ လာ ... လာ ... သွား
ကြမယ်"

ဆိုပြီး ပြတ်သားက သူမရဲ့ပခုံးနှစ်ဖက်ကို ဖွဖွလေးကိုင်ပြီး
ဆိုင်အပြင်သို့ ခေါ်ဆောင်သွားပါတော့သည်။ ထိုမြင်ကွင်းကိုကြည့်ပြီး
န်းပွင့်တစ်ယောက် တော်တော်လေး ဒေါသထွက်သွားတယ်။

"ဟွန်း ... တံတောင်လေး ပွန်းသွားတာကိုများ အဖြစ်သည်းနေ
လိုက်ကြတာ ... တောက်"

သူမ ဘယ်သူ့ကို "တောက်"ခေါက်လိုက်တာလဲ။ ပြတ်သား
ကိုလား၊ ဒါမှမဟုတ် ချွဲပျစ်ပျစ်အသံတွေနဲ့ ညည်းညူပြလိုက်တဲ့ နူးညံ့
ကိုလား။ သေချာတာ တစ်ခုကတော့ ဒေါသရဲ့နောက်ကွယ်မှာ သဝန်
တိုခြင်းတွေ ကပ်ပါလာတာပဲဖြစ်၏။

ပြတ်သားနဲ့ ပတ်သက်ပြီး နူးညံ့က သူငယ်ချင်းစန်းပွင့်ကို
စားပေးမယ် အလျှော့ပေးမယ်လို့ ဆုံးဖြတ်ထားပေမယ့် စန်းပွင့်က
တော့ အချစ်နဲ့ပတ်သက်လာရင် သူငယ်ချင်းတွေ၊ ဘာတွေ နားလည်
ပေးမယ့်သူ မဟုတ်။ အဲဒါကတော့ သူမတို့နှစ်ယောက်ရဲ့ ကွဲပြားခြားနားတဲ့
စိတ်ဓာတ်ပင် ဖြစ်တော့၏။

သူမ ပြတ်သားနဲ့ နူးညံ့တို့ရဲ့ ပြန်အလာကို လည်တရှည်ရှည်
ည်နဲ့ စောင့်မျှော်နေပေမယ့် ဟိုနှစ်ယောက်က လုံးဝပေါ်မလာတော့
ဘူး။ အတော်ကြာတော့မှ နူးညံ့က စန်းပွင့်ဆီသို့ ဖုန်းလှမ်းဆက်
လိုက်၏။ စန်းပွင့် တစ်ယောက် "တတူတူ"မြည်နေတဲ့ သူမရဲ့ Hand
Phone လေးကို ကောက်ကိုင်လိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"Hello ! ... ပြောပါ"

"စန်းပွင့် ... ငါပါဟ"

"ဟဲ့ ... နှုးညှံ့၊ နင်တို့ကလည်း ဆေးခန်းသွားတာ အဲဒီလော
ထိအောင် ကြာရသလား။ ဒါနဲ့ နင့်လက် ဘာဖြစ်သွားသေးလဲ

"ငါထင်တဲ့အတိုင်းပဲ၊ အဆစ်လွဲသွားတာဟ၊ အခု ငါ့ရဲ့လက်
ဆရာဝန်က ကျောက်ပတ်တီး စည်းပေးထားတယ်"

"ဘာလဲ ... အခု နင်တို့က ဆေးခန်းမှာပဲလား"

"မဟုတ်ဘူးဟ၊ ငါ အခု အိမ်ပြန်ရောက်နေပြီ၊ ဒီနေ့ ငါ ဆိုင်
ပြန်မလာတော့မယ့်အကြောင်း နင့်ဆီ ဖုန်းလှမ်းဆက်လိုက်တ
ဒါပဲနော် ... ဖုန်းချလိုက်တော့မယ်"

"ဟဲ့ ... ဟဲ့ ... နေဦး ... နေဦး၊ ဒါဆိုရင် အခု ကိုပြတ်သား
နင်တို့အိမ်မှာပေါ့ ... ဟုတ်လား"

"အင်း ... ဟုတ်တယ်၊ စန်းပွင့် ... ငါ ဖုန်းချလိုက်တော့မ
နော်"

ထိုသို့ပြောပြီး နှုးညှံ့တစ်ယောက် လေလှိုင်းတွေကို ဖြ
တောက်ပစ်လိုက်၏။ စန်းပွင့်ကလည်း သူမရဲ့ Hand Phone လေး
စားပွဲပေါ်သို့ ပြန်တင်ထားလိုက်တယ်။

နှုးညှံ့က တံတောင်ဆစ် အဆစ်လွဲသွားပြီး ပြတ်သား
အခု နှုးညှံ့ ဘေးနားမှာရှိတယ်။ ဒါဆိုရင် အခု သူတို့နှစ်ယောက် ဘယ်
ဖြစ်နေကြမလဲ။ နှုးညှံ့က စောစောတုန်းကလိုပဲ ချွဲပျစ်ပျစ်အသံလေ
ညည်းညူနေမှာလား၊ ပြတ်သားကကော နှုးညှံ့ကို ကြင်နာစွာ ချော
နေမှာလား။

စန်းပွင့်တစ်ယောက် ထိုသို့တွေးပြီး ရင်မောနေတော့
တကယ်တော့ နှုးညှံ့က လက်နာတာကို အကြောင်းပြပြီး ပြတ်သာ
ကပ်ချွဲနေတာ မဟုတ်ပါဘူး။ တကယ်နာလို့ ညည်းတွားနေတာဖြ

"အား ... ကျွတ် ... ကျွတ် ... ကျွတ်"

"နှုးညှံ့ ... အခုထိ နာနေတုန်းပဲလား"

"အင်း"



ဆိုပြီး သူမ ခေါင်းညိတ်ပြလိုက်၏။

"ဒါဆိုရင် ငြိမ်ငြိမ်လေးပဲ ထိုင်နေတော့။ လက်ကို လုံးဝမလှုပ်နဲ့။ ပြီးတော့ နာကျင်မှုဝေဒနာကို မခံစားဘဲ မေ့ထားလိုက်။ နာတယ် နာတယ်လို့ စိတ်ထဲက မှတ်နေရင် တကယ်နာမှာပဲ။ အင်း ... ဖြစ်နိုင်ရင် စိတ်အာရုံကို တခြားနေရာဆီ ပို့ထားလိုက်ပါလား။ ဒါဆိုရင် နာကျင်မှုတွေ သက်သာသွားလိမ့်မယ်"

"အင်းလေ ... ကျွန်မ ကိုပြတ်သား ပြောတဲ့အတိုင်း လုပ်ကြည့်ပါ့မယ်။ အာရုံကို ဘယ်ပို့ပစ်ရင် ကောင်းမလဲ။ အင်း ... သိပြီ ... သိပြီ၊ ကိုပြတ်သား ... ကျွန်မကို ရှင့်ရဲ့အကြောင်းတွေ ပြောပြပါလား"

"ကောင်းပြီလေ၊ နှုးညှံ့ သိချင်ရင် ကိုယ်ပြောပြပါ့မယ်။ ကိုယ်က အခု ရန်ကုန်မှာ နေနေပေမယ့် ရန်ကုန်သား မဟုတ်ဘူးကွ ပုသိမ်သား။ ပုသိမ်မြို့က ကိုယ့်ရဲ့ဇာတိချက်ကြွေ မွေးရပ်မြေပေါ့။ အဲဒီမှာ ကိုယ်ရဲ့မိဘနှစ်ပါးရှိတယ်၊ ပြီးတော့ ... အဘိုး၊ အဘွား၊ အဒေါ်တွေ၊ ဦးလေးတွေ၊ အဲဒီ ဦးဦး၊ ဒေါ်ဒေါ်တွေက မွေးထားတဲ့ ပုစုခရုတွေ အများကြီး အများကြီးပါပဲ။ သူတို့အားလုံး တစ်အိမ်ထဲ၊ တစ်ခြံထဲမှာ အတူတူနေကြတယ်လေ။ အရမ်းအာရုံနောက်ဖို့ ကောင်းတာပဲ။ ဒါကြောင့်မို့ ကိုယ်က အိမ်မှာမနေတော့ဘဲ အခုလို ရန်ကုန်ကို တစ်ယောက်တည်း ထွက်လာခဲ့တာပေါ့"

"ဒါနဲ့ ကိုပြတ်သား အခုနေနေတဲ့ ဖေယျာသီရိလမ်းထဲက တိုက်ခန်းဆိုတာက အပိုင်ဝယ်ထားတာလား"

"အင်း ... ဟုတ်ပါတယ်၊ မိဘတွေဆီက အမွေတောင်းပြီးတော့ ဝယ်ထားတာပေါ့"

သူက အဲဒီလိုပြောလိုက်တော့ သူမ မျက်လုံးပြူးသွားတယ်။

"ဟင် ... ရှင်က မိဘတွေ အသက်ရှင်လျက် ရှိနေသေးတဲ့ဟာကို အမွေတောင်းတယ် ... ဟုတ်လား"

"အင်း ... ဟုတ်တယ်၊ ဘာကြောင့် အဲဒီလို အမွေတောင်းလိုက်တာလဲဆိုတော့ ကိုယ်တို့မျိုးရိုးက အသက်အရမ်းရှည်လို့ပဲ။ ကိုယ်တို့

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ဆွေမျိုးမှန်ရင် အသက်(၉၀)ကျော်ထိအောင်နေသွားပြီးမှ သေ
သွားကြတာချည်းပဲ။ အခု ကိုယ့်ရဲ့မိဘတွေက အသက်(၅၀)ဝန်း
ကျင်လောက်ပဲ ရှိသေးတယ်လေ။ သေဖို့ အနှစ်(၄၀)ကျော်တော
လိုသေးတယ်။ ကိုယ်က အဲဒီအချိန်ထိအောင် မစောင့်နိုင်ပါဘူး
ဒါကြောင့် စရန်အမွေအဖြစ် အမေ့နားကပ်ပြီး တိုက်ခန်းတစ်ခန်
ဝယ်ပေးဖို့ တောင်းဆိုလိုက်တယ်။ အမေက ဝယ်ပေးတယ်လေ
အခု ကိုယ်နေနေတဲ့တိုက်ခန်းက အမေပေးတဲ့ စရန်အမွေပေါ့"

"ကိုပြတ်သား ... ရှင်က ပြောလိုက်ရင် အထူးအဆန်းတွေချည်း
ရှင်ပြောမှပဲ ကျွန်မ စရန်အမွေ ဆိုတာကို ကြားဖူးတော့တယ်
ကဲ ... နောက်ထပ် ထူးဆန်းတာလေးတစ်ခုလောက် ထပ်ပြော
ပါဦး"

သူမက အဲဒီလို စိတ်ဝင်တစားတောင်းဆိုလိုက်တော့ သူ
တဲတွေးတစ်ခါ မျိုချပြီးတာနဲ့ ဆက်ပြောပြလိုက်၏။

"အင်း ... ထူးဆန်းတာကို ပြောပြရမယ်ဆိုရင် အများကြီးပါပဲ
ဘာကြောင့်လဲဆိုတော့ ကိုယ့်ရဲ့ပင်ကိုစိတ်ကိုက အရမ်းထူးဆန်
နေလို့ပေါ့"

"ဟုတ်တယ်နော် ... ကိုပြတ်သားက တခြားယောကျ်ားတွေနဲ့
မတူဘူး။ ဒါနဲ့ နေစမ်းပါဦး၊ အစ်ကိုက ဒီတစ်သက်မိန်းမ မယူ
ဘူးဆိုတာ တကယ်သေချာလို့လား"

သူမက သူ့ရဲ့မျက်လုံးတည့်တည့်ကိုကြည့်ပြီး အဲဒီလိုမေး
လိုက်တော့ သူ သွားပေါ်ရုံတကယ် ပြုံးလိုက်၏။ သူ ဘယ်လို ပြန်ဖြေ
မလဲ။ အမှန်အတိုင်း ပြောဖို့ကတော့ လုံးဝမဖြစ်နိုင်ပါဘူး။ တကယ်
တော့ သူက မိန်းမလိုချင်နေပြီဖြစ်၏။ သို့ပေမဲ့လည်း သူ အိမ်ထောင်ပြု
လိုက်တဲ့အခါ သူ့ရဲ့ဘဝက ဒုက္ခအဖြစ် ပြောင်းလဲသွားမှာကို အကြောက်
ကြီး ကြောက်နေမိ၏။ ထို့ကြောင့် သူ ဘယ်မိန်းမနဲ့မှ အရောတဝင်
မလုပ်ဘဲ ခပ်ကင်းကင်း နေထိုင်ခဲ့တာပေါ့။ သို့ပေမဲ့လည်း သူ အခု
နှုးညံ့နဲ့စိန်းပွင့်တို့နှစ်ယောက်နဲ့ ပက်ပင်းတိုးမိနေပြီ။ သူမတို့နှစ်ယောက်ရဲ့
အလှက ရျာန်ရနေတဲ့ ရသေ့ကြီးတွေကိုတောင် ရျာန်လျှောကျသွားစေ





လောက်တယ်ဆိုတော့ သူလို ပုထုဇဉ်လူသားတစ်ယောက်အနေနဲ့ သူမ
တို့နှစ်ယောက်ရဲ့အလှက ရျာန်ရနေတဲ့ ရသေ့ကြီးတွေကိုတောင် ရျာန်
လျှောကျသွားစေလောက်တယ် ဆိုတော့ သူ့လို ပုထုဇဉ်လူသား တစ်
ယောက်အနေနဲ့ သူမတို့နှစ်ယောက်ရဲ့ attractive အောက်က ရုန်းထွက်
နိုင်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်လောက်ပါဘူး။ အခုပဲကြည့်လေ။ နှုးညံ့က
နည်းနည်းလောက် သည်းပြလိုက်တာနဲ့ သူ့ရဲ့စိတ်တွေ ကတုန်ကယင်
ဖြစ်နေပြီ။ စိုးရိမ်တာမှ ပျာယာခတ်နေတာပဲ။

"ကိုပြတ်သား ... ကျွန်မ မေးနေတယ်လေ၊ ရှင် ဒီတစ်သက်
မိန်းမ မယူဘူးဆိုတာ တကယ်သေချာလို့လား"

"အင်း ... သေချာတယ်၊ (၉၈)ရာခိုင်နှုန်းလောက် သေချာတယ်
ဆိုပါတော့"

"ဒါဆိုရင် ကိုပြတ်သား အိမ်ထောင်ကျမယ့်ကိန်းက (၂)ရာခိုင်
နှုန်းလောက်ပဲ ရှိတာပေါ့လေ"

"နှုးညံ့ရယ် ... ကိုယ့်ကို ဘာလို့ အိမ်ထောင်ပြုဖို့ အကြောင်းတွေ
ချည်းပဲ မေးနေရတာလဲ၊ ဖြစ်နိုင်ရင် တခြားအကြောင်းတွေ ပြော
ကြမယ်လေ၊ အိမ်ထောင်ပြုဖို့အကြောင်းပြောရင် ကိုယ့်ရဲ့ရင်တွေ
ပူပြီး သူ့အလိုလို မောလာလို့ပါကွာ"

"ကောင်းပြီလေ၊ ဒါဆိုရင်လည်း တခြားအကြောင်းတွေပဲ ပြော
ကြတာပေါ့"

ထိုအချိန် ဒေါ်လုံးက ကော်ဖီခွက် လာချပေးသဖြင့် သူတို့
နှစ်ယောက် စကားပြောဆိုနေကြတာ ခေတ္တမျှ ရပ်တန့်သွား၏။ ဒေါ်လုံး
ထွက်သွားတော့မှ နှုးညံ့ကာ ...

"ကိုပြတ်သား ... ကော်ဖီသောက်လိုက်ပါဦး"

ဆိုပြီး ကော်ဖီခွက်ကို သူမရဲ့ဘယ်ဘက်လက်နဲ့ တွန်းပြီး
ပြတ်သားရဲ့အရှေ့သို့ရောက်အောင် ပို့လိုက်၏။ သို့ပေမဲ့လည်း အားပြင်း
ပြီး အရှိန်လွန်သွားသဖြင့် ကော်ဖီခွက်လေးက စားပွဲပေါ်မှ ပြုတ်ကျ
သွားပါတော့သည်။

"ခွမ်း"



www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီထည့်ထားတဲ့ဖန်ခွက် ကွဲသွားပါတယ်။ ပြီးတော့ ကော်ဖီရည်တွေက ပြတ်သားရဲ့ဘောင်းဘီကို ပေကျံသွားစေတော့၏။ ဒီလိုမျိုး ဖြစ်သွားအောင် နူးညံ့က တမင်သက်သက် လုပ်လိုက်တာလား။ ဒါမှမဟုတ် မတော်တဆ ဖြစ်သွားတာလား ဆိုတာကတော့ သူမက လွဲပြီး မည်သူမျှ သိနိုင်မည်မဟုတ်။ ပြတ်သားကတော့ သူ့ရဲ့ပေါင်ပူသွားသဖြင့် တွန့်သွားလေသည်။

"အား"

သူ အပူလောင်သွားသဖြင့် ရုတ်တရက် ထအော်လိုက်၏။ ထို့ကြောင့် နူးညံ့တစ်ယောက် ပျာယာခတ်သွားပြီး သူ့အနားသို့ လျင်မြန်စွာ တိုးကပ်လာပါတော့သည်။

"ကိုပြတ်သား ... ဆောရီးနော် ... ဆောရီး၊ ကျွန်မ အရမ်းပေါ့ဆသွားတယ်။ တော်တော်ပူသွားလားဟင်။ အို ... ကြည့်စမ်းပါဦး ဘောင်းဘီမှာ ပေကျံကုန်ပြီ"

နူးညံ့တစ်ယောက် အဲဒီလိုပြောပြီး Tissue တစ်ထည်ကို ထုတ်ယူလိုက်၏။ ပြီးတော့ သူ့ရဲ့ဘောင်းဘီမှာပေနေတဲ့ ကော်ဖီရည်တွေကိုသုတ်ပေးဖို့ ဟန်ပြင်လိုက်တယ်။ ဒီတော့... ပြတ်သားက -

"ရပါတယ် နူးညံ့ရယ်၊ ကိစ္စမရှိပါဘူး၊ ပေး ... ပေး ... Tissue ကိုယ့်ဘာသာကိုယ်ပဲ သုတ်လိုက်ပါ့မယ်"

ထိုသို့ပြောပြီး နူးညံ့က ပြတ်သားရဲ့ဘောင်းဘီမှာပေနေတဲ့ ကော်ဖီတွေကို Tissue နဲ့ သုတ်ပေးလိုက်၏။ သို့ပေမဲ့ Tissue က တစ်ထည်တည်းနဲ့ မလောက်သဖြင့် စားပွဲပေါ်က Tissue ထုပ်ကို သူမ လှမ်းယူလိုက်၏။ အဲဒီလိုလှမ်းယူပြီး ဒီဘက် သို့ပြန်လှည့်လာစဉ် သူမရဲ့ပတ်တီးစည်းထားတဲ့လက်က ပြတ်သားရဲ့လက်မောင်းနဲ့ မတော်တဆ တိုက်မိသွားတော့၏။

"အား"

သူမ အရမ်းနာသွားသဖြင့် အသားကုန် အော်ဟစ်ပစ်လိုက်သည်။ ဒီတော့ ပြတ်သားတစ်ယောက် စိုးရိမ်မှုတွေ လွန်ကဲသွားပြီး သူမရဲ့ပခုံးနှစ်ဖက်ကို ဖွဖွလေး ဆုပ်ကိုင်လိုက်တယ်။





"နူးညံ့ရယ် ... သတိထားမှပေါ့ကွာ၊ အရမ်းနာသွားလား"

"အင်း ... နာတယ်၊ အဟင့် ... အဟင့်"

ဟုတ်ပါတယ်။ နူးညံ့ တစ်ယောက် နာကျင်လွန်းလို့ မျက်ရည်တွေတောင် စီးကျလာ၏။ ဒီတော့ သူက ကရုဏာသက်စွာ သူမရဲ့ပါးပြင်ပေါ်သို့စီးကျနေတဲ့ မျက်ရည်စီးကြောင်းတွေကို Tissue လေးနဲ့ အသာအယာ သုတ်ပေးလိုက်တယ်။

အိမ်ထဲသို့ ရောက်ရောက်ချင်း စန်းပွင့်က ထိုမြင်ကွင်းကို တွေ့လိုက်ရသဖြင့် အရမ်းတုန်လှုပ် ချောက်ချားသွားလေသည်။ သူတို့နှစ်ယောက်ကို မသက်ာလို့ စန်းပွင့်က ဒီနေ့ ဆိုင်အစောကြီး ပိတ်ခဲ့ပြီး နူးညံ့တို့အိမ်ကို အပြေးလိုက်လာခဲ့တာပေါ့။ အခုတော့ သူမ မမြင်ချင်တဲ့ မြင်ကွင်းတစ်ခုကို မြင်တွေ့လိုက်ရပါပြီ။ သူမ အိမ်ထဲသို့ ရောက်လာပြီးခါမှ ဆက်လျှောက်မလာတော့ဘဲ အပြင်သို့ ပြန်ထွက်သွား၏။ ပြီးတော့ သူမရဲ့ Mark II ကား အဖြူရောင်လေးကို တစ်ဟုန်ထိုး မောင်းနှင်သွားပါတော့သည်။

ပြတ်သားနဲ့ နူးညံ့တို့ကတော့ စန်းပွင့် ရောက်လာတာကို လုံးဝသတိမပြုလိုက်မိကြပါဘူး။ သူတို့ဘာသာသူတို့ စိုးရိမ်မှု၊ အဖြစ်သည်းမှုတွေနဲ့ လုံးထွေးနေသောကြောင့်ပင်ဖြစ်၏။ ဘာပဲဖြစ်ဖြစ် ဒီနေ့ သူတို့နှစ်ယောက် အရမ်းရင်းနှီးသွားကြပြီ ဆိုတာကတော့ သေချာလွန်းတဲ့ အမှန်တရားတစ်ခုသာ ဖြစ်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သြော်… နူးညံ့… နူးညံ့…
မင်းက ငါ့ကို ဒုက္ခပေးမယ့်သူပါလား…
အမှန်အတိုင်း ပြောရရင်…
ချစ်တော့ ချစ်ချင်တယ်…
ဒါပေမဲ့…
မီးဆိုတာ ပူမှန်း ငါသိတယ်လေ…
ဒါကြောင့်မို့ …
Feel မဖြစ်ရင်လည်း နေပါစေတော့…
မီးကိုတော့ ကိုင်မကြည့်တော့ပါဘူး…
ငါ့ရဲ့ခရီးကို …
ငါတစ်ယောက်တည်းပဲ…
သွားတော့မယ်…
ဘိုင့်ဘိုင်…"



…ပိုညွှတ်တော့…

စန်းပွင့် တစ်ယောက် တော်တော်နှင့် မအိပ်သေးဘဲ မှန်တင်ခုံရှေ့မှာ တစ်ယောက်တည်း စကားထိုင်ပြောနေလေရဲ့။

"နူးညံ့ … နူးညံ့ … နင်ကလည်း သူ့ကို စိတ်ဝင်စားနေတာလား။ ဘာလဲ … နင်က ပြတ်သားကို ငါ့လက်ထဲကနေလုယူဖို့ ကြိုးစားနေတာလား။ အဲဒီလိုလုပ်လို့ ဘယ်ရမလဲ၊ နင် မောသွားမှာပေါ့၊ ပြတ်သားက ငါ့အတွက်ပဲ ဖြစ်စေရမယ်၊ ပြတ်သားက ငါ့ကိုပဲ ချစ်စေရမယ်"

စန်းပွင့် တစ်ယောက် မှန်ကို ရူးရူးဝါးဝါး စိုက်ကြည့်ကာ ကြိတ်ပြီး အဲဒီလို ပြောလိုက်၏။ သူမ ဘာကိုမကျေမနပ် ဖြစ်နေတာလဲ။ သူငယ်ချင်း နူးညံ့ကိုလား၊ ဒါမှမဟုတ် ခိုးချစ်နေရတဲ့ ချစ်သူ ပြတ်သားကိုလား။ သေချာတာ တစ်ခုကတော့ အခု သူမ ဒေါသတွေ လိမ့်လိမ့် ထွက်နေခြင်းပင်ဖြစ်၏။ ဟုတ်ပါတယ်။ မနက်ကတည်းက ဘက်လောင်နေတဲ့ ဒေါသမီးတွေ အခုထိအောင် ပြာကျမသွားသေးပါဘူး။

"နူးညံ့ … နူးညံ့ … နင် ဘာဆက်လုပ်မှာလဲ၊ အေး … ရှေ့ဆက်တိုးလို့ကတော့ နင် ငါနဲ့ ထိပ်တိုက်တွေ့ပြီသာမှတ်"



www.burmeseclassic.com

www.burmeseclassic.com



သူမ အဲဒီလို ကြိမ်းဝါးပြောဆိုလိုက်ပြီး မှန်တင်ခုံပေါ်မှ [illegible]
တင်ထားတဲ့ ဓာတ်ပုံတစ်ပုံကို ဆုတ်ဖြဲပစ်လိုက်သည်။ အဲဒီ ဓာတ်ပုံ [illegible]
သူမနဲ့ နုးညံ့ ဘွဲ့ရတုန်းက အတူတူ တွဲရိုက်ထားတဲ့ အမှတ်တရပုံ [illegible]
ပေါ့။ အခုတော့ ဓာတ်ပုံလေးက မှန်ပေါင်ထဲကနေ အပြင်လောက [illegible]
ရောက်လာပြီး အပိုင်းပိုင်းအစစ ဖြစ်သွားပါတော့သည်။ ပြီးတော့ သူမ [illegible]
အဲဒီဓာတ်ပုံ အပိုင်းအစလေးတွေကို စိတ်ရှိလက်ရှိနဲ့ အသားကုန်လွှ [illegible]
ပစ်လိုက်၏။

ထိုအချိန်မှာပဲ ငြိမ့်ညောင်းတဲ့ သံစဉ်တေးသွား တစ်ခု [illegible]
သူမရဲ့အိမ်ခြံဝင်းအရှေ့ကနေ သူမရဲ့အခန်းထဲသို့ တစ်ဟုန်ထိုး ပြေးလ [illegible]
ပါတော့သည်။

ခြံဝင်းအရှေ့ကနေ ဂစ်တာတီးပြီး သီချင်းဆိုသံတွေ ထွက် [illegible]
ပေါ်လာသဖြင့် သူမ ခန်းဆီးစကို အသာလေးဖယ်ပြီးအောက်သို့ ချောင်း [illegible]
ကြည့်လိုက်၏။ နဂိုကမှ ဒေါသထွက်နေရတဲ့ကြားထဲ အောက်ကကော [illegible]
တွေရဲ့မျက်နှာကို မြင်သွားတော့ သူမ ဒေါသထွက်သည်ထက် ပိုထွက် [illegible]
လာပါတော့သည်။ ဟုတ်ပါတယ်။ ခြံဝင်း အရှေ့မှာ ဂစ်တာတီးပြီ [illegible]
သီချင်းဆိုနေကြတဲ့ သူတွေက မိုးဖွဲ၊ ဇော်ထိုက်နဲ့ နက်ကျယ်တို့ပါပဲ [illegible]
သူတို့သီဆိုနေတာ တော်တော်လေးကို နားထောင်လို့ ကောင်းပေမယ့် [illegible]
စန်းပွင့်ကတော့ နားပိတ်ထားလေရဲ့။ မိုးဖွဲရဲ့အသံကို သူမ လုံးဝမကြား [illegible]
ချင်ဘူးလေ။ အခု လေထဲမှာ ပျံ့လွင့်နေတဲ့ သံစဉ်တေးသွားလေးဟာ [illegible]
သူများတွေအတွက်ကတော့ အင်မတန်ချိုမြပေမယ့် စန်းပွင့်အတွက်က [illegible]
တော့ အရမ်းခါးသီးလွန်းလှပါတယ်။ ချေးပိုးထိုးကောင် တဝီဝီလာလု [illegible]
နေတဲ့အတိုင်းပဲ။ ဟုတ်တယ်။ စန်းပွင့်က မိုးဖွဲကို အဲဒီလောက်ထိအောင် [illegible]
အမြင်ကတ် မုန်းတီးနေတာ။

မိုးဖွဲတို့အဖွဲ့ သီချင်းတစ်ပုဒ် သီဆိုပြီးသွားတော့ နောက် [illegible]
တစ်ပုဒ် ထပ်ဆိုကြပြန်တယ်။ သူမ သူ့ရဲ့အသံကို လုံးဝမကြားချင်တော့ [illegible]
ပါ။ ထို့ကြောင့် သူမ လသာဆောင်ဘက်သို့ ထွက်လာပြီး ပန်းအိုးတွေ [illegible]
ရှိရာသို့ လျှောက်လှမ်းလာ၏။ ပြီးတော့ ပန်းအိုးထဲက ခဲလုံးတွေနဲ့ [illegible]
ဟို(၃)ယောက်ကို သေသေချာချာချိန်ရွယ်ပြီး ပစ်ပေါက်လိုက်တယ် [illegible]





“ဟိတ်ကောင် မိုးဖွဲ၊ စန်းပွင့်က ငါတို့ကို ခဲနဲ့ထုနေပြီကွာ ဘာဆက်
လုပ်ကြမလဲ”

“ဘာမှလုပ်မနေနဲ့ ပြေးမယ်”

နက်ကျယ်က ခဲမှန်မှာ ကြောက်သဖြင့် အဲဒီလိုပြောပြီး ပြေး
[illegible]တ်သွားတယ်။

“ဟိတ်ကောင် ... ငါတို့ကိုလည်း စောင့်ဦးလေ”

ထို့နောက်တွင်တော့ မိုးဖွဲနဲ့ဇော်ထိုက်တို့ကလည်း နက်ကျယ်
[illegible]ာက်သို့ အလျင်အမြန် ပြေးလိုက်သွားတော့သည်။ စန်းပွင့်ကတော့
[illegible]ာက်တက်တက်ခေါက်ပြီး ကျန်ရစ်ခဲ့လေရဲ့။ ထိုညလေးမှာ စန်းပွင့်
[illegible] ဒေါသမီးတွေတောက်လောင်ပြီး ပူလောင်နေပေမယ့် နုးညံ့ကတော့
[illegible]ည်နူးသာယာမှုနဲ့အတူ ခုတင်ပေါ်တွင် အသာလေး မှိန်းနေတော့
[illegible]ည်။ မှန်တာပေါ့ ... သူမ မနက်တုန်းက ဖြစ်ခဲ့တဲ့ အဖြစ်အပျက်ကို
[illegible]တွေးပြီး တပြုံးပြုံး ဖြစ်နေလေရဲ့။ မနက်တုန်းက ပြတ်သားက
[illegible]ကို ဂရုစိုက်မှု၊ ကြင်နာမှု တွေပေးခဲ့တယ်လေ။ ဒါကို ပြန်တွေးပြီး
[illegible] ပီတိတွေ ဖြစ်နေတာပေါ့။

သို့ပေမဲ့လည်း သူမ စန်းပွင့်အကြောင်းကို စဉ်းစားမိတဲ့
[illegible]ါမှာတော့ သူမရဲ့မျက်နှာပေါ်က အပြုံးလှလှလေးတွေ ကြက်ပျောက်
[illegible]ပျောက် ပျောက်ကွယ်သွားပါတော့သည်။

စန်းပွင့်က ပြတ်သားကို Crazy ဖြစ်နေတာလေ။ သူမက
[illegible]ည်း ပြတ်သားကို စိတ်ဝင်စားနေတဲ့သူ ဘာဆက်လုပ်ရမလဲ၊ သူမ
[illegible]အကြောင်းကို စဉ်းစားပြီး ခေါင်းတွေပူလာသဖြင့် မွေ့ရာပေါ်တွင်
[illegible]သိမ့်ပစ်လိုက်၏။ ထို့နောက် သူမ စိတ်မောသွားသဖြင့် လေပူတစ်
[illegible] မှုတ်ထုတ်လိုက်တယ်။

“ဟူး”

“ခက်တော့တာပဲ အို့ပါးရယ်၊ ကျွန်မ ဘာဆက်လုပ်ရမလဲ မသိ
တော့ဘူးရှင်”

သူမ အဲဒီလိုပြောပြီး ခေါင်းကို ဖွေယမ်းလိုက်၏။ [illegible]အဖြစ်
[illegible]တ်နဲ့ ပတ်သက်ပြီး သူမ သိပ်ဘဝင်မကျဘူး ဖြစ်နေတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



သူမနဲ့စန်းပွင့်က သူ့ကို ဘာကြောင့် ပြိုင်တူကြိုက်သွား၊ ခိုက်သွား တာလဲ။ လောကမှာ ယောက်ျားတွေအများကြီး ရှိပါလျက်နဲ့ သူမတို့နှ ယောက်က ဘာကြောင့် သူ့ကိုမှ အသေစွဲလမ်းသွားရတာလဲ။

ဘာပဲဖြစ်ဖြစ် သူမ သူ့ကို တိတ်တိတ်လေးပဲ ချစ်သွ တော့မယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။ သူငယ်ချင်းက ချစ်ပါတယ် ကြိုက်ပါတယ်လို့ ပြောနေတဲ့သူကို သူမ လုမယူချင်ဘူးလေ။ ဒါကြော မို့ ပြတ်သားနဲ့ပတ်သက်ပြီး စန်းပွင့်ကိုပဲ ဦးစားပေးတော့မယ်လို့ သူ ဆုံးဖြတ်လိုက်တာပေါ့။

"တော်ပြီကွာ ... တော်ပြီ၊ ဘာမှ မတွေးတော့ဘူး။ အိပ်တာ ကောင်းတယ်"

ထိုသို့ပြောပြီး နှုးညံ့တစ်ယောက် အခန်းမီးကိုပိတ်၊ စော ကိုမြှိုကာ အိပ်စက်ခြင်းဆီသို့ ညင်သာတဲ့ အသက်ရှူသံလေးတွေနဲ့အ မွှမွှလေးလျှောက်လှမ်းသွားပါတော့သည်။

ဒီနေ့ည သန်းခေါင်ကျော်နေပြီ ဖြစ်ပေမယ့် အခုထိအော မအိပ်နိုင်သေးဘဲ အတွေးရေယာဉ်ကြောထဲမှာ လွင့်မျောနေတဲ့ သူတ ယောက် ရှိသေးတယ်။ သူကတော့ မင်းပြတ်သားပါပဲ။ မျက်စိမှိတ်လို တိုင်း သူ့ရဲ့အမြင်အာရုံကြောထဲကို နှုးညံ့ရဲ့ပုံရိပ်လှလှလေးတွေ ထိုးကာ ဖောက်ကာ ဝင်ရောက်လာတယ်လေ။ အဲဒါ ဘာကြောင့်လဲ သူ နှုးညံ့ကို စွဲလမ်းနေတာလား၊ သေချာတာ တစ်ခုကတော့ အ သူ လုံးဝအိပ်မရတာဘဲဖြစ်၏။ နှုးညံ့က သူ့ရဲ့အသိစိတ်တစ်ခုလုံး ထိတွေ့မှုနဲ့အတူ ညို့ယူဖမ်းစားလိုက်ပြီလား။ အဲဒါ ဖြစ်နိုင်တယ်။ ဘာ ကြောင့်လဲဆိုတော့ သူ အခု နှုးညံ့ကို တမ်းတမ်းတတ သတိရကာ လွ ဆွတ်နေလို့ပေါ့။ ဟုတ်ပါတယ်။ လွမ်းတဲ့စိတ်တွေက သူ့ရဲ့ငယ်ထိပ် ပင် ရောက်နေပြီဖြစ်၏။

"နှုးညံ့ရယ် ... အရမ်းလွမ်းတယ်ကွာ"

သူ အဲဒီလို တိုးတိုးလေးရေရွတ်လိုက်ပြီး အခန်းနံရံမှ ကပ်ထားတဲ့ စာရွက်လေးကို လှမ်းကြည့်လိုက်၏။ ထိုစာရွက်ပေါ် စကားလုံးတွေကြောင့် သူ လွမ်းရမှာကိုတောင် ကြောက်သွားတယ်





ဟုတ်ပါတယ် ... ပြတ်သားက သူ့ရဲ့အခန်းနံရံမှာ ဒီစကားလုံးတွေ ရေးထားတဲ့ စာရွက်လေးတစ်ရွက် ကပ်ထားတယ်လေ။

**မိန်းမ = ဒုက္ခ**

သူ အဲဒီစာရွက်လေးကို စိုက်ကြည့်ပြီး ခေါင်းကိုဖြည်းဖြည်းချင်း ခါယမ်းလိုက်၏။

"ဩော် ... နှုးညံ့ ... နှုးညံ့ ... မင်းက ငါ့ကို ဒုက္ခပေးမယ့်သူပါလား။ အမှန်အတိုင်း ပြောရရင် ချစ်တော့ ချစ်ချင်ပါတယ်။ ဒါပေမဲ့ မီးဆိုတာပူမှန်း ငါသိတယ်လေ။ ဒါကြောင့်မို့ Feel မဖြစ်ရင်လည်း နေပါစေတော့ မီးကိုတော့ ကိုင်မကြည့်တော့ပါဘူး။ ငါ့ရဲ့ခရီးကို ငါတစ်ယောက်တည်းပဲ သွားတော့မယ် ... ဘိုင့်ဘိုင်"

ထိုသို့ပြောပြီး သူ အခန်းမီးကိုပိတ်ပစ်လိုက်၏။ ထို့နောက် သူ နှုးညံ့ကိုလွမ်းနေတဲ့ အလွမ်းတွေကို အရည်ဖျော်ပစ်လိုက်ပြီး မျက်စိကို မှိတ်ကာ အိပ်ပစ်လိုက်ပါတော့သည်။

✧❤✧



www.burmeseclassic.com

www.burmeseclassic.com



"အောင်မှာ...
ရှင့်လို ဂျူလေပီကို...
ကျွန်မက ဘာလို့ မှားရမှာလဲ...
ဂျူလေပီကို မှားတတ်တာ...
မဟေသီလို...
ဘောဂီလိုချင်တဲ့ သူတွေရှင့်...
ကျွန်မက မဟေသီ မဟုတ်ဘူးလေ...
ပြီးတော့...
ကျွန်မက ရှင့်ရှေ့မှာ...
ဒူးထောက်မယ့်သူ မဟုတ်ဘူး...
ရှင့်ကို မူးမောက်သွားအောင်...
ထိုးပစ်မယ့်သူ... မှတ်ထား..."



## အခန်း(၉)

... "ကောင်းကင်ကြီးရဲ့" မျက်နှာပေါ်မှာ တိမ်ညိုတိမ်မည်းတွေ ဖုံးလွှမ်းနေသလို စန်းပွင့်ရဲ့မျက်နှာပေါ်မှာလည်း အငြိုးအတေးတွေ လွှမ်းခြုံနေတော့၏။ ကောင်းကင်ပြင်ကြီးမှာ တိမ်ညိုတိမ်းမည်းတွေကြီးစိုးပြီး လျှပ်စီးတွေ လျှပ်နေရင် မိုးခြိမ်းတတ်သလို၊ လူတစ်ယောက်ရဲ့ မျက်နှာပေါ်မှာ အငြိုးအတေးတွေ ကြီးစိုးနေပြီဆိုရင် ပေါက်ကွဲတတ်ပါတယ်။ ထိုပေါက်ကွဲသံက မိုးခြိမ်းသံထက်ပင် ပိုပြီးကြောက်ဖို့ကောင်းမှာ အမှန်ပင်ဖြစ်၏။ သို့ပေမဲ့ သူမအငြိုးအတေးပုံးကို ဖောက်ခွဲဖို့ မကြိုးစားသေးပါဘူး။ မကျေနပ်တာကတော့ ဧကန်ပါပဲ။ သူမအတွက် ခက်နေတာက ဘယ်သူ့ကိုငြိုးရမလဲ မသိဘူး ဖြစ်နေတယ်လေ။ ထင်ရာစိုင်းပြီး ရှိုင်းပစ်လိုက်ရင် အားလုံးသေကုန်မှာပေါ့။ ဒါကြောင့်မို့ သူမ အငြိုးအတေး၊ ဒေါသ၊ မကျေနပ်ချက်တွေကို ဟန်ဆောင်အပြုံးနဲ့ ဖုံးလွှမ်းထားလိုက်ပါတော့တယ်။

ဟုတ်ပါတယ်။ အခု စန်းပွင့်ရဲ့မျက်နှာလေးက ခုနတုန်းကလို ကြောက်ဖို့မကောင်းတော့ဘဲ အပြုံးပန်းတွေနဲ့ ပဲဆာလုပနေတော့၏။ သူမမျက်နှာထားကို အဲဒီလို ပြောင်းလိုက်ပြီးမှ နူးညံ့တို့အိမ်

www.burmeseclassic.com

www.burmeseclassic.com



ထဲသို့ ဝင်လာခဲ့ပါတယ်။ သူမ ထမင်းစားခန်းထဲသို့ ဝင်လာတော့ နူးညံ့တို့က Breakfast ဆွဲနေကြပြီဖြစ်၏။

"စန်းပွင့် ... ရောက်လာပြီလား၊ လာ ... ထိုင်၊ ဒီနေ့ ငါတို့ရဲ့ Berakfast က ရှမ်းခေါက်ဆွဲဟ"

နူးညံ့က အဲဒီလိုပြောပြီး စန်းပွင့်ကို အမြန်ဖိတ်ခေါ်လိုက်၏။ ဒေါ်လုံးကလည်း စန်းပွင့် ရောက်လာပြီဆိုတာနဲ့ ခေါက်ဆွဲတစ်ပွဲ အမြန်ပြင်ပေးလိုက်တယ်။ စန်းပွင့်တစ်ယောက် သူမထိုင်နေကျ နေရာလေးမှာ ဝင်ထိုင်လိုက်ပြီး ခေါက်ဆွဲပန်းကန်ကိုယူကာ စိတ်ကြိုက်မွှေနှောက်ပစ်လိုက်၏။ မွှေနေတာ(၅)မိနစ်လောက် ကြာသွားပြီဖြစ်ပေမယ့် သူမ မစားသေးပါဘူး။ နူးညံ့ကတော့ တစ်ဖွန်းပြီးတစ်ဖွန်း အားရပါးရ လွေးနေတော့၏။ ဘယ်ဘက်လက်နဲ့ တူမကိုင်တတ်လို့ ဇွန်းနဲ့စားနေတာပါ။ သူမ ရဲ့ညာဘက်လက်က အခုထိအောင် ကျောက်ပတ်တီးစည်းထားတုန်းပါပဲ။ ဒါကြောင့်မို့ သူမ ဘယ်ဘက်လက်နဲ့ ဇွန်းကိုအသုံးပြုနေခြင်းပင်ဖြစ်၏။

"ဟဲ့ ... စန်းပွင့်၊ စားလေ ဘာလုပ်နေတာလဲဟ"

နူးညံ့က အဲဒီလိုပြောလိုက်တော့မှ စန်းပွင့်တစ်ယောက် မွှေနေတာကို ရပ်တန့်လိုက်ပြီး ခေါက်ဆွဲဖတ်တွေကို တူနဲ့ညှပ်ကာ ပါးစပ်ထဲသို့ ထိုးသွတ်လိုက်၏။ ပြီးတော့ မဝါးချင်၊ ဝါးချင်နဲ့ ဖြည်းဖြည်းချင်း ဝါးနေတော့သည်။

"စန်းပွင့် ... နင်ကလည်း အားရပါးရ စားစမ်းပါ၊ ဒီလောက် ကောင်းတဲ့ဟာကို၊ ဘာလဲ ... နင်က ရှမ်းခေါက်ဆွဲ မကြိုက်ဘူးလား"

"မဟုတ်ပါဘူးဟာ၊ ငါ ဘာမှစားချင်စိတ် မရှိလို့ပါ၊ နူးညံ့ — နင် ဒီနေ့ ဆိုင်ကိုမလိုက်တော့ဘူးမလား"

"အင်း ... မလိုက်တော့ဘူး၊ ငါ့ကို ဆရာဝန်က တစ်ပတ်လောက် အနားယူဖို့ ပြောထားတယ်လေ၊ ပတ်တီးဖြေလို့ရပြီ ဆိုတော့မှပဲ ဆိုင်ကို လိုက်ခဲ့တော့မယ်၊ အခုလောလောဆယ်တော့ ငါ အိမ်မှာပဲ အနားယူလိုက်ဦးမယ်၊ နင်တစ်ယောက်တည်းပဲ ဆိုင်ကိုဦးစီးထားလိုက်ပေါ့ ... ဟုတ်ပြီလား"





"အေးပါဟာ၊ နင် ကြိုက်သလောက်သာအနားယူ၊ ဆိုင်မှာ ငါ တစ်ယောက်တည်းရှိလို့ ဖြစ်ပါတယ်၊ ကဲ ... ငါသွားတော့မယ်နော်"

"နေပါဦးဟ၊ နင်ကလည်း ဒီခေါက်ဆွဲလေးတစ်ပွဲတောင် ကုန်အောင်စားမသွားဘူး၊ စားပြီးမှ သွားပါလား"

"တော်ပါပြီ နူးညံ့ရယ်၊ ငါ စားချင်စိတ် မရှိလို့ပါဟာ"

ထိုသို့ပြောပြီး စန်းပွင့်တစ်ယောက် ထိုင်နေရာမှ ထလိုက်၏။ ထို့နောက် သူမ နူးညံ့ကို နှုတ်ဆက်စကားပြောဆိုပြီး ထိုအခန်းထဲမှ ထွက်သွားပါတော့သည်။ ဒေါ်ဥမ္မာနဲ့ စည်သူတို့ကလည်း မနက်(၆)နာရီလောက်ကတည်းက အပြင်ထွက်သွားကြပြီဖြစ်၏။ ထို့ကြောင့် အခု အိမ်ထဲမှာ နူးညံ့နဲ့ ဒေါ်လုံးတို့ နှစ်ယောက်သာ ကျန်ရစ်ခဲ့ပါတော့သည်။

နောက်နာရီဝက်ခန့် ကြာတော့မှ စန်းပွင့်တစ်ယောက် သူမရဲ့ "Queen Berry" Snack Bar အရှေ့သို့ ရောက်လာခဲ့တယ်။ ထို့နောက် သူမ ကား Parking ထိုးပြီးတာနဲ့ ဆိုင်ထဲသို့ ဝင်လာတော့၏။ ဆိုင်ဖွင့်ပြီး နာရီဝက်ခန့်အကြာမှာပဲ ထိုဆိုင်ရှေ့သို့ အဝါရောင်ပြိုင်ကားလေးတစ်စီး ရောက်လာလေသည်။ ဟုတ်ပါတယ်။ ထိုပြိုင်ကားလေးက မိုးဖွဲ့ရဲ့ကားလေးပါပဲ။ ကားပေါ်ကဆင်းလာတဲ့ သူတွေကတော့ ထုံးစံအတိုင်းပဲ မိုးဖွဲ့၊ ဇော်ထိုက်နဲ့နက်ကျယ်တို့ပင်ဖြစ်၏။ သူတို့(၃)ယောက် ဆိုင်ထဲသို့ တည့်တည့်မတ်မတ် ဝင်လာလေသည်။ မိုးဖွဲ့က ဂစ်တာကြီးတစ်လုံးကို ကိုင်ဆွဲထားလျက် ...

စိတ်ညစ်နေတဲ့ စန်းပွင့် သူတို့(၃)ယောက်ကို မြင်သွားတော့ ခေါင်းကို ဖြည်းဖြည်းချင်း ခါယမ်းလိုက်၏။ သူမ တော်တော်လေး စိတ်ပျက်သွားတယ် ထင်တယ်။ ထို့ကြောင့် သူမ သူတို့ကို ဂရုမစိုက်တော့ဘဲ TV ဖန်သားပြင်ကိုသာ စိတ်မပါဘဲနဲ့ လှမ်းကြည့်နေတော့၏။ Costumer တွေနဲ့ ရန်မဖြစ်ချင်လို့ သူမ ဒီလို အေးဆေးငြိမ်နေလိုက်တာပါ။ ဆိုင်ထဲမှာ မဟုတ်ဘဲ အပြင်မှာ ထိပ်တိုက်တွေ့လို့ကတော့ ငြိမ်းသွားနိုင်တယ်။ ဘာကြောင့်လဲဆိုတော့ သူမက မိုးဖွဲ့ကို မကြည့်နိုင်လောက်အောင် အမြင်ကတ် မုန်းတီးနေလို့ပေါ့။ ဟုတ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူမအတွက်တော့ မိုးဖွဲက ရေတံသီးတောင့် တစ်တောင့်လိုပါပဲ။ မ
နပ်လို့ "အင်းဟာ" ဆိုပြီး ကိုက်စားပစ်လိုက်ရင် သူမပဲ ပူမှာ
ဒီလိုမှမဟုတ် ရေတံကျည်ပွေ့နဲ့ ထုထောင်းပစ်လိုက်ရင်လည်း
ရေတံသီး က သူမကို မျက်ရည်ကျစေဦးမယ်။ ဒါကြောင့်မို့ သူမ
အပူကောင်မိုးဖွဲကို လုံးဝဂရုမစိုက်တော့ဘဲ သူမဘာသာသူမ အေး
အေးကြောင်း TV ထိုင်ကြည့်နေလိုက်ခြင်းပင် ဖြစ်တော့၏။

သို့ပေမဲ့ ဟို(၃)ယောက်က ဝိုင်းမထိုင်ဘဲ သူမဆီသို့ တ
တည့်မတ်မတ် လာနေသဖြင့် သူမ စိတ်အိုက်သွားလေသည်။

"ဒီမှာ စန်းပွင့်"

မိုးဖွဲက မောက်မာတဲ့လေသံနဲ့ အဲဒီလိုခေါ်လိုက်တော့ သူ
ဒေါသထွက်သွားတယ်။

"ဟား ... လေသံက မာလှချည်လား၊ ဒီမှာ မိုးဖွဲ၊ ရှင်က
ကိုယ့်ရှင် အာဏာရှင်များ မှတ်နေလား။ လေသံကို ချက်ချ
ပြင်လိုက်စမ်းပါ။ ကျွန်မက ရှင့်ရဲ့အကျဉ်းသား မဟုတ်ဘူ
အဲဒါကို ရှင် နားလည်ထား"

သူမက အဲဒီလို ပြန်ပြောလိုက်တော့ သူက နှုတ်ခမ်း
ကွေးပြီး မဲ့ရွဲ့ပြလိုက်၏။ ဇော်ထိုက်နဲ့ နက်ကျယ်တို့ကတော့ သူမ
တင်းမာတဲ့ အခြေအနေကြောင့် ကြောက်သလိုလို၊ ရွံ့သလိုလို ဖြစ်နေ
တယ်။ မှန်ပါတယ်။ သူမရဲ့ တင်းမာခက်ထန်နေတဲ့ မျက်နှာကြီး
သွေးဆာလောင်နေတဲ့ ဖုတ်ကောင်လိုပဲ ကြောက်ဖို့ အလွန်ကောင်း
တော့၏။

"ဒီမှာ ... လေဒီ၊ သေပြီလို မအော်ချင်ရင် မင်း ငါ့ကိုရန်
မလုပ်ပါနဲ့၊ မဟေသီတောင် ငါ့ရှေ့မှာ ဒူးထောက်ရတယ်
နောက်တစ်ခါ ခံပြောလို့ကတော့ ကြိုတောကို ပို့ပစ်လိုက်မယ်
မသွားချင်ရင် ငါ့ကို ဖားထား ကြားလား"

"အောင်မာ ... ရှင့်လို ဂျလေဘီကို ကျွန်မက ဘာလို့ဖားရမှာ
ဂျလေဘီကို ဖားတတ်တာ မဟေသီလို ဘောဘီလိုချင်တဲ့သူ
ရှင့်။ ကျွန်မက မဟေသီ မဟုတ်ဘူးလေ။ ပြီးတော့ ကျွန်မ





ရှင့်ရှေ့မှာ ဒူးထောက်မယ့်သူ မဟုတ်ဘူး၊ ရှင့်ကို မူးမှောက်သွား
အောင် ထိုးပစ်မယ့်သူ ... မှတ်ထား"

စန်းပွင့်တစ်ယောက် အဲဒီလိုပြောပြီး လက်သီးဆုပ်ပြ
လိုက်၏။ ဒီတော့ မိုးဖွဲက အရမ်းကြောက်သွားတဲ့ပုံစံ လုပ်ပြလိုက်
တယ်။

"အမယ်လေးတော့ ... ကြောက်စရာကြီးပါလား၊ ကြောက်တယ် ...
ကြောက်တယ်"

သူက အဲဒီလိုပြောပြီး ဖင်တုန်အောင် ကြောက်ပြလိုက်
တော့ စန်းပွင့် တစ်ယောက် ဒေါသတွေထွက်လွန်းလို့ အသားတွေ
တောင် တဆတ်ဆတ် တုန်နေတော့၏။

"ဒီမှာ မိုးဖွဲ၊ ရှင် ကျွန်မကို လှောင်နေတာလား၊ တံတောင်ပေး
လိုက်လို့ မြောင်းဘေးရောက်သွားမယ်၊ ရှင့်ရဲ့မျက်နှာပိုးကို အခု
ချက်ချင်း သတ်လိုက်ပါ"

ဒီလိုပြောလိုက်တော့မှပဲ မိုးဖွဲက ပိုပြီးတော့တောင် ပြောင်
စပ်စပ် လုပ်ပြနေတော့၏။ ဒီတော့ စန်းပွင့်တစ်ယောက် ဒေါသတွေကို
ထိန်းချုပ်ထားလို့ မရတော့ဘဲ လွှတ်ပေးလိုက်ရပါတော့သည်။

"ခွပ်"

မမျှော်လင့်ဘဲ သူ့မျက်နှာပေါ်သို့ လက်သီးတစ်လုံး ကျလာ
သဖြင့် သူ မူးနောက်သွားတယ်။ မိန်းမသားတစ်ယောက်ရဲ့လက်သီး
ဖြစ်ပေမယ့်လည်း ထိုးချက်က ပြင်းထန်လွန်းလှပါတယ်။ သူ ဒီလို
အတိတရက် အထိုးခံလိုက်ရပေမယ့် အပြုံးကတော့ လုံးဝပျက်မသွားပါ
ဘူး။ စောစောတုန်းကလို ပြောင်စပ်စပ် လုပ်နေမြဲပါပဲ။

"မိုးဖွဲ ... ရှင် ကျွန်မအရှေ့ကနေ အခုချက်ချင်းထွက်သွားရင်
ကောင်းလိမ့်မယ်၊ ခေါင်းမကွဲချင်ဘူး ဆိုရင်ပေါ့"

သူမက အဲဒီလိုပြောပြီး စားပွဲပေါ်က ကြွေပန်းအိုးကို
ကောက်ကိုင်လိုက်တော့ ဇော်ထိုက်နဲ့ နက်ကျယ်တို့ မျက်လုံးပြူးသွား
ကြတယ်၊ သို့ပေမဲ့ မိုးဖွဲကတော့ အပြုံးမပျက်၊ တုန်လှုပ်သွားဘဲ
ပြုံးနေမြဲ ပြုံးနေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"မိုးပွဲ ... ရှင် ထွက်မသွားသေးဘူးလား၊ ကျွန်မ တကယ်လုပ်တော့မှာနော်၊ အေး ... တကယ်လုပ်ပြီဆိုတော့မှ ကျွန်မ အဆိုးမဆိုနဲ့"

"အေးပါ ... သွားမှာပါ၊ ဒါပေမဲ့ ငါ နင်နဲ့ ရှင်းစရာကိစ္စတစ်ခုရှိသေးတယ်၊ အဲဒီကိစ္စရှင်းပြီးမှ သွားမယ်"

"နေစမ်းပါဦး၊ ရှင်နဲ့ ကျွန်မကြားမှာ ရှင်းစရာ ဘာကိစ္စတွေရှိနေလို့လဲ"

သူမက အဲဒီလိုမေးလိုက်တော့ မိုးပွဲက သူကိုင်ဆွဲ ထားတဲ့အိတ်ကြီးကို သူမလက်ထဲသို့ ထည့်ပေးလိုက်၏။ သူမ အိတ်ကိုဖွင့်ကြည့်လိုက်တယ်။ အိတ်ထဲမှာပါတဲ့အရာက မိုးပွဲရဲ့ ရှူးဖိနပ်ပင် ဖြစ်တော့၏။

"ဒီမှာ ရှင်စန်းမွှင့်၊ မင်း အဲဒီဖိနပ်ကိုယူလိုက်၊ ပြီးရင် မင်း ငါ့ကို အဲဒီရှူးအမျိုးအစားအတိုင်း တစ်ရံပြန်ဝယ်ပေးရမယ်"

"နေစမ်းပါဦး၊ ကျွန်မက ဘာလို့ ဒီရှူဖိနပ်အစုတ်ကြီးကို ယူရမှာလဲ၊ မယူနိုင်ပါဘူး၊ ပြီးတော့ ရှင့်ကိုလည်း ဘာဖိနပ်မှ ဝယ်ပေးစရာ အကြောင်းမရှိဘူး"

"မဝယ်ပေးလို့ ရမလားကွ၊ အဲဒီရှူးဖိနပ်က(၄)သိန်းခွဲတန်တယ်၊ Brand ကိုလည်း ကြည့်လိုက်ဦး၊ Devana ကွ ... Devana၊ ဒီဖိနပ်က မင်းကြောင့် ပွန်းပဲ့သွားတာလေ၊ ဒီတော့ မင်း ငါ့ကို ပြန်လျော်ပေးရမယ်"

"မိုးပွဲ ... ရှင် ရူးနေလား၊ ကျွန်မက ရှင့်ဖိနပ်ကို ဘာလုပ်လို့လဲ၊ မလျော်နိုင်ပါဘူး၊ ရှင် ကျွန်မကို အာရုံလာမစားပါနဲ့၊ သွားပါတော့ရှင် ... သွားပါတော့၊ ရှင့်ဖိနပ်ပွန်းသွားတာ ကျွန်မနဲ့ဘာမှမဆိုင်ဘူး"

"ဘာပြောတယ် ... မင်းနဲ့ ဘာမှမဆိုင်ဘူး၊ ဟုတ်လား။ မင်း မနေ့ညတုန်းက ငါတို့ကို ခဲနဲ့ထုခဲ့တယ်လေ။ အဲဒီတော့ ငါတို့ ပြေးရတယ်၊ ပြေးတော့ ခလုတ်တိုက်တယ်။ ခလုတ်တိုက်တော့ ငါ့ရဲ့ရှူးဖိနပ် ပွန်းသွားတယ်၊ အဲဒါ မင်းကြောင့်ပေါ့ကွ၊ မင်း ပြန်လျော်ပေးရမယ်"





"ရှင့်ဘာသာရှင် ခလုတ်တိုက်ပြီး ဖိနပ်ပွန်းသွားတာကို ကျွန်မက ဘာလို့ အစားပြန်လျော်ပေးရမှာလဲ၊ ရှင်အလျော်တောင်းချင်ရင် ရှင့်ဖိနပ်ကို ပွန်းသွားစေတဲ့ အုတ်နီခဲလုံးကြီးဆီကို သွားပေါ့"

သူမက အဲဒီလိုပြောပြီး ကြွေပန်းအိုးကို စားပွဲပေါ်သို့ ပြန်တင်ထားလိုက်၏။ ပြီးတော့ သူမ သူ့ကိုစိုက်ကြည့်ပြီး လှောင်ပြုံးပြုံးနေတော့သည်။ ဒီတော့ သူကလည်း မချိပြုံး ပြန်ပြုံးပြလိုက်၏။ ထို့နောက် ...

"စန်းမွှင့် ... မင်းက ဒီလိုလား၊ ရတယ်လေ"

ဆိုပြီး သူ သူ့ရဲ့ဘေး ရေခဲသေတ္တာထဲက Sunkiss ဘူးတစ်ဘူးကို ထုတ်ယူလိုက်၏။ သူ နောက်သို့ ပြန်လှည့်လိုက်စဉ် စော်ထိုက်နဲ့ တိုက်မိပြီး သူ့လက်ထဲက Sunkiss ဘူးလေး အောက်သို့ ပြုတ်ကျသွားတယ်။ ထိုသို့ ဖြစ်သွားအောင် သူ တမင်တကာ ပြုလုပ်လိုက်ခြင်းပင်ဖြစ်၏။ ထို့နောက် သူ အောက်သို့ပြုတ်ကျသွားတဲ့ Sunkiss ဘူးပေါ်သို့ တက်နင်းလိုက်ပြီး ချော်လဲပစ်လိုက်ပါတော့သည်။

"အား"

သူ အသားကုန်အော်ပြီး သူမကို မှေ့ဖက်၍ လှဲချပစ်လိုက်တယ်။ တစ်ပြိုင်နက်ဆိုသလို သူ သူမရဲ့ပါးနုနုကို ဆွဲဖက်နမ်းပစ်လိုက်၏။

"မိုးပွဲ ... ရှင် ... ရှင် ... ကျွန်မကို ..."

သူမ အရမ်းရှက်သွားသဖြင့် စကားတောင် ကောင်းကောင်းမပြောနိုင်တော့ပါဘူး။ မျက်နှာနုနုကလည်း ချက်ချင်းဆိုသလို ရဲရဲနီလာတယ်၊ သူမ ဒီလို ရှက်ကြောက်ပြီး ကြောင်အမ်းအမ်း ဖြစ်နေတဲ့အချိန် သူ အမြန်ပြန်ထလိုက်၏။

"ဆောရီးနော် ... ဆောရီး၊ ငါ Sunkiss ဘူးနဲ့ ခလုတ်တိုက်သွားလို့ပါ။ နင် ဘာဖြစ်သွားသေးလဲ၊ လာ ... ထတော့"

ဆိုပြီး သူ လက်ကမ်းပေးလိုက်၏။ သို့ပေမဲ့ သူမက သူ့ရဲ့လက်ကို ပုတ်ထုတ်ပစ်လိုက်ပြီး "တောက်"တစ်ချက်ခေါက်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"တောက်"

"ဘာလဲ ... စန်းပွင့်၊ မင်းက မကျေနပ်လို့လား၊ ဒီကိစ္စက ငါနဲ့ ဘာမှမဆိုင်ဘူးနော်၊ ငါ့ကို ဒေါသမထွက်နဲ့၊ မင်း ဒေါသထွက်ရမယ့်ကောင်က ဒီမှာ ... ရော့"

ဆိုပြီး သူ Sunkiss ဘူးလေးကို သူမဆီသို့ ပစ်ပေးလိုက်၏။ ထို့နောက်တွင်တော့ သူ ရှုးဖိနှပ်ထည့်ထားတဲ့အိတ်ကြီးကို ဆွဲယူကာ ထိုနေရာမှ လျင်မြင်စွာ ထွက်သွားပါတော့သည်။ ဇော်ထိုက်နဲ့ နက်ကျယ်တို့ကလည်း အခြေအနေမဟန်သဖြင့် သူ့နောက်သို့ လျင်မြန်စွာ ပြေးလိုက်သွားကြတယ်။ ထို့ကြောင့် စန်းပွင့်လေးခမျာ ရှက်ရွံ့ခြင်း၊ တုန်လှုပ်ခြင်း၊ ဒေါသထွက်ခြင်း၊ မကျေနပ်ခြင်းများစွာနဲ့အတူ ထိုနေရာလေးမှာ ထိုင်လျက်သားကျန် ရစ်ခဲ့ပါတော့သည်။

✧ ❤ ✧





"လူ့ရိုးကတော့ ...
သင်္ချိုင်းကုန်းမှာပဲ ရှိတယ် ...
ဒါကြောင့် ...
ရိုးသားတယ်လို့ မပြောချင်ဘူး ...
ဖြူဖြူစင်စင် ခင်မင်ချင်တာတော့ သေချာတယ်...
ဒါကြောင့်မို့ ...
ကျွန်မ ...
ရှင့် အိမ်ကို ဝင်ထွက်သွားလာမယ် ...
Ok ...နော်"

www.burmeseclassic.com

www.burmeseclassic.com



## သူမရဲ့စိတ်တံခါးပေါက်ထဲမှာ

သူ အတင်းတိုးဝင်လာပြီဖြစ်၏။ ဟုတ်ပါတယ်။ သူမရဲ့စိတ်မြို့ရိုး တံခါးပေါက်က လုံးဝကိုပျက်စီးကျိုးပဲ့သွားပါပြီ။ သူက တပ်ပေါင်းစုံသုံးပြီး ချီတက်တိုက်ခိုက်လိုက်သောကြောင့် သူမရဲ့စိတ်မြို့ရိုးတံခါးကြီး ထိုသို့ ပျက်စီးကျိုးပဲ့သွားခဲ့ခြင်းပင်ဖြစ်တော့၏။ သူ့ရဲ့တိုက်စစ်က အရမ်းပြင်းထန်လွန်းလှပါတယ်။ သူမ ဘယ်လိုမှ ယှဉ်ပြိုင်တိုက်ခိုက်နိုင်ခြင်း မရှိတော့ပါဘူး။ ထို့ကြောင့် သူမ လက်နက်ချ အရှုံးပေးလိုက်ရတယ်။ အခုဆိုရင် သူက သူမရဲ့စိတ်နန်းတော်ကြီးထဲသို့ပင် ရောက်ရှိနေပြီဖြစ်၏။

မှန်ပါတယ်။ သူမရဲ့အသိစိတ်တိုင်းပြည်တစ်ခုလုံးကို သူက တပ်ပေါင်းစုံနဲ့ ဝင်ရောက်တိုက်ခိုက်ပြီး သိမ်းပိုက်လိုက်ပြီဖြစ်၏။ ဟုတ်တယ် ... ဒီနေ့တစ်နေ့လုံးပဲ သူမရဲ့အသိစိတ်ကို သူက ကြီးစိုးမင်းမူနေတော့၏။

သူမ သူ့ကို ခဏ ခဏ မြင်ယောင်နေတယ်လေ။ သို့ပေမဲ့ ကောင်းသောစိတ်နဲ့ မြင်ယောင်တမ်းတနေခြင်း မဟုတ်ပါဘူး။ ပါးစပ်ပေါက်က ပွစိ ပွစိနဲ့ ကြိမ်းဝါးနေတာကို ကြည့်ခြင်းအားဖြင့် သူမ သူ့ကို လုံးဝအခဲမကျေဘူးဆိုတာ သေချာနေပါပြီ။ ဟုတ်ပါတယ်။





သူမ မိုးဖွဲ့ကို အရင်က မုန်းသည်ထက် အဆပေါင်းများစွာ ပိုမုန်းတီးသွားပြီဖြစ်၏။ မိုးဖွဲ့က သူမကိုလူကြားထဲမှာ ဖက်နမ်းသွားပြီး အရှက်ခွဲသွားခဲ့တာမှလား။

ရှက်စိတ်၊ နာကြည်းစိတ်တွေက ပြင်းထန်တဲ့တုံ့ပြန်မှု ဖြစ်လာဖို့ ရာနှုန်းပြည့် သေချာသလောက်ရှိနေပါပြီ။

သူမ သူ့ကို ဘာပြန်လုပ်ရမလဲဆိုတာကို တစ်ချိန်လုံးပဲ စဉ်းစားနေခဲ့တယ်။ အခု သူမရဲ့အသိစိတ်ထဲမှာ မိုးဖွဲ့ပဲရှိတယ်။ သူမ မိုးဖွဲ့ရဲ့ဘဝကို လုံးဝစုတ်ပြတ်သတ်သွားအောင် လုပ်ပစ်ချင်တယ်လေ။ ဒါကြောင့်မို့ သူမ အကြံမိုင်ကုန်ထုတ်ပြီး သေသေချာချာ စဉ်းစားနေတာပေါ့။

တစ်နေ့လုံး၊ တစ်ညလုံး စဉ်းစားနေပေမယ့် အကြံကောင်း၊ ဉာဏ်ကောင်းက ထွက်မလာသေးပါဘူး။ အခုဆိုရင် အရုဏ်တက်ချိန်တောင် ရောက်နေပြီဖြစ်၏။ သူတစ်ပါးကို ဒုက္ခပေးဖို့အတွက် အခုလို အိပ်ရေးပျက်ခံ၊ အပင်ပန်းခံပြီးတော့ စဉ်းစားနေတာပေါ့။

နံနက်(၅)နာရီလောက်မှာတော့ သူမရဲ့မျက်နှာလေးဝင်းခနဲ လင်းလက်ပါတော့သည်။ ထိုအခြေအနေကို ကြည့်ခြင်းအားဖြင့် သူမ အကြံကောင်းတစ်ခုကို စဉ်းစားမိသွားတဲ့ပုံပါပဲ။ သေချာတာပေါ့။

"ဟုတ်ပြီ ... ဒီအတိုင်းလုပ်ရမယ်"

သူမ အဲဒီလို ရေရွတ်ပြီးနောက် အိပ်ရာမှထကာ ရေချိုးခန်းရှိရာဘက်သို့ လျှောက်လှမ်းသွားပါတော့သည်။

မိုးလင်းတော့မှာ ဖြစ်တဲ့အတွက် သူမ မအိပ်တော့ဘူးလို့ ဆုံးဖြတ်လိုက်ပါတယ်။

ကိုယ်လက်သန့်စင်၊ မျက်နှာသစ်၊ အလှပြင်၊ အဝတ်အစားလဲ ထိုကိစ္စများ ပြုလုပ်ပြီးနောက် သူမ အပြင်ထွက်ဖို့အတွက် ဟန်ပြင်လိုက်တယ်။ နာရီကိုလှမ်းကြည့်လိုက်တော့ (၆)နာရီထိုးနေပြီဖြစ်၏။ ခါတိုင်းနေ့တွေတုန်းကတော့ သူမ(၇)နာရီထိုးမှ အပြင်ထွက်လေ့ ရှိသေမယ့် ဒီတစ်နေ့မှာတော့ သူမ စိတ်လောနေသောကြောင့် ခါတိုင်းထက် တစ်နာရီစောပြီး ထွက်လာခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



လက်ကလည်း လေးဆင့်စတီးချိုင့်ကြီးကို ကိုင်ဆွဲထ
လျက် ထိုစတီးချိုင့်ကြီးက အခုမှ မှန်ဗီရိုထဲကနေထုတ်ယူလာတဲ့ အ
စက်စက်ချိုင့်ကြီးပင် ဖြစ်တော့၏။ သူမ ဘာကြောင့် ထိုစတီးချိုင့်
ကို ယူဆောင်လာခဲ့တာလဲ ဆိုတော့ အုန်းနို့ခေါက်ဆွဲတွေထည့်ပြီး အ
တစ်အိမ်ကို သွားပေးဖို့ပင်ဖြစ်၏။

ခေတ္တမျှကြာတော့ သူမရဲ့ Mark II ကားလေး ခြံထဲမှ တ
ရွေ့ ထွက်လာပါတော့သည်။ လမ်းထိပ်က အုန်းနို့ခေါက်ဆွဲဆိုင်ရှေ့
ရောက်တော့ သူမ ကားကိုရပ်တန့်လိုက်ပြီး ခေါက်ဆွဲဝင်ဝယ်တ
ထို့နောက် သူမ (၄)ဆင့်ချိုင့်ကြီးကိုဆွဲကာ ကားဆီသို့ ပြန်လျှောက်လ
လာ၏။ ထို့နောက်တွင်တော့ သူမရဲ့ Mark II ကားလေး ထိုနေ
တစ်ဟုန်ထိုး ပြေးထွက်သွားပါတော့သည်။

သူမက နံနက်တိုင်း နုးညံ့တို့အိမ်မှာ Breakfast
နေကျဖြစ်ပေမယ့် ဒီနေ့မနက်မှာတော့ သူမ နုးညံ့တို့အိမ်သို့ မဝင်
ပါဘူး။ ဟုတ်တယ်။ အခု သူမရဲ့စိတ်ထဲမှာ နုးညံ့လည်းမရှိဘူး။ ပြတ်
လည်း မရှိဘူး။ စင်စစ် အခုချိန်မှာ သူမရဲ့စိတ်ကို စိုးမိုးထားတဲ့သူ
မိုးဖွဲ့ပင် ဖြစ်တော့၏။

တစ်ဘက်ရပ်ကွက်ထဲက ခြံတစ်ခြံရှေ့ရောက်တော့ သ
ကားကို အရှိန်သတ်ရပ်တန့်လိုက်တယ်။ ပြီးတော့ ကားဟွန်းကို တ
နှိပ်လိုက်၏။

"တီ ... တီ ... တီ ..., တီ ... တီ ... တီ"

ခေတ္တမျှကြာတော့ အိမ်ထဲမှာ အဒေါ်ကြီးတစ်ယောက်ထွ
လာလေသည်။ ထိုအဒေါ်ကြီးကိုမြင်တော့ သူမ ကားပေါ်မှ ဆင်းလာ

"ဘယ်သူနဲ့တွေ့ချင်လို့လဲ မသိဘူး"

အဒေါ်ကြီးက တစ်ခါမှ မတွေ့မြင်ဘူးတဲ့ သူမကို ထို
မေးလိုက်၏။ ထို့ကြောင့် သူမက အသံချိုချိုလေးနဲ့ ပြန်ဖြေလိုက်ပါတ

"မိုးဖွဲ့နဲ့ တွေ့ချင်လို့ပါ အန်တီ၊ သမီးက မိုးဖွဲ့ရဲ့သူငယ်ချင်း
ဒီနေ့ သမီးတို့အိမ်က အုန်းနို့ခေါက်ဆွဲချက်တယ်လေ။ အဲ
လာပို့ရင်းနဲ့ သူ့ဆီကို လာလည်တာ"





"သြော် ... သမီးလေးက အန်တီ့သားရဲ့သူငယ်ချင်းလား။ လာ
လာ ... အိမ်ထဲဝင်ကြရအောင်၊ ကားကိုပါ ခြံထဲထိမောင်းခဲ့"

ထိုသို့ပြောပြီး အဒေါ်ကြီးက ခြံတံခါးကို ဖွင့်ပေးလိုက်၏။
နောက် စန်းပွင့်က ကားကို ခြံထဲသို့ မောင်းနှင်လာတော့၏။ သူမ
အိမ်ကို ရောက်ဖူးတာ ဒါပထမဆုံးအကြိမ်ပါပဲ။ သူတို့နှစ်ယောက်
ထမဆုံးအကြိမ် တွေ့ဆုံခဲ့တုန်းက လိပ်စာကတ်တွေ အပြန်အလှန်
ခဲ့တယ်လေ။ သူပေးခဲ့တဲ့ လိပ်စာကတ်ကိုကြည့်ပြီး အခု သူမ
ဆီသို့ အရောက်လာခဲ့ခြင်းပင်ဖြစ် ၏။

သူမ စတီးချိုင့်ကိုဆွဲပြီး ကားပေါ်မှ ဆင်းလာလေသည်။
က်နှာလေးက ပြုံးချိုနေတာပဲ။ အဲဒါ ဟန်ဆောင်အပြုံး ဆိုတာကို
ဒေါ်ကြီးက ဘယ်သိပါ့မလဲ။ ဘာပဲဖြစ်ဖြစ် သူမကို အိမ်ထဲသို့လာရန်
ခေါ်လိုက်ပါတယ်။

"သမီး ... လာ ... လာ ... အိမ်ထဲဝင်ကြရအောင်"

"ဟုတ်ကဲ့ ... အန်တီ"

ထို့နောက်တွင်တော့ သူတို့နှစ်ယောက် အိမ်ထဲသို့ဝင်လာပြီး
ည့်ခန်းဆောင် ဆက်တီခုံပေါ်တွင် နေရာယူလိုက်ကြ၏။ အခုပြောနေတဲ့
ဒေါ်ကြီးဆိုတာက မိုးဖွဲ့ရဲ့မာမီ ဒေါ်မိုးသည်းပင် ဖြစ်၏။

"သမီးလေးက မိုးဖွဲ့ရဲ့သူငယ်ချင်းဟုတ်လား၊ ဒါနဲ့ သမီးနဲ့ မိုးဖွဲ့
က ဘယ်တုန်းက သူငယ်ချင်းတွေ ဖြစ်သွားကြတာလဲ။ ရိုးရိုး
ခင်မင်ကြတာကော ဟုတ်ရဲ့လား"

"ရှင် ... ဘာကို ဆိုလိုတာလဲ မသိဘူး"

"သြော် ... သမီးလေးနဲ့ သားက သူငယ်ချင်းအဆင့်ထက်များ
ပိုမလားလို့ မေးကြည့်တာပါ။ မိုးဖွဲ့က ယောက်ျားလေး သူငယ်ချင်း
တွေနဲ့ပဲ အပေါင်းအသင်းလုပ်တယ်လေ။ မိန်းကလေးသူငယ်ချင်း
လုံးဝမရှိဘူး။ ဒါပေမဲ့ ရည်းစားတော့ထားတယ်။ အန်တီ တစ်ခု
မေးမယ်နော်၊ သမီးလေးနဲ့သားက ချစ်သူရည်းစားတွေများလား"

"မဟုတ်ဘူး အန်တီ၊ လုံးဝမဟုတ်ဘူး၊ သမီးနဲ့မိုးဖွဲ့က ရိုးရိုး
သားသား ခင်မင်ကြတာပါ။ သူနဲ့သမီး သိတာ တစ်လကောင်

www.burmeseclassic.com

www.burmeseclassic.com



မပြည့်သေးဘူး။ တစ်ယောက်နဲ့တစ်ယောက် နည်းနည်းလေး ခင်မင်ရုံလောက်ပဲ ရှိပါတယ်"

"ဟုတ်လား ... ဒါနဲ့ သမီးလေးရဲ့နာမည်က"

"ရှင်စန်းပွင့်"

သူမ ခပ်သွက်သွက်လေး ပြန်ဖြေလိုက်ပါတယ်။ ပြီးတော့ သူမ တောင်ကြည့် မြောက်ကြည့် လှျောက်ကြည့်ပြီး သူမ တွေ့ချင်နေသော မိုးဖွဲ့ကို ရှာဖွေနေပါတော့သည်။ သို့သော်မဲ့ မိုးဖွဲ့ရဲ့အရိပ်အယောင်ကို မတွေ့ရသဖြင့် သူမ ဒေါ်မိုးသည်းကို မေးလိုက်ပါတယ်။

"အန်တီ ... မိုးဖွဲ့ကော"

"မထသေးဘူးလေ အိပ်နေတုန်းပဲ၊ သူက (၈)နာရီ၊ (၉)နာရီခွဲ လောက်မှ အိပ်ရာကထတာ၊ တော်တော်လေးကို အပျင်းကြီးတယ်။ ဝီရိယဆိုတာ ဘာမှန်း သူ မသိဘူး။ အိပ်မယ်၊ စားမယ်၊ ပျော်မယ်၊ ပါးမယ် ... အဲဒါလုပ်ဖို့ပဲ သူသိတယ်"

ဒေါ်မိုးသည်းက သူ့သားကောင်းကြောင်းတွေကို အမှန်အတိုင်း ပြောပြလိုက်၏။ ပြောမပြလည်း စွန်းပွင့်က သူ့အကြောင်းကို သိပြီးသားပါ။ သူက ဂျလေပီစစ်စစ်တစ်ယောက်ဖြစ်တယ် ဆိုတာကိုပေါ့။ ရုပ်ရည်သန့်ပြန့်တာရယ်၊ မိန်းမပိုးတတ်တာရယ်၊ ထိုနှစ်ခုမှတစ်ပါး သူ့မှာ ဘာအရည်အချင်းမှမရှိပါဘူး။

ထိုသို့ သူမ သူ့အကြောင်းကို ဂဃနဏ သိထားပေမယ့် မသိချင်ယောင်ဘဲ ဆောင်နေလိုက်ပါတယ်။

"ဟုတ်လား အန်တီ၊ ဒါဆိုရင် မိုးဖွဲ့က လူပျင်းလေးပေါ့"

"ဘယ်က လူပျင်းလေး ဟုတ်ရမှာလဲ၊ လူပျင်းလေးမဟုတ်ဘူး၊ လူပျင်းကြီးကွယ့် ... လူပျက်၊ လူချော်၊ လူပျင်းကြီးပေါ့"

ဒေါ်မိုးသည်းက ထိုသို့ပြောလိုက်တော့ စန်းပွင့်တစ်ယောက် သဘောကျသွားပြီး တခစ်ခစ်နဲ့ ရယ်မောနေပါတော့သည်။ ပြီးတော့ စိတ်ထဲကနေ "ကောင်းတယ် ... ကောင်းတယ်" ဆိုပြီး အတင်းပြောနေတော့၏။ သူမက သူ့ကို မှိုချိုးမှျစ်ချိုး ပြောချင်နေတာလေ။ အခု ဒေါ်မိုးသည်းက သူ့သားကို သူကိုယ်တိုင် မှိုချိုးမှျစ်ချိုး ပြောသွားသော





ကြောင့် သူမ အခုလို ဝမ်းသာနေခြင်းပင် ဖြစ်တော့၏။ ထို့နောက် သူမ မျက်နှာပိုးသတ်လိုက်ပြီး ခပ်တည်တည် ပြန်နေလိုက်၏။

"အန်တီ ... မိုးဖွဲ့ကို သွားနှိုးပေးပါလား"

"ဩော် ... ဟုတ်သားပဲ၊ စကားကောင်းနေတာနဲ့ သားကို သွားနှိုးဖို့တောင် မေ့သွားတယ်၊ သမီး ဒီမှာ ခဏထိုင်စောင့်ဦးနော်"

"ဟုတ်ကဲ့ အန်တီ"

ထို့နောက်တွင်တော့ ဒေါ်မိုးသည်း တစ်ယောက် အိမ်အပေါ်ထပ်သို့ တက်သွားပါတော့သည်။ စန်းပွင့်ကတော့ ထိုနေရာမှာပဲထိုင်ပြီး ဟိုကြည့် ဒီကြည့် ကြည့်နေလျက် ခဏအကြာမှာတော့ ဒေါ်မိုးသည်းနဲ့ မိုးဖွဲ့တို့ ထိုနေရာသို့ ရောက်လာပါတော့သည်။

"ဩော် ... ဧည့်သည်ဆိုလို့ ဘယ်သူများလဲလို့၊ ရှင်စန်းပွင့်ပါလား"

သူ အံ့သြသွားတယ်။ သူမက သူ့ဆီကို အခုဆိုဝှန်းဒိုင်းကြဲ လာခဲ့ကြတာမှလား။ သူမ ဘာအကြံအစည်နဲ့ သူ့ဆီကို လာခဲ့တာလဲ။ ကောင်းသောလာခြင်း မဖြစ်နိုင်ဘူး ဆိုတာကိုတော့ သူ သိနေပါတယ်။

ထို့ကြောင့် သူ သတိကို တပ်စွဲထားလိုက်၏။

"ကဲ ... ကဲ ... သားနဲ့သမီး လွတ်လွတ်လပ်လပ် စကားပြောကြ။ အန်တီချိုင့်သွားလှယ်လိုက်ဦးမယ်"

ထိုသို့ပြောပြီး ဒေါ်မိုးသည်း တစ်ယောက် စားပွဲပေါ်က (၄)ဆင့်စတီးချိုင့်ကြီးကို ယူဆောင်ကာ စားဖိုဆောင်ဘက်သို့ထွက်သွားလေသည်။ ထို့ကြောင့် ဧည့်ခန်းဆောင်ထဲ၌ မိုးဖွဲ့နှင့်စန်းပွင့် တို့နှစ်ယောက်သာ ကျန်ရစ်ခဲ့တော့၏။

"စန်းပွင့် ... မင်း ငါ့ဆီကို ဘာလာလုပ်တာလဲ"

"ရှင် စားဖို့အတွက် အုန်းနို့ခေါက်ဆွဲ လာပို့တာလေ"

သူမက အဲဒီလို ပြောလိုက်တော့ သူ မျက်မှောင်ကြုတ်လိုက်၏။ သူမကို သူ လုံးဝမယုံကြည်ဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး။ မင်းက ဒီအုန်းနို့ခေါက်ဆွဲကို ငါ့ကို စားစေချင်လို့ လာပို့တာလား။ သေစေချင်လို့ လာပို့တာလား၊ ပြောစမ်း ... မင်း ခေါက်ဆွဲထဲကို အဆိပ်ခပ်ထားတယ် မဟုတ်လား"

"အဆိပ်ခပ်ရင် ရှင် သေသွားမှာပေါ့၊ ကျွန်မက ရှင့်ကိုမသေစေချင်ဘူးလေ။ ရှင် ကျွန်မကို ယုံကြည်တယ်ဆိုရင် ကျွန်မလာပို့တဲ့ အုန်းနို့ခေါက်ဆွဲကို စားလိုက်ပါ။ မယုံကြည်ဘူး ဆိုရင်လည်း မစားနဲ့ပေါ့။ သေချာတာတစ်ခုကတော့ ကျွန်မ ဒီအုန်းနို့ခေါက်ဆွဲထဲကို အဆိပ်အတောက် ဖြစ်စေမယ့်အရာ ဘာတစ်ခုမှ ထည့်မထားဘူး"

သူမ အမှန်အတိုင်းပဲ ပြောလိုက်ပါတယ်။ ဒီခေါက်ဆွဲထဲမှာ ဘာအဆိပ်မှ ခပ်ထည့်မထားပါဘူး။ အဆိပ်ခပ်လိုက်ရင် သူ တစ်ကြိမ်တစ်ခါတည်းနဲ့ သေသွားမှာပေါ့။ သူမက သူ့ကို အကြိမ်အကြိမ် အခါခါ သေစေချင်နေတဲ့သူလေ၊ အကြိမ်ကြိမ်အခါခါသေအောင် သူ့ကို သူမ ဘယ်လိုလက်နက်မျိုးနဲ့ သတ်မှာလဲ။ လောလောဆယ်တော့ သူမကြောင့် သူ စိတ်ရှုပ်တွေးလျက်ရှိ၏။

"စန်းပွင့် ... မင်း ငါ့ဆီကို ဘာရည်ရွယ်ချက်နဲ့ လာခဲ့တာလဲ၊ မှန်မှန်ပြောစမ်း"

"ဘာလဲ မိုးဖွဲ၊ ရှင်က ကြောက်နေတာလား၊ မကြောက်ပါနဲ့ရှင်၊ မကြောက်ပါနဲ့၊ ယောကျ်ားမှန်ရင် မတုန်လှုပ်ရဘူးလေ၊ ရင်ကော့ပြီး ရင်ဆိုင်လိုက်စမ်းပါ၊ ကျွန်မ ရှင့်အိမ်ကို ခဏခဏ လာမှာနော်၊ ဧည့်ခံရမယ် ... သိလား"

"စန်းပွင့် ... မင်း ရိုးကော ရိုးရဲ့လား"

"လူရိုးကတော့ သချိုင်းမှာပဲရှိတယ်၊ ဒါကြောင့် ရိုးသားတယ်လို့ မပြောချင်ဘူး၊ ဖြူဖြူစင်စင် ခင်မင်ချင်တာတော့ သေချာတယ်၊ ဒါကြောင့်မို့ ကျွန်မ ရှင့်အိမ်ကို ဝင်ထွက်သွားလာမယ် ... Ok နော်"

သူမ အဲဒီလိုပြောပြီး သူ့ကို မျက်ခုံးပင့်ပြလိုက်၏။ သူ သူမရဲ့မျက်လုံးတွေကို စူးစူးဝါးဝါး စိုက်ကြည့်လိုက်ပါတယ်။ မျက်လုံး





ထဲမှာ အဖြေရှိလိုရှိငြား ထိုသို့စိုက်ကြည့်လိုက်ခြင်းပင်ဖြစ်၏။ သို့သော်လည်း သူ ဘယ်လိုမှ အဖြေရှာလို့မရဘူး ဖြစ်နေတယ်။ အခုချိန်မှာ အကဲခတ်ဖို့အတွက် အခက်ခဲဆုံးက သူမရဲ့မျက်ဝန်းတစ်စုံပင် ဖြစ်တော့၏။ ဟုတ်ပါတယ်၊ သူ ဘယ်လိုမှ အကဲခတ်လို့ မရပါဘူး။ သူမရဲ့ မျက်ဝန်းတွေက အဲဒီလောက်ထိအောင် ခန့်မှန်းရခက်နေတာ။

"ဟူး"

သူ လေပူတစ်ချက် မှုတ်ထုတ်လိုက်၏။ ထိုအချိန်မှာပဲ ဒေါ်မိုးသည်း တစ်ယောက် စတီးချိုင့်ကြီးကိုကိုင်ဆွဲပြီး စားဖိုဆောင်ထဲမှ ပြန်ထွက်လာတော့၏။ သူမ ဒေါ်မိုးသည်းကို မြင်တော့ ထိုင်နေရာမှ ထလိုက်တယ်။

"သမီးလေး ... ပြန်တော့မလို့လား"

"ဟုတ်ကဲ့ အန်တီ၊ သမီးက ဒါပြီးရင် ဆိုင်ကိုသွားရဦးမှာလေ"

"ဆိုင် ... ဟုတ်လား၊ ဒါနဲ့ နေစမ်းပါဦး၊ ဘာဆိုင်များလဲကွယ်"

"Snack Bar ပါ အန်တီ၊ ဆိုင်နာမည်က "Queen Berry" တဲ့၊ စမ်းချောင်းဘက်မှာ ဖွင့်ထားတာ"

ထိုသို့ပြောပြီး သူမနံရံမှာ ကပ်ထားတဲ့ နာရီကိုလှမ်းကြည့်လိုက်၏။

"ဟော့ ... (၇)နာရီတောင် ခွဲနေပြီ၊ အန်တီ ... သမီးသွားတော့မယ်နော်"

"ဩော် ... အေး ... အေး၊ နောက်ဆိုရင်လည်း သမီးလေး အားရင် အန်တီတို့ဆီကို လာလည်နော်"

"စိတ်ချ အန်တီ၊ သမီး ကျိန်းသေပေါက် လာလည်မှာပါ"

ထိုသို့ပြောပြီး သူမ မိုးဖွဲ ဘက်သို့ လှည့်လိုက်၏။ ပြီးတော့ သူမ သူ့ကိုပြုံးပြပြီး တာ့တာပြလိုက်တယ်။ ထို့နောက်တွင်တော့ သူမ ဒေါ်မိုးသည်းလက်ထဲက စတီးချိုင့်ကြီးကို လက်ကမ်းယူလိုက်ပြီး ထိုနေရာမှ ထွက်သွားပါတော့သည်။ မိုးဖွဲကတော့ အတွေးပေါင်း မြောက်မြားစွာနဲ့အတူ နပန်းယှဉ်လုံးပြီး စိတ်မောပန်းနွမ်းလျစွာ ကျန်ရစ်ခဲ့တော့၏။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



"စန်းပွင့် ... စန်းပွင့် ...
အချစ်နဲ့စစ်မှာ ...
မတရားမမျှတဘူးဆိုတာ မရှိဘူးဟ ...
အချစ်နဲ့ ပတ်သက်လာရင် ...
အားလုံးက ...
မှန်ကန်တယ် ...
တရားတယ် ...
မျှတတယ် ...
ငါ ...
နင့်ချစ်သူကို ...
လုယူလိုက်တာမဟုတ်ဘူးနော် ...
ဟုတ်တယ် ...
ဒီကိစ္စမှာ ငါလုံးဝမမှားဘူး ...
ဒါကြောင့် ...
ငါ ရှေ့ဆက်တိုးမယ် ...
ကျေးဇူးပြု၍ ...
နင် မမြင်ချင်ယောင်ဆောင်ပေးပါနော် ..."



အခန်း(၇)

# ...စန်းမှိုင်းအတွက်တော့

ဒီနေ့က အလွန်ပျင်းဖို့ကောင်းပြီး စိတ်အလွန်မောပန်းခဲ့ရတဲ့ နေ့တစ်နေ့ပင် ဖြစ်တော့၏။ ဒီနေ့ ဆိုင်မှာ သူမတစ်ယောက်တည်း ကျောင်းတာထိုင်ရတာလေ။ အတင်းပြောဖော်ပြောဖက်နည်းကလည်းမရှိ။ သူမ သိပ်တွေ့ချင်နေတဲ့ ပြတ်သားကလည်း ပေါ်မလာ။ ဒါ့ကြားထဲ မိုးဖွဲ့ကပါ ရောက်မလာတော့ သူမ မျှော်တော်ယောင်ဘဝနဲ့ စိတ်မောနေရတော့တာပေါ့။

သူမ တွက်ထားတာက ဒီနေ့ မိုးဖွဲ့ သူမဆီကို ကျိန်းသေပေါက် လာမယ်ပေါ့လေ။ သူနဲ့တွေ့တဲ့အခါပြောဖို့ စကားလုံးတွေကိုကြိုတင်ရှာကြံထားပေမယ့် သူက လုံးဝပေါ်မလာဘူး။ မတွေ့ချင်တော့မြင်ရတယ်။ မြင်ချင်တော့ မတွေ့ရဘူး။ အဲဒါ ကောင်းသလား။ သူမ မိုးဖွဲ့ကို တော်တော်လေး တင်းနေတော့၏။

ဘာပဲဖြစ်ဖြစ် သူမ မိုးဖွဲ့ဆီကို ဒီနေ့ နောက်တစ်ကြိမ်ထပ်သွားဦးမယ်လို့ ဆုံးဖြတ်လိုက်တယ်။ ရန်သူကို နှောင်ကြိုးတွေနဲ့ ရစ်ပတ်ဖမ်းချုပ်ဖို့ ကြိုးစားနေခြင်းပင်ဖြစ်၏။ မနက်တစ်ခေါက်၊ ညနေတစ်ခေါက် နေ့တိုင်း သူ့အိမ်ကို ဝင်ထွက်သွားလာရင် သူ ဘာတတ်နိုင်ဦးမှာလဲ။ ထိုသို့တွေးပြီး သူမ ပြုံးပျော်ရွှင်နေတော့သည်။ သို့သော်မဲ့လည်း


www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့အပြုံးက လုံးဝမသာယာပါဘူး။ ဘယ်သာယာပါ့မလဲ၊ မဲ့ပြုံးပြုံးနေတာကို။

ညနေ(၆)နာရီထိုးတော့ သူမ ဆိုင်ပိတ်ပြီး သူမရဲ့အစီအစဉ်အတိုင်း မိုးဖွဲဆီသို့သွားရန် ဆုံးဖြတ်လိုက်၏။ ထို့နောက်တွင်တော့ သူမရဲ့ Mark II ကားလေး ထိုနေရာမှ တစ်ဟုန်ထိုး ပြေးထွက်သွားပါတော့သည်။

ဆင်ရေတွင်းဘက်သို့ရောက်တော့ သူမ ကားကိုဘယ်ဘက်သို့ ချိုးကွေ့လိုက်၏။ မိုးဖွဲတို့ရဲ့အိမ်ခြံဝင်းကြီးက အဲဒီလမ်းချိုးလေးထဲမှာပေါ့။ သူမ အဲဒီလမ်းချိုးလေးအတိုင်း မောင်းနှင်လာစဉ် ရှေ့ကလူနှစ်ယောက်က လမ်းမပေါ်တွင် တက်လျှောက်နေသောကြောင့် သူမ ကားဟွန်းကို နှိပ်လိုက်တယ်။

"တီ ... တီ ... တီ"

ဟွန်းသံတွေကြောင့် ထိုလူနှစ်ယောက်က လမ်းဘေးသို့ဆင်းလျှောက်လိုက်၏။ ပြီးတော့ သူတို့နှစ်ယောက် နောက်ကကားကိုပြိုင်တူလှည့်ကြည့်လိုက်တယ်။ ထို့ကြောင့် စန်းပွင့် တစ်ယောက် ထိုလူနှစ်ယောက်ရဲ့မျက်နှာကို မြင်တွေ့သွားပါတော့တယ်။

"ဟင် ... ပြတ်သားနဲ့ နုးညှို့ပါလား"

သူမ မမြင်ချင်တဲ့ မြင်ကွင်းတစ်ခုကို မြင်တွေ့လိုက်ရပြန်ပါပြီ။ လောကကြီးမှာ သူမ မမြင်ချင်ဆုံး မြင်ကွင်းက အခုလိုမျိုး ပြတ်သားနဲ့ နုးညှို့ တွဲသွားတွဲလာလုပ်နေတဲ့ မြင်ကွင်းမျိုးပါပဲ။ သူတို့နှစ်ယောက်ကို တွဲမြင်လိုက်တိုင်း သူမ အရမ်းခံစားခဲ့ရပါတယ်။ အခုလည်း သူမ ဒေါသတွေထွက်ပြီး ရင်ထဲမှာ မချေရမီးတွေ တမြည့်မြည့်လောင်ကျွမ်းနေတော့၏။

"ကောင်မ ... ဆိုင်ကျတော့ မလိုက်နိုင်ဘူး။ ပြတ်သားနဲ့ကျတော့ လမ်းထွက်လျှောက်နိုင်တယ် ... တောက်"

သူမ ထိုသို့ကြိမ်းဝါးပြောဆိုပြီး တောက်,တစ်ချက်ခေါက်လိုက်၏။ ပြီးတော့ သူမကားကို သူတို့နှစ်ယောက်ဘေးတွင် ရပ်တန့်လိုက်တယ်။





"စန်းပွင့် ... ပြန်လာပြီလား"

နုးညှို့က ပြုံးရွှင်တဲ့မျက်နှာထား၊ ချိုသာတဲ့အသံလေးနဲ့ နှုတ်ဆက်လိုက်ပေမယ့် စန်းပွင့်ရဲ့မျက်နှာထားကတော့ ခပ်တင်းတင်းပါပဲ။ ပြီးတော့ သူမ နုးညှို့ကို မျက်ထောင့်နီကြီးတွေနဲ့ စိုက်ကြည့်ပစ်လိုက်တယ်။ အချစ်ဆုံးသူငယ်ချင်းကိုကြည့်တဲ့ အကြည့်က အမုန်းဆုံးရန်သူကို ခါးခါးသီးသီး စိုက်ကြည့်နေသလိုမျိုး စူးရှပြင်းထန်လွန်းလှပါတယ်။

"စန်းပွင့် ... နင် ဘာဖြစ်နေတာလဲဟ၊ မျက်နှာကြီးကလည်း ကြောက်ဖို့ကောင်းလိုက်တာ၊ ဒီပုံစံအတိုင်းဆိုရင် နင် ဟိုကောင်မိုးဖွဲနဲ့ပြဿနာဖြစ်ခဲ့ပြန်ပြီ ထင်တယ် ... ဟုတ်တယ်မှုလား"

သူမ ပြန်မဖြေဘဲ နုးညှို့ကို ခက်ထန်တဲ့အကြည့်တွေနဲ့ စိုက်ကြည့်မြဲ စိုက်ကြည့်နေလေရဲ့။

"တောက်"

ထိုသို့ကြည့်နေရင်းနဲ့ပဲ သူမ တောက်တစ်ချက်ကို ခပ်ပြင်းပြင်း ခေါက်လိုက်၏။ ထို့နောက်တွင်တော့ သူမ ကားကို စက်ပြန်နှိုးလိုက်ပြီး ထိုလမ်းချိုးလေးအတိုင်း တစ်ဟုန်တိုးမောင်း ထွက်သွားပါတော့သည်။

"နုးညှို့ ... မင်းသူငယ်ချင်းက တော်တော်ဒေါသထွက်နေတာပဲ။ ဘာဖြစ်လာတာလဲ မသိဘူး"

"ဟင့်အင်း ... ကျွန်မလည်း မသိဘူးလေ"

ဟုတ်ပါတယ်။ နုးညှို့ တစ်ယောက် စန်းပွင့်ကိုဘယ်လိုမှ နားလည်လို့မရဘူး ဖြစ်နေတယ်။ စန်းပွင့်က သူမကို မျက်ထောင့်နီကြီးတွေနဲ့ စိုက်ကြည့်ပြီး တောက်ခေါက်သွားတာကိုး။

တကယ်တော့ သူမက ပြတ်သားနဲ့အတူ အပျော်အပါးကိစ္စအတွက် လျှောက်သွားနေတာ မဟုတ်ပါဘူး။ ဟေးလားဝါးလား လုပ်နေတာလည်း မဟုတ်ဘူး။ ဆရာဝန်က သူမကိုမသက်သာရင် ထပ်လာပြဖို့ပြောထားလို့ သူမ ဆေးခန်းသွားပြခြင်းပင် ဖြစ်၏။ ဒီနေ့တစ်နေ့လုံး သူမလက်က တော်တော်လေးကို နာကျင်ကိုက်ခဲနေခဲ့တာလေ။



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ပေးလိုက်တဲ့ (၂)ရက်စာ ဆေးကလည်း ကုန်သွားပြီဖြစ်၏။ သူမ နာကျင်ကိုက်ခဲမှုဝေဒနာကို ကြိတ်မှိတ်ခံစားနေရချိန် အိမ်ကို ပြတ်သား ရောက်လာခဲ့တယ်။

ထို့နောက် သူတို့နှစ်ယောက် ဆေးခန်းသွားပြဖို့ ဆုံးဖြတ်လိုက်ကြ၏။ တကယ် ရိုးရိုးလေးမှ ရိုးရိုးလေးပါပဲ။ စုံတွဲခုတ်နေတာလည်းမဟုတ်။ မဟုတ်တာလုပ်နေတာလည်း မဟုတ်။ ဒါကိုပဲ စန်းပွင့်က သူမကိုကြည့်ပြီး ဘာကြောင့် တောက်ခေါက်သွားတာလဲ။

စန်းပွင့်ရဲ့လုပ်ရပ်က သူမအတွက် နားလည်ရ နည်းနည်းခက်နေပေမယ့်လည်း သူမ စန်းပွင့်ကို ကြီးမြတ်တဲ့သဘောထားနဲ့အတူ အပြည့်အဝ နားလည်ပေးလိုက်ပါတယ်။ "သြော်… သူ သဝန်တိုပြီး ဒေါသထွက်သွားတာပါလား"ဆိုပြီးတော့ပေါ့။ ပြီးတော့ သူမ စန်းပွင့်အတွက် အရမ်းစိုးရိမ်နေတယ်လေ။ စန်းပွင့်က ဒီလိုကျဉ်းမြောင်းလွန်းလှတဲ့ လမ်းကြားလေးထဲမှာ ကားကို တစ်ဟုန်ထိုး မောင်းထွက်သွားလို့ပေါ့။ သူမ တားချိန်မရလိုက်ဘူးလေ။ ထို့ကြောင့် "ဘာမှမဖြစ်ပါစေနဲ့" လို့ပဲ သူမ စန်းပွင့်အတွက် ဆုတောင်းပေးလိုက်ပါတယ်။

ဒီလို နှုးညံ့က စန်းပွင့်အတွက် စိုးရိမ်ပေး၊ ဆုတောင်းပေးနေပေမယ့် စန်းပွင့်ကတော့ နှုးညံ့ကို ကမ္ဘာ့ရန်သူတစ်ယောက်အဖြစ် သဘောထားပြီး အပြတ်ချေမှုန်းပစ်ချင်စိတ်ပင် ပေါက်နေတော့၏။ ထိုအချိန် သူမရဲ့အသိစိတ်ထဲကို အတွေးတစ်ခုဝင်လာတယ်။

သူမက ပြတ်သားကို အသေခိုက်၊ အသေကြိုက်နေတာလေ။ ဒီတော့ ပြတ်သားနဲ့ အနီးကပ်ဆုံးမှာရှိတဲ့ နှုးညံ့ကို သူမ ရှင်းထုတ်ပစ်ချင်တယ်။ ဒီကိစ္စမှာ သူမ မိုးဖွဲ့ကို ကောင်းကောင်းအသုံးချဖို့ ဆုံးဖြတ်လိုက်ပါတယ်။ အစတုန်းကတော့ မိုးဖွဲ့နဲ့ပတ်သက်ပြီး သူမရဲ့အကြံအစည်က ဒီလိုပါ။

မိုးဖွဲ့တို့အိမ်ကို နေ့တိုင်း ဝင်ထွက်သွားလာမယ်။ ပြီးတော့ သူနဲ့ အရမ်းရင်းနှီးအောင် လုပ်မယ်၊ လူဆိုတာ အနေနီးရင် ရင်းနှီးပြီး သံယောဇဉ်တွေ ဖြစ်သွားတတ်ကြတယ်လေ။ ဒါကို သူမ ကောင်းကောင်းသိတယ်။ ဒါကြောင့်မို့ သူမ မိုးဖွဲ့နဲ့ အရမ်းရင်းနှီးပြီး သံယောဇဉ်တွေ





ဖြစ်အောင်လုပ်၊ သံယောဇဉ်ကြီးတွေ နိုင်မြဲသွားပြီဆိုမှ သင်ခန်းစာ [illegible] မိုးဖွဲ့ရဲ့ ဘဝတစ်ခုလုံးကို စုတ်ပြတ်သတ်သွားအောင် လုပ်ပစ်ဖို့ပါပဲ။ အဲဒါက သူမရဲ့အရင်အတွေးပါ။ တစ်ချက်ခုတ်ရင် တစ်ချက်ပဲပြတ်မယ့် အကြံအစည်၊ အတွေးအတောမျိုးပေါ့။

အခုနောက်ထပ် သူမ တွေးတောကြံစည်မိတာက တစ်ချက်ခုတ်ရုံနဲ့ (၃)ချက်ပြတ်သွားစေမယ့် အကြံအစည်မျိုးပေါ့။ မိုးဖွဲ့ကိုလည်း Lesson ပေးပြီးသားဖြစ်မယ်။ နှုးညံ့ကိုလည်း ပြတ်သား အနားကနေ ရှင်းထုတ်ပြီးသားဖြစ်မယ်။ ပြီးတော့ ပြတ်သားက သူမအနားကို ရောက်လာစေရမယ်။

ဒီလို တစ်ချက်ခုတ်ရုံနဲ့ (၃)ချက်ပြတ်သွားအောင် သူမ ဘယ်လိုလုပ်မှာလဲ။ အကြံအစည်ကကော ဘယ်လိုအကြံအစည်မျိုးလဲ၊ ဘာပဲဖြစ်ဖြစ် သူမ ကိုယ်အတွေးနဲ့ကိုယ်တော့ လှပနေတော့၏။

ဒီနေ့ညနေ သူမ မိုးဖွဲ့တို့အိမ်ကိုဝင်ခဲ့ပေမယ့် အိမ်မှာ မိုးဖွဲ့မရှိသဖြင့် သူမ ဒေါ်မိုးသည်းနှင့် ခေတ္တမျှစကားပြောပြီးနောက် ပြန်ထွက်လာခဲ့ပါတယ်။ ထို့နောက်တွင်တော့ သူမ သူမရဲ့အိမ်ဆီသို့သာ တည့်တည့်မတ်မတ် ပြန်သွားပါတော့သည်။

သူမ အရမ်းပင်ပန်းသွားပြီလေ။ မနေ့ညကလည်း လုံးဝ အိပ်ခဲ့ရဘူး။ ဒီနေ့ တစ်နေ့လုံးလည်း ရင်မောစရာ အဖြစ်အပျက်တွေနဲ့ ကြုံတွေ့ခဲ့ရတယ်။ အိမ်ပြန်ရောက်တော့ သူမရဲ့ Brain ၊ Eyes၊ Mind အကုန် Down နေပြီဖြစ်၏။ ထို့ကြောင့် သူမ ရေတောင်မချိုးနိုင်တော့ဘဲ အိပ်ရာထဲဝင်ပြီး တစ်ခါတည်း အိပ်ပစ်လိုက်ပါတော့သည်။

ပြတ်သားနဲ့ နှုးညံ့တို့ကလည်း တရွေ့ရွေ့နဲ့ လျှောက်လှမ်းလာကြတာ ခေတ္တမျှကြာတော့ အိမ်ပြန်ရောက်လာကြ၏။ နာရီကို ကြည့်လိုက်တော့ (၆)နာရီ(၄၅)မိနစ်ပဲ ရှိပါသေးတယ်။ စည်သူတောင် အိမ်ပြန်မရောက်သေးဘူး။ စည်သူက တခြားဝိုင်း ကျူရှင်တွေလည်း သင်ထားသေးတယ်လေ။

ဒီနေ့ သူက စည်သူ့ကို (၈)နာရီထိုးမှလာခဲ့မယ်လို့ ပြောထားပေမယ့် တကယ်တမ်းမှာတော့ သူ ဒီအိမ်ကို အစောကြီးကတည်း



www.burmeseclassic.com

www.burmeseclassic.com



က ရောက်လာခဲ့ပါတယ်။ နူးညံ့ကို ဆေးခန်းလိုက်ပြပေးဖို့ အတွက်ယေ
နူးညံ့ကို ဆရာဝန်ပေးလိုက်တဲ့ (၂)ရက်စာသောက် ဆေးက ဒီနေ့ကု
မယ်ဆိုတာကို သူ သိတယ်လေ။ ထို့ကြောင့် သူ အခုလို ခပ်စောစော
လေး ထွက်လာခဲ့ခြင်းပင်ဖြစ်၏။

အဲဒါ အချစ်မဟုတ်ရင်တောင် ဖြူစင်တဲ့မေတ္တာ၊ နွေးထွေး
တဲ့ကရုဏာ၊ လွန်ကဲတဲ့ ဂရုစိုက်မှုတွေ ဖြစ်လိမ့်မယ် ဆိုတာကတော့
ယုံမှားစရာ မရှိလောက်ပါဘူး။

အခု ဆေးခန်းက ပြန်လာပြီး အိမ်ပြန်ရောက်တော့ သူတို့
နှစ်ယောက် ဧည့်ခန်းဆောင်မှာပဲ ထိုင်လိုက်ကြပါတယ်။ စည်သူ
လည်း အိမ်ပြန်မရောက်သေးဘူးလေ။ ထို့ကြောင့် သူတို့နှစ်ယောက်
အေးအေးဆေးဆေး စကားထိုင်ပြောနေကြတော့၏။

"ကိုပြတ်သား"

သူမ နာမည်ခေါ်လိုက်ပြီးမှ တစ်စုံတစ်ခုကို တွေးမိသဖြင့်
ဆက်မပြောတော့ဘဲ စကားက ထိုနေရာမှာပင် ပြတ်တောက်သွားတယ်။
ပြီးတော့ သူမ ပြတ်သားရဲ့ကရုဏာပါတဲ့ မျက်ဝန်းတစ်စုံကိုကြည့်ပြီး
မေးချင်နေတဲ့ မေးခွန်းတစ်ခုကို မေးသင့်၊ မမေးသင့် စဉ်းစားနေတော့၏။

"ဘာပြောမလို့လဲ ... ပြောလေ"

သူက အဲဒီလို ပြောလိုက်တော့ သူမက မထူးတော့ပါဘူး
ဆိုပြီး ပြတ်သားကို သူမ သိချင်တာလေးတွေ အစ်မေးဖို့ဆုံးဖြတ်လိုက်
ပါတော့သည်။

"ကျွန်မ ကိုပြတ်သားကို မေးခွန်းတွေမေးရင် ကိုပြတ်သား
အမှန်အတိုင်း ပြန်ဖြေမှာလား၊ ဒါမှမဟုတ် လိမ်ညာလှည့်ပတ်ပြီး
ဖြေမှာလား"

"ကိုယ်က ဘယ်တုန်းကမှ လိမ်မပြောဖူးဘူးကွ၊ အမှန်တရားကို
မြတ်နိုးတယ်၊ မှန်တာကိုပဲ ပြတ်ပြတ်သားသား ပြောတတ်တယ်"

"Ok ... ဒါဆိုရင် ကျွန်မ ရှင့်ကိုမေးမယ်၊ ရှင် ကျွန်မကို ဘယ်လို
သဘောထားသလဲ"

သူမက အဲဒီလိုမေးလိုက်တော့ သူ ရုတ်တရက် ဘယ်လို



ပြန်ဖြေရမလဲ မသိဘူး ဖြစ်သွားတယ်။ ထို့ကြောင့် သူ မျက်စိစုံမှိတ်ပြီး
ခေါင်းကုတ်နေတော့သည်။

"ကိုပြတ်သား ... ဖြေလေ၊ ရှင် ကျွန်မကို ဘယ်လိုသဘောထား
လဲလို့၊ ရှင်ပဲ မှန်တာကို ပြတ်ပြတ်သားသား ပြောတတ်တယ်ဆို၊
ဒါကြောင့်မို့ ဘာကိုမှသို့ဝှက်မထားဘဲ ယောကျ်ားပီသစွာ အမှန်
အတိုင်း ရဲရဲဝံ့ဝံ့ ဖြေစေချင်တယ်"

"ကောင်းပြီလေ၊ ဒါဆိုရင် ကိုယ် မင်းကို အမှန်အတိုင်းပြောပြ
မယ်၊ ကိုယ်က မိန်းမဆိုတဲ့အရာကို ဒုက္ခအဖြစ်သတ်မှတ်ထားတဲ့
သူ ဆိုတာကို မင်း သိပြီးသားပါ။ ဒါကြောင့်မို့ မိန်းမတွေနဲ့
ခပ်ကင်းကင်းနေခဲ့တယ်၊ အင်း ... ဒါပေမဲ့လည်း မင်းနဲ့ အခုလိုမျိုး
ရင်းရင်းနှီးနှီး ဆက်ဆံကြည့်တဲ့ အခါမှာတော့ ကိုယ့်ရဲ့အတွေး၊
ကိုယ့်ရဲ့ခံစားချက်တွေက နည်းနည်းချိုမြိန်လာသလိုပဲ။ ပြီးတော့
ကိုယ် မင်းကို ခြွင်းချက်အဖြစ် သတ်မှတ်မိတယ်"

"ဘယ်လို ... ရှင်က ကျွန်မကို ခြွင်းချက်အဖြစ် သတ်မှတ်ထား
တယ် ... ဟုတ်လား"

"ဟုတ်တယ် နူးညံ့၊ ကိုယ်က မိန်းမ ညီမျှခြင်း ဒုက္ခလို့ သတ်
မှတ်ထားပေမယ့် မင်းကိုတော့ ချိုမြိန်ဒုက္ခအဖြစ် သတ်မှတ်လိုက်
တယ်"

သူက အဲဒီလို ပြောလိုက်တော့ သူမ ပြုံးလိုက်ပါတယ်။
ပြီးတော့ သူမ သူ့ရဲ့မျက်လုံးတည့်တည့်ကိုကြည့်ပြီး စကားတစ်ခွန်းကို
ခပ်တည်တည်နဲ့ ပြောလိုက်၏။

"ကျွန်မ ကြားဖူးတာ တစ်ခုရှိတယ်၊ ချိုမြိန်ဒုက္ခဆိုတာ အချစ်တဲ့၊
ရှင် ယောကျ်ားပီသတယ်ဆိုရင် ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ၊
ရှင် ကျွန်မကို ချစ်နေတာမှလား"

လောကကြီးမှာ ယောကျ်ားတွေ အကြောက်ဆုံးအရာက
သူတို့ကို ယောကျ်ားမပီသဘူးလို့ အပြောခံရမှာကိုပဲဖြစ်၏။ ထို့ကြောင့်
သူ နူးညံ့ကို သူ့ရဲ့ရင်ထဲမှာ ရှိတဲ့အတိုင်း ဖွင့်ဟပြော ဆိုလိုက်ပါတော့
သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် နုးညှံ့၊ ကိုယ် မင်းကိုသိပ်ချစ်တယ်၊ မင်းနဲ့တွေ့တော့မှပဲ ဒုက္ခဆိုတာ ပျားရည်လို ချိုမြိမှန်း ကိုယ် သိတော့တယ်၊ စားမရတဲ့ဒုက္ခ၊ အိပ်မရတဲ့ဒုက္ခ၊ လွမ်းရတဲ့ဒုက္ခ၊ ဇွဲလမ်းရတဲ့ဒုက္ခ၊ မင်းကြောင့် ကိုယ် အဲဒီလိုဒုက္ခမျိုးတွေ ရောက်နေမယ့် အဲဒီဒုက္ခတွေကပဲ ကိုယ့်ကို ပျားရည်လိုချိုမြတဲ့ အရသာလေးတွေ ပေးစွမ်းတယ်လေ။ တကယ်ပါ နုးညှံ့ရယ်၊ ကိုယ် မင်းကို အရမ်းချစ်မိသွားပြီ"

သူ့ရဲ့စကားကိုကြားတော့ သူမ အတိုင်းအထက်အလွန် ပျော်ရွှင်သွားလေသည်၊ သူမက သူ့ကို စတွေ့ကတည်းက စိတ်ဝင်စားနေခဲ့တာမှလား။ အခု သူက သူမကို ချစ်စကား၊ ကြိုက်စကား ဖွင့်ဟပြောဆိုလိုက်တော့ သူမခမျာ ဝတ်ရည်အစုပ်ခံလိုက်ရတဲ့ ပန်းကလေးပမာ ဖြစ်သွားပြီး သူ့ပခုံးပေါ်သို့ မှီချလိုက်ပါတော့သည်။ သူကလည်း သူမကို ပြန်ပြီး ကြင်နာယုယစွာ ပွေ့ဖက်ထားလိုက်ပါတယ်။

ထပ်တူကျသွားတဲ့ ရင်ခုန်သံနှစ်ခုက သာယာမှုတွေကို မွေးဖွားပေးပြီး အရာရာကို မေ့ပျောက်သွားစေခဲ့ပါတယ်။ ဟုတ်ပါတယ်၊ ပြတ်သားက ဒုက္ခဆိုတဲ့အရာကို မေ့သွားပြီး ဒုက္ခရဲ့အရှေ့က ချိုမြိန်မှုကိုပဲ မြင်တော့တယ်လေ။ နုးညှံ့ကလည်း စန်းပွင့်ကို လုံးဝမေ့နေပြီး ချစ်သူရဲ့ရင်ခွင်ကြားထဲမှာ အသာလေး မှိန်းမောနေတော့၏။

ထိုအချိန်မှာပဲ ကျယ်လောင်တဲ့ ကားဟွန်းသံကိုကြားလိုက်ရသဖြင့် သူတို့နှစ်ယောက် လန့်ဖျပ်သွားပြီး ခပ်ခွာခွာလေး ပြန်ထိုင်လိုက်၏။

"ဟော ... အန်တီနဲ့ စည်သူ ပြန်လာပြီ ထင်တယ်။ ဒေါ်လုံးရေ ... ဒေါ်လုံး၊ ခြံတံခါး သွားဖွင့်ပေးလိုက်ပါဦး"

သူမက အဲဒီလို အော်ပြောလိုက်တော့ ဒေါ်လုံး တစ်ယောက် အိမ်နောက်ဖေးခန်းထဲမှ ပြေးထွက်လာပြီး ခြံတံခါးကို သွားဖွင့်ပေးလိုက်တယ်။

"အစ်ကို ... ကျွန်မတို့နှစ်ယောက် ချစ်သူဖြစ်သွားတာကို ဘယ်သူ့ကိုမှ အသိမပေးဘဲ တိတ်တိတ်လေး ချစ်ကြမယ်နော်"





"ဘာလဲ ... နုးညှံ့က ရှက်လို့လား"

သူမ ခေါင်းညိတ်ပြလိုက်ပါတယ်။ ထိုအချိန်မှာပဲ ဒေါ်ဥမ္မာ စည်သူတို့အိမ်ထဲသို့ ဝင်လာတော့၏။

"ပြတ်သား ... ရောက်နေတာ ကြာပြီလား"

"ဟုတ်ကဲ့ အန်တီ"

"ဩော် ... မင်းကလည်း ငါ့ကို အန်တီလို့ ခေါ်နေတုန်းပဲလား"

"ဟာ ... ဟုတ်သားပဲ၊ မှားသွားလို့၊ မှားသွားလို့၊ ကျွန်တော် မေ့သွားလို့ပါ အစ်မ"

ထိုသို့ ပြတ်သားက အစ်မလို့ ပြန်ပြင်ခေါ်လိုက်တော့မှပဲ ဒေါ်ဥမ္မာရဲ့မျက်နှာကြီး ဝင်းခနဲ လင်းလက်သွားတော့တယ်။ ဒေါ်ဥမ္မာက တ်သားကို သူနဲ့စကားပြောတဲ့အခါတိုင်း အန်တီလို့မခေါ်ဝေါ်၊ မသုံး းပဲ အစ်မလို့ ခေါ်ရမယ်လို့ ပြောထားတယ်လေ၊ စောစောတုန်းက တ်သားကမေ့ပြီး အန်တီလို့ ပြောမိခြင်းပင်ဖြစ်၏။

"ကဲ ... စည်သူ၊ မင်း Dinner စားဦးမှာလား၊ သွား ... သွား၊ မြန်မြန်သွားစားလိုက်၊ (၁၀)တန်းကျောင်းသားဆိုတာ အသွား၊ အလာ၊ အစား၊ အသောက်၊ အဲဒီအသေးအဖွဲ့ကိစ္စလေးတွေကို မြန်မြန်လုပ်ရတယ်၊ စားပြီးတာနဲ့ စာသင်မယ် ကြားလား"

"ဟုတ်ကဲ့ ... သိပါတယ် ဆရာ၊ သိပါတယ်၊ ကျွန်တော် အိမ်ပြန်ရောက်တာနဲ့ ဆရာ အဲဒီလိုပြောမယ်ဆိုတာကို ကြိုသိပြီးသားပါ၊ ဒါကြောင့်မို့ ကျွန်တော် အပြင်မှာပဲ Dinner စားလာခဲ့တယ်"

"အင်း ... အဲဒါလည်း ကောင်းတာပါပဲလေ၊ ငါ့ရဲ့စာသင်ချိန်တွေ လျော့မသွားတော့ဘူးပေါ့၊ ကဲ ... ကဲ ... အပေါ်ကို သွားကြမယ်"

"Yes ! Sir"

စည်သူက အဲဒီလို တက်ကြွစွာ ပြန်ဖြေလိုက်ပါတယ်။ င်တုန်းက စာကျက်ရမှာ ပျင်းတဲ့သူက အခု စာကျက်ရပျော်နေပြီ ၏။ ဘာကြောင့်လဲဆိုတော့ သူ့ဘေးနားမှာ ပြတ်သားက အမြဲရှိနေ ပေါ့။ သူ စာကျက်တဲ့အခါတိုင်း ပြတ်သားက သူ့ကို ကူကျက်ပေး



www.burmeseclassic.com

www.burmeseclassic.com



တယ်လေ၊ အဲဒီတော့ သူ အိပ်မငိုက်တော့ဘူးပေါ့။ အရင်တုန်းက သူ အတန်းထဲမှာရတဲ့အဆင့်က (၅၀)ကျော်ပါတယ်၊ ပြတ်သား သူ့ကို Guide လုပ်ပေးတဲ့ အချိန်ကစပြီး သူ တဖြည်းဖြည်းနဲ့ စာတော်လာတယ်။ အခုဆိုရင် သူ့ရဲ့အဆင့်က 1 to 10 ထဲပင် ဝင်နေပြီဖြစ်၏။

"ဆရာ ဘာလုပ်နေတာလဲ၊ သွားကြမယ်လေ"

"ဩော် ... အေး ... အေး၊ နှုးညံ့ ... ကိုယ် စာသွားသင်လိုက်ဦးမယ်နော်"

"အင်း"

ဆိုပြီး သူမ ခေါင်းညိတ်ပြလိုက်၏။ ထို့နောက်တွင်တော့ ပြတ်သားနဲ့ စည်သူတို့ ဆရာတပည့်နှစ်ယောက် အိမ်အပေါ်ထပ်သို့ တက်သွားကြပါတော့သည်။ ဒေါ်ဥမ္မာကလည်း သူ့အခန်းရှိရာဘက်သို့ လျှောက်လှမ်းသွားသောကြောင့် ထိုဧည့်ခန်းထဲမှာ နှုးညံ့တစ်ယောက်တည်း ကျန်ရစ်ခဲ့တော့၏။

သူမ ဘယ်ကိုမှ ထမသွားဘဲ ထိုဆက်တီခုံပေါ်မှာပဲ ဆက်ထိုင်နေလိုက်ပါတယ်။

မျက်နှာလေးဆို ပြုံးရွှံ့နေတာပဲ။ ခုနတုန်းက သူမနဲ့ ပြတ်သား မမျှော်လင့်ဘဲ ချစ်သူတွေ ဖြစ်သွားကြတဲ့အဖြစ်ကို ပြန်တွေးပြီး သူမ အခုလို ပြုံးပျော်ရွှင်နေတာပေါ့။ တကယ်ပါပဲ။ သူမ လုံးဝထင်မထားပါဘူး။ အဲဒီလို "ဖြုန်း"ဆိုပြီး ချစ်သူတွေ ဖြစ်သွားကြမယ်လို့ လုံးဝထင်မှတ်မထားပါဘူး။

မျှော်လင့်မထားတဲ့အချိန်မှာ အရင်းနှီးဆုံး ရင်ခုန်သံနှစ်ခုက သူ့အလိုလို ထပ်တူကျသွားခြင်းပင် ဖြစ်တော့၏။ သူမ နောက်နေ့ကျရင် ချစ်သူအသစ်စက်စက်နဲ့အတူ ဘယ်ကိုသွားမယ်၊ ဘာတွေလုပ်မယ် ဆိုတာကို စဉ်းစားပြီး ကြည်နူးနေတဲ့အချိန် သူမရဲ့အတွေးထဲကို စန်းပွင့်က ရုတ်တရက် ပြေးဝင်လာသဖြင့် သူမ ထိတ်လန့်တုန်လှုပ်သွားတော့သည်။

ဟုတ်ပါတယ်။ သူမ စန်းပွင့်ကို အခုမှ သတိရသွားခြင်းဖြစ်၏။ စန်းပွင့်က ပြတ်သားကို ချစ်ကြိုက်နေတာလေ။ သူမ စန်းပွင့်





ရဲ့မျှော်လင့်ချက်ကို ရိုက်ချိုးပစ်သလိုများ ဖြစ်သွားပြီလား။ အဲဒီလို တွေးမိပြီး သူမရဲ့စိတ်တွေ ယောက်ယက်ခတ်နေတော့၏။

သူငယ်ချင်းကို ဦးစားပေးမယ်လို့ ဆုံးဖြတ်ထားတဲ့ သူမရဲ့ ဆုံးဖြတ်ချက်က အခုတော့ အုတ်ချပ်ကြားသို့ ရောက်သွားပြီဖြစ်၏။ ဖြစ်ပြီးမှတော့ ဘာတတ်နိုင်ဦးမှာလဲ။ အခုမှပြန်ပြီး နောက်ဆုတ်ပေးလို့ ရတော့ဘူးလေ။ ဒါကြောင့်မို့ သူမ ဖူးစာရေးနတ်မင်းကြီးရဲ့အလိုကျ ပြတ်သားရဲ့ရင်ခွင်ကြားထဲသို့ ရဲရဲဝင့်ဝင့် တိုးဝင်ရန် ဆုံးဖြတ်လိုက်၏။ သူ့သဘာဝက သူငယ်ချင်းကို ဘယ်လောက်ပဲခင်ခင်၊ ဘယ်လောက်ပဲ ချစ်ချစ် ချစ်သူနဲ့တွေ့တဲ့အခါ အဲဒီသူငယ်ချင်းကို ချစ်ပါတယ်ဆိုတဲ့ အချစ်တွေက အမြဲတမ်း နောက်ကိုရောက်သွားစမြဲပါပဲ။ သူမ စန်းပွင့်ကို တိုင်တည်ပြီး ထိုသို့ ရေရွတ်ပြောဆိုလိုက်တယ်။

"စန်းပွင့် ... စန်းပွင့် ... အချစ်နဲ့စစ်မှာ မတရား၊ မမျှတဘူး ဆိုတာမရှိဘူးဟ။ အချစ်နဲ့ ပတ်သက်လာရင် အားလုံးက မှန်ကန်တယ်၊ တရားတယ်၊ မျှတတယ်။ ငါ နင့်ချစ်သူကို လုယူလိုက်တာ မဟုတ်ဘူးနော်။ ဟုတ်တယ် ... ဒီကိစ္စမှာ ငါလုံးဝမမှားဘူး။ ဒါကြောင့် ငါ့ရှေ့ဆက်တိုးမယ် ကျေးဇူးပြု၍ နင် မမြင်ချင်ယောင်ဆောင်ပေးပါနော်"

သူမ ထိုသို့ ရေရွတ်ပြောဆိုပြီးနောက် စိတ်မောသွားသဖြင့် သက်ပြင်းအရှည်ကြီး ချလိုက်ပါတော့သည်။

ဟူး ...။



www.burmeseclassic.com

www.burmeseclassic.com



"အင်း...
သမီး ပြောတာ မှန်တယ်...
မိန်းမတစ်ယောက်ရဲ့ Power,က...
Att:.ction ပဲ ...
Attraction မရှိရင်
မိန်းမဟူက ...
ခွေးသေးပန်း ဖြစ်သွားတော့တာပဲ ..."

## ** နောက်တစ်နေ့မှာလည်း

** စန်းပွင့်တစ်ယောက် နံနက်(၆)နာရီ တီတီမှာ အပြင်သို့ ထွက်သွားလာပါတော့သည်။ သို့ပေမဲ့ သူမ နှုးညှံ့တို့အိမ်မှာ Breakfast ဝင်မစားတော့ဘူးလို့ ဆုံးဖြတ်လိုက်ပါတယ်။ သူမက နှုးညှံ့နဲ့မတွေ့ချင်ဘူးလေ။ ဟုတ်ပါတယ်။ သူမရဲ့ စိတ်ဓာတ်က အဲဒီလိုပါပဲ။ အမြင်ကတ်သွားပြီဆိုတာနဲ့ သူငယ်ချင်းတွေ၊ ဘာတွေ ဘာမှနားမလည်တော့ဘူး။ ထို့ကြောင့် ဒီနေ့လည်း သူမ နှုးညှံ့တို့အိမ်ကို မဝင်တော့တာပေါ့။

ဒါတောင် ပြတ်သားနဲ့ နှုးညှံ့ ချစ်သူတွေ ဖြစ်သွားကြတာကို သူမ မသိသေးပါဘူး။ သိလို့ကတော့ သူမ ဘယ်လောက်ထိအောင် ပေါက်ကွဲလိမ့်မလဲ မသိဘူး။ လောလောဆယ်တော့ သူမ မနေ့တုန်းက တွေးထားတဲ့ အကြံအစည်၊ အတွေးအတောအတိုင်း တကယ်လုပ်ဖို့ ရှေ့သို့ ခြေတစ်လှမ်း လှမ်းလိုက်ပြီဖြစ်၏။

ဟုတ်ပါတယ်။ သူမရဲ့ကားလေး အခု မိုးဖွဲ့တို့ခြံရှေ့သို့ ရောက်နေပါပြီ။ သူမရဲ့ကားလေးကိုမြင်တော့ ဒေါ်မိုးသည်းက ခြံတံခါးကို လာဖွင့်ပေးလိုက်၏။ ထို့ကြောင့် သူမ ကားကိုခြံထဲသို့ မောင်းနှင် လာတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေး ... မိုးဖွဲ့ဆီကို လာတာလား"

"ဟုတ်ကဲ့ အန်တီ၊ ဒါနဲ့ အန်တီ ခုနတုန်းက Exercise လုပ်နေတာလား"

"အင်း ... ဟုတ်တယ်၊ အပေါ့စားလေ့ကျင့်ခန်းလေးတွေ လုပ်နေတာ၊ မနက်တိုင်း မဟုတ်ရင်တောင် တစ်ပတ်မှာ အနည်းဆုံး (၂)ရက်၊ (၃)ရက်လောက်တော့ လုပ်ဖြစ်တယ်"

"ဩော် ... ဒါကြောင့်မို့ အန်တီက အခုထိအောင် နုပျိုလှပနေတာကိုး"

စန်းပွင့်က အဲဒီလို ပြောလိုက်တော့ ဒေါ်မိုးသည်းတစ်ယောက် ရယ်မောပျော်ရွှင်နေတော့၏။ အသက်ငယ်တဲ့သူပဲဖြစ်ဖြစ် ကြီးတဲ့သူပဲဖြစ်ဖြစ် လှတယ်လို့ အပြောခံရရင် Feel တက်ကြစမြဲမှုလား။ အခုလည်း ဒေါ်မိုးသည်းတစ်ယောက် Feel တက်ပြီး သွားလေးဖြီကာ ရယ်နေတော့၏။

"သမီးလေးက ကြည့်တတ် မြင်တတ်သားပဲ၊ သမီးပြောတာက တကယ့်အမှန်တရားစစ်စစ်။ မှားနေတာက အန်တီ့ယောက်ျား"

"ဟင် ... ဘာကိုဆိုလိုချင်တာလဲ မသိဘူး"

သူမ နားမလည်သဖြင့် ပြန်မေးလိုက်တယ်။ ဒီတော့ ဒေါ်မိုးသည်းက ခါးထောက်ပြီး ရင်ထဲမှာ ကိန်းအောင်းနေတဲ့ မခံချိမခံသာဖြစ်နေတဲ့ အချက်လေးကို ဖွင့်ဟပြောဆိုလိုက်ပါတော့သည်။

"လူတိုင်းက အန်တီနဲ့တွေ့တိုင်း သမီးလေးပြောသလိုပဲ လှတယ်ပတယ်လို့ ပြောကြတယ်၊ အင်း ... အန်တီ့ကိုမလှဘူးလို့ ပြောတာ၊ တစ်ယောက်တည်းရှိတယ်၊ သူကတော့ အန်တီယောက်ျားပါပဲ"

"အင်း ... ဒီလောက်လှတဲ့ အန်တီ့ကို မလှဘူးလို့ ပြောတယ်ဆိုတော့ အန်တီ့ယောက်ျားက မျက်စိမှုန်နေလို့ပဲဖြစ်ရမယ်၊ ဟုတ်တယ်မှုလား"

"အဲဒီလိုဆို တော်သေးတာပေါ့ သမီးရယ်၊ ဘာပဲဖြစ်ဖြစ် အန်တီကတော့ အလှဆုံးဖြစ်အောင် ကြိုးစားနေရမှာပဲ။ သူ အန်တီ့ကို စိတ်ကုန်သွားမှာ စိုးလို့ပေါ့"





"ဟုတ်တယ် အန်တီ၊ ယောက်ျားတွေက ဖောက်ပြားချင်ကြတယ်၊ သူတို့ချစ်ခင်နှစ်သက်တဲ့ မိန်းမဆီမှာ Attracti လုံးဝမရှိတော့ရင်ပေါ့။ ဇရာကြောင့် အလှအပနဲ့ မဆွဲဆောင်နိုင်တော့ရင်တောင် ယုယမှုလေးတွေနဲ့ ဆွဲဆောင်တတ်ရတယ်"

"အင်း ... သမီးပြောတာ မှန်တယ်၊ မိန်းမတစ်ယောက်ရဲ့ power က Attraction ပဲ၊ Attraction မရှိရင် မိန်းမတွေက ချွေးသေးပန်း ဖြစ်သွားတော့တာပဲ"

"သမီးကတော့ ချွေးသေးပန်းလို အပယ်ခံပန်းလေးတစ်ပွင့် မဖြစ်ချင်ပါဘူး။ ဒါကြောင့်မို့ တန်ခိုးကြီးတဲ့ ဆွဲဆောင်မှုတွေကြားထဲမှာ သမီး နေထိုင်တယ်၊ အထာနဲ့နေတတ်ရင် ပိုကောင်းတာပေါ့။ တစ်ခါတစ်ခါမှာ လျှို့ဝှက်တဲ့အထာက သိပ်လှတဲ့ ကဗျာတစ်ပုဒ် ဖြစ်သွားတတ်တယ်လေ။ အကောင်း ဆုံးကတော့ အထာလေးနဲ့ ဆွဲဆောင်ခြင်းပါပဲ"

သူမရဲ့စကားကို ဒေါ်မိုးသည်းတစ်ယောက် အရမ်းသဘောကျနေတော့၏။ ဆွဲဆောင်တာတောင် အထာလေးနဲ့ လျှို့ဝှက်စွာ ဆွဲဆောင်ရမယ်တဲ့။ ထိုစကားကို သူ စွဲစွဲမြဲမြဲ မှတ်ထားလိုက်တယ်။ အရမ်းနိုက်သွားလို့ပေါ့။

"အန်တီ ... မိုးဖွဲ့ကို သွားနှိုးပေးဦးလေ"

"ဩော် ... ဟုတ်သားပဲ၊ နှိုးပေးမယ်၊ နှိုးပေးမယ်၊ လာ... လာ ... အိမ်ထဲဝင်ကြရအောင်"

ထို့နောက်တွင်တော့ သူတို့နှစ်ယောက် လှုပ်ရှားနေတဲ့ ...တ်ခမ်းများကို ရပ်တန့်လိုက်ပြီး ခြေထောက်များကို အလုပ်ပေးလိုက်ပါတော့သည်။ အိမ်ထဲရောက်တော့ စန်းပွင့်က ဆက်တီခုံပေါ်မှာ ဝင်ထိုင်လိုက်ပြီး ဒေါ်မိုးသည်းကတော့ မိုးဖွဲ့ကိုနှိုးဖို့အတွက် အိမ်ပေါ်သို့ တက်သွားလေသည်။ ဒီလိုနဲ့ ခေတ္တမျှကြာတော့ မိုးဖွဲ့တစ်ယောက် အိမ်ပေါ်မှ ဆင်းလာပြီး ဧည့်ခန်းဆောင်ထဲသို့ ရောက်လာပါတော့သည်။ ...ူ့ကိုကြည့်ရတာ စိတ်တိုနေတဲ့ပုံပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"စန်းပွင့် ... မင်း မနက်ပိုင်းမလာဘဲ တခြားအချိန်လာလို့ မရ ဘူးလား၊ မင်းကြောင့် ငါ ဒိမ်ပျက်တာ (၂)ရက်ရှိသွားပြီကွ"

သူက သူမနားသို့ ရောက်ရောက်ချင်း အဲဒီလို ငေါက်ပြောလိုက်၏။ ပြီးတော့ သူ အိပ်ရေးမဝတဲ့ ကျိန်းစပ်နေသော မျက်လုံးများကို လက်နဲ့ပွတ်သပ်နေတော့သည်။ သူမကတော့ သူ့ရဲ့အိပ်ရေးမဝတဲ့ရုပ်ကို ကြည့်ပြီး တခစ်ခစ် ရယ်မောနေလေရဲ့။

"ဟဲ့ ... ဘာရယ်တာလဲ၊ ငါလုပ်လိုက်ရင် သေတော့မှာပဲ"

သူက လက်ရွယ်ပြီး အဲဒီလိုကြိမ်းဝါးပြောဆိုလိုက်တော့ သူမက အသံထွက်ပြီး မရယ်တော့ဘဲ အံကိုကြိတ်ထားကာ စပ်ဖြီးဖြီး လုပ်နေတော့၏။ တကယ်တော့ သူမ မိုးဖွဲဆီကို ညနေဆိုင်ပိတ်မှလာ လည်း ရပါတယ်။ အခုလို မနက်အစောကြီးလာခဲ့တာ ဘာကြောင့်လဲ ဆိုတော့ သူမ မိုးဖွဲကို အိပ်ရေးပျက်၊ Feel ပျက်၊ ဒိမ်ပျက်သွားအောင် လုပ်ဖို့ပါပဲ။ တမင်သက်သက် အကျင့်ယုတ်လိုက်တာပေါ့။

"မိုးဖွဲ ... နင့်ရဲ့အိပ်ရေးမဝတဲ့ရုပ်က အရမ်းရယ်ဖို့ကောင်းတာပဲ နော်၊ ခစ် ... ခစ် ... ခစ်"

"အောင်မာ ... နင်က ငါ အိပ်ရေးပျက်ပြီး စိတ်တိုနေတဲ့ပုံစံကို သဘောကျနေတာပေါ့လေ။ ဒီမှာ စန်းပွင့်၊ ငါတစ်ခုကြိုပြောထား မယ်၊ မနက်ဖြန်မနက် နင် ငါ့ဆီကိုထပ်လာရင် ငါသွားမတိုက်ဘဲ ဆင်းလာမှာနော်၊ ပြီး နင့် နှာခေါင်းနားကပ်ပြီး စကားပြောမယ်၊ အေး ... အာပုပ်နံ့မရှူချင်ဘူးဆို ရင်တော့ နင် ငါ့ဆီကို ဘယ် တော့မှ မနက်အစောကြီးမလာခဲ့နဲ့ ... ကြားလား"

"အင်း ... အင်း"

ဆိုပြီး သူမ နှာခေါင်းလေးပိတ်၍ ပြန်ပြောလိုက်၏။

"ဒါနဲ့ နင် အခုကော မျက်နှာသစ်၊ သွားတိုက်ပြီးပြီလား"

"အင်း ... ပြီးတာတော့ ပြီးပြီ။ ဒါပေမဲ့ သွားကို ကမန်းကတန်း တိုက်လာတာဆိုတော့ ခံတွင်းအနံ့က ပျောက်ချင်မှ ပျောက်မှာပါ၊ နင် နမ်းကြည့်မလား"





ထိုသို့ပြောပြီး မိုးဖွဲက တဟားဟားနဲ့ လေပူတွေမှုတ်ထုတ် နေတော့၏။ ထို့ကြောင့် စန်းပွင့်ခမျာ နှာခေါင်းလေးပိတ်ပြီး အသက် အောင့်ထားရတယ်။

"မိုးဖွဲ ... နင် အကျင့်မယုတ်နဲ့နော်"

"အေး ... ဒါဆိုရင် နင်လည်း အကျင့်မယုတ်နဲ့ ငါ့ကိုအစောကြီး လာမနှိုးနဲ့ ကြားလား"

"အေးပါဟာ ... အေးပါ၊ နောက်နေ့ကျရင် အစောကြီးမလာ တော့ပါဘူး၊ အခု နင် နောက်ပြန်ဆုတ်လိုက်စမ်းပါ"

"စန်းပွင့် ... နင် ကတိတည်ပါစေနော်"

"အင်း ... တည်မယ် ... တည်မယ်"

အဲဒီလို ပြောလိုက်တော့မှပဲ သူ နောက်သို့ ပြန်ဆုတ်သွား တော့သည်။

ဒီတော့မှ စန်းပွင့် တစ်ယောက် အသက်ရှူချောင်သွား တော့၏။

"မိုးဖွဲ ... နင်က တော်တော်ညစ်ပတ်တာပဲ"

"နင် ညစ်ပတ်လို့ ငါ ညစ်ပတ်တာ ဘာဖြစ်လဲ၊ ဩော် ... ဒါနဲ့ ငါ နင့်ကိုတစ်ခုမေးရဦးမယ်၊ နင် ငါ့ဆီကို မနေ့တုန်းကလည်း လာတယ်၊ ဒီနေ့လည်း လာတယ်၊ ပြောစမ်းပါဦး၊ နင် ငါ့ဆီကို လာရတဲ့ အကြောင်းရင်းက ဘာလဲ၊ ရည်ရွယ်ချက်ကကော ဘာလဲ"

အရာရာကို ကြိုတင်စဉ်းစားထားတဲ့ သူမအတွက် အဖြေက အဆင်သင့်ရှိပြီးသားဖြစ်၏။ ထို့ကြောင့် သူမ သူ့ရဲ့မေးခွန်းကို ချက်ချင်း ပြန်ဖြေလိုက်တယ်။

"အင်း ... ငါ့ရည်ရွယ်ချက်က ဘာလဲဆိုတော့ နောင်ဘဝမှာ ဖူးစာရေးနတ်သမီး ဖြစ်ဖို့ပဲ။ အဲဒီအတွက် ငါ ဒီဘဝမှာ အောင် သွယ်များများ လုပ်ပေးမှ ရမှာပါ။ နိဗ္ဗာန်ရောက်ချင်ရင် နိဗ္ဗာန် ရောက်ကြောင်းတရားကို ပွားများအားထုတ်ရတယ်၊ ပြဟ္မာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ချင်ရင် ဖြဟ္မာဖြစ်စေမယ့် ကျင့်စဉ်ကို ကျင့်သုံးရတယ်၊ ငါက ပူးစာရေးနတ်သမီး ဖြစ်ချင်တာလေ။ ဒီတော့ အောင်သွယ်ကျင့်စဉ် ကို ကျင့်သုံးရမှာပေါ့"

"ဘာ ... အောင်သွယ်ကျင့်စဉ် ဟုတ်လား"

"အင်း ... ဟုတ်တယ်၊ ငါ အခု နင့်ကို နင်နဲ့လိုက်ဖက်မယ့် ကောင်မလေးတစ်ယောက်နဲ့ အောင်သွယ်လုပ်ပေးမလို့ဟ"

"နေစမ်းပါဦး၊ နင်က ငါ့ကို ဘယ်သူနဲ့ အောင်သွယ်လုပ်ပေး မှာလဲ၊ အင်း ... နင်က အကျင့်မကောင်းတဲ့သူ၊ ငါ့ကိုကြည့်မရ တဲ့သူ ဆိုတော့ နင့်ရဲ့အစီအစဉ်က ငါ့အတွက် လုံးဝမကောင်းဘူး ဟဲ့ ... စန်းပွင့်၊ နင် မှန်မှန်ပြောစမ်း၊ နင် ငါ့ကိုအရူးမကြီးနဲ့ အောင်သွယ်လုပ်ပေးမလို့မှလား"

"အင်း ... ဟုတ်တယ်၊ အရူးမတော့ အရူးမပဲ၊ ဒါပေမဲ့ အရူးမ ကြီး မဟုတ်ဘူး အရူးမလေးပါ၊ အချစ်ရူး‚ရူးနေတဲ့ အရူးမလေး ပေါ့၊ နာမည်က မေနှူးညှံ့တဲ့"

စန်းပွင့်က အဲဒီလိုပြောလိုက်တော့ မိုးဖွဲ့တစ်ယောက် အလွန် အံ့အားသင့်သွားတော့သည်။ သူက စန်းပွင့်ကို ကြိုက်နေတာလေ။ အခု သူကြိုက်နေတဲ့ စန်းပွင့်က သူ့ကို အခြားကောင်မလေးတစ်ယောက်နဲ့ အောင်သွယ်ပေးမလို့တဲ့၊ သူမ အောင်သွယ်ပေးမယ့် သူကလည်း နှူးညှံ့ ဆိုတော့ သူ အရမ်းအံ့သြနေတော့တာပေါ့။

"စန်းပွင့် ... နင် ဘာတွေလျှောက်လုပ်မလို့လဲ၊ နှူးညှံ့နဲ့ ငါက သူငယ်ချင်းတွေပါ၊ တခြား ဘာအကန့်မှ မရှိဘူး"

"အေး ... နင်ပြောတဲ့စကားက နင့်ဘက်က ကြည့်ရင်တော့ မှန်နေလိမ့်မယ်။ ဒါပေမဲ့ နှူးညှံ့ဘက်က ကြည့်လိုက်ရင်တော့ လုံးဝ Opposite ပဲ၊ ဘာကြောင့်လဲဆိုတော့ သူက နင့်ကို တိတ်တိတ်လေး ခိုးချစ်နေလို့ပေါ့"

သူမက အဲဒီလို ပြောလိုက်တော့ သူ ခေါင်းကိုအသာလေး ခါယမ်းလိုက်၏။





"မဖြစ်နိုင်ဘူး၊ နှူးညှံ့ ငါ့ကိုကြိုက်နေတယ်ဆိုတာ လုံးဝမဖြစ်နိုင် ဘူး၊ ဘာကြောင့်လဲဆိုတော့ သူ ငါ့ကိုကြည့်တဲ့ အကြည့်တွေက အရမ်းရိုးသားဖြူစင်လို့ပဲ"

"မိုးဖွဲ့ ... နင် ဒီလောက် ရည်းစားတွေ အများကြီးထားဖူးတာ တောင် မိန်းမတွေအကြောင်းကို ကောင်းကောင်းမသိသေးဘူး။ ငါ ပြောပြမယ်။ သေသေချာချာနားထောင်၊ လျှို့ဝှက်တတ်တဲ့ မိန်းမတွေက သူတို့ရဲ့အချစ်ကို အလွယ်တကူ မြင်နိုင်စွမ်းရှိတဲ့ မျက်လုံးတွေထဲမှာ ထည့်ထားလေ့မရှိဘူး။ များသောအားဖြင့် သူတို့က သူတို့ရဲ့အချစ်ကို မြင်ဖို့ခက်၊ ဝင်ဖို့ခက်တဲ့ ရင်ခွင် နန်းတော်ကြီးထဲမှာပဲ အသေအချာ သိမ်းဆည်းထားလေ့ရှိတယ်။ နင် မယုံရင် သူ့ရဲ့ရင်ခွင်တံခါးကို အသာလေး ခေါက်ကြည့် လိုက်ပေါ့"

"ငါ မယုံဘူး၊ ဘာကြောင့်လဲဆိုတော့ နင်ပြောတာ လုံးဝမဖြစ် နိုင်လို့ဘဲ၊ အချစ်မှာ လုံးဝလျှို့ဝှက်ချက်မရှိဘူး၊ ပြီးတော့ အချစ် ဆိုတဲ့အရာကို ရင်ထဲမှာ သော့ခတ်သိမ်းဆည်းထားလို့ မရဘူး၊ သိမ်းထားနိုင်ရင်လည်း တဒင်္ဂပဲဖြစ်လိမ့်မယ်၊ ပြီးတော့ အချစ် ဆိုတဲ့အရာက မျက်လုံးထဲမှာ ခိုအောင်း နေထိုင်လေ့ရှိတယ်လေ၊ စကားပုံတောင် ရှိသေးတယ်၊ ချစ်ခြင်းအစ မျက်လုံးကတဲ့၊ ဒါကြောင့် မို့ ချစ်မိသူတစ်ယောက်က သူ့ရဲ့အချစ်ကို မျက်လုံးထဲမှာ ထည့်မ ထားဘူးဆိုတာ လုံးဝမဖြစ်နိုင်ဘူး"

"Beliver it or not ! ... နင် ယုံချင်ယုံ၊ မယုံချင်နေ၊ ငါပြော တာ ပုံပြင်မဟုတ်ဘူးဆိုတာ လုံးဝသေချာတယ်၊ နှူးညှံ့က နင့်ကို တကယ်ခိုက်နေတာပါ၊ တစ်ဖက်သတ်အချစ်က မလှပဘူးလေ၊ ဒါကြောင့်မို့ သူ့ရဲ့အချစ် ပြည့်စုံလှပသွားအောင်လို့ ငါ ကူညီပေး ချင်တယ်၊ မိုးဖွဲ့ ... နင် သူ့ကိုမချစ်ဘူးလား"

"အင်း ... ချစ်တော့ချစ်တယ်၊ ဒါပေမဲ့ ငါက နှူးညှံ့ကို သူငယ် ချင်းလိုပဲ ဖြူဖြူစင်စင်ချစ်ခင်တာဟ။ သူငယ်ချင်း အချစ်ထက် လုံးဝပိုချစ်လို့ရမှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် ငါကတော့ နှုးညံ့အတွက် အောင်သွယ်လုပ်ပေးရမှာပဲ၊ ချစ်သူဖြစ်သွားရုံအထိပဲ မဟုတ်ဘူးနော်၊ နင်နဲ့ နှုးညံ့ ညားသွားတဲ့အထိကို ငါက ကြားဝင်ညှိနှိုင်းပေးမှာ၊ ကဲ ... ဒီနေ့တော့ ဒီလောက်ပဲပေါ့၊ ငါ သွားတော့မယ်"

ထိုသို့ပြောပြီး စန်းပွင့်တစ်ယောက် ထိုင်နေရာမှ ထလိုက်၏။ သူမ ခေါ်မိုးသည်းကို နှုတ်ဆက်စကားပြောဖို့ ရှာဖွေကြည့်လိုက်ပါသေးတယ်။ သို့ပေမဲ့ မတွေ့ပါဘူး။

"စန်းပွင့် ... နင်ကလည်း ခဏလောက် ထိုင်ပါဦးဟာ၊ ငါ နင့်ကို မေးစရာရှိလို့ပါ"

"ဒါဆိုရင် ပြီးကျရင် နင် ငါ့ဆိုင်ကိုလိုက်ခဲ့ပေါ့။ အခု ငါသွားတော့မယ်၊ ဆိုင်ဖွင့်နောက်ကျရင် လာဘ်တိတ်တယ်ဟ။ အန်တီကို နှုတ်ဆက်သွားတယ်လို့ ပြောပေးဦးနော် ... Bye Bye !"

ထိုသို့ပြောပြီး စန်းပွင့်တစ်ယောက် အိမ်ထဲမှထွက်သွားပါတော့သည်။ မိုးဖွဲကတော့ အတွေးပေါင်း သောင်းခြောက်ထောင်နဲ့အတူ ကျန်ရစ်ခဲ့လေရဲ့။ စန်းပွင့် ပြောသွားတာ နှုးညံ့က သူ့ကို ကြိုက်နေတာတဲ့။ သူက စန်းပွင့်ကို ကြိုက်နေတဲ့သူ။ စန်းပွင့်က သူနဲ့နှုးညံ့ကို အောင်သွယ်လုပ်ပေးမယ့်သူ။ ထိုအကြောင်းတွေကို စဉ်းစားပြီး သူ ပတ်ချာလည်သွားတော့၏။

"ဟာ ... ဘာတွေမှန်းကို မသိဘူး ရှုပ်နေတာပဲ"

သူ စိတ်ရှုပ်သွားသဖြင့် ထိုသို့ ညည်းတွားပြောဆိုပြီး ခေါင်းကို ခပ်ပြင်းပြင်းကုတ်လိုက်၏။ ထိုအချိန်မှာပဲ အိမ်ထဲသို့ သူ့သူငယ်ချင်းနှစ်ယောက်ဖြစ်တဲ့ ဇော်ထိုက်နဲ့ နက်ကျယ်တို့ ဝင်လာပါတော့သည်။

"ဟား ... ဟိတ်ကောင်တွေ၊ ဒီနေ့လာတာ စောလှချည်လားကွ"

"အေး ... ဟုတ်တယ်၊ ဒီနေ့ ငါတို့နှစ်ယောက်ကို ဝင့်ဝါနဲ့ ငုဝါက အစောကြီးချိန်းထားလို့ကွ၊ မိုးဖွဲ ... မင်း ... လိုက်ခဲ့ရမယ်နော်"



"ဘာလဲ ... ငါက မင်းတို့စုံတွဲ နှစ်တွဲကြားမှာ အရှုပ်လုပ်ဖို့ လိုက်ခဲ့ရမှာလား၊ မလိုက်နိုင်ဘူးကွာ၊ ဒီမှာ စိတ်ရှုပ်ရတဲ့ကြားထဲ အာရုံလာမစားစမ်းပါနဲ့"

သူ အဲဒီလိုပြောပြီး ဟိုနှစ်ကောင် လာခေါ်တာကိုငြင်းဆန်လိုက်တယ်၊ ဟုတ်တယ်လေ။ ဟိုနှစ်ကောင်က ဟိုစော်နှစ်ယွေနဲ့ ငြိသွားပြီပဲ။ ချစ်သူတွေ ဖြစ်သွားကြပြီပဲ။ အခု သူတို့စုံတွဲနှစ်တွဲ ချိန်းတွေ့ကြတဲ့ဟာကို သူက ဘာလိုက်လုပ်ရမှာတုန်း။ ထို့ကြောင့် သူ အပြတ်ငြင်းလိုက်ခြင်းပင်ဖြစ်၏။

"နေစမ်းပါဦး ... မင်းက မနက်အစောကြီး ဘာတွေစိတ်ရှုပ်နေတာတုံး"

ခေါင်းခဏခဏကုတ်နေတဲ့ သူ့ကို ဇော်ထိုက်က အဲဒီလိုမေးလိုက်တော့ သူ သူ့ရဲ့ရှုပ်ထွေးနေတဲ့ ဇာတ်လမ်းအကြောင်းကို ဟိုနှစ်ကောင် နားလည်အောင်လို့ အစအဆုံး ပြောပြလိုက်၏။

"ဘာ ... နှုးညံ့က မင်းကိုကြိုက်နေတယ်၊ ပြီးတော့ စန်းပွင့်က မင်းနဲ့နှုးညံ့ကို အောင်သွယ်လုပ်ပေးမှာ ... ဟုတ်လား"

"ဟုတ်တယ် ဇော်ထိုက်၊ ဒီကိစ္စမှာ စန်းပွင့် မရိုးသားဘူးလို့ ငါ ထင်တယ်၊ ဘာကြောင့်လဲဆိုတော့ သူက ငါ့ရဲ့လုပ်ရပ်တွေကြောင့် ငါ့ကို အမုန်းကြီး မုန်းတီးနေတဲ့သူ။ ဒါကိုပဲ သူက ငါ့အိမ်ကို ဝင်ထွက်သွားလာနေတယ်။ ပြီးတော့ သူက ငါ့ကို နှုးညံ့နဲ့ညားတဲ့အထိ အောင်သွယ်လုပ်ပေးမှာဆိုတော့ ငါ ဘာဆက်လုပ်ရမလဲ"

"မင်း တကယ်ချစ်တာ စန်းပွင့် မှလား"

"အင်း ... ဟုတ်တယ်လေ"

"ဒါဆိုရင် မင်း အောင်သွယ်တော်လုပ်ပေးမယ့် စန်းပွင့်ကိုပဲ ဆက်ချစ်လိုက်ပေါ့။ မင်းရဲ့ပြောပုံအရဆိုရင် ဒီဇာတ်လမ်းမှာ အောင်သွယ်တော် မာယာများမယ့်ပုံပဲ။ သူ ဘယ်လိုပဲ မာယာများများ၊ သူ ဘာတွေပဲ ကြံစည်ကြံစည် မင်း နှုးညံ့ဘက်ကို စိတ်ယိုင်သွားလို့ မဖြစ်ဘူးနော်၊ အဲဒါဆိုရင် မင်းရှုံးသွားလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချစမ်းပါ နက်ကျယ်ရာ၊ မိုးဖွဲ့ဆိုတဲ့ကောင်က ဘယ်တော့မှ အချစ်ရူးသမားဖြစ်လာမှာ မဟုတ်ဘူး၊ စန်းပွင့်ဘာတွေပဲ ကြံစည် ကြံစည် နောက်ဆုံး ငါ့လက်ထဲကို ရောက်လာစေရမယ်၊ ငါက စန်းပွင့်ကိုပဲ ချစ်တာလေ၊ ဒါပေမဲ့ မာယာများလို့ကတော့ Color ဆိုးပစ်ဖို့ အသင့်ပဲ။ ငါ့အချစ် ကြမ်းတာကို မင်းတို့ သိတယ်မှလား"

"အင်း ... သိတယ် ... သိတယ်"

ဆိုပြီး ဇော်ထိုက်နဲ့ နက်ကျယ်တို့ ပြိုင်တူခေါင်းညိတ်ပြလိုက်၏။

"Ok ... သိတယ်ဆိုရင် မင်းတို့ နိုးတော့၊ ဒီနေ့ ငါ မင်းတို့နဲ့ မလိုက်နိုင်ဘူး။ ငါ့ case ငါ ရှင်းရဦးမယ်လေ။ လောလောဆယ်တော့ အဲဒီ Case ကို ရှင်းဖို့အတွက် ငါအကြံထုတ် စဉ်းစားလိုက်ဦးမယ်။ မင်းတို့ ငါ့နောက်ကို လိုက်မလာခဲ့နဲ့နော်၊ မင်းတို့လည်းဒိုး၊ ငါလည်း ဒိုးတော့မယ်"

ဆိုပြီး မိုးဖွဲ့တစ်ယောက် အိမ်အပေါ်ထပ်သို့ တက်သွားတော့၏။ သူက ဒိုးတော့လို့ ပြောသွားတယ်လေ။ ပြီးတော့ သူ့နောက်ကို မလိုက်ခဲ့ရဘူးတဲ့။ ထို့ကြောင့် ဟိုနှစ်ကောင် သူ့ရဲ့အမိန့်အတိုင်း သူ့နောက်သို့ လိုက်မသွားတော့ဘဲ ထိုင်ရာမှထကာ အိမ်ထဲမှ ထွက်သွားပါတော့သည်။

✧ ❤ ✧





"ဒီမှာ နူးညံ့ …
မင်းက ငါ့ကို အိုပါးလို့ခေါ်ပြီး …
ငါ့ အသည်းနှလုံးကို အချဉ်ရည်နဲ့ တို့စားဖို့ …
ကြံစည်နေတာလား …
ဒီမှာ …
ငါက (၁၉)ရာစုနှစ်က တင်အောင်လို …
အချဉ်ကောင်မဟုတ်ဘူးကွ …
ချစ်သူရှိတဲ့ မိန်းကလေးတစ်ယောက်ကို …
ငါ လုံးဝစိတ်မဝင်စားဘူး …
ငါက …
(၂၁)ရာစုရဲ့အပြတ်သားဆုံးလူသား, …
မင်းပြတ်သား …
ဒီတော့ …
စကားကို ခပ်ပြတ်ပြတ်ပဲ ပြောမယ်။ …
နူးညံ့ …
ငါ မင်းကို အရမ်းရွံတယ်ကွာ …"

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၈)

... ဒီနေ့ကတော့ သူ ... နေ့လယ်(၂)နာရီလောက်မှ အပြင်ထွက်လာ
ပါတယ်။ တစ်မနက်လုံး သူ ဘာဆက်လုပ်ရမလဲ ဆိုတာကို သေ
ချာချာ စဉ်းစားခဲ့တယ်လေ။ အခုတော့ သူ အကြံဉာဏ်ကောင်း
ရသွားပြီဖြစ်၏။ ဟုတ်ပါတယ်။ မိုးဖွဲ တစ်ယောက် သူ့ရဲ့အစီအ
အတိုင်း "Queen Berry" Snack Bar သို့ တည့်တည့်မတ်မတ်
နေပါပြီ။ သူ အခု သိပ်တွေ့ချင်နေတဲ့သူက နှုးညှံ့ပါပဲ။ နှုးညှံ့ကို
Checking လုပ်ချင်တယ်လေ။ ထို့ကြောင့် သူ နှုးညှံ့ ရှိတဲ့ "Que
Berry" Snack Bar သို့ တည့်တည့်မတ်မတ် လာနေခြင်းပင် ဖြ
တော့၏။

မိနစ်(၂၀)လောက်ကြာတော့ သူ ထိုဆိုင်ရှေ့သို့ရောက်
လေသည်။ ထို့နောက် သူ ကားပေါ်မှ ဆင်းလာပြီး ဆိုင်ထဲသို့ဝင်
တော့၏။ သို့ပေမဲ့ ကောင်တာမှာ သူ သိပ်တွေ့ချင်နေတဲ့ နှုးညှံ့
မတွေ့ရသဖြင့် သူ စန်းပွင့်ကို မေးလိုက်ပါတယ်။

"စန်းပွင့် ... နှုးညှံ့ကော"

"သူ ဆိုင်မလိုက်နိုင်တာ (၂)ရက်ရှိသွားပြီဟ"

"ဘာဖြစ်လို့လဲ"



"သိချင်ရင် သွားကြည့်ပေါ့။ သူ အိမ်မှာပဲရှိတယ်၊ ဒါနဲ့နေစမ်းပါ
ဦး၊ နင် အခု နှုးညှံ့ကို ဘာလို့မေးနေတာလဲ၊ ရောက်ရောက်ချင်း
နှုးညှံ့ကို မေးတယ်ဆိုတော့၊ အင်း ... မဟုတ်မှလွဲရော နင် နှုးညှံ့
ကို ပါရမီဖြည့်ပေးချင်လို့ပဲ ဖြစ်ရမယ်၊ ဟုတ်တယ်မှလား"

စန်းပွင့်က အဲဒီလို အစ်မေးလိုက်တော့ မိုးဖွဲကလည်း ခနဲ့
တဲ့တဲ့ ပြန်ဖြေလိုက်တယ်။

"အေး ... ဟုတ်တယ်၊ ငါ အခု နှုးညှံ့ကို ရည်းစားစကားပြောဖို့
လာတာပါ။ ဒါပေမဲ့ သူက ဆိုင်မှာမရှိဘူးဆိုတော့ အိမ်ကိုပဲ
သွားရတော့မှာပေါ့"

"ဘယ်လို ... နင်က အခု နှုးညှံ့အိမ်ကိုသွားပြီး ရည်းစားစကား
ပြောမယ် ... ဟုတ်လား"

"Yes !"

ဆိုပြီး သူက ခေါင်းညိတ်ပြလိုက်တော့ စန်းပွင့် တစ်ယောက်
အရမ်းအံ့သြသွားပြီး ပါးစပ်အဟောင်းသား ဖြစ်သွားတယ်။ ထို့နောက်
သူမရင်ထဲသို့ ပျော်ရွှင်ခြင်းတွေ ကဆုန်ပေါက်ပြီး ခုန်းစိုင်းပြေးဝင်လာ
တော့၏။ ဟုတ်ပါတယ်။ မိုးဖွဲက နှုးညှံ့ကို ရည်းစားစကား သွားပြော
မယ်ဆိုသဖြင့် သူမ အရမ်းပျော်ရွှင်သွားတယ်။

"ဟဲ့ ... သွားရင်လည်း မြန်မြန်သွားလေ"

အရမ်းတက်ကြွနေတဲ့ စန်းပွင့်ကို သူ စူးစိုက်ကြည့်လိုက်
တယ်။ ထို့နောက် သူ အသက်မပါတဲ့ အပြုံးတစ်ခုကို သူမကို လက်
ဆောင်အဖြစ်ပေးခဲ့ပြီး ထိုနေရာမှ လှည့်ထွက်သွားပါတော့သည်။

သူ ထွက်သွားပြီး (၁၀)မိနစ်လောက် အကြာမှာတော့
ဖြတ်သား တစ်ယောက် ဆိုင်ရှေ့ကနေ ဖြတ်လျှောက်သွားတာကို စန်းပွင့်
လှမ်းမြင်လိုက်တယ်လေ။ ထို့ကြောင့် သူမ ဆိုင်ထဲမှ အမြန်ပြေးထွက်
လာပြီး သူ့ကို အော်ခေါ်လိုက်တယ်။

"ကိုပြတ်သား"

သူမရဲ့ အသံစူးစူးကို သူ ကောင်းကောင်းကြားသဖြင့်
နောက်သို့ လှည့်ကြည့်လိုက်တယ်။ သူမက သူ့ကို လက်ယပ်ခေါ်နေ
တယ်လေ။ ထို့ကြောင့် သူ သူမဆီသို့ လျှောက်လှမ်းလာတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိုပြတ်သား ... အခု ကျူရှင်သင်ပြီး ပြန်လာတာလား"

စန်းပွင့်က ပြတ်သား သူမတို့ဆိုင်ရှေ့က ဖြတ်သွားတဲ့ အချိန်တွေကို မှတ်ထားတယ်လေ။ သူက စနေ၊ တနင်္ဂနွေနေ့တိုင်း ဒီအချိန်ဆို ဒီဆိုင်ရှေ့က ဖြတ်လျှောက်သွားနေကျပေါ့။

"အင်း ... ဟုတ်ပါတယ်၊ ကိုယ် အခု ကျူရှင်သင်ပြီး ပြန်လာတာကွ"

"ကိုပြတ်သားကလည်း ကျွန်မတို့ဆိုင်ထဲတောင် မဝင်ဘူး၊ ဘာလဲ ရှင်က ကျွန်မရဲ့ခင်မင်မှုကို အသိအမှတ်မပြုချင်လို့လား"

"မဟုတ်ပါဘူးကွာ၊ အဲဒီလို မဟုတ်ပါဘူး"

"ဒါဆိုရင်လည်း ဆိုင်ထဲဝင်ကြရအောင်လေ၊ အထဲမှာကော်ဖီ သောက်ရင်းနဲ့ အေးအေးဆေးဆေး စကားထိုင်ပြောကြတာပေါ့"

သူမက ချိုချိုသာသာပြောဆိုပြီး ဖော်ဖော်ရွေရွေ ဖိတ်ခေါ်လိုက်၏။ သို့ပေမဲ့လည်း သူက ယဉ်ယဉ်ကျေးကျေး ငြင်းဆန်လိုက်ပါတယ်။

"မဝင်တော့ဘူး စန်းပွင့်၊ ကိုယ် သွားစရာရှိသေးလို့ပါ"

"ကိုပြတ်သားရယ် ... အခုသွားမယ့်နေရာက သိပ်အရေးမကြီးရင်လည်း အချိန်နည်းနည်း နောက်ကျပြီးမှ သွားပါလား။ ကျွန်မ ရှင့်ကို စကားတွေအများကြီး ပြောစရာရှိလို့ပါ"

"ဆောရီးကွာ ... ဆောရီး၊ ကိုယ် နောက်နေ့ကျမှပဲ မင်း ပြောချင်တာကို နားထောင်ပေးပါ့မယ်၊ အခု ကိုယ့်ကိစ္စက အရေးကြီးလို့ကွ၊ သွားတော့မယ်နော်"

"ကောင်းပါပြီ ရှင် ... သွားပါ ... သွားပါ ... ဒါနဲ့ ရှင် အခုလို တကြီး သွားမယ့်နေရာက ဘယ်နေရာလဲ"

သူမက သူသွားကာနီး အဲဒီလို စပ်စုမေးမြန်းလိုက်ပါတယ်။ သူကလည်း အမှန်တရားကို မြတ်နိုးတဲ့သူဆိုတော့ အမှန်အတိုင်းပဲ ပြောပြလိုက်၏။

"ဩော် ... ကိုယ် အခု နူးညံ့ဆီကို သွားမလို့ပါ"





ဟုတ်ပါတယ်။ နူးညံ့က သူ့ကို ဒီနေ့ မွန်းလွဲ(၃)နာရီ အရောက်လာခဲ့ဖို့ ချိန်းထားတယ်လေ။ ချစ်သူအသစ်စက်စက်က ပထမဆုံးအကြိမ် ချိန်းဆိုလိုက်တာဆိုတော့ သူ့အတွက် သိပ်အရေးကြီးတာပေါ့။ သို့ပေမဲ့လည်း သူ့ရဲ့အဖြေစကားကြောင့် စန်းပွင့် တစ်ယောက် အပြုံးတွေ ပျောက်ကွယ်သွားပြီး ဒေါသအလိမ့်လိမ့် ထွက်သွားလာပါတော့သည်။

"ဘာ ... ရှင်က နူးညံ့ဆီကို သွားမလို့၊ အဲဒီကိစ္စက ရှင့်အတွက် သိပ်အရေးကြီးတယ်ပေါ့လေ ... ဟုတ်လား"

"အင်း"

ဆိုပြီး သူ ခေါင်းညိတ်ပြလိုက်၏။ ပြီးတော့ သူနဲ့နူးညံ့ ချစ်သူတွေ ဖြစ်သွားကြပြီ ဆိုတာကို စန်းပွင့် သိအောင်လို့ သူ ပြောပြလိုက်တယ်။

"ချစ်သူအသစ်စက်စက်က ပထမဆုံးအကြိမ် ချိန်းဆိုထားတာဆိုတော့ ကိုယ့်အတွက် သိပ်အရေးကြီးတာပေါ့။ ကိုယ်နဲ့ နူးညံ့က ချစ်သူတွေ ဖြစ်သွားကြပြီလေ"

နူးညံ့က သူ့ကို ဘယ်သူမှမသိအောင် တိတ်တိတ်လေး ချစ်ကြမယ်လို့ ပြောထားပေမယ့် သူက လျှို့ဝှက်မထားဘဲ စန်းပွင့် သိအောင် သို့ ပြောပြလိုက်၏။

သူ့ရဲ့စကားကြောင့် စန်းပွင့် တစ်ယောက် မျက်နှာပျက်သွားပြီး စိတ်ကူးယဉ်အတွေးအတော၊ အကြံအစည်တွေ အားလုံး ကစဉ့်ကလျား ဖြစ်ကုန်တော့၏။

"ဘာ ... ရှင်နဲ့နူးညံ့က ချစ်သူတွေ ဖြစ်သွားကြပြီ ... ဟုတ်လား"

"ဟုတ်တယ် စန်းပွင့်၊ ကိုယ်နဲ့နူးညံ့က မနေ့တုန်းကမှ ချစ်သူတွေ ဖြစ်သွားကြတာ၊ ကဲ ... ကဲ ... ကိုယ်သွားတော့မယ်နော်"

ထိုသို့ပြောပြီး သူ သူ့ရဲ့ခြေထောက်များကို လှုပ်ရှားလိုက်၏။ သို့ပေမဲ့လည်း စန်းပွင့်က သူ့ရဲ့ခြေလှမ်းများကို တားဆီးထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခဏနေဦး ကိုပြတ်သား၊ ရှင်နဲ့နှုးညံ့ ချစ်သူတွေ ဖြစ်သွားကြတာ လုံးဝမဖြစ်နိုင်ဘူး၊ ဘာကြောင့်လဲဆိုတော့ နှုးညံ့မှာ မိုးဖွဲဆိုတဲ့ ချစ်သူရှိနေလို့ပဲ"

စန်းပွင့်ရဲ့စကားကြောင့် သူ ဇဝေဇဝါ ဖြစ်သွားတယ်။ "နှုးညံ့က သူ့ကို ဘယ်သူမှမသိအောင် တိတ်တိတ်လေး ချစ်ကြမယ်လို့ ပြောခဲ့တာ မိုးဖွဲဆိုတဲ့ကောင် သိသွားမှာစိုးလို့လား"။ သူ အဲဒီလိုတွေးမိပြီး ရင်မောနေတော့၏။

"ကိုပြတ်သား ... ရှင်က ကျွန်မပြောတာကို မယုံဘူးလား"

သူမက မချိုပြုံးပြုံးပြီး မေးလိုက်ပေမယ့် သူက သူမမေးတာကို ပြန်မဖြေတော့ဘဲ ထိုနေရာမှ လျှင်မြန်စွာ ထွက်သွားပါတော့သည်။ အခု မိုးဖွဲက နှုးညံ့တို့အိမ်မှာ ကျိန်းသေပေါက်ရှိမယ် ဆိုတာကို သူမ သိတယ်လေ။ ပြတ်သားကလည်း နှုးညံ့ဆီကို သွားပြီဆိုတော့ သူမ "Very Good"လို့ ရေရွတ်လိုက်ပြီး မတီးတတ် တီးတတ်နဲ့ လက်ဖျောက်တစ်ချက် တီးလိုက်၏။

"ဖျပ်"

လက်ဖျောက်တီးလိုက်ပေမယ့် "ဖြောက်"မဟုတ်ဘဲ "ဖျပ်" ဆိုတဲ့အသံသာ ထွက်ပေါ်လာပေမယ့် သူမ အဲဒီ"ဖျပ်ဆိုတဲ့ မြည်သံကို သဘောကျနေတော့၏။ သို့ပေမဲ့လည်း စန်းပွင့် တစ်ယောက် သူမကိုယ်သူမ အဖျက်သမား ဖြစ်နေပြီဆိုတာကို သတိထားမိပုံ မပေါ်ပါဘူး။ သူမ သိတာက တစ်ခုတည်းပါ။ အဲဒါ ဘာလဲဆိုတော့ သူမ ပြတ်သားကို ချစ်တယ်၊ အခုလို သူမ ရူးရူးမိုက်မိုက် လျှောက်လုပ်နေတာ သူ့ကို ရူးရူးမိုက်မိုက် ချစ်ခဲ့လို့ပေါ့။ ဘာပဲဖြစ်ဖြစ် သူမ လုပ်ချင်တာတွေလုပ်၊ ပြောချင်တာတွေပြော လိုက်ရသဖြင့် ပျော်တပြုံးပြုံး ဖြစ်နေတော့၏။

မိုးဖွဲကတော့ အခု နှုးညံ့တို့အိမ်သို့ ရောက်နေပြီဖြစ်ပါတယ်။ သူ အခု နှုးညံ့ရဲ့နှလုံးသားကို Checking လုပ်နေပါပြီ။ မနက်တုန်းက စန်းပွင့် သူ့ကို ပြောသွားတာ တကယ်ဟုတ်, မဟုတ် ဆိုတာကိုပေါ့။ ဟုတ်ပါတယ်။ သူနဲ့နှုးညံ့ အခုဧည့်ခန်းဆောင် ဆက်တီပေါ်မှာ မျက်နှာချင်းဆိုင်ထိုင်ပြီး စကားပြောနေလေရဲ့။





"မိုးဖွဲ မလာစဖူး အလာထူးလို့ပါလား၊ ပြောစမ်းပါဦး ငါ့ဆီကို ဘာလာလုပ်တာလဲ"

"Talky နည်းနည်းလောက် ပွားချင်လို့ပါ၊ ဒါနဲ့ နင့်လက်က ဘာဖြစ်တာလဲ"

"ချော်လဲပြီး အဆစ်လွဲသွားတာဟ"

"ဩော် ... ဒါကြောင့်မို့ နင်က အိမ်တွင်းအောင်းနေတာပေါ့ လေ"

ထိုသို့ပြောပြီး သူ သူမကို စူးစိုက်ကြည့်နေတော့၏။ မျက်တောင်မခတ်ဘဲနဲ့ကို သေသေချာချာ စိုက်ကြည့်နေတာ။ သို့ပေမဲ့ သူမက ရှက်ကိုးရှက်ကန်း၊ အိုးတိုးအမ်းတမ်း ဖြစ်မသွားဘဲ နဂိုအတိုင်း ပြုံးနေမြဲ ပြုံးနေတော့၏။ ထို့ကြောင့် သူစဉ်းစားရခက်သွားတယ်။ နှုးညံ့က သူ့ကိုကြိုက်နေတာဆိုရင် သူ့ရဲ့အကြည့်တွေကြောင့် ရင်တဖိုဖို ဖြစ်နေရမှာပေါ့။ အခုတော့ အဲဒီလိုမဟုတ်။ သူမက ပေါ့ပေါ့ပါးပါး ပြုံးနေမြဲပါပဲ။ ဟုတ်ပါတယ်။ သူမ သူ့ကို ပြန်ကြည့်နေတဲ့အကြည့်က အင်မတန့် အင်မတန် ရိုးရှင်းလွန်းလှပါတယ်။

"ဟဲ့ ... မိုးဖွဲ၊ နင် ငါ့ကို ဘာလို့ စိုက်ကြည့်နေတာလဲ၊ ဘာလဲ ... ငါက လှလို့လား"

"အင်း"

ဆိုပြီး သူ ခေါင်းညိတ်ပြလိုက်တယ်။ တကယ်တော့ သူက သို့အားကောင်းတဲ့ အကြည့်တွေနဲ့ သူမကို Checking လုပ်နေတာပါ။ သို့ပေမဲ့ သူမက သူ့ရဲ့အကြည့်ကြောင့် တုန်လှုပ်မသွားဘူးလေ။ ဒီလို အကြည့်ကြောင့် တုန်လှုပ်မသွားတဲ့ သူမကို အထိနဲ့စမ်းသပ်ကြည့်ဖို့ သူ ဆုံးဖြတ်လိုက်၏။

"နှုးညံ့ ... နင်ဝတ်ထားတဲ့ လက်စွပ်လေးက သိပ်လှတာပဲ နော်"

ထိုသို့ပြောပြီး သူ သူမရဲ့ဘယ်ဘက်လက်ကို ရုတ်တရက် ဆွဲကိုင်လိုက်၏။ ပြီးတော့ သူ သူမ ဝတ်ထားတဲ့ Fancy လက်စွပ် လေးကို ကိုင်ကြည့်နေတော့သည်။

"နှုးညံ့ ... ဒီလက်စွပ်လေးကို ဘယ်ဆိုင်က ဝယ်ထားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... ငါမသိဘူးဟ။ ဒီလက်စွပ်လေးက ငါ့ရဲ့အန်
ငါ့ကို Birthday Present အဖြစ် ပေးထားတာ။ ဒါနဲ့နေ
ပါဦး။ ဒီလက်စွပ်က ဘာတွေထူးခြားနေလို့လဲ"

"ငါ့အမေဝတ်ထားတဲ့လက်စွပ်နဲ့ ဆင်တူဖြစ်နေလို့ ကိုင်ကြ
တာပါ"

ထိုသို့ပြောပြီး သူ သူမရဲ့လက်ကို သူ့အနားထိရော
အောင် ဆွဲလိုက်ပြီး လက်စွပ်လေးကို သေသေချာချာ ကိုင်ကြည့်
တော့၏။ တကယ်တော့ သူက လက်စွပ်ကို ကြည့်ချင်တာမဟုတ်
ဘူး။ သူ့အမေမှာလည်း အဲဒီလို Fancy လက်စွပ်မျိုးမရှိပါဘူး။ စင်
သူ သူမရဲ့ ရင်ခုန်သံကို အထိအတွေ့နဲ့ နားထောင်နေခြင်းပင်ဖြ
တော့၏။

ထိုအချိန် ပြတ်သားက သူမရဲ့အိမ်ရှေ့သို့ ရောက်နေပါပြီ
စန်းပွင့် ပြောလိုက်တဲ့စကားကြောင့် သူ အခုလို နှုးညံ့ဆီသို့ အမြန်
ပြေးလာခြင်းပင် ဖြစ်တော့၏။ ခြံရှေ့မှာ အဝါရောင်ပြိုင်ကားလေးတ
ရပ်ထားတာကို တွေ့လိုက်တော့ သူ စိတ်လောသည်ထက် ပိုလောသွ
တော့သည်။ ထို့ကြောင့် သူ စေ့ရုံလေးသာ စေ့ထားတဲ့ ခြံတံခါး
တွန်းဖွင့်ပြီး ခြံထဲသို့အမြန်ဝင်လာတော့၏။

အိမ်တံခါးပေါက်နားသို့ ရောက်တဲ့အခါမှာတော့ ဧည့်ခ
ထဲက မြင်ကွင်းတစ်ခုကို တွေ့လိုက်ရသဖြင့် သူ့ရဲ့ခြေလှမ်းများ တုံ့
ရပ်တန့်သွားတယ်။ ထို့နောက် သူ အိမ်ထဲသို့ဝင်မလာတော့ဘဲ တံခ
နားကပ်ပြီး အကာအကွယ် ယူထားလိုက်ကာ ဧည့်ခန်းထဲက Vie
ကို အသာလေး ကွယ်ကြည့်နေတော့၏။

မိုးဖွဲကတော့ နှုးညံ့ရဲ့လက်ကို ကိုင်ထားဆဲပါပဲ။ သို့သေ
နှုးညံ့က ရင်မခုန်၊ မတုန်လှုပ်၊ ဘာဆိုဘာမှ မဖြစ်သောကြောင့် မိုး
တစ်ယောက် အရမ်းအံ့အားသင့်နေတော့သည်။ စန်းပွင့်ပြောတော့ နှုး
က သူ့ကိုချစ်ကြိုက်နေတာတဲ့။ တကယ်ချစ်ရင် အထိအတွေ့ကြော
တုန်လှုပ်ရမှာပေါ့။ အခု နှုးညံ့က လက်အကိုင်ခံရတာတောင် တုန်လှု





သွားဘူးလေ။ ထို့ကြောင့် သူ ဒီကိစ္စမှာ စန်းပွင့် မာယာများနေတာလို
သဘောပေါက်လိုက်တော့၏။

"ဟဲ့ ... ငါ လက်ညောင်းနေပြီဟ၊ လက်စွပ်ကြည့်ချင်ရင် ချွတ်
ပေးမယ်၊ ငါ့လက်ကိုလွှတ်တော့"

သူမက အဲဒီလိုပြောလိုက်တော့ သူ သူမလက်ကိုပြန်လွှတ်
ပေးလိုက်တယ်။ ထို့နောက် သူမက လက်စွပ်ကို ချွတ်ပေးမလို့ လုပ်
လိုက်ပေမယ့် ညာဘက်လက်က ကျောက်ပတ်တီးစည်းထားတာမို့ ဒီလို
ပြောလိုက်၏။

"မိုးဖွဲ ... ရော့၊ ဒီလက်စွပ်ကို နင် ကိုယ်တိုင်ပဲ ချွတ်ကြည့်တော့"

"နေပါစေတော့ဟာ၊ မကြည့်တော့ပါဘူး။ ကဲ ... ကဲ ... ငါ
ဒိုးတော့မယ်"

"ဟဲ့ ... နင်ကလည်း နေပါဦးဟ၊ ငါ့ဆီရောက်လာတဲ့ အကြောင်း
ရင်းကို ပြောဦးလေ"

"ဘာအကြောင်းမှ ထွေထွေထူးထူး မရှိဘူး၊ လမ်းကြုံလို့ဝင်လာ
တာဟ၊ ကဲ ... ငါ ဒိုးပြီ၊ Bye Bye ! "

ဆိုပြီး မိုးဖွဲတစ်ယောက် ထိုင်ရာမှထကာ ထိုနေရာမှ ထွက်
သွားတော့၏။ တံခါးကို အကာအကွယ်ယူပြီး ပုန်းနေတဲ့ ပြတ်သားကို
သူ တွေ့မသွားပါဘူး။ ခြံဝင်းထဲကနေ သူထွက်သွားတော့မှ ပြတ်သား
တစ်ယောက် ဧည့်ခန်းထဲသို့ ကြမ်းတမ်းတဲ့ ခြေသံတွေနဲ့အတူ ဝင်လာ
ပါတော့သည်။ နှုးညံ့ကတော့ သူ့ကို ချိုမြမြအပြုံးလေးတွေနဲ့ ကြိုဆို
နေလေရဲ့။

"အို့ပါး ... ရောက်လာပြီလား"

သူမက သူ့ကို အို့ပါးလို့ခေါ်ပြီး ဖော်ဖော်ရွေရွေကြိုဆို
လိုက်ပေမယ့် သူက သူမကို ဘာမှပြန်မပြောဘဲ အချိန်အတော်ကြာတဲ့
အထိအောင် မျက်ထောင့်နီကြီးတွေနဲ့ စိုက်ကြည့်နေတော့၏။

"အို့ပါး ... ဘာဖြစ်နေတာလဲ၊ မျက်နှာကြီးကလည်း ကြောက်ဖို့
ကောင်းလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ နုးညံ့၊ မင်းက ငါ့ကို အိုပါးလို့ခေါ်ပြီး ငါ့အသည်းနှလုံး… အချဉ်ရည်နဲ့တို့စားဖို့ ကြံစည်နေတာလား။ ဒီမှာ ငါက (၁၉)ရာ… နှစ်က တင်အောင်လို အချဉ်ကောင်မဟုတ်ဘူးကွ။ ချစ်သူရှိ… မိန်းကလေးတစ်ယောက်ကို ငါ လုံးဝစိတ်မဝင်စားဘူး။ ငါ… (၂၁)ရာစုရဲ့အပြတ်သားဆုံးလူသား မင်းပြတ်သား။ ဒီတော့ စကား… ကို ခပ်ပြတ်ပြတ်ပဲပြောမယ်။ နုးညံ့ … ငါ မင်းကို အရမ်းရွံတာ… ကွာ"

သူမ သူ့ရဲ့စကားကို နားမလည်သဖြင့် မျက်မှောင်ကြု… ပြီး သူ့ကို သေသေချာချာ စိုက်ကြည့်လိုက်တယ်။

"အစ်ကို ဘာဖြစ်နေတာလဲ၊ ဘာတွေပြောနေတာလဲ၊ ကျွန်… ဘာတစ်ခုမှ နားမလည်ဘူး"

"အေး … နားမလည်ရင် နားလည်အောင် ပြောပြရမှာပေါ့၊ မင်း… ပန်းနဲ့တူတဲ့မိန်းမ၊ ယောကျ်ားဆိုတာ ပိတုန်းကောင်ဆိုရင် မင်း… ဝတ်ရည်အစုပ်ခံချင်နေတဲ့ ပန်းတစ်ပွင့်ပဲ၊ ဝတ်ရည်အစုပ်ခံချ… လွန်းလို့ လာနားသမျှ ပိတုန်းကောင်တိုင်းကို လက်ခံလိုက်တ… ပေါ့လေ … ဟုတ်လား"

သူ့ရဲ့စကားက အဆိပ်လူးထားတဲ့ မြားတစ်စင်းလိုပါပဲ… သူမရဲ့ရင်ဝတည့်တည့်ကို စူးစိုက်သွားသောကြောင့် သူမ ဆတ်ဆတ်… အောင် နာကျင်သွားတယ်။

"အစ်ကို … ရှင် ကျွန်မကို ဘယ်လိုပြောလိုက်တာလဲ၊ ရှင့်ရဲ့စကား… ကြောင့် ကျွန်မရဲ့ Level က Minus Hundred ထိအော… နိမ့်ကျသွားပြီ၊ ကျွန်မမှာ ဘာအဆင့်အတန်း ဘာဂုဏ်သိက္ခာ… မရှိတော့ဘူးရှင့်၊ ဒါနဲ့ နေစမ်းပါဦး၊ ရှင်က ကျွန်မကို ယောကျ်ား… တွေအများကြီးနဲ့ ပတ်သက်နေတဲ့သူလို့ စွပ်စွဲနေတာလား"

"စွပ်စွဲတာ မဟုတ်ဘူး၊ ဝန်ခံဖို့ အမိန့်ပေးနေတာကွ"

"နေစမ်းပါဦး၊ ကျွန်မက ဘာတွေလုပ်ထားလို့ ဘာတွေ… ဝန်ခံရမှာလဲ"





"နုးညံ့ … မင်း ဟန်ဆောင်မနေစမ်းပါနဲ့ကွာ၊ စန်းပွင့်ပြောပြလို့ ငါ အားလုံးသိပြီးပြီကွ၊ ပြီးတော့ ငါ့မျက်စိနဲ့လည်း တပ်အပ် မြင်ခဲ့ပြီးပြီ၊ ချစ်သူရှိရဲ့နဲ့ ဘာကြောင့် ငါ့ကို ထပ်ချစ်ချင်ရတာလဲ။ ဘာလဲ … မင်းမှာ အချစ်တွေ အရမ်းပေါများနေလို့လား"

"အစ်ကို ကျွန်မကို အရမ်းမစွပ်စွဲပါနဲ့၊ ကျွန်မမှာ ချစ်သူဆိုလို့ အစ်ကိုတစ်ယောက်ပဲ ရှိပါတယ်"

"တော်ပြီ နုးညံ့၊ မင်း ငါ့ကို ဘာမှဆက်မပြောနဲ့တော့၊ လောက ကြီးမှာ ငါ အရွံရှာ၊ အမုန်းတီးဆုံးမိန်းမက မင်းလို မျက်နှာများတဲ့ မိန်းမပဲ၊ တော်ပြီကွာ၊ ငါ မင်းနဲ့ စကားမပြောချင်တော့ဘူး"

ထိုသို့ပြောပြီး သူ အပြန်ခြေလှမ်းများကို လှုပ်ရှားလိုက်၏။ …ကြောင့် နုးညံ့က ထိုင်ရာမှ ထလာပြီး သူ့ကို အမြန်ဆွဲထားလိုက် …သ်။

"အစ်ကို … ခဏနေပါဦး"

သူမက သူ့လက်မောင်းကိုဆွဲပြီး တားဆီးထားလိုက်တော့ …စိတ်တိုသွားပြီး …

"ယောကျ်ားတကာကို ကိုင်တဲ့လက်ကြီးနဲ့ နင် ငါ့လက်မောင်းကို လာမကိုင်နဲ့"

ဟု ဆိုကာ သူ သူမကို အသားကုန် တွန်းထုတ်ပစ်လိုက် …ယ်။

"အား"

သူမ ဆက်တီခုံပေါ် လဲကျသွားပြီး လက်နာသွားသဖြင့် …သံပါအောင် အော်ဟစ်ပစ်လိုက်တယ်။ သို့ပေမဲ့ သူက နောက်သို့ …ချက်လေးတောင် လှည့်မကြည့်တော့ဘဲ ထိုနေရာမှ အမြန်ဆုံးထွက် …ပါတော့သည်။

သူမကတော့ သူ့ရဲ့လုပ်ရပ်၊ သူ့ရဲ့စကားလုံးများကြောင့် …မ်းဝမ်းနည်းနေတော့၏။ ချစ်သူအသစ်စက်စက်က ပထမဆုံး ချိန်း …တဲ့နေ့မှာပဲ ပစ်ပစ်ခါခါ ပြောသွား၊ လုပ်သွားခဲ့တာဆိုတော့ သူမ …မ်းခံစားရတာပေါ့။ မျက်ရည်တွေကလည်း ပါးပြင်ပေါ်သို့ တလိမ့်



www.burmeseclassic.com

www.burmeseclassic.com



လိမ့် စီးကျနေလေရဲ့။ သူ ဘာကြောင့် သူမကို မျက်နှာများတဲ့သူ
စွပ်စွဲပြောဆိုသွားတာလဲ။ သူမ စဉ်းစားကြည့်တယ်။ "စန်းပွင့် ပြောပြ
ငါ အားလုံးသိပြီးပြီကွ" အဲဒီစကားကိုလည်း သူမ ပြန်လည်ကြားယော
နေတယ်လေ။

"စန်းပွင့် ... နင် ငါချစ်သူကို ဘာတွေပြောခဲ့တာလဲ၊ ငါ နင်
စာရင်းရှင်းရမယ်၊ အေး ... နင် မဟုတ်တာတွေ ပြောခဲ့တ
ဆိုရင်တော့"

သူမ ဆက်မကြိမ်းဝါးတော့ဘဲ အံကိုကြိတ်ထားလိုက်
ထို့နောက် သူမမျက်ရည်တွေကို သုတ်လိုက်ပြီး ထိုင်ရာမှထကာ ထိုနေ
မှ ထွက်သွားပါတော့သည်။

✧ ❤ ✧





"ရှင်စန်းပွင့် ...
နင် ...
ပန်းပွင့်လေးလို ...
လှလှလေးနေချင်ရင် ...
ငါနဲ့ အိုပါး ကြားမှာ ...
ဝင်မရှုပ်နဲ့ ...
အေး ...
ဒီလိုမှ မဟုတ်ရင်တော့ ...
ရှင်စန်းပွင့်ဆိုတဲ့ နင့်ကို ...
သေပန်းပွင့်သွားအောင် ...
လုပ်ပစ်လိုက်မယ် ..."

www.burmeseclassic.com

www.burmeseclassic.com



... သူ့နှာ ခေါင်းကျော်နေပြီ ဖြစ်ပေမယ့် ... သူ ခုတင်ပေါ်မှာ ငုတ်တုတ်
ထိုင်နေတုန်းပါပဲ။ အိပ်ရာခင်းက တွန့်ကြေ၊ စောင်၊ ခေါင်းအုံး၊ ဖက်
တွေက ခုတင်အောက်မှာ ပြန့်ကြဲ။ စားပွဲပေါ်မှာရှိတဲ့ စာအုပ်၊ စာ
စာတမ်းတွေကလည်း ဟိုဟိုဒီဒီရောက်ပြီး ရှုပ်ပွနေလေရဲ့။ အရင်နေ
တုန်းက သပ်ရပ်သန့်ရှင်းပါတယ်ဆိုတဲ့ ထိုအခန်းလေး အခုတော့ မြင်
စရာမရှိလောက်အောင် ပြောင်းဆန်နေတော့၏။

ဟုတ်ပါတယ်။ အဲဒါ သူ့ရဲ့ပေါက်ကွဲမှု တစ်ခုပါပဲ။
ကျူရှင်ဆရာတစ်ယောက်နေတဲ့ အခန်းမှ ဟုတ်ပါလေစ။ တကယ်
တစ်ခန်းလုံး ပြောင်းဆန်နေသည်မှာ အော်ဂီလီဆန်ဖို့ပင် ကောင်း
တော့သည်။ သူ သောင်းကျန်းပစ်လိုက်တယ်လေ။ "မုန်းတယ် ... မုန်းတ
ထိုသို့အော်ဟစ်ပြီး သူ အခန်းထဲမှာ တစ်ယောက်တည်း ဝုန်းခတ်
လိုက်တာပေါ့။ မှောင်စပျိုးချိန်လောက်ကတည်းက ဝုန်းခတ်ပစ်ခဲ့
ဆိုတော့ သူ အခုအရမ်းမောဟိုက်သွားပြီလေ။ ထို့ကြောင့် သူ အ
ခုတင်ပေါ်မှာ ငုတ်တုတ်ထိုင်နေခြင်းပင် ဖြစ်တော့၏။

"မုန်းတယ် ... မုန်းတယ် ... နုံးညို ... ငါ နင့်ကို အရမ်း
တယ်"





ဝုန်းခတ်ဖို့ အားအင်မရှိတော့ပေမယ့် ထိုစကားလုံးတွေကို
တော့ သူ အခုထိအောင် ရေရွတ်နေတုန်းပါပဲ။ သို့ပေမဲ့ အစောပိုင်း
တုန်းကလို အော်ဟစ်ပြောဆိုတာမျိုး မဟုတ်ဘဲ လေသံလေးနဲ့ တိုးတိုး
လေး ရေရွတ်နေခြင်းပင်ဖြစ်၏။ ဟုတ်ပါတယ်။ သူ အားအင်တွေ Down
သွားပြီဖြစ်ပေမယ့်လည်း နုံးညိုကိုမုန်းတဲ့ အမုန်းစိတ်တွေကတော့ သူ့ရဲ့
ငယ်ထိပ်မှာ ပလူပျံနေဆဲပါပဲ။ သူ မြင်ယောင်နေတာက နုံးညိုရဲ့လက်ကို
မိုးဖွဲ့က ကိုင်နေတဲ့မြင်ကွင်း။ ထိုမြင်ကွင်းကို သူ ဘယ်လိုပဲ မေ့ပျောက်
ပစ်ဖို့ ကြိုးစား ကြိုးစားမရပါဘူး။ မြင်ယောင်နေမြဲ မြင်ယောင်နေ
တော့၏။

"နုံးညို ... မင်း အရမ်းဆိုးတယ်ကွာ၊ ချစ်သူရှိရဲ့သားနဲ့ ဘာ
ကြောင့် ငါ့ရင်ခွင်ထဲကို တိုးဝင်ခဲ့တာလဲ၊ မုန်းတယ်ကွာ၊ အရမ်း
မုန်းတယ်"

သူ ထိုသို့ရေရွတ်ပြီး နံရံမှာကပ်ထားတဲ့ စာရွက်လေးကို
သေသေချာချာ စိုက်ကြည့်နေကော့၏။ "မိန်းမ=ဒုက္ခ"လို့ရေးထားတဲ့
စာရွက်လေးကိုပေါ့။ သူ အခု မိန်းမတစ်ယောက်ကြောင့် စိတ်ဒုက္ခ
ရောက်နေပြီလေ။ ဟိုတစ်နေ့တုန်းကတော့ သူက နုံးညိုကို ချိုမြိန်ဒုက္ခလို့
ပြောခဲ့တယ်။ အဲဒီ ချိုမြိန်ခြင်းတွေက ခဏလေးအတွင်းမှာပဲ အလွန်
ခါးသီးတဲ့အရသာအဖြစ် ပြောင်းလဲသွားတယ်လေ။ မယုံကြည်နိုင်
စရာပါပဲ။

"မိန်းမဆိုတာလည်း ဒုက္ခ၊ အချစ်ဆိုတာလည်း ဒုက္ခ၊ နုံးညိုက
လည်း ငါ့အတွက်ဒုက္ခပဲ၊ တော်ပြီကွာ၊ နောက်ဆိုရင် ဘယ်မိန်းမ
နဲ့မှ မပတ်သက်တော့ဘူး"

အနည်းငယ်ကျန်ရှိတဲ့ အားလေးနဲ့ သူ ထိုသို့ရေရွတ်ပြော
ဆိုပြီးနောက် ကြေမွနေတဲ့ အိပ်ရာခင်းပေါ်တွင် ပက်လက်လန်၍
ကိုးရိုးကားရား အိပ်ပစ်လိုက်ပါတော့သည်။ သြော် ... ရင်ကွဲပက်လက်
ဖြစ်တယ်ဆိုတာ ဒါမျိုးပါပဲလား။ ထို့နောက်တွင်တော့ သူ အမုန်းများ
နဲ့အတူ အိပ်ပျော်သွားပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နူးညံ့ကတော့ အတွေးလွန်နေသဖြင့် အခုချိန်ထိအောင် အိပ်လို့မရသေးပါဘူး။ ပြတ်သားက သူမကို ဘာကြောင့် ပိုးစိုးပက်စက် ပြောသွားတာလဲ။ ဟုတ်တယ်ဆိုရင် သူမ ခံနိုင်ရည်ရှိပါတယ်။ သူပြော သမျှ ခေါင်းငုံ့ခံပစ်လိုက်မှာပါ။ အခုတော့ သူပြောသွားတာက တစ်ခု မဟုတ်ဘူးလေ။ မဟုတ်ဘဲနဲ့တော့ လာမစွပ်စွဲနဲ့။ သူမ လုံးဝခံနိုင်မှာ မဟုတ်ဘူး။ အခု သူမ အရမ်းသိချင်နေတာ စန်းပွင့်က ပြတ်သားကို ဘာတွေပြောလိုက်သလဲ ဆိုတာကိုပေါ့။ စန်းပွင့်က ပြတ်သားကို အသေ နိုက်နေတယ်ဆိုတာကို သူမ သိတယ်လေ။ "ပြတ်သား သူမကို ပိုးနိုး ပက်စက် ပြောသွားတာ၊ ပြင်းပြင်းထန်ထန် စွပ်စွဲသွားတာ စန်းပွင့်ရဲ့ ပယောဂကြောင့်များလား"။ သူမ ထိုသို့တွေးမိပြီး စန်းပွင့်ကို ကြိမ်းထား လိုက်တယ်။

"ရှင်စန်းပွင့် ... နင် ပန်းပွင့်လေးလို လှလှလေးနေချင်ရင် ငါ့နဲ့ အိုးပါးကြားကို ဝင်မရှုပ်နဲ့၊ အား ... ဒီလိုမှမဟုတ်ရင်တော့ ရှင်စန်းပွင့် ဆိုတဲ့ နင့်ကို သေပန်းပွင့်သွားအောင် လုပ်ပစ်လိုက်မယ်"

သူမ စန်းပွင့်ရဲ့မျက်နှာကို မြင်ယောင်ပြီး ထိုသို့ကြိမ်းဝါး ပြောဆိုလိုက်၏။ ထို့နောက်တွင်တော့ သူမ အိပ်မရတဲ့ မျက်လုံးတွေကို မှတ်သပ်လိုက်ပြီး အသာလေးမှိန်းနေပါတော့သည်။

အစတုန်းကတော့ သူမက ပြတ်သားနဲ့ပတ်သက်ပြီး စန်းပွင့် ကို ဦးစားပေးမယ်လေ၊ ဘာလေးနဲ့ အခုတော့ သူမ စန်းပွင့်ကို ရန်သူ တစ်ယောက်လို မြင်နေပါပြီ။ ယောကျ်ားတစ်ယောက်ကြောင့် အချစ်ဆုံး သူငယ်ချင်းနှစ်ယောက်က အမုန်းဆုံးရန်သူတွေ ဖြစ်သွားတော့မှာလား အော် ... သူတို့တွေအတွက်တော့ အချစ်ဆိုတာ အလွန်ပူလောင်လွန်းတဲ့ မီးကြီးလျှစ်စစ်လိုပါပဲလား။

✧ ❤ ✧





"တော်စမ်းပါကွာ ...
အဲဒီ ငပွေးမအကြောင်းကို ...
စကားထဲ ထည့်မပြောစမ်းပါနဲ့ ...
အဲဒီ ငပွေးမက ...
ငါ့ရဲ့ချစ်သူ မဟုတ်ဘူး ...
ငါ့ကိုနှစ်သူကွ ...
သူ့ကြောင့် ...
ငါ ဒုက္ခနဲ့မှာ နစ်မွန်းနေပြီ ...
ရှည်းစားရှိရဲ့နဲ့ ...
ငါ့ဆီကို လာရတယ်လို့ကွာ ...
အရှက်မရှိ ရှုပ်းထိုးနေတဲ့ကောင်မ ...
တောက် ... ..."

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉)

## ... နောက်တစ်နေ့နံနက်

" နူးညံ့ တစ်ယောက် ခြံဝင်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေလေရဲ့။ သူမပုံစံကို ကြည့်ရတာ လူတစ်ယောက်အလာကို စောင့်မျှော်နေတဲ့ပုံပါပဲ။ ဟုတ်ပါတယ်။ သူမ စန်းပွင့်ကို စောင့်မျှော်နေတာပါ။ စန်းပွင့်က သူမတို့အိမ်မှာ မနက်တိုင်းလိုလို Breakfast ဝင်စားနေကြလေ။ သို့ပေမဲ့လည်း စန်းပွင့်တစ်ယောက် သူမအိမ်သို့ ရောက်မလာတာ (၃)ရက်တိတိရှိ သွားပါပြီ။ အဲဒါ ထူးခြားချက်ပေါ့။

စန်းပွင့်က ဘာကြောင့် သူမဆီကို မလာတာလဲ။ Breakfast လည်း ဝင်မစားဘူး၊ ဆိုင်ကပြန်လာတော့လည်း ဝင်မလာဘူး၊ ယုတ်စွအဆုံး သူမရဲ့လက်အခြေအနေ သက်သာရဲ့လားလို့တောင် လာမေးဖော်မရဘူး။ ဒါကြောင့် သူမ စန်းပွင့်ကို သံသယဖြစ်နေတာပေါ့။

ဘာပဲဖြစ်ဖြစ် ဒီနေ့မနက် စန်းပွင့်က သူမအိမ်ကို ဝင်မလာရင်တော့ သူမက လှမ်းခေါ်မယ်လို့ ဆုံးဖြတ်လိုက်၏။ စန်းပွင့်က သူမတို့အိမ်ရှေ့က ဖြတ်သွားမှာလေ။ ဒါကြောင့်မို့ သူမ စန်းပွင့်ရဲ့အလာကို စောင့်မျှော်နေခြင်းပင် ဖြစ်တော့၏။ ဟုတ်ပါတယ်။ သူမ





ကယ်ပဲ စန်းပွင့်နဲ့ ထိပ်တိုက် ရင်ဆိုင်ဖြေရှင်းဖို့ ဆုံးဖြတ်လိုက်ပါပြီ။ ရှိလေးနှစ်ယောက် တကယ်ပဲပွဲကြမ်း တော့မှာလား။

နံနက်(၇)နာရီထိုးလောက်မှာတော့ စန်းပွင့်ရဲ့ MARK II ားလေး ထိုလမ်းလေးအတိုင်း တဖြည်းဖြည်း ရွေ့လာပါတော့သည်။ ို့ကြောင့် နူးညံ့တစ်ယောက် ခြံအပြင်သို့ အမြန်ထွက်လာတော့၏။ ပြီးတော့ သူမ စန်းပွင့်ရဲ့ကားကို လက်ပြတားလိုက်တယ်။ ထို့ကြောင့် န်းပွင့်ရဲ့ကားလေး ထိုနေရာ၌ ရပ်တန့်သွားတော့သည်။

"စန်းပွင့် ... နင် အခုရက်ပိုင်း ငါ့ကို စိမ်းကားနေပါလား။ ပြောစမ်းပါဦး။ နင် ငါ့ဆီကို ဘာလို့မလာတာလဲ"

"ငါ့ကိစ္စနဲ့ငါ ရှုပ်နေလို့ပါ။ ဒီနေ့လည်း Breakfast ဝင်မစားတော့ဘူးနော်၊ ငါ သွားတော့မယ်"

"ဒီမှာ စန်းပွင့်၊ ငါက နင့်ကို Breakfast စားဖို့အတွက် စောင့်နေတာ မဟုတ်ဘူး၊ စာရင်းရှင်းစရာရှိလို့ စောင့်နေတာ"

သူမက အဲဒီလို ပြောလိုက်တော့ စန်းပွင့် မျက်နှာပျက်သွားတယ်။

"နူးညံ့ ... ငါ အခု အရေးတကြီး သွားစရာ ကိစ္စလေးတစ်ခုရှိလို့ပါ။ နင် ပြောစရာရှိတာကို နောက်မှပြောတော့၊ ငါ သွားပြီ၊ Bye Bye ! "

ဆိုပြီး စန်းပွင့် တစ်ယောက် လောနေတဲ့ပုံစံ လုပ်ပြလိုက်တာ နူးညံ့ကို နှုတ်ဆက်စကားပြောဆိုပြီး ကားကို တစ်ဟုန်ထိုး ပြေးနိုင်းလိုက်ပါတော့သည်။ ထို့ကြောင့် နူးညံ့တစ်ယောက် တောက်တစ်ချက်ခေါက်ပြီး ကျန်ရစ်ခဲ့တော့၏။ စန်းပွင့်က နူးညံ့ ပေါက်ကွဲတော့မယ်ဆိုတာကို ကြိုသိနေတဲ့ပုံပါပဲ။ ထို့ကြောင့် နူးညံ့ ပေါက်ကွဲဖို့အတွက် အချက်ပြမီးလင်းနေတဲ့အချိန်မှာပဲ သူမ အခုလို အမြန်ရှောင်ထွက်သွားခြင်းပင် ဖြစ်တော့၏။

ဒီနေ့မနက်မှာတော့ သူမ မိုးဖွဲ့ဆီကို မသွားတော့ပါဘူး။ မိုးဖွဲ့က မနက်ပိုင်း မလာရဘူးလို့ ပြောထားတယ်လေ။ အချိန်က နည်းနည်းစောပါသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ပြတ်သားဆီ သွားရင် ကောင်းမလား"

သူမ ခေတ္တမျှ စဉ်းစားလိုက်၏။ မနေ့တုန်းက ပြတ်သား နုးညံ့နဲ့ မိုးဖွဲ့တို့ ဘာတွေဖြစ်ခဲ့ကြသလဲ ဆိုတာကို သူမ သိချင်တယ်လေ အခုချက်ချင်းကို သိချင်နေတာ။ မိုးဖွဲ့ကလည်း မနက်ပိုင်းလာရင် အာပုပ်နံ့နဲ့ တဟားဟားလုပ်မှာလို့ ပြောထားသဖြင့် သူမ မိုးဖွဲ့ဆီသို့ မသွားတော့ဘဲ ပြတ်သားဆီ သွားဖို့ဆုံးဖြတ်လိုက်၏။ ထို့နောက် တွင်တော့ သူမရဲ့ကားလေး ဇေယျာသီရိလမ်းဘက်သို့ တစ်ဟုန်ထိုး ပြေးသွားပါတော့သည်။

ပြတ်သားရဲ့နေရပ်လိပ်စာကို သူမ ဒေါ်ဥမ္မာကို မေးမြန်း ထားခြင်းပင်ဖြစ်၏။ ခေတ္တမျှကြာတော့ သူမ ဇေယျာသီရိလမ်းထဲသို့ ရောက်လာပါတော့သည်။ ဒီလမ်းထဲမှာ ကျူရှင်ဆရာဆိုလို့ ပြတ်သား တစ်ယောက်တည်းသာ ရှိတာမို့ စုံစမ်းရလွယ်ပါတယ်။ သူမ ကားကို တိုက်(၃၀၃)ရှေ့၌ ထိုးရပ်လိုက်၏။ ထို့နောက်တွင်တော့ သူမ ဒုတိယ အလွှာသို့ရောက်အောင် လှေကား ထစ်များအတိုင်း တက်လာပါတော့ သည်။ ဟုတ်ပါတယ်။ ပြတ်သားက ဤတိုက်(၃၀၃)ရဲ့ ဒုတိယမြောက် အလွှာမှာ နေတာပါ။

"ဒေါက် ... ဒေါက် ... ဒေါက်"

ဒုတိယမြောက်အလွှာရဲ့ အခန်းတစ်ခန်းရှေ့ ရောက်တော့ သူမ တံခါးကိုခေါက်လိုက်၏။ သို့ပေမဲ့ အခန်းထဲက ဘာအသံမှ ပြန် ပေးတာကြောင့် သူမ အခန်းတံခါးကို ခပ်ပြင်းပြင်း ထပ်ခေါက်လိုက် ပါတယ်။

"ဒေါက် ... ဒေါက် ... ဒေါက်"

"ဒေါက် ... ဒေါက် ... ဒေါက်"

ဒီလို တရစပ်ခေါက်လိုက်တော့မှပဲ အခန်းထဲကနေ ဝူးဝူး ဝါးဝါးအသံတွေ ပျံ့လွင့်လာတော့၏။ ခေတ္တမျှကြာတော့ အခန်းတံခါး ပွင့်လာသည်။

"ကိုပြတ်သား ... အိပ်လှချည်လား၊ ကြည့်ရတာတော့ ဒီနေ့ အလုပ် မရှိဘူး ထင်တယ်"



"အလုပ်မရှိလို့ မဟုတ်ဘူးဟ၊ ဘာမှကို လုပ်ချင်ကိုင်ချင်စိတ် မရှိလို့ ဒီအတိုင်းအိပ်နေတာ၊ ဒါနဲ့ နေစမ်းပါဦး။ မင်းက ငါ့ဆီ ကို ဘာလာလုပ်တာလဲ"

အစတုန်းကတော့ သူက စန်းပွင့်နဲ့ စကားပြောရင် ကိုယ်နဲ့ မင်းလို့ သုံးနှုန်းပြောဆိုပေမယ့် အခုတော့ အသုံးအနှုန်းတွေ ပြောင်းလဲ သွားသလို လေသံကလည်း မာကျောခက်ထန်နေ၏။ သူ စိတ်မကြည် ဘူးလေ။

"ကိုပြတ်သားကလည်း ကိုယ့်ဆီလာတဲ့ ဧည့်သည်ကို ဧည့်ခံကျွေး မွေးဖို့ မခေါ်တော့ဘူးလား"

"မခေါ်နိုင်ဘူးကွာ၊ ငါ့အခန်းထဲကို ဘယ်မိန်းမမှ အဝင်မခံနိုင်ဘူး၊ မိန်းမတွေက ငါ့ရဲ့ရန်သူ ဖြစ်သွားပြီ၊ ရှင်းရှင်းပဲ ပြောမယ်ကွာ၊ ငါ မင်းနဲ့လည်း စကားမပြောချင်ဘူး၊ မင်း ပြန်တော့"

ထိုသို့ပြောပြီး ပြတ်သားတစ်ယောက် အခန်းတံခါးကို ပြန် ပိတ်ဖို့ ဟန်ပြင်လိုက်၏။ ထို့ကြောင့် စန်းပွင့်က အခန်းတံခါးကို အမြန် ဆွဲထားလိုက်တယ်။

"နေပါဦး ကိုပြတ်သားရယ်။ ကျွန်မကို ဘာလို့မောင်းထုတ်ရ တာလဲ"

"အေး ... ငါ ဘာကြောင့် မင်းကို မောင်းထုတ်တာလဲဆိုတော့ မင်းက မိန်းမတစ်ယောက် ဖြစ်နေလို့ပဲ၊ ငါ ဘယ်မိန်းမနဲ့မှ မပတ် သက်ချင်တော့ဘူးကွာ။ စန်းပွင့် ... မင်းသွားတော့၊ ငါ မိန်းမ တွေကို အရမ်းမုန်းတယ်၊ ဒါကြောင့် မင်းနဲ့လည်း စကားမပြော ချင်တော့ဘူး၊ အပြတ်သားဆုံး ပြောရရင် ဘယ်မိန်းမနဲ့မှ စကားမ ပြောချင်ဘူးကွာ"

"ဒါဆိုရင် ရှင်က ရှင့်ချစ်သူ နုးညံ့နဲ့လည်း စကားမပြောတော့ ဘူးပေါ့ ... ဟုတ်လား"

"တော်စမ်းပါကွာ၊ အဲဒီ ငပွေးမအကြောင်းကို စကားထဲထည့် မပြောစမ်းပါနဲ့၊ အဲဒီ ငပွေးမက ငါ့ရဲ့ချစ်သူမဟုတ်ဘူး၊ ငါ့ကို နစ်သူကွ၊ သူ့ကြောင့် ငါ ဒုက္ခနွံမှာနစ်မွန်းနေပြီ၊ ရည်းစားရှိရဲ့နဲ့

www.burmeseclassic.com

www.burmeseclassic.com



ငါ့ဆီကို လာရတယ်လို့ကွာ၊ အရှက်မရှိ၊ ရှပိုးထိုးနေတဲ့ကောင်မ_တောက်"

ဆိုပြီး သူ ဒေါသထွက်ထွက်နဲ့ တောက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်လိုက်၏။ စန်းပွင့်ကတော့ သူ့ရဲ့စကားကြောင့် ကျိတ်ပြီး ပျော်ရွှင်နေတော့သည်။

"ကိုပြတ်သား ... ရှင်ပြောတဲ့အတိုင်းဆိုရင် ရှင်နဲ့နုးညွှံက"

"အေး ... ဟုတ်တယ်၊ ပြတ်သွားပြီ၊ ငါ သူ့ကိုအရမ်းမုန်းတယ် အရမ်းရွံတယ်၊ တောက် ... အော်ဂလီဆန်ဖို့ ကောင်းလိုက်တာကွာ"

ဟုတ်ပါတယ်။ သူ နုးညွှံကို တော်တော်လေးကိုရွံသွားတာပါ။ ပြီးတော့ သူ့ကိုယ်သူလည်း အပြစ်တင်လိုက်၏။

"ဒီကိစ္စက ငါ့အမှား၊ ရင်ခုန်မိတာ ငါ့အမှား၊ မိန်းမဆိုတာ ... မုန်းသိပါလျက်နဲ့ ချစ်မိသွားတာ ငါ့အမှားပဲ။ တော်ပြီကွာ နောက်ဆိုရင် ဘယ်မိန်းမနဲ့မှ မပတ်သက်တော့ဘူး စန်းပွင့်၊ မင်းသွားတော့"

ထိုသို့ပြောပြီး သူ အခန်းတံခါးကို အတင်းဆွဲပိတ်ပစ်လိုက်ပါတော့သည်။ ဒီတစ်ခါတော့ သူမ တားချိန်မရလိုက်ပေ။ ဘာပဲဖြစ်ဖြစ် သူမ သိချင်တာတွေ သိလိုက်ရပြီမို့ ကျေနပ်သွားလေသည်။ နုးညွှံဆိုတဲ့ ဆူးတစ်ချောင်းကို သူမ ရှိုးမွဲနိုင်ခဲ့ပြီ ဖြစ်ပေမယ့် မိန်းမတွေကို ခါးခါးသီးသီး မုန်းတီးသွားတဲ့ ပြတ်သားကို သူမ ဆွဲဆောင်နိုင်ဖို့ အတော်ကြိုးစားရပါဦးမယ်။ အခု ပြတ်သားက အသည်းကွဲပြီး ဆေါက်ကွဲနေတာလေ။ အခုချိန် နှစ်သိမ့်မှုတွေ သွားပေးလို့ကတော့ ဘာမှအရာဝင်မှာ မဟုတ်ဘူးဆိုတာကို သူမ သိတယ်။ ထို့ကြောင့် ပြတ်သားသွေးအေးသွားပြီ ဆိုတော့မှ သူမ ရှေ့ဆက်တိုးဖို့ ဆုံးဖြတ်လိုက်၏။ ထို့နောက်တွင်တော့ သူမ ထို နေရာမှ လှည့်ထွက်သွားပါတော့သည်။

ဒီနေ့တော့ သူမ အူမြူးပြီး ပြုံးတပျော်ပျော် ဖြစ်နေမှာ အမှန်ပဲဖြစ်၏။ ပြတ်သားက နုးညွှံကို မုန်းသွားပြီလေ။ ဒီလိုဖြစ်သွားအောင် သူမ တကယ်လုပ်နိုင်ခဲ့ပါပြီ။ သူမကတော့ သူမရဲ့လုပ်ရပ်တွေကို





တရားတယ်၊ မှန်ကန်တယ်လို့ပဲ ယူဆထားတယ်။ ချစ်မိရင် ကြားကားဝင်ဆွဲဖို့ ဝန်မလေးကြဘူးဆိုတာ ဒါကို ပြောတာပေါ့။

"Love is blind."

အချစ်ဆိုတာ မျက်ကန်းပင်ဖြစ်၏။ ချစ်မိရင် ဘာမှမမြင်၊ ဘာမှမသိတော့ဘူး။ ကြားဝင်ဖျက်ဖို့ ဝန်မလေးသလို၊ ကြားကားဆွဲဖို့လည်း မရှက်ကြတော့ဘူး။ "လုပ်ချင်ရာလုပ်၊ လုပ်သမျှ မှန်တယ်။ အဲဒါ အချစ်"။

"စစ်ပွဲတစ်ပွဲမှာ ပရိယာယ်ကြွယ်ဝတဲ့ဘက်က အနိုင်ရစမြဲဆိုလျှင် အချစ်တိုက်ပွဲတစ်ခုမှာတော့ မာယာများတဲ့သူကသာ အနိုင်ရသွားပေလိမ့်မည်"။ အဲဒါက စန်းပွင့်ရဲ့ခံယူချက်ပေါ့။ ဒါကြောင့်မို့ သူမ မာယာများပြီး ပြတ်သား၊ နုးညွှံနဲ့ မိုးဖွဲ့တို့ကို လှည့်စားနေတာလား။ ဟုတ်ပါတယ်။ အမှန်ပါပဲ။ သူမ အခုလုပ်နေတာ တစ်ချက်ခုတ် (၃)ချက်ပြတ်။

ခုတ်တာတော့ ခုတ်ချလိုက်ပြီ။ တကယ်ပဲ တစ်ချက်ခုတ်နဲ့ (၃)ချက်ပြတ်ထွက်သွားမှာလား ဆိုတာကတော့ ...။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



"အေး...
ငါကလည်း...
မာယာများတဲ့ မိန်းမတွေကို
Power သုံးပြီး
Color ဆိုးပေးနေကျကွ...
ငါ... Power သုံးပြီဆိုရင်...
ဘယ်ဂါထာနဲ့မှ...
တားလို့ရမှာ မဟုတ်ဘူး...
Color တွေနဲ့ ချာချာမလည်ချင်ရင်...
မာယာတွေကို လျှော့ချပြီး...
အချိန်မီ ပြောင့်ချက်ပေး လို့ရတယ်...
ပြောစမ်း...
မင်းရဲ့ အကြံအစည်က...
ဘာလဲ......"



... ဆိုင်အိပ်သွားရင် ကောင်းမလား ... ဒါမှမဟုတ် ဆိုင်ကပြန်လာတဲ့အချိန်ထိ အိမ်မှာပဲထိုင်စောင့်နေရင် ကောင်းမလား။ သူမ တိုင်ကပ်နာရီကို လှမ်းကြည့်လိုက်၏။

"ဟွန်း ... အခုမှ (၁)နာရီပဲ ထိုးသေးတယ်"

နာရီကိုကြည့်ပြီး သူမ ထိုသို့စိတ်ပျက်စွာ ရေရွတ်လိုက်၏။ ပြန်ပါတယ်ဆိုတဲ့ အချိန်တွေက သူမအတွက်တော့ အလွန်နှေးကွေးနေလေရဲ့။

စန်းပွင့်က ညနေ(၆)နာရီထိုးမှ ဆိုင်ကပြန်လာမှာ။ အခုမှ (၁)နာရီပဲ ထိုးသေးတယ်လေ။ ထို့ကြောင့် နူးညံ့တစ်ယောက် နာရီကို ကြည့်ပြီး ဒေါသထွက်နေတော့၏။

"ဒီနေ့ကျမှပဲ အချိန်တွေ နှေးကွေးနေရသလား ... တောက်"

သူမ ဒေါသထွက်ထွက်နဲ့ တောက်တစ်ချက် ခေါက်လိုက်၏။ ဟုတ်ပါတယ်။ စောင့်ဆိုင်းသူတွေအတွက် အချိန်က နှေးကွေးမြဲပဲ။ စန်းပွင့်က ညနေ(၆)နာရီမှ ပြန်လာမှာဆိုတော့ နောက်ထပ် (၅)နာရီလောက် စောင့်ရဦးမှာလေ။ သူမ စိတ်မရှည်တော့ပါဘူး။ အခုချက်ချင်း စန်းပွင့်ဆီကိုသွားပြီး ပေါက်ကွဲပစ်ချင် နေပြီလေ။ ဟုတ်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ပြတ်သား သူမကို ပိုးစိုးပက်စက်စွပ်စွဲ ပြောဆိုသွားတာ စန်းပွင့်
ပယောဂကြောင့်လို့ သူမ (100%)ထင်မြင်ယူဆလိုက်ပြီဖြစ်၏။

သူမ စန်းပွင့်ပြန်လာတဲ့အထိ ထိုင်မစောင့်နိုင်တော့ပါဘူး
အပြတ်ရှင်းချင်နေပြီလေ။ ထို့ကြောင့် သူမ ဆိုင်ကိုလိုက်သွားဖို့ ဆုံးဖြတ်
လိုက်ပါတော့သည်။ ထိုအချိန်မှာပဲ မိုးဖွဲ တစ်ယောက် သူမရဲ့အိမ်
ခြံဝင်းအရှေ့သို့ ရောက်ရှိလာတော့၏။ သူမ ခြံအပြင်သို့ ရောက်ရော
ချင်း မိုးဖွဲကို တွေ့လိုက်ရသဖြင့် ပျော်ရွှင်သွားလေသည်။

"မိုးဖွဲ ... နင် ငါ့ကို ဆိုင်လိုက်ပို့ပါလား"

"နေစမ်းပါဦး၊ နင်က ဘယ်ဆိုင်ကို သွားမလို့လဲ"

"ငါတို့မုန့်ဆိုင်ကိုပေါ့ဟ၊ နင် အားတယ်မလား၊ အားတယ်ဆို
လိုက်ပို့စမ်းပါဟာ"

"ကောင်းပြီလေ၊ ဒါဆိုရင်လည်း ကားပေါ်တက်"

သူမ ကားပေါ်ရောက်တော့ သူ စက်ပြန်နှိုးလိုက်တယ်
ထို့နောက်တွင်တော့ သူ့ရဲ့ Jazz Cross RS-45 အင်ဂျင်နှစ်လုံးတပ်
အဝါရောင်ပြိုင်ကားလေး ထိုနေရာမှ တစ်ဟုန်ထိုး ပြေးသွားပါလေ
တယ်။ တကယ်တော့ အခု မိုးဖွဲက နှုးညှဲကိုလာခေါ်တာပါ။ စန်းပွင့်
အရှေ့မှာ နှုးညှဲက သူ့ကို တကယ်ကြိုက်မကြိုက်ဆိုတာ ပြောနိုင်
အတွက်ပေါ့။

နှုးညှဲက သူ့ကိုကြိုက်နေတာ လုံးဝမဟုတ်ဘူး ဆိုတာ
သူ မနေ့ကတည်းက သိပြီးသွားပြီလေ။ စန်းပွင့် ပြောတော့ နှုးညှဲ
သူ့ကိုကြိုက်နေတာတဲ့။ အဲဒါ စန်းပွင့် မာယာများတာပေါ့။ သူ
မာယာများတဲ့သူကို Color ဆိုးပေးနေကျလေ။ အခု သူ နှုးညှဲ
ခေါ်လာပြီး စန်းပွင့်နဲ့ ထိပ်တိုက်ရှင်းတော့မယ်။ နှုးညှဲကလည်း စန်းပွင့်
ထိပ်တိုက်ရှင်းချင်နေတဲ့သူ။

သူတို့တွေ ဆုံတွေ့တဲ့အခါ ဘာတွေဖြစ်ကြမလဲတော့ မ
ဘူး။ အဝါရောင်ပြိုင်ကားလေးကတော့ တစ်ဟုန်ထိုး ပြေးလာနေပါ
ခေတ္တမျှကြာတော့ ထိုအဝါရောင်ပြိုင်ကားလေး "Queen Berry" S
Bar ရှေ့တွင် တုံ့ခနဲ ထိုးရပ်သွားပါတော့သည်။



ထို့နောက် သူနဲ့နှုးညှဲ ကားပေါ်မှဆင်းလာပြီး ဆိုင်ထဲသို့
ဝင်လာတော့၏။ ခြေလှမ်းတွေက မြန်ဆန်လွန်းပါတယ်။ ထိုသို့ နှုးညှဲ
ဝင်လာတာကိုမြင်တော့ ဝိတ်တာမယ်တွေ လန့်သွားကြတယ်။

"ဟာ ... မမလေးပါလား"

"အောင်မာ ... ညည်းတို့တွေက ကိုယ့်အလုပ် ကိုယ်မလုပ်ဘဲ
မုန့်ထိုင်စားနေကြတယ်ပေါ့လေ၊ ငါ့ဆိုင်က မုန့်တွေတော့ ကုန်ပါ
ပြီ၊ ဒါနဲ့ နေစမ်းပါဦး၊ စန်းပွင့်က ကောင်တာမထိုင်ဘဲ ဘယ်သွား
နေတာလဲ"

"Lunch သွားစားမယ်လို့တော့ ပြောသွားတာပဲ၊ အခုလေးတင်
ထွက်သွားတာ"

"သြော် ... ညည်းတို့က ဆိုင်ရှင်လစ်တုန်း မုန့်ခိုးစားနေတာပေါ့
လေ၊ ဒီအကျင့်မျိုးတွေကို ငါ မကြိုက်ဘူးနော်"

"ဟုတ်ကဲ့ပါ မမလေး၊ ကျွန်မတို့ ဒီလိုလုပ်မိတာ ဒါပထမဆုံးနဲ့
နောက်ဆုံးအကြိမ်ပါပဲ။ ဒီတစ်ခါတော့ ခွင့်လွှတ်ပေးပါနော်"

ထိုသို့ ဝိတ်တာမယ်လေးတွေက ဝိုင်းပြီး တောင်းပန်စကား
ပြောဆိုကြ၏။

"အေး ... ညည်းတို့ပြောသလိုပဲ ဒီလိုလုပ်တာ ပထမဆုံးနဲ့
နောက်ဆုံးအကြိမ် ဖြစ်ပါစေ။ နောက်တစ်ခါဆိုရင်တော့ ငါ
ခွင့်လွှတ်မှာ မဟုတ်ဘူးနော်။ ချက်ချင်း အလုပ်ထုတ်ပစ်မှာ"

"ဟုတ်ကဲ့ပါ မမလေး"

"ကဲ ... ကဲ ... ကိုယ့်အလုပ် ကိုယ်သွားလုပ်ကြတော့။ ငါ စန်းပွင့်
နောက်ကို လိုက်သွားဦးမယ်၊ အေး ... ဆိုင်ရှင်တွေမရှိဘူး ဆိုပြီး
တော့ မုန့်တွေ ထပ်ခိုးစားဖို့ မကြံစည်နဲ့နော်"

"ဟုတ်ကဲ့"

ဆိုပြီး ဝိတ်တာမယ်လေးတွေ ထိုနေရာမှ ထွက်သွားကာ
ယ်ရာရှိတာ လုပ်နေကြတော့၏။ ထို့နောက်တွင်တော့ မိုးဖွဲနဲ့ နှုးညှဲတို့
လည်း ဆိုင်ထဲမှ ပြန်ထွက်သွားပါတော့သည်။ မိုးဖွဲက ကားတံခါးကို
ငှင့်မလို့ ဟန်ပြင်လိုက်တော့ နှုးညှဲက တားမြစ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မိုးဖွဲ … ကားကို ဒီမှာပဲ ထားခဲ့တော့။ စန်းပွင့် Lunch စား[...] ကျ Restaurant က ဟိုဘက်လမ်းထဲမှာဟ။ အဲဒီလမ်းက [...] အဝင်အထွက် အရမ်းများတယ်။ ပြီးတော့ အရမ်းကျပ်တယ်[...] ခြေကျင်လျှောက်သွားတာက ပိုမြန်လိမ့်မယ်"

"ကောင်းပြီလေ၊ ဒါဆိုရင်လည်း ခြေကျင်ပဲလျှောက်သွားကြ[...] ပေါ့"

ထို့နောက်တွင်တော့ သူတို့နှစ်ယောက် ထိုနေရာမှ လျှင်[...] စွာ ရွေ့ကြတော့သည်။ နှစ်ယောက်စလုံးရဲ့မျက်နှာပေါ်မှာ အပြုံး[...] ခန်းခြောက်နေပြီး ခက်ထန်မှု အရိပ်အယောင်တွေသာ ကြီးစိုးနေလေရဲ့[...] ရင်ထဲမှာရှိတာက ခံစားချက်မိုင်းဗုံး။ ထိုမိုင်းဗုံးရဲ့ ပေါက်ကွဲမှုပြင်းအား[...] ဘယ်လောက်ထိ ရှိမလဲတော့ မသိဘူး။ သူတို့နှစ်ယောက်ကတော့ ခြေလှမ်းကျဲကျဲနှင့် အမြန်လျှောက်လှမ်းလာကြပြီဖြစ်၏။

ခေတ္တမျှ ကြာတော့ သူတို့နှစ်ယောက် "Golden Ra[...] Restaurant ရှေ့သို့ ရောက်လာပါတော့သည်။ ဒီစားသောက်ဆိုင်[...] နူးညံ့နဲ့ စန်းပွင့် နေ့လယ်စာ လာစားနေကျဆိုင်ပေါ့။ ဟုတ်ပါတယ်[...] အခု စန်းပွင့်တစ်ယောက် ထိုင်နေကျ Table No.3 မှာ တစ်ယောက်[...] တည်း ထိုင်နေလေရဲ့။ ဒီဆိုင်က Table တစ်ခုချင်းစီကို အခန်းလေး[...] တွေကန့်ပြီး ဖွဲ့စည်းထားတာပါ။ ဒါကြောင့်မို့ Table တစ်ခုက[...] အခြား Table တစ်ခုကို လှမ်းမမြင်နိုင်ပါဘူး။

အဆင့်မြင့်မြင့် ဖွင့်လှစ်ထားတဲ့ စားသောက်ဆိုင်ကြီးပေါ့[...] မိုးဖွဲနဲ့ နူးညံ့ ဆိုင်ထဲသို့ဝင်လာပြီးနောက် Table No.3 ဆီသို့ တည့်[...] တည့်မတ်မတ် လျှောက်လှမ်းလာ၏။ ထို့နောက် စက္ကန့်ပိုင်းလေးအတွင်း[...] မှာပဲ သူတို့နှစ်ယောက် စန်းပွင့်ဆီသို့ ရောက်လာပါတော့သည်။

"မင်္ဂလာပါ စန်းပွင့်"

မိုးဖွဲက ထိုသို့ပြောလိုက်တော့ စန်းပွင့်တစ်ယောက် အစာ[...] စားနေတာကို ရပ်တန့်လိုက်ပြီး ဒီဘက်သို့ လှည့်ကြည့်လိုက်၏။ မိုးဖွဲနဲ့ နူးညံ့ကို ယှဉ်တွဲပြီး မြင်လိုက်ရသဖြင့် သူမ မျက်ကလူးဆန်ပျာ ဖြစ်သွားလေသည်။





"မိုးဖွဲနဲ့ နူးညံ့ပါလား။ လာ … ထိုင်လေ၊ ဩော် … ဒါနဲ့ နင်တို့နှစ်ယောက် ချစ်သူရည်းစားတွေ ဖြစ်သွားကြပြီလား"

သူမ မျက်နှာပျက်၊ ပုံစံပျက်သွားတာကို ပြန်ထိန်းလိုက်ပြီး [...]သို့ ခပ်တည်တည်နဲ့ မေးလိုက်တယ်။ သူမရဲ့မေးခွန်းကြောင့် နူးညံ့[...]စ်ယောက် ကြောင်အမ်းအမ်း ဖြစ်သွား၏။

"စန်းပွင့် … နင် ဘာပြောလိုက်တာ"

"ဩော် … နင်နဲ့မိုးဖွဲ ချစ်သူတွေ ဖြစ်သွားပြီလားလို့"

"နေစမ်းပါဦး၊ ငါနဲ့မိုးဖွဲက ဘာ Case နဲ့ ချစ်သူတွေဖြစ်ရမှာလဲ။ သူကလည်း ငါ့ကိုမချစ်ဘူး၊ ငါကလည်း သူ့ကိုမချစ်ဘူး၊ သူနဲ့ငါက အဖြူရောင်သူငယ်ချင်းပဲ၊ ဘာ Color မှ မရောဘူး"

နူးညံ့က အဲဒီလိုပြောလိုက်ပေမယ့် စန်းပွင့်ကတော့ ခပ်ပြုံး[...]ပါပဲ။

"ဟုတ်လို့လား နူးညံ့ရယ်၊ ဟန်ဆောင်မနေစမ်းပါနဲ့ဟာ၊ ဟန်ဆောင်ရတာ ပင်ပန်းလွန်းပါတယ်၊ ဒီတော့ ဖွင့်သာချလိုက်၊ ဖွင့်ချလိုက် … ဖွင့်ချလိုက်"

"နေစမ်းပါဦး၊ ငါက ဘာတွေကိုဖွင့်ချရမှာလဲ၊ ပြီးတော့ ငါက ဘယ်လိုဟန်ဆောင်နေလို့လဲ"

"နူးညံ့ရယ် … ရှက်မနေစမ်းပါနဲ့ဟာ၊ တိတ်တခိုးချစ်တာ မကောင်းဘူးဟာ၊ အချစ်ဆိုတာ နှစ်ခုပေါင်းစပ်မှ လှပတာလေ၊ ဒီတော့ နင် မိုးဖွဲကို …"

သူမရဲ့စကား အဆုံးမသတ်သေးခင်မှာပဲ မိုးဖွဲက အမြန်ဝင်[...]ပြောလိုက်၏။

"တော်တော့ စန်းပွင့်၊ ငါ နူးညံ့ကို Checking လုပ်ပြီးပြီကွ၊ သူ ငါ့ကို တိတ်တခိုး ချစ်နေတယ်ဆိုတာ လုံးဝမဖြစ်နိုင်ဘူး၊ ဘာကြောင့်လဲ ဆိုတော့ သူက ငါ့ရဲ့အကြည့်ကြောင့် ရင်မခုန်ခဲ့သလို၊ အထိအတွေ့ကြောင့်လည်း မတုန်လှုပ်ခဲ့ဘူး၊ တကယ်ချစ်ရင် အထိအတွေ့မှာ တုန်လှုပ်ရမှာပေါ့။ သူက မတုန်လှုပ်တဲ့အပြင် ဘာဆိုဘာမှကို မဖြစ်ဘူး။ ပြီးတော့ သူ့ရဲ့တုံ့ပြန်ချက်က



www.burmeseclassic.com

www.burmeseclassic.com



အရမ်းကို ရိုးရှင်းလွန်းတယ်။ ကျိန်းသေပါတယ်။ သူ ငါ့ကို ကြို
နေတာ လုံးဝမဖြစ်နိုင်ဘူး။ ဒီတော့ မင်း မာယာများတာပဲဖြ
ရမယ်၊ ဟုတ်တယ်မှုလား စန်းပွင့်”

သူ့ရဲ့အသံ နည်းနည်းကျယ်သွားပါတယ်။ ဟုတ်ပါတယ် သူ ပြောဆိုသွားတာကို အခြား Table No, 1,2,3,4,5,6,7, စသဖြင့် တစ်ဆိုင်လုံးလိုလို ကြားသွားတော့သည်။ ထို့နောက် သူတို့(၃)ယောက် ဘာဆက်ပြောကြမလဲ ဆိုတာကို အခြား Table ကလူတွေ နားစိုက် ထောင်နေတော့၏။

“ဒီမှာ မိုးဖွဲ ... မိန်းမတစ်ယောက်ရဲ့လက်နက်က မာယာ ဆိုတာကို ရှင် မသိဘူးလား”

“အေး ... ငါကလည်း မာယာများတဲ့ မိန်းမတွေကို Power သုံးပြီး Color ဆိုးပေးနေကျကွ၊ ငါ Power သုံးပြီဆိုရင် ဘယ်ဂါထာနဲ့မှ တားလို့ရမှာမဟုတ်ဘူး၊ Color တွေနဲ့ ချာချာမလည်ချင်ရင် မာယာတွေကို လျှော့ချပြီး အချိန်မီ ဖြောင့်ချက်ပေးလို့ရတယ် ပြောစမ်း ... မင်းရဲ့အကြံအစည်က ဘာလဲ”

“နေစမ်းပါဦး၊ ရှင်က ကျွန်မကို ဟိန်းဟောက်ပြီး ခြိမ်းခြောက် နေတာလား၊ ခြိမ်းခြောက်တိုင်း သိပ်ကြောက်တာ ပိန်းအောက်က ဖားရှင့်၊ ဒါနဲ့ ... သတိပေးရဦးမယ်၊ ကျွန်က ခြိမ်းခြောက်တဲ့ သူကို ကရိန်းအောက်မှာ တိမ်းမှောက်သွားအောင် လုပ်ပစ်တတ် တယ်၊ ဒီတော့ ရှင် ကရိန်းအောက်မှာ မပြားချင်ဘူးဆိုရင် ပိန်း အောက်ကဖားကိုပဲ သွားခြိမ်းခြောက်။ စေတနာနဲ့ပြောတာနော် ရှင် မပြားချင်ဘူးဆိုရင်ပေါ့”

သူမက အဲဒီလိုပြောလိုက်တော့ သူ ဟားတိုက်ရယ်မော လိုက်တယ်။

“ဟား ဟား ဟား ... စန်းပွင့်၊ မင်းက တော်တော်ရယ်ရတာပဲ ယုန်နှင်ထုတ်လို့ ကျားမပြေးဘူးကွ၊ ဘာလဲ မင်းက ငါ့ကို ပြန် ခြိမ်းခြောက်နေတာလား။ မှတ်ထား ... ငါက မိန်းမခြောက်တိုင်း ကြောက်တဲ့ ကောက်မဟုတ်ဘူးကွ။ ငါ့နာမည်က ရှေ့ဆက်တိုးမြ





တိုးမယ့် မိုးဖွဲ၊ သိချင်တာ မသိရဘဲနဲ့ ဘယ်တော့မှ နောက်ပြန် လှည့်ထွက်မသွားတတ်ဘူးကွ ... ရှင်းတယ်နော်”

ထိုသို့ပြောပြီး သူ စန်းပွင့်ကို လက်ဖျောက်တစ်ချက် တီးပြ လိုက်၏။

“ပြောလေ ... ဘာလုပ်နေတာလဲ၊ အေး ... ဥဏ်များဖို့တော့ မကြိုးစားနဲ့နော်၊ ဥဏ်များရင် ဒန်လိုက်ဝယ်တဲ့ ဒန်ကုလားနဲ့ ပေးစားလိုက်လို့ ခံစားသွားရမယ်၊ ပြောစမ်း စန်းပွင့်၊ မင်း ဘာတွေကြံစည်နေတာလဲ၊ ဘာကြောင့် ငါနဲ့နှုးညံ့ကို ချိတ်ပေး နေတာလဲ”

“ပိတုန်းတစ်ကောင်ကို ပန်းတစ်ပွင့် လက်ဆောင်ပေးလိုက်ပါ တယ် အဲဒီပိတုန်းက ဝတ်ရည်မစုပ်တတ်ဘူး ဖြစ်နေတယ်။ သြော် ... ပိတုံးညံ့၊ ပိတုန်းဖျင်း၊ ပိတုန်းအရူးကြီးပါလား။ ကျွတ် ... ကျွတ် ... ကျွတ်”

သူမ အဲဒီလို ခနဲ့တဲ့တဲ့ပြောပြီး ကျွတ်စုပ်သပ်လိုက်၏။ ပြီးတော့ မဲ့ပြုံးပြုံးကာ ခေါင်းကိုဖြည်းဖြည်းချင်း ခါယမ်းနေတော့သည်။ သူမရဲ့စကားကို ကြားတော့ သူ တစ်ချက်ပြုံးလိုက်၏။

“ဒီမှာ စန်းပွင့်၊ ငါက ပိတုန်းမဟုတ်ဘူး စုန်းကွ ... စုန်း။ ဒီတော့ ငါက ဝတ်ရည်မစုပ်တတ်ဘူး၊ သွေးတော့ ကောင်းကောင်း စုပ်တတ်တယ်။ အင်း ... ဆန္ဒတစ်ခုကို ဖွင့်ပြရမယ်ဆိုရင် ငါက စုန်းကို ပိတုန်းလို့ထင်ပြီး ပန်းလက်ဆောင် လာပေးတဲ့ ကောင်မလေးရဲ့သွေးကို ပြွတ်ခနဲ့ ပြွတ်ခနဲ မြည်အောင် စုပ်ပစ် ချင်တာ၊ ဒါပေမဲ့ ငါစုပ်ချင်တာက အဲဒီကောင်မလေးရဲ့လည်သွေး မဟုတ်ဘူး၊ ကုပ်သွေးမဟုတ်ဘူး၊ လက်မောင်းသွေးလည်း မဟုတ် ဘူး၊ အမှန်အတိုင်းပြောရရင် ငါစိမ်ပြေနပြေ ထိုင်စုပ်ချင်တာ အဲဒီကောင်မလေးရဲ့ နှ ... လုံး ... သွေး”

သူက အဲဒီနှလုံးသွေးဆိုတဲ့ စကားလုံး(၃)လုံးကို ပီပီပြင် ပြင် ပြောလိုက်တော့ စန်းပွင့်တစ်ယောက် အလွန်သဘောကျသွားတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... မိုးဖွဲ ... မိုးဖွဲ ... သနားစရာလေးပါလား၊ ရှင်က ကျွန်မကို ကျိတ်ကြိုက်နေတာပေါ့လေ ... ဟုတ်လား၊ ဒါကြောင့် ကျွန်မက နူးညံ့ကို ရှင့်လက်ထဲ ထိုးပေးတော့ ရှင် မခံချိမခံသာတွေ ဖြစ်နေတာကိုး၊ သနားလိုက်တာ မိုးဖွဲရယ်၊ သနားလိုက်တာ သနားလိုက်တာ"

ထိုသို့ပြောပြီး သူမ မိုးဖွဲကို လှောင်ပြောင်နေတော့၏။ ထို့နောက် သူ သူမရဲ့စကားလုံးတွေကို ပြန်လည်ချေပဖို့အတွက် ခေတ္တမျှစဉ်းစားလိုက်သည်။ သို့ပေမဲ့ သူ စဉ်းစားနေတဲ့ အချိန်မှာပဲ နူးညံ့က စန်းပွင့်ရဲ့ မျက်လုံးတည့်တည့်ကို ရူးရူးဝါးဝါးစိုက် ကြည့်ပြီး ပြောချင်တာတွေကို တရစပ် ပြောချပစ်လိုက်၏။

"စန်းပွင့် ... နင် ဘာတွေ လျှောက်လုပ်နေတာလဲ၊ ငါ မိုးဖွဲကို မကြိုက်ဘဲနဲ့ ဘာကြောင့် ချစ်နေပါတယ်၊ ကြိုက်နေပါတယ်လို့ သွားပြောရတာလဲ၊ ပြီးတော့ ... နင် မနေ့တုန်းက ကိုပြတ်သားကို ဘာတွေ သွားပြောတာလဲ။ အဲဒါကို ငါ သိပ်သိချင်တယ်"

နူးညံ့က အဲဒီလို ပြောလိုက်တော့ စန်းပွင့် မျက်နှာပျက်သွားတယ်။

"ပြော ... ငါမေးနေတယ် ဖြေလေ၊ နင် မနေ့တုန်းက ကိုပြတ်သားကို ဘာတွေသွားပြောလိုက်တာလဲ၊ ဘာတွေ ချွန်ထိုးလုပ်လိုက်တာလဲ။ ကိုပြတ်သား ငါ့ကို အထင်လွဲသွားတာ နင့်ပယောဂကြောင့်ပဲ ဖြစ်ရမယ်၊ ဟုတ်တယ်မှုလား စန်းပွင့်"

သူမက အဲဒီလို ပြောလိုက်တော့ စန်းပွင့်က အံကြိတ်ပြီး ပြန်ပြောလိုက်၏။

"ဒီမှာ နူးညံ့၊ ရည်းစားလုလုရင် အူနကိုကျွဲလာခတ်သလို ခံစားရတယ်ဆိုတာကို နင် မသိဘူးလား၊ ငါ ပြတ်သားကို ကြိုက်နေတယ်ဆိုတာ နင် သိရဲ့သားနဲ့ နင် ဘာကြောင့် လုယူသွားတာလဲ။ လောကကြီးမှာ ယောကျ်ား အဲဒီယောက်ပဲ ရှားရသလား"

"စန်းပွင့် ... နင် မှားနေပြီ၊ ရည်းစားလုနေတာ ငါမဟုတ်ဘူး။ နင်ဟာ ... ဟင်၊ ငါက ကိုပြတ်သားကို နင့်ဆီကအတင်း လုယူ





ခဲ့တာ မဟုတ်ဘူး၊ သူ့ဘာသာသူ ငါ့ဆီ အလိုလို ရောက်လာတာ။ အေး ... နင်ကသာ အရှက်မရှိဘဲ သူများရည်းစားကို အတင်းလုယူဖို့ ကြိုးစားနေတဲ့ မိန်းမ"

"ဟုတ်လား ... ဒါဆိုရင် ငါက ရည်းစားလုသူ ဖြစ်သွားပြီပေါ့၊ အေး ... အဲဒီလို သတ်မှတ်ချင်လည်း သတ်မှတ်လိုက်ပေါ့။ အဓိက,ကတော့ ငါသာယာဖို့၊ ငါအနိုင်ရဖို့ပဲ၊ အခု နင့်ကို ပြတ်သားက မုန်းသွားပြီမှုလား၊ ဟား ဟား ဟား"

သူမက အဲဒီလိုပြောပြီး ဟားတိုက် ရယ်မောလိုက်တော့ နူးညံ့တစ်ယောက် ဆတ်ဆတ်ခါအောင် နာကျင်သွားလေသည်။

"တောက်"

နူးညံ့ စန်းပွင့်ကို မျက်ထောင့်နီကြီးတွေနဲ့ စိုက်ကြည့်ပြီး တောက်တစ်ချက်ကို ခပ်ပြင်းပြင်း ခေါက်လိုက်တယ်။ ထို့နောက် သူမ စန်းပွင့်ကို ယက်ညှိုးငေါက်ငေါက်ထိုးပြီး စကားတစ်ခွန်းကို ခက်ထန်တဲ့ လေသံနဲ့ ပြောလိုက်၏။

"စန်းပွင့် ... နင်က အရှက်မရှိတဲ့မိန်းမ၊ အရမ်းမာယာများတဲ့ မိန်းမပဲ"

သူမက ထိုသို့ပြောလိုက်ပေမယ့် စန်းပွင့်က ဟားတိုက်ပြီး ဟားတိုက်နေတော့သည်။ ဟုတ်ပါတယ်။ စန်းပွင့်က တခစ်ခစ်နဲ့ ရယ်မောနေတာ မဟုတ်ပါဘူး။ အပြတ်သတ်ကို ဟားတိုက်ရယ်မောနေတာပါ။ သူမကြောင့် ပြတ်သားက နူးညံ့ကို မုန်းတီးသွားတာဆိုတော့ သူမ သိပ်ပျော်နေပုံရတယ်။ အရှက်မရှိတဲ့မိန်းမ၊ မာယာများတဲ့ မိန်းမ၊ ရည်းစားလုမ၊ ကြားဖျက်မ စသည်ဖြင့် သူမကို ဘယ်လိုပဲ ဆိုးပက်စက်ပြောပြော သူမ မနာပါဘူး။ အဓိက,ကတော့ သူမသာယာဖို့ပါပဲ။ ဟုတ်ပါတယ်။ သူမ အပြုံးပျက်မသွားဘဲ စကားတစ်ခွန်းကို တန်ကြွကြွ ဟန်ပြပြီးတော့ ပြန်ပြောလိုက်၏။

"တစ်ခါ တစ်ခါမှာ ရိုးသားမှုက ဆိုးဝါးမှု ဖြစ်သွားတတ်ပြီး မာယာက ဆရာဖြစ်သွားတတ်တယ်ဟ။ အချစ်နဲ့စစ်မှာ မာယာ ပရိယာယ်၊ ဗျူဟာနှစ်သွယ်ကို ပိုင်ပိုင်နိုင်နိုင်ရေးဆွဲပြီး ကောင်



www.burmeseclassic.com

www.burmeseclassic.com



ကောင်း အသုံးချတတ်မှ အနိုင်ရတတ်တာမှလား။ ငါက နိုင်ချင်တယ်လေ။ ဒီတော့ မာယာများရတာပေါ့။ ငါ့ရဲ့လှည့်စားမှုကြောင့် အားလုံး ချာလပတ်ယမ်းသွားပြီး အရှုံးတစ်ယောက်သို့ မှုးမှောက်သွားစေရမယ်။ နောက်ဆုံး ပြတ်သားနဲ့ငါ Plus ဖြစ်ရင် ငါကျေနပ်ပြီ။ ကျန်တဲ့လူတွေ ဘာပဲဖြစ်ဖြစ် ငါ ဂရုမစိုက်။ ရှင်းတယ်နော်"

"စန်းပွင့် ... နင် တော်တော်ယုတ်မာတာပဲ"

နှုးညှံ့တစ်ယောက် ထိုသို့ပြောပြီး အံကိုတင်းနေအောင် ကြိတ်ထားလိုက်၏။ ဒီအချိန်မှာ သူမတို့နှစ်ယောက်ကို အချစ်ဆုံးသူငယ်ချင်းတွေပါလို့ပြောရင် ဘယ်သူက ယုံမှာလဲ၊ ဟုတ်ပါတယ်။ နှစ်ယောက်စလုံးကတော့ ခပ်တင်းတင်းပါပဲ။ တစ်ယောက်က လက်ဖဝါးနဲ့ရိုက်ရင် တစ်ယောက်က တံတောင်နဲ့ပြန်တွပ်ဖို့ အဆင်သင့်ပါပဲ။ သို့ပေမဲ့လည်း အဲဒီလောက်ထိ မဖြစ်ကြပါဘူး။

အခု ဖြစ်ပျက်ခဲ့တာက အသည်းနုတဲ့ နှုးညှံ့ကို စန်းပွင့်က လမ်းဖွင့်ပေးကာ "ဒိုးတော့ ... ဒိုးတော့"ဆိုပြီး အသည်းကွဲမြို့တော်သို့ အတင်းနှင်ထုတ်နေခြင်း ဖြစ်တော့၏။

"နှုးညှံ့ ... နင်နဲ့ငါ နောက်နေ့ကစပြီး ကိုယ့်လမ်းကိုယ် လျှောက်ကြမယ်၊ အခု နင်က ပြတ်သား ဆိုတဲ့လမ်းကနေ ချောက်ကမ်းပါးထဲ ပြုတ်ကျသွားပြီလေ။ ဒီတော့ ချောက်ကမ်းပါးထဲမှာပဲ မြို့တစ်မြို့တည်ဆောက်ပြီး အပြီးနေလိုက်တော့ပေါ့။ ဒါပေမဲ့ ပြတ်သားဆိုတဲ့ လမ်းပေါ်ကို ပြန်တက်လာဖို့ မကြိုးစားနဲ့နော်၊ မဆိုးဝါးချင်ရင် မကြိုးစားနဲ့ ... ဒါပဲ"

ထိုသို့ပြောပြီး စန်းပွင့်တစ်ယောက် ထိုင်နေရာမှ ပြန်ထလိုက်တယ်။ ပြီးတော့ သူမ လက်ဆွဲအိတ်ကို ကိုင်ဆွဲလိုက်၏။ ဟုတ်ပါတယ်။ သူမ ပြန်ဖို့အတွက် ဟန်ပြင်လိုက်ခြင်းပင်ဖြစ်၏။ ထို့နောက်တွင်တော့ သူမရဲ့မျက်နှာ ဒီဘက်သို့ လှည့်လာပါတော့သည်။ သူမ ပထမဆုံးခြေလှမ်းကို စတင်ရွေ့ရှားဖို့အတွက် ဟန်ပြင်လိုက်စဉ်မှာပဲ သူမ အရှေ့သို့ လူတစ်ယောက် ဘွားခနဲပေါ်လာသဖြင့် သူမရဲ့ခြေလှမ်းများ





ရပ်တန့်သွားကာ အလွန်ထိတ်လန့်တုန် လှုပ်သွားလေသည်။ ဟုတ်ပါတယ်။ သူမရဲ့မျက်စိ၊ မျက်ဆန်တွေ ပြူးထွက်ကုန်တယ်။

"ဟင် ... ကို ... ကို ... ကိုပြတ်သားပါလား၊ ရှင် ဒီကို ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ"

"ငါက ဒီဆိုင်ကို မင်းမရောက်ခင်ကတည်းက ရောက်နေတာကွ"

ဟုတ်ပါတယ်။ ပြတ်သား ဒီဆိုင်ရဲ့ Table No.4 မှာ ထိုင်နေတာ (၁၂)နာရီလောက်ကတည်းကပါ။ ဒီနေ့(၁၂)နာရီခွဲ စမ်းချောင်းဘက်မှာ ကျူရှင်ဝိုင်းတစ်ဝိုင်း ရှိတယ်လေ။ ဟုတ်ပါတယ်။ သူ အော်ဂလီဆန်ဖို့ကောင်းတဲ့ အခန်းထဲက ထွက်လာတုန်းကတော့ စာသင်ဖို့၊ အလုပ်လုပ်ဖို့ပါပဲ။ သို့ပေမဲ့ သူ စမ်းချောင်းဘက်သို့ ရောက်လာပြီးကာမှ ကျူရှင်ဝိုင်းသို့ မသွားတော့ဘဲ ဤ Golden Rain စားသောက်ဆိုင်ကြီးထဲသို့ တိုးဝင်လာခဲ့ပါတယ်။

စာသင်ပြချင်စိတ် မရှိဘူးလေ။ ဟုတ်ပါတယ်။ အသည်းကွဲပြီဆိုတာနဲ့ အလုပ်အကိုင် တန်းပြတ်တော့တာပဲ။ အဲဒီအသည်းကွဲရောဂါကို သူ ဒီဆိုင်ရဲ့ Table No.4 မှာထိုင်ပြီး Black Cat တစ်လုံးနဲ့ ကုသတယ်လေ။ သူ့ရဲ့ခေါင်း မူးနောက်နောက်ဖြစ်နေတဲ့အချိန်မှာပဲ ဆိုင်ထဲသို့ စန်းပွင့် တစ်ယောက် ဝင်လာခဲ့တယ်။ သူမက Table No.3 မှာ ဝင်ထိုင်လိုက်၏။ ထို့ကြောင့် သူက သူမကို မတွေ့သလို၊ သူမကလည်း သူ့ကိုမတွေ့မြင်ပါဘူး။ နံရံခြားထားပြီး ကျောခိုင်းထိုင်နေတဲ့ အဖြစ်မျိုးပေါ့။

နောက်တော့ မိုးဖွဲနဲ့နှုးညှံ့ စန်းပွင့် ထိုင်နေတဲ့ Table No.3 ဆီသို့ ရောက်လာကြတယ်။ ထို့နောက် သူတို့(၃)ယောက် စကားအချေအတင် ပြောဆိုကြတယ်။ ဒီတော့ သူတို့(၃)ယောက် ပြောဆိုသွားတာကို ပြတ်သားက ပီပီပြင်ပြင် ကြားရတယ်လေ။ သို့ပေမဲ့ သူ ဒီဘက်ဝိုင်းသို့ ကူးမလာဘဲ အသာလေးငြိမ်ပြီးနား ထောင်နေလိုက်၏။

ဓာတ်ရည်လည်သွားပြီ၊ သေသေချာချာသိလိုက်ရပြီ၊ လုံးဝကို ရှင်းလင်းသွားပြီဆိုမှသာ သူ ဒီဘက်ဝိုင်းသို့ ကူးလာခြင်းပင် ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



စန်းပွင့်ကတော့ သူ့ကို ရုတ်တရက် တွေ့လိုက်ရသဖြင့် အသားတွေ တဆတ်ဆတ် တုန်နေလေရဲ့။

"ကိုပြတ်သား ... ဒါဆိုရင် ရှင် ကျွန်မတို့ ပြောတာတွေအားလုံး ကို ကြားပြီးပြီးပေါ့လေ ... ဟုတ်လား"

"အေး ... ကြားပြီးပြီကွ ကြားပြီးပြီ၊ စန်းပွင့် ... မင်းက တော် တော်ရက်စက်တဲ့ မိန်းမပဲ၊ မင်းရဲ့သွေးထိုးမှုကြောင့် ငါ နုးညံ့ကို အပြစ်မြင်မိတယ်၊ တကယ်တော့ နုးညံ့မှာ ဘာအပြစ်မှ မရှိပါ ဘူး။ အပြစ်ရှိတာက မင်း စန်းပွင့် ... မင်းပဲ"

ထိုသို့ သူက လက်ညှိုးငေါက်ငေါက်ထိုးပြီး ပြောလိုက်တော့ သူမ အရမ်းတုန်လှုပ်ချောက်ချားသွားတယ်။ ပြီးတော့ သူမ သူ့ရဲ့စကား တွေကို နားထောင်နိုင်စွမ်း မရှိတော့လို့လား မသိဘူး။ နားနှစ်ဖက်ကို လက်ဖဝါးနှစ်ဖက်ဖြင့် ဖိအုပ်ထားလိုက်၏။

"ဒီမှာ စန်းပွင့်၊ ငါ မင်းကို တစ်ခုပြောထားမယ်၊ မင်း ငါနဲ့ နုးညံ့ကြားကို ဝင်မရှုပ်ပါနဲ့တော့။ အေး ... ငါ ဒီလိုပြောထားပါ လျက်နဲ့ နောက်တစ်ခါ ဝင်ရှုပ်လို့ကတော့ ရင်အုပ်ကို ဆောင့် ကန်ပြီး ပက်လက်လန်သွားအောင် လုပ်ပစ်လိုက်မယ်။ အေး ... ဒီတစ်ခါတော့ ဒီအတိုင်းပဲ အသာလေး လွှတ်ပေးလိုက်မယ်။ စန်းပွင့် ... မင်း သွားတော့"

ထိုသို့ပြောပြီး သူ နုးညံ့ရဲ့လက်ကို ဆွဲကိုင်လိုက်၏။ ထို့နောက် သူ သူမကို မေ့ဖက်ထားလိုက်ပါတယ်။

"စန်းပွင့် ... မင်း သွားတော့လေ၊ ဘာလုပ်နေတာလဲ၊ ထွက်သွား၊ အခုချက်ချင်း ထွက်သွား"

သူ နုးညံ့ကို မေ့ဖက်ထားရင်းနဲ့ စန်းပွင့်ကို အဲဒီလို အော်ဟစ်နှင်ထုတ်ပစ်လိုက်တယ်။ သူ့ရဲ့စကားလုံးတွေက မမှည့်သေးတဲ့ ဩဇာသီးလို့ပဲ အရမ်းကိုအရမ်း ခါးသီးလွန်းလှပါတယ်။ ဟုတ်ပါတယ်။ စန်းပွင့်တစ်ယောက် သူ့ရဲ့စကားလုံးတွေကို ဆက်လက်နားထောင်နိုင် စွမ်း မရှိတော့ပါဘူး။ ထို့ကြောင့် သူမ နားနှစ်ဖက်ကို လက်နဲ့အုပ်ပြီး ထိုနေရာမှ ပြေးထွက်သွားပါတော့သည်။





"စန်းပွင့် ... စန်းပွင့်"

ထိုသို့အော်ပြီး မိုးဖွဲက စန်းပွင့်နောက်သို့ ပြေးလိုက်သွား၏။ ပြတ်သားနဲ့ နုးညံ့တို့ကတော့ ထိုနေရာလေးမှာပဲ အတော်ကြာအောင် ရပ်နေပြီး တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ ရင်ခုန်သံ နှစ်ခုကို ကာရန်ပြန်ညှိနေပါတော့သည်။ ဟုတ်ပါတယ်။ ပြတ်သားနဲ့ နုးညံ့က ထိုသို့ ရင်ခုန်သံနှစ်ခုကို ထပ်တူကျ လှပသွားအောင် ကာရန် ညှိနေကြပြီး မိုးဖွဲနဲ့စန်းပွင့်တို့ကတော့ တစ်ဟုန်ထိုး ပြေးလွှားနေတော့ သည်။ စန်းပွင့်က သွေးရူးသွေးတန်း ပြေးလွှားနေပြီး မိုးဖွဲက တဖောက် ကန်း ပြေးလိုက်သွားခြင်းပင်ဖြစ်၏။

"စန်းပွင့် ... စန်းပွင့်"

သူ့ရဲ့အော်သံတွေကို ကြားပေမယ့် သူမ နောက်သို့ လုံးဝ လှည့်မကြည့်ပါဘူး။ ဇွတ်ပြေးနေမြဲ ဇွတ်ပြေးနေဆဲပါပဲ။ ကားတွေက တော့ လမ်းမကြီးပေါ်မှာ တစ်ဟုန်ထိုး ပြေးလွှားနေရဲ့။

"စန်းပွင့် ... လမ်းမကူးနဲ့ဦး"

ကားတွေ ရှုပ်ထွေးနေသဖြင့် သူ လမ်းကူးဖို့ဟန်ပြင်နေတဲ့ သူမကို အော်ဟစ်သတိပေး ပြောဆိုလိုက်၏။ သို့ပေမဲ့လည်း သူမက မိုက်ရူးရဲဆန်စွာ တစ်ဟုန်ထိုး ပြေးလွှားနေတဲ့ ကားတွေ ကြားထဲသို့ မျက်စိစုံမှိတ်ပြီး တိုးဝင်သွားပါတော့သည်။

"ကျွီ ... ကျွီ ... ကျွီ"

"ဒုန်း ... ဒုန်း"

ကားတစ်စီးရဲ့ဘရိတ်ဆောင့်အုပ်သံနဲ့အတူ စန်းပွင့် တစ် ယောက် လမ်းမပေါ်တွင် ခွေခွေလေးလဲကျသွားတယ်၊ "ဒုန်း ... ဒုန်း" ဆိုတဲ့ အသံတွေလည်း ထွက်ပေါ်လာတယ်ဆိုတော့ သူမကို တိုက်မိသွား တယ် ထင်ပါရဲ့။

"စန်းပွင့် ... စန်းပွင့်"

မိုးဖွဲ တစ်ယောက် ကမူးရှူးထိုး ပြေးလာပြီး Saloon ကား အဖြူရောင်လေးရှေ့မှာ လဲကျနေတဲ့ သူမကို မေ့ဖက်ထားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"စန်းပွင့် ... စန်းပွင်၊ နင် လူ့လောကထဲက ထွက်မသွားရဘူးနော်၊ နင် ငါ့ကို တစ်ယောက်တည်း မထားခဲ့ရဘူးနော်၊ စန်းပွင့် ... စန်းပွင့်"

သူ သွေးစွန်းနေတဲ့ သူမကို အကျယ်ကြီး အော်ခေါ်ပစ်လိုက်၏။ သူမ သူ့ရဲ့အသံကို ကြားမှကြားပါလေစ။ ဘာပဲဖြစ်ဖြစ် ခဏအကြာတော့ အရေးပေါ်အချက်ပေးသံတွေနဲ့အတူ လူနာတင်ကားတစ်စီး ရောက်လာပြီး သူမကို တင်ဆောင်သွားပါတော့သည်။

မိုးဖွဲကတော့ သူ့လက်မှာပေနေတဲ့ စန်းပွင့်ရဲ့သွေးတွေကို ကြည့်ပြီး တုန်လှုပ်ချောက်ချားနေလေရဲ့။ တကယ်တော့ မိုးဖွဲက သူမကို သိပ်ချစ်ပါတယ်။ သူမကို မခံချင်အောင် စနောက်ခဲ့ပေမယ့် သူ သူမကို ချစ်တာကတော့ တကယ် သေချာပါတယ်။

တကယ်လို့ သူမက မာယာများခဲ့ရင်တောင် သူ သူမကို ဆိုးပေးမယ့် Color က အချစ်ရဲ့သင်္ကေတဖြစ်တဲ့ အပြာရောင်ပါ။ သို့ပေမဲ့လည်း ဒီနေ့က ရဲရဲနီတဲ့ အနီရောင်တွေ ဖုံးလွှမ်းသွားတဲ့ နေ့တစ်နေ့ ဖြစ်သွားခဲ့ပြီတကား။ သွေးတွေ ... သွေးတွေ"

✧ ❤ ✧

နောက်(ဂ)လခန့်ကြာလေသောအခါ...





...အချစ်ဆိုတာ သံမဏိလို... ခိုင်မာနေတဲ့ ဆုံးဖြတ်ချက်ကို အရည်ပျော်ကျသွားအောင် လုပ်ပစ်နိုင်စွမ်းရှိပါတယ်။ တကယ်ပဲ အချစ်ဆိုတဲ့ အရာက အဲဒီလောက်ထိအောင် တန်ခိုးကြီးလို့လား။ မယုံရင် ပြန်မေးမကြည့်ဘဲ အမြန်သာပြေးကြည့်လိုက်ပါတော့။

ဟော ...

မင်္ဂလာဧည့်ခံပွဲတစ်ခု ...

ဧည့်ပရိသတ် စုံလင်စွာ တက်ရောက်ကြပါတယ်။ သူမှတစ်ပါး။ သတို့သားနဲ့ သတို့သမီးကတော့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အပြုံးပန်းတွေ ပွင့်လန်းနေလေရဲ့။

"အချစ် ... ကိုယ်တို့နှစ်ယောက် ဘဝတစ်လျှောက်လုံး ပျော်ပျော်ရွှင်ရွှင်နဲ့ နေထိုင်သွားကြမယ်နော်"

သတို့သားက အဲဒီလို ပြောလိုက်တော့ သတို့သမီးက ခေါင်းညိတ်ပြလိုက်ပါတယ်။

"ဒါနဲ့ အို့ပါးက ညီမကိုရိုးသွားရင် ဒုက္ခလို့ သတ်မှတ်မှာလားဟင်"

"အင်း ... သတ်မှတ်မှာပေါ့။ ဒါပေမဲ့ အဲဒီဒုက္ခက အလွန်ချိုမြိန်လွန်းလို့ တစ်သက်လုံး အရသာခံပြီးတော့ စားသုံးသွားမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



သူက အဲဒီလိုပြောလိုက်တော့ သူမ ပါးပါးလေးရယ်မော လိုက်ပါတယ်။ သဘောကျသွားတယ် ထင်ပါရဲ့။ ထို့နောက်တွင်တော့ သူတို့နှစ်ယောက် လက်တွဲထားပြီး တစ်ယောက်မျက်နှာကို တစ်ယောက် တစိမ်းစိမ်း ထိုင်ကြည့်နေပါတော့သည်။

ဟုတ်ပါတယ်။ ဒီညေ့ခံပွဲက ပြတ်သားနဲ့နူးညံ့တို့ရဲ့ သိမ်ခမ်းနားလှပတဲ့ မင်္ဂလာညေ့ခံပွဲပင် ဖြစ်တော့၏။ မိန်းမ,မယူပါဘူး ဆိုတဲ့ သူ့ရဲ့ဆုံးဖြတ်ချက်ကို သူမက တကယ်ပဲ အရည်ပျော်ကျသွား အောင် လုပ်ပစ်လိုက်ပါပြီ။ အဲဒါ အချစ်ရဲ့တန်ခိုး၊ အချစ်ရဲ့အစွမ်း သတ္တိတွေကြောင့်ပေါ့။ ဘာပဲဖြစ်ဖြစ် ဒီနေ့က သူတို့နှစ်ယောက်ရဲ့ အပျော်ရွှင်ရဆုံး နေ့တစ်နေ့ဖြစ်မှာ အမှန်ပင် ဖြစ်ပါတော့သည်။

ပြတ်သားနဲ့ နူးညံ့က အခုလို မျက်နှာပေါ်မှာ အပြုံးပန်းတွေ ပွင့်လန်းနေပေမယ့် စန်းပွင့်ကတော့ ဗိုးချဲလေးပေါ်မှာထိုင်ပြီး ဖိတ်စာ တစ်စောင်ကို ကိုင်ထားကာ မျက်ရည်တွေ အဆက်မပြတ် ကျဆင်းနေ တော့၏။ ဟုတ်ပါတယ်။ သူမ ထိုမင်္ဂလာညေ့ခံပွဲကို မတက်ရောက်နိုင် ပါဘူး။ တက်ရောက်ဖို့ ဆန္ဒလည်း လုံးဝမရှိပါဘူး။

သူမ အခုလို ခါးအောက်ပိုင်းတစ်ခုလုံး သေသွားတာ တောင် နူးညံ့က တစ်ရက်လေးမျှပင် လာကြည့်ဖော် မရဘူးလေ။ ဟုတ်ပါတယ်။ ဒီအတောအတွင်း အချစ်ဆုံးသူငယ်ချင်းနှစ်ယောက်က အစိမ်းကားဆုံး နေထိုင်ခဲ့ကြပါတယ်။ ပြတ်သားက သူကိုယ်တိုင် သူမ ဆီကိုလာပြီး မင်္ဂလာဖိတ်စာလာပေးပေမယ့် သူမ ထိုမင်္ဂလာညေ့ခံပွဲကို မတက်ရောက်ခဲ့ပါဘူး။

"ဩော် ... သူတို့နှစ်ယောက် မင်္ဂလာညေ့ခံပွဲကျင်းပမယ့်နေ့က ဒီနေ့ပါလား၊ သိပ်ပျော်နေကြပြီပေါ့လေ"

သူမ ထိုသို့ရေရွတ်လိုက်ပြီး မင်္ဂလာဖိတ်စာကတ်ပြားလေး ကို လွှင့်ပစ်လိုက်၏။ ထို့နောက် သူမ ပါးပြင်ပေါ်စီးကျနေတဲ့ မျက်ရည် စက်တွေကို သုတ်ပစ်လိုက်ပြီး အလှဆုံးပြုံးထားလိုက်တယ်။

"ကဲ ... မိုးဖွဲ၊ အိမ်ထဲပြန်ဝင်ကြရအောင်"

"ကောင်းပြီလေ"





ထို့နောက်တွင်တော့ မိုးဖွဲက ဗိုးချဲလေးကို သူမရဲ့အိမ်ဘက် သို့ ပြန်တွန်းသွားပါတော့သည်။ ဒုက္ခိတဖြစ်သွားတဲ့ သူမကို သူ အရမ်း သနားမိတယ်လေ။ ဒါကြောင့်မို့ သူ သူမအနားမှာ အမြဲတစေနေပြီး နှစ်သိမ့်မှုတွေ ပေးခဲ့တယ်။ တကယ်ပဲ သူ့ရဲ့နှစ်သိမ့်မှုတွေက သူမ အတွက် အားဆေးတစ်ခွက် ဖြစ်ခဲ့ပါတယ်။ အစတုန်းကတော့ သူမ သူ့ကို အမြင်ကတ် မုန်းတီးခဲ့ပေမယ့် အခု သူ့ရဲ့နှစ်သိမ့်မှုတွေကြောင့် မုန်းမာန်ပြေလျော့သွားခဲ့ပါပြီ။ နောက်လဆိုရင် သူနဲ့ သူမလည်းလက် ထပ်ကြတော့မှာပါ။

သူ ဘာကြောင့် ဒုက္ခိတကို လက်ထပ်ယူဖို့ ဆုံးဖြတ်လိုက် တာလဲ။ အိုးတစ်လုံးက ကွဲသွားပြီဆိုရင် ဘယ်လိုမှ သုံးလို့ရတော့မှာ မဟုတ်ပါဘူး။ ဒါကို သူ သိပါတယ်။ ဒါဆိုရင် သူဘာကြောင့် အောက် ပိုင်းတစ်ခုလုံး သေသွားပြီး ဒုက္ခိတဖြစ်သွားတဲ့ သူမကို လက်ထပ်ယူ ပေါင်းသင်းဖို့ ဆုံးဖြတ်လိုက်တာလဲ။ အဖြေကတော့ ရှင်းပါတယ်။ သူ သူမကို သိဂ်ချစ်လို့ပေါ့။

ဩော်... တကယ်ပါပဲ။ အချစ်ဆိုတာ ဒုက္ခကို အလှတရား လို့ မြင်တတ်ပါတကား။ ဘာပဲဖြစ်ဖြစ် အချစ်နဲ့ပတ်သက်လာရင် အမြဲတမ်း ဆရာတစ်ဆူဖြစ်ခဲ့တဲ့သူက နောက်ဆုံးမှာတော့ ဘွဲ့တစ်ခု ရသွားခဲ့ပါတယ်။ ထိုဘွဲ့နာမည်အသစ်တစ်ခုကို ဖော်ထိုက်နဲ့ နက်ကျယ် တို့က ချီးမြှင့်လိုက်တာပါ။ သူငယ်ချင်းတွေက သူ့ကို ဒီလိုခေါ်ပေမဲ့ သူ စိတ်မဆိုးပါဘူး။ ဟုတ်ပါတယ်။ သူရသွားတဲ့ ဘွဲ့နာမည် အသစ် တစ်ခုက ဒီလိုသာ ဖြစ်ပါတော့သည်။

"အိုး
ကွဲ
ရဲ့
မိုး
ဖွဲ"

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



တကြွင်း။ ။ ကျွန်တော်က ဤဝတ္ထုကို "အိုးကွဲရဲ့မိုးဖွဲ"လို့ Title ပေးထားပေမယ့် သူငယ်ချင်းတစ်ယောက်က "အိုးကွဲနဲ့ တူတဲ့မိန်းမ"ဆိုပြီး Title ပြောင်းလိုက်ပါလားဟု အကြံပြုသဖြင့် ကျွန်တော် သူ့ရဲ့အကြံပြုချက်ကို လက်ခံလိုက်ပါတယ်။

*** ဟုတ်ပါတယ်။ မိုးဖွဲ လက်ထပ်ယူ ပေါင်းသင်းဖို့ဆုံးဖြတ် လိုက်တဲ့မိန်းမက ...

"အိုး
ကွဲ
နှင့်
တူ
သော
မိန်း
မ"

လေးစားစွာဖြင့် ကြိုးစားလျက်

ဂျိမ်း

ဤဝတ္ထုကို ဖတ်ပြီးသွား၍ မှတ်သား အကြိုက်တွေ့သွားခဲ့ပါက ပရိသတ်က စာရေးသူကို ပြင်းပြင်းထန်ထန် ထောက်ခံနိုင်ပါသည်။ ရေးရာမှုအောင် မိုးပေါက်စက် ထေမန်ကြလျှင်လည်း စာရေးသူက ပရိသတ်ကို စိတ်ဆိုးလိမ့်မည် မဟုတ်ပါ။

ဝေဖန်စာ အကြံပြုစာနှင့်မိတ်ဆက်စာများ ရေးသားပေးပို့ပါက ကျွန်တော်ကလည်း ပရိသတ်ဆီသို့ ပြန်စာများ ရေးသားပေးပို့မည် ဖြစ်ပါသည်။ ကျွန်တော်ထံ ကိုယ့်ဆီရောက်လာသည့် စာများအားလုံးကို အလေးအနက်ထားပြီး ဖတ်ရှုမည်ဖြစ်သလို ပရိသတ်ကလည်း ကျွန်တော်ရေးသားသည့်ဝတ္ထုများကို ဖတ်ရှုအားပေးကြပါစေ ကြောင်းပြောချင်ပါသည်။

ပရိသတ်ကြီးကို ချစ်ခင်စွာဖြင့်
နွေးထွေးစွာ ဆက်ဆံမည့် ...

ဂျိမ်း

ဝေဖန်စာ၊ အကြံပြုစာနှင့် မိတ်ဆက်စာများ
ပေးပို့လိုပါလျှင်

ဂျိမ်း
ကိုသားကြီး၏နေအိမ်၊ ရေပူစမ်းအနီး-
အောင်ချမ်းသာရပ်ကွက်(၁)၊ ပြည်မြို့
ပဲခူးတိုင်း အနောက်ပိုင်းခရိုင်

သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com